မြသန္တာ

ချစ်ရပါသည့်ဆရာ

မျက်နှာဖုံးပုံနှိပ်သူ - လှိုင်အော့ဖ်ဆက်
ဦးအောင်လှိုင် (မြဲ-၀၃၈၅၄)
၈၈-အထက်ပုဇွန်တောင်လမ်း၊
မင်္ဂလာတောင်ညွန့်၊
ထုတ်ဝေသူ - ဦးတင်အုန်း (မြဲ-၀၉၄၃)
မိုးမင်းစာပေ၊ ၉၃-ရိပ်သာလမ်း၊
လေးထောင့်ကန်၊ သင်္ကန်းကျွန်း၊
ရန်ကုန်မြို့။
အတွင်းစာပုံနှိပ်သူ - ဦးအောင်ခိုင် (မြဲ-၀၄၆၈၅)
အောင်သစ္စာပုံနှိပ်တိုက်
၂၆/ ၃၅ လမ်း၊ ရန်ကုန်မြို့။

၁၉၉၄၊ ဩဂုတ်လ — အုပ်ရေ - ၅၀၀
ပထမအကြိမ် — တန်ဖိုး - ၇၀/-
စာအုပ်စာတမ်းခွင့်ပြုချက်အမှတ် - ၄၁၈/၉၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၁၈/၉၄
မျက်နှာဖုံးပန်းချီ - မောင်မောင်သိုက်
အတွင်းပန်းချီ - သန့်ဝင်
ကာလာခွဲ - ထွန်းမြင့်

ကြည်

— ချစ်ရပါသည်ဆရာလေး

အာရုဂ္ဂ စာပေ

အခန်း (၁)—

'ဝေပြုတ်....ဟော....ဒီက....ပေ....ပြုတ်'

ရှတ်တရက် အိပ်ရာမှ ကမန်းကတန်း ထလိုက်သည်။ နေ့စဉ် နံနက်တိုင်း နှိပ်စက်နေသည့် အသံရှင်က ဒီနေ့တော့ အမိဖမ်းလိုက်မည်ဟု ရည်ရွယ်၍....

'မေမေ....မေမေ....'

'ဟဲ့....ဟဲ့....ဘာလဲ သား'

'ပဲ....ပဲပြုတ်သည် ခေါ်ပါ'

'ဩော်....ဒါများ သားရယ်၊ အလန့်တကြား၊ ပဲပြုတ်သည်တွေက ပေါသားပဲ'

'မဟုတ်ဘူး'

လှိုင်စာပေ

ဆွမ်းတော်ကပ်ရန် ပြင်နေသည့် အလုပ်ရှုပ်နေသဖြင့် သူ့အိမ်ရှေ့သို့ ကမန်းကတန်း ထွက်လာသည်။ တော်သေးရဲ့၊ သူ့အိမ်က ထောင့်ချိုးမို့ ပဲပြုတ်သည်က ထောင့်ချိုးမှ ကွေ့ကာ အိမ်ရှေ့သို့ ရောက်လာခြင်း ဖြစ်သည်။

'ပဲပြုတ်....ပဲပြုတ်....လာဦး၊ ဒီကိုဟေ့၊ ဒီကလေ'

ခြံဝင်းတံခါးကို ဖွင့်ကာ လှမ်းအော်လိုက်၏။ ထိုအခါတွင် ပဲပြုတ်သည်မလေးက ခေါင်းပေါ်မှ တောင်းကို လက်နှစ်ဖက်နှင့် ပင့်ကိုင်ကာ ငဲ့ကြည့်လိုက်သည်။

'ဟင်း....'

သူ့အိမ်ပေါ်မှ လှမ်းမြင်နေကျ ပုံစံထက်တောင် ပိုလှနေပါလား ဟူသော အတွေးလေးက ရင်ထဲသို့ လျှပ်တစ်ပြက် ဝင်သွားသည်။

'ဒီက ခေါ်တာနော်'

'အေး....လာခဲ့'

ကော့ရှန်းသော မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်ဖြင့် ခြံဝင်းထဲ ဝင်လာစဉ် သူမနှင့်အတူ ပိတောက်ပန်းနံ့လေးပါ သယ်ဆောင်လာ၏။

ပဲပြုတ်တောင်းကို ဗန်းနှင့်ခံထားပြီး တောင်းဘေးနားဗန်းပေါ်တွင် ပိတောက်ပန်းများကို တင်လာသဖြင့်....

'နေဦး၊ မင်းဟာက ပဲပြုတ် ရောင်းတာနော်'

'ဟုတ်....'

'မသိဘူး၊ ငါက ပိတောက်ပန်း ရောင်းတာလားလို့'

'ဟီး....'

သူ့စကားကြောင့် ပဲပြုတ်သည်လေးသည် ရှက်ကိုး ရှက်ကန်းနှင့် ဟီးခနဲ တစ်ချက်ရယ်လိုက်၏။

တစ်ပတ်လျှိုဆံထုံး ပုံ့ပုံ့ကြီးတွင် ပိတောက်ပန်းများကို ဝေဆာဆာ ထိုးဝန်ထားပြီး သနပ်ခါး ဝါဝါ ညက်ညက်ကလေးက ပါးပြင်ပေါ်တွင် နေရာယူနေ၏။

နွေလက် ပူလောင်မှုများကို ပိတောက်ပွန်း ရနံ့များက ဖြေသိမ့်ထားလေသည်။

ထို့ပြင် ပိတ်အင်္ကျီအဖြူပွပွလေးကို ဝတ်ထားပြီး တရုတ်ပိတ်ထဘီ အဝါနုနု အပွင့်စိတ်ကလေးကို ဝတ်ထားသောကြောင့် နံနက်ခင်းတွင် မြင်လိုက်ရသော မြင်ကွင်းမှာ အရာရာ အေးမြလျက် ရှိသည်။

'သား....'

'ဟင်....'

'မေမေ ဝယ်ပေးမှာပေါ့ သားရယ်'

သူက ပဲပြုတ်သည်မလေးအား သေသေချာချာ ကြည့်နေစဉ် မိခင်က အိမ်ထဲမှ ကမန်းကတန်းထွက်လာပြီး သူ့အား အံ့အားသင့်စွာဖြင့် ပြောလိုက်သည်။ မိခင်၏ လက်ထဲတွင် ဇလုံတစ်လုံး ပါလာ၏။

'ဘယ်လောက်သွားလဲ အမေ'

'တစ်ဆယ်သား ပေးပါကွယ်'

ခါတိုင်း သားအမိ နှစ်ယောက်စာ ငါးကျပ်သား ဖိုယ် နေကျကို မိခင်ကလည်း ထူးထူးခြားခြား တစ်ဆယ်သား ဝယ်နေသဖြင့် အံ့ဩသွားမိသည်။

'ဒီနေ့မှ သားက ထူးထူးခြားခြား စောစော ထနေးတော့ ပဲပြုတ်ကို သိပ်စားချင်တယ် ထင်လို့ပါ'

'ဩော်....'

သူက ရှက်ပြုံးနှင့် ပဲပြုတ်သည်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။

မည်းနက်သော မျက်တောင်ကော့ကြီးကို အောက်ချကာ သူ့ပဲပြုတ်ကိုသာ စိတ်ဝင်စားနေ၏။

စိမ်းမှောင်သော မျက်ခုံးမွေးကြီးကမူ သဘာဝအတိုင်း မပြုမပြင်ဘဲ ထားသဖြင့် ခူမည်းကောင်ကြီးကဲ့သို့ မည်းမည်းတုတ်တုတ် ဖြစ်နေသည်။ နှာတံချွန်ချွန်၊ နှုတ်ခမ်းပါးပါးမို့ ဘယ်လိုကြည့်ကြည့် အလှများမှာ မပြုမပြင်ဘဲ စုဝေးနေသည်။ နဖူးပြောင်လေးထက်တွင် ဆံတစ်ပင်မျှ မကျဘဲ သပ်ရပ်စွာ ဖြီးသင်ထား၍ ကကြီးပုံ နဖူးက ထင်ထင်ရှားရှား။

'ငါးကျပ်ပါ အမေ'

ဆွဲဆွဲငင်ငင်လေး ပြောလိုက်သော အသံလေးက ချိုအီအီလေးမို့ ရင်ထဲ အေးမြသွားသည်။

'တို့မြို့ထဲမှာတော့ ခြောက်ကျပ် ဖြစ်နေပြီ သမီး ရေ၊ ဒီဘက်မှာ ဒီလောက်ပဲ ရှိသေးတာ၊ တော်သေးတာပေါ့'

'ကျွန်မက လည်ရောင်းရင် ငါးကျပ်၊ ဈေးထဲမှာ ရောင်းရင် လေးကျပ်ပဲ့ ရောင်းပါတယ် အမေ'

ပြောရင်း ဆိုရင်းက သူဇွန်းခွက်ကလေးနှင့် အမေ့ဇလုံထဲ အဆစ်ထည့်ကာ သူ့အား မျက်လုံး တစ်ချက်ဝေ့ကြည့်ရင်း....

'သွားပါဦးမယ် ဦး၊ နောက်လဲ ကျွန်မကို ခေါ်နော်၊ ကျွန်မ ဒီအချိန်ပဲ ဒီက ဖြတ်တယ်၊ မကုန်ရင်တော့ ဈေးထဲမှာ ရောင်းပါတယ်'

'အော်....အင်း....အင်း'

ပဲပြုတ်သည် ကောင်မလေးအား ငေးစိုက်ကြည့်နေမိသော သူက ရှက်ကိုး ရှက်ကန်းနှင့် ထိုင်ရာမှ ထလိုက်သည်။

ထိုအခါမှ မျက်နှာ မသစ်ရသေးဘဲနှင့် မိခင်နှင့် ပဲပြုတ်သည်မလေးနား ထိုင်နေသည့် သူ့ကိုယ်သူ သတိထားမိလိုက်သည်။

'သား....လိုက်ကြည့်ရင်း ခြံဝင်းတံခါးပါ ပိတ်လိုက်လေ'

'ဟုတ်ကဲ့၊ ဟာ....မေမေကလဲ'

သူ ရှက်ကိုး ရှက်ကန်းနှင့် ထွက်လာခဲ့၏။ ခြံဝင်းတံခါးက မပိတ်၍ မဖြစ်ပေ။ နံနက်ခင်းရော နေ့လယ်ခင်းပါ နွားများ၊ ဆိတ်များက ဝင်ပြီး ခြံထဲမှ အပင်များကို မွှေနှောက်စားသောက်နေသဖြင့် အချိန်တိုင်း ခြံတံခါး ပိတ်ထားရ၏။

သို့ဖြစ်၍ မိခင်သည် သူ့အား ကျီစယ်ရင်း တံခါးပိတ်ရန် သတိပေးလိုက်ခြင်း ဖြစ်သည်။

သူကလည်း သူ ဘယ်တော့မှ စောစော မထသည်မှာ ဟိုး ကျောင်းသားဘဝကတည်းကပင် ဖြစ်၏။ ညဉ့်နက်အထိ နေပြီး နံနက် အိပ်ရာအဖို့ကိုမူ လေးဖင့်နေတတ်၏။

ယနေ့မှ စောစော အိပ်ရာမှ ထပြီး အောက်ဆင်းကာ ပဲပြုတ်သည်အား ခေါ်ခြင်း ဖြစ်သည်။

ခါတိုင်းနေ့များမှာမူ ပဲပြုတ်သည်၏ အသံကို အိပ်ရာထဲမှ လန့်နိုးသည်အထိ ကြားနေပြီး သုံးရက်မြောက်နေ့တွင် ပြတင်းပေါက်တံခါးကို ဖွင့်ကာ ထကြည့်မိ၏။

သူ တံခါးဖွင့်လိုက်သည့်အခါနှင့် ပဲပြုတ်သည်မလေး၏ ခေါ်အကြည့်နှင့် ဆုံမိသည်မှာ နှစ်ရက်တိတိ ရှိခဲ့ပြီဖြစ်ကြောင်း မိခင် မသိသေးပေ။

ပဲပြုတ်သည်မလေးကတော့ သိနေပေမည်။

သူ အိပ်ခန်းထဲ ပြန်မဝင်တော့ဘဲ မျက်နှာသစ်ရန် ထွက်လာခဲ့၏။

'စံအေးရေ၊ ကိုသား လူပျိုကြီးတော့ ဒီနှစ် ဝါမဝင်ခင်ဖြစ်ဖြစ်၊ ဝါကျွတ်ရင်ဖြစ်ဖြစ် ထူးခြားမှုလေးများ ရှိလာဦးမလား မသိဘူး'

'အာ....အမေကလဲ'

မိခင်က သူ့ တပည့် စံအေးကို ပြောနေသည့် အသံကို ကြားရသဖြင့် ရှက်ကိုး ရှက်ကန်းနှင့် မိခင်ကို ဟန့်လိုက်သည်။

'ဒီပဲပြုတ်သည်ကို ဘယ်နေ့ကတည်းက တွေ့သွားလဲ မသိပါဘူးကွယ်၊ တစ်ခါတည်း အသံကြားတာနဲ့ အိပ်ရာက အလူးအလဲ ထရတယ်လို့'

သူ့စိတ်နှင့် သူ့လှုပ်ရှားမှုတိုင်းကို အစဉ်အမြဲ ကြိုတင်၍ သိနေသော မိခင်သည် ဒီတစ်ခါ၌လည်း ကြိုတင်၍ သိနေခဲ့၏။ သို့သော် အယူအဆနှင့် အမြင်ကတော့ ကွဲလွဲသွားပြန်ပြီ။

ကမန်းကတန်းနှင့် မျက်နှာကို ပြီးအောင် သစ်လိုက်ပြီး မျက်နှာသုတ်ပဝါကို လည်ပင်းတွင် ဆွဲ၍ မိခင်နားသို့ ရောက်လာခဲ့၏။

နံနက်တိုင်း ပဲပြုတ်နှင့် ထမင်းကြော်ကို မရိုးမအီနိုင်အောင် စားနေသည့် သူ့အား စံအေးက မကြာခဏ နှာခေါင်း ရှုံ့ဖူးသည်။

အမေကမူ ကော်ဖီနှင့် မုန့် တစ်ခါတစ်ရံ ပဲပြုတ်နှင့် ကောက်ညှင်းပေါင်း၊ နံပြားတို့ကို ပြောင်း၍ စားတတ်သော်လည်း သူကမူ ပဲပြုတ်နှင့် ထမင်းကြမ်းကို နံနက်တိုင်း မပြောင်းလဲဘဲ စားတတ်၏။ ထို့အပြင် နို့မပါသော ကော်ဖီကြမ်းကို သံပရာသီးစိတ် ညှစ်ကာ သောက်တတ်သည်။

'ကောင်းပါတယ် အမေရေ၊ ပဲပြုတ်သည်ကို တကူးတက ခေါ်ဝယ် မနေရတော့ဘူးပေါ့'

'ဟော့ ကောင်....မင်း ပါးစပ်ပိတ်ထားစမ်း'

သူက စိတ်တိုစွာဖြင့် စံအေးကို အော်လိုက်ရာ ငရုတ်သီး ိုင်းကူ ထောင်းပေးနေသော စံအေး မျက်နှာမဲ့သွား၏။

မိခင်ကမူ ရေနွေးကြမ်းကို မှုတ်သောက်ရင်း....

'ဟုတ်သားပဲ သားရယ်၊ ဒီလောကမှာ မေမေနဲ့ သား နှစ်ယောက်တည်း ရှိတာပဲ၊ ဒီမေမေမှ ဖွင့်ဟ မတိုင်ပင်ရင် ဘယ်သူ့ကို တိုင်ပင်မှာလဲ၊ မေမေကလဲ သားကို အိမ်ထောင် ပြုစေချင်တာ ကြာပြီပဲ၊ သား နှစ်သက်ရင် မေမေ့ကို လက်တို့ လိုက်ပါ၊ မေမေက မျိုးရိုးဇာတိကို စုံစမ်းပြီး အောင်သွယ် တော် လုပ်ပေးမယ်လို့ ပြောထားသားပဲ မဟုတ်လား'

လေအေးအေးနှင့် ပြောလိုက်သော မိခင်၏စကားကြောင့် သူက အိုးကပ် ချိုးကပ် ထမင်းကြော်မွှေးမွှေးလေးကို တစ် ဇွန်းခပ်စားကာ ပြုံးရင်း ခေါင်းခါလိုက်၏။

ပေါ်တောတော စံအေးကမူ နှုတ်မှ ဖွင့်မပြောရဲသော် လည်း မျက်လုံးများဖြင့် မိခင်ကို လှမ်းကြည့်ကာ မျက်စ ပစ်နေသည်ကို မသိဟန်ဆောင်ရင်း....

'ဒီတစ်ခါတော့ မေမေ အထင်မှားသွားပြီ၊ သား ဒီ ပဲပြုတ်သည်ရဲ့ အသံကိုကြားပြီး စိတ်ဝင်စားတယ်၊ နောက် အိပ်ရာက ထကြည့်တယ်၊ ရုပ်ကိုမြင်ရတော့ ပို စိတ်ဝင်စား တယ်၊ အဲ့ဒီလို စိတ်ဝင်စားတာ သားကြိုက်လို့ပဲ၊ ချစ်လို့၊ ယူချင်လို့၊ လက်ထပ်ချင်လို့ မဟုတ်ဘူး မေမေ'

'ဟော....'

မိခင်က အံ့အားသင့်နေစဉ် သူက ပြုံး၍ ကော်ဖီချိုင့် ခါးခါးလေးကို အရသာခံကာ တစ်ငုံသောက်ရင်း—

'ကြိုက်တယ်ဆိုတာ အသံရောရုပ်ရော ပင်ကိုဟန်လေးကို ...ါ ကြိုက်တယ်၊ အဲ့ဒါက သား သူ့ကို မင်းသမီးတင်ချင် ...ို့လေ'

'ဪ....'

ထိုအခါ မိခင်ရော စံအေးပါ သူ့အလုပ်ဆို သဘော ...ေါက်သွား၏။ သူကား ဒါရိုက်တာရုပ်ရှင် ဗီဒီယို ဒါရိုက် ...ာပင် ဖြစ်သည်။

'မေမေ စဉ်းစားကြည့်လေ၊ သား ဒါရိုက်တာလုပ်လာ ...ာ ဆယ်နှစ်ရှိပြီ၊ ဒီကြားထဲမှာ မင်းသမီး မင်းသားတွေရဲ့ ...အစွမ်းပြတာကို ခံနေရတယ်၊ သားကလဲ ပြောရမှာ အား ...နာလို့ မပြောရဲဘူး၊ ဒါပေမယ့် အချို့မင်းသမီး မင်းသား ...တွေက သူတို့ကို ...င်ပေးတဲ့ ဆရာကို လေးစားကြတယ်၊ဆရာ့ ...ကားကို နားထောင်ကြတယ်၊ သားက ကိုယ်ပိုင် တပည့် ...င်းသမီးမရှိတော့ သား စကားကို နားထောင်မယ့်သူ လေးစားပြီး နာခံမယ့်သူ မရှိဘူးလေ၊ ဒီတော့—'

'ဒီတော့ သားက ကိုယ်ပိုင် တပည့်မလေးတစ်ယောက်ကို လိုချင်တယ်ပေါ့'

မိခင်က သဘောပေါက်စွာဖြင့် ဝင်ထောက်လိုက်သဖြင့် သူက ခေါင်းညိတ်ရင်း....

'ဟုတ်ကဲ့....မေမေ၊ သားကိုယ်တိုင် လက်သပ်မွေးပြီးမှ ...ာတ်လမ်းကောင်းကောင်းကို အချိန်ယူ လေ့ကျင့်ပေးပြီး

ဝုန်းခနဲ ထိုးတင်လိုက်ဖို့ ကြံစည်နေတာနှစ်နှစ်ကျော်ကျော်ရှိပြီ မေမေ၊ ဒီလိုအေးအေးဆေးဆေး အနားလာယူမှပဲ တွေ့တော့တယ်၊ အဲ့ဒီတော့...’

‘အဲ့ဒီတော့ မေမေက ဒီကောင်မလေးရဲ့ မိဘမျိုး၊ ဇာတိကို စုံစမ်းပြီး သားနဲ့ မိတ်ဖွဲ့ပေးရမယ်ပေါ့’

‘ဟုတ်တယ်၊ မေမေ တစ်ခါတည်း အိမ်ကို အပါခေါ်ခဲ့ပါ’

‘ဟဲ့...ဟဲ့...ဘူမျှား သားသမီးကို အဲ့ဒီလို လုပ်လို့ ဘယ်ရမလဲ သားရဲ့’

သူ့စကားကြောင့် မိခင်က အထိတ်တလန့်နှင့် ဟန့်တားလိုက်သည်။

‘တာ...မေမေကလဲ သားက ဒီကောင်မလေးကို ရမ်းသန်းပြီး တပည့်မမွေးသေးဘူး၊ သားက ယောကျ်ားလေးဆိုတော့ တစ်ခါတည်း ကပ်ပေါင်းလို့ မရဘူး’

‘ဪ...ဟုတ်ပါရဲ့၊ နှစ်နာရှာမှာပဲ နော်’

မိခင်က စံအေးကို မျက်စပစ်ပြီး ပြောလိုက်၍ စံအေးထံမှ ခွီး ခွီး ဟူသော ပါးစပ်ပိတ် ရယ်သံကြီး ထွက်ပေါ်လာသဖြင့် သူက စံအေးကို မျက်မှောင်ကြုတ် ကြည့်ရင်း—

‘မေမေကလဲဗျာ၊ ဒီကောင်မလေးကို ရင်းနှီးအောင် လုပ်ပြီးတော့ မေမေ့မှာ အဖော်မရှိလို့ဆိုပြီး စည်းရုံးပြီးခေါ်ခဲ့

ပေါ့၊ ဒီရောက်တော့ သူ့ရဲ့ သွားပုံ လာပုံ ပြောပုံဆိုပုံတွေ အကဲခတ်ပြီး သင်ပေးရမှာပဲ၊ သားက သူ့ကို သီချင်းဆိုပါ တစ်ခါတည်း သင်ပေးလိုက်မယ်’

‘သိပ်ကောင်းတဲ့ အကြံအစည်ပဲ၊ ပိုကောင်းအောင် စံအေးကိုပါ မင်းသားတင်ပေးလိုက်ပါလား အစ်ကိုကြီးရာ’

‘တော်စမ်း၊ ငါ တိုက်မအောက်နိုင်သေးဘဲ ဒီခြံလေးပါ ပြုတ်သွားအောင် မင်း လုပ်လိုက်ချင်လို့လား၊ မင်းဟာ မေမေ့တပည့်ပဲဖြစ်တယ်၊ ငါ့တပည့် မဟုတ်ဘူး’

သူ ထမင်းကြော်ကို အပြီးသတ် စားလိုက်သည်။ စံအေးရဲ့ ရှုံ့မဲ့နေသော မျက်နှာကို သူ မကြည့်လိုတော့ပေ၊ အဘယ့်ကြောင့်ဆိုသော် စံအေးသည် မိန်းမလျှာပုံစံ ဖြစ်နေသောကြောင့် သူ ကြည့်မရခြင်း ဖြစ်၏။

‘သားဘက်က ဒီကောင်မလေးနဲ့ လိုက်ဖက်နိုင်မယ့် ဇာတ်လမ်းကို ရွေးထား၊ မေမေဘက်ကတော့ အားလုံး စိတ်ချနော်’

‘မေမေ့ကို ယုံကြည်ပါတယ်’

သူ့ရင်ထဲက လှိုက်လှိုက်လှဲလှဲ ပြောလိုက်မိသည်။ ဒီအမေကို သူ ယုံကြည် စိတ်ချပြီးသား ဖြစ်၏။ သူ့ဆန္ဒကို အစဉ်အမြဲ ဖြည့်ဆည်းပေးပြီး သူ့အလိုပြည့်အောင် စွမ်းဆောင်ပေးနိုင်သော မိခင်ဖြစ်သည်။

သို့ဖြစ်၍ သူ့အသက် သုံးဆယ့်ငါးနှစ် ရောက်သည်အထိ ဘယ်မိန်းမကိုမှစိတ်မဝင်စားခဲ့ခြင်း ဖြစ်သည်။ စိတ်ဝင်စား

မိသော်လည်း မိခင်၏ စွမ်းဆောင်မှုကို မမီသေးသော မိန်း
များသာ တွေ့နေရ၍ သူ့စိတ်ပျက်ကာ အိမ်ထောင်မပြုသေ
ခြင်း ဖြစ်သည်။

မိခင်ကဲ့သို့ မိမိ စိတ်အလိုကို သိတတ်နားလည်သူ မိ
ဆန္ဒကို ဖြည့်ဆည်း ပေးသူလာလျှင် မိမိ၏ ဇနီးမယားဖြ
မည်ဟု ယုံကြည်ထား၏။ ထိုဇနီးမယားသည် ရုပ်ရှင်မင်းသ
မဟုတ်ဘဲ အိမ်ထောင်ရှင်မ သက်သက်သာ ဖြစ်ရမည်ဟုလည်
ခိုင်မာစွာ ဆုံးဖြတ်ထားသည်။

သူ၏ တစ်ယူသန် တစ်ဇွတ်ထိုး စိတ်ကို မိခင်ကမပြုပြင်
၍ လက်မြှောက်ထားခြင်း ဖြစ်သည်။

စံအေးကမူ သူ့ကိုယ်သူသာ ချစ်သည့် တစ်ကိုယ်ကော
ကြီးဟု မှတ်ချက်ချထား၏။

မည်သို့ပင်ဖြစ်စေ သူ့လုပ်ငန်းအား အေးချမ်းစွာ
နိုင်သည်မှာ မိခင်ကြောင့်ပင် ဖြစ်သောကြောင့် အိမ်ထ
ရေးကို လှည့်မကြည့်ရဘဲ စိတ်ချရသည့် မိခင်လို မိန်းမ မ
မချင်း အိမ်ထောင်မပြုတော့ဟူသော ဆုံးဖြတ်ချက်ကို
မပြင်နိုင်တော့ပေ။

* * *

'ဟင်'

ရုတ်တရက် အိမ်ပေါ်တက်လိုက်ခြင်းပင် မြင်လိုက်ရသော
မြင်ကွင်းကြောင့် သူ့မျက်စိကို သူ မယုံနိုင်အောင်ပင် ဖြစ်
သွားသည်။ ပိတောက်ပန်းများ ဝေနေအောင် ပန်ထားသူ
လေး....။

သူ ကားရိုက်ထွက်နေသည့် ဆယ်ရက်အတွင်း မိခင်ကား
သူ အလိုရှိသည့်အတိုင်း ဆောင်ရွက်ထားလေပြီ။

'ညည်း....ဘယ်နေ့ကရောက်တာလဲ'

'တစ်ပတ်ရှိပါပြီ ဦး'

'ဪ...အေး၊ ညည်း ဒီမှာနေရတာ အဆင်ပြေရဲ့လား'

'ဟုတ်ကဲ့ရှင်၊ ပျော်ပါတယ်'

'အမေ ဘယ်သွားလဲ'

ခုမှ အမေ့ကို မေးဖြစ်သည်။ 'ဒီမှာပါသားရဲ့....' သူ့
နောက်ကျောမှ အသံထွက်လာသဖြင့် မိခင်အား လှည့်ကြည့်
ကာ ရှက်ကိုးရှက်ကန်းနှင့် ပခုံးကို လှမ်းဖက်ရင်း—

'မေမေ တော်တာ သား သိပြီးသားပါ'

မိခင်က ပြုံးကာ မိန်းကလေးကို စိုက်ကြည့်နေမိ၏။
ဒီမိန်းကလေး ဒီအိမ်ပေါ် ရောက်ဖို့ မိခင်က ဘယ်လောက်ကြိုး

အနေအထည်ကို သား မသိသေးပါလား ဟူ၍လည်း ရင်ထဲမှ တွေးလိုက်သည်။

'ညည်း နာမည် ဘယ်လိုခေါ်လဲ'

'စူး....စူးမ'

'ဆူးလား၊ ဆလိမ်နဲ့လား၊ စလုံးနဲ့လား'

'စလုံးနဲ့ပါ၊ အစူးခံလိုက်ရတာ စူးဝင်သွားတာပါ၊ ဆူး ဆိုတာက မစူးသေးတဲ့ အမည်ခံပဲ ရှိပါသေးတယ်၊ အခု ဟာကယ် စူးခံနေတဲ့ စူးမပါ'

မိန်းကလေး၏ အပြောကြောင့် သူ ပါးစပ် အဟောင်းသားနှင့် အံ့အားသင့်သွားသည်။ မိခင်က သဘောကျစွာ ရယ်မောလျက်—

'နောင်ကို သား အံ့အားသင့်စရာချည်းပါပဲ၊ ဒီမိန်းကလေးဟာ ထူးချွန် အောင်မြင်မယ့် မိန်းကလေးပါပဲ၊ ရဲတင်းတယ်၊ သွက်လက်တယ်၊ ပြောရဲဆိုရဲရှိတယ်၊ အို....သားရယ်၊ မေမေကတော့ သူနဲ့လိုက်ဖက်မယ့် ငတ္တုရာအုပ်တွေပါ · မှတ်ထားလိုက်ပြီ'

'ဟင်....မေမေ၊ သူ့ကို ဘာပြောထားသေးလဲ'

'ဘာမှမပြောဘူး၊ ခုမှ ဝမ်းသာအားရ ပြောဖြစ်တာ၊ ကဲ.... သား အနားယူပါဦးကွယ်၊ စူးမ အစ်ကိုကြီး အဝတ်အိတ်ကို ယူပြီး လျှော်စရာအဝတ်တွေ ထုတ်ကွယ့်'

'ရပါတယ်...မေမေ၊ စံအေး လုပ်နေကျ မဟုတ်လား၊ စံအေးရော'

'ရှိပါတယ်၊ စံအေးက ယောက်ျားလေးဆိုတော့ အဝတ်လျှော်၊ မီးပူတိုက်က သိပ်အဆင်မပြေဘူး မဟုတ်လား၊ ဒီလိုပဲ တာဝန်ခွဲဝေယူရတာပေါ့'

'ဟုတ်ပါတယ်—ဦး၊ ဒါတွေအားလုံးကို စူး လုပ်တတ်ပါတယ် ဦး၊ ဘာမှမပင်ပန်းပါဘူး'

ပြောပြောဆိုဆိုနှင့် စူးမသည် သူ၏ ခရီးဆောင်အိတ်ကြီးကို အတင်းဆွဲယူကာ ရေတွင်းရှိရာသို့ ထွက်သွားလေသည်။

'သား....နေဦးနော်၊ မေမေ သံပရာရည် အေးအေးလေး ဖျော်ပေးမယ်'

သူက ကုလားထိုင်တွင် ခြေပစ် လက်ပစ် ထိုင်လိုက်မိ၏။ မန္တလေးရထားဖြင့် တစ်ညလုံး စီးလာခဲ့သောကြောင့် ရထား တလှုပ်လှုပ်ကို အိပ်မရစွာဖြင့် စာများ ထိုင်ဖတ်ရင်း အချိန်ဖြုန်းခဲ့သည်မို့ တစ်ကိုယ်လုံး နုံးခွေနေသည်။

အမေ ဖျော်ပေးသော သံပရာရည်လေးသောက်ပြီး တစ်ရေး အိပ်လိုက်ဦးမည်ဟု စဉ်းစားထားလိုက်သည်။

'သား၊ လမ်းမှာ အဆင်ပြေရဲ့လား၊ ဘာစားလာခဲ့သလဲ'

'ပဲခူးမှာ တမင်းကြော် စားခဲ့ပြီးပါပြီ မေမေ၊ သံပရာရည်လေးပဲ သောက်ပါမယ်'

'အေး.... အေး....ရပြီလေ'

စိတ်ထဲတွင် ထင့်နေသော အကြောင်းအရာလေးတစ်ခုကား ဤအိမ်သို့ ရောက်ပြီး စူးမကို တွေ့လိုက်ကတည်းက အလိုလို ပြေပျောက်သွားသည်။

မိခင်သည် သူလိုချင်သည်ကို ရအောင် ယူပေးနိုင်စွမ်း ရှိပေသည်။

'ဒါနဲ့ မေမေ၊ ကောင်မလေးကို ခေါ်ရတာ အဆင်ပြေ ရဲ့လား၊ သူ့အသက်က ဘယ်လောက် ရှိပြီလဲ၊ ဘယ်နှစ်တန်း အောင်ခဲ့သလဲ၊ ပြီးတော့ သူ့မိဘက....'

'ဟိုး....ဟိုး....သားက လောကြီးလွန်းပါတယ်၊ မေမေ တစ်ခုစီ ပြောပြမယ်၊ ပြီးတော့မှ မေမေ့စကားထဲမှာ မပါတာကို သားဘာသာ မေးခွန်း မေးပေါ့'

မိခင် စကားကြောင့် သူက ရှက်ပြုံးလေး ပြုံးလိုက်ရင်း သံပရာရည်အေးအေးကို ဖြည်းဖြည်းချင်း ငုံသောက်လိုက်သည်။ သွေးဆေးနံ့ မွှေးမွှေးလေး ပါပါ၏။ မိခင်သည် သူ ဝင်ပန်းလာ၍ အနားယူမည့်အခါတိုင်း သွေးဆေးနှင့် သံပရာရည် တိုက်ပြီးမှ အိပ်ခိုင်းလိုက်သည်။

ထိုသွေးဆေးကို ဘာသွေးဆေးမှန်း တစ်ခါမျှ မမေးဖူးပေ။ မိခင် တိုက်သော ဆေးမှန်သမျှကို မမေးဘဲ သောက်လိုက်သည်မှာ သူ့ထုံးစံပင် ဖြစ်၏။

'ကလေးမလေး အသက်က နှစ်ဆယ်ပဲ ရှိသေးတာ သားရယ်၊ ဆယ်တန်း အောင်ပြီးတာ သုံးနှစ် ရှိနေပြီ၊ အဖေက လေဖြတ်သွားလို့ ပင်စင်ယူလိုက်ရတယ်၊ ငါးနှစ်ရှိပြီ၊ ဌာနတစ်ခုက အရာရှိတစ်ဦးတဲ့၊ မောင်နှမ ခြောက်ယောက်မှာ အကြီးဆုံး သမီးလေ၊ အငယ်ဆုံးကမှ ခြောက်နှစ်လားပဲ ရှိသေးတယ်၊ အဖေ့ပင်စင်လေးနဲ့ အိမ်ဆိုင်ဖွင့်ပြီး ဈေး

ရောင်းနေတာ။ စားအိုးကလဲ ကြီး၊ ဈေးနှုန်းတွေကလဲ မြင့်လာတော့ သူဆယ်တန်းအောင်တော့ ကျောင်းမတက်နိုင်ဘဲ နေ့ဖက်စက်ချုပ်၊ မနက်ဖက်ကို ပဲပြုတ်ရောင်းပြီး ကျွေးနေတာ၊ သူ့မောင်တစ်ယောက်က ဒီနှစ်မှာဆယ်တန်းတဲ့၊ မောင်ကို တက္ကသိုလ်ပို့ချင်လို့ ပဲပြုတ်ရောင်းပြီး စုနေတာဆိုပဲ၊ အငယ်မလေးတွေကတော့ ဆီးထုပ် ထုပ်တယ်တဲ့။ ညဘက်မှာ သူ့ကို လက်ချုပ် ဝိုင်းချုပ်ပေးတယ်တဲ့၊ အခု သူ့ညီမ တစ်ယောက်ကို စက်ကျောင်းပို့ထားရတာတဲ့'

ပြောနေသည့် မိခင်က မမောဘဲ သူက အလိုလိုရင်မောနေမိသည်။ တစ်ဦးတည်းသောသားအဖို့ ဤကဲ့သို့ မောင်နှမများသည့်ဒဏ်ကို မခံစားဖူးသော်လည်း အေးအေးဆေးဆေး နေတတ်သော ဝသီကြောင့် အလိုလိုစိတ်ရှုပ်မိသည်။

'မေမေက သူတို့သမီးကို သွားခေါ်တော့ သူ့အဖေက သူ့သမီးကို အိမ်ဖော်သဘော ထားရပါ့မလားဆိုပြီး အော်ထုတ်သေးတယ်၊ မေမေကလေ မနည်းကို ရှင်းပြရတယ်၊ မဟုတ်ပါဘူး၊ ကျွန်မမှာ မိန်းကလေးအဖော် မရှိလို့ပါ၊ ပြီးတော့သူ့ကိုချစ်လို့ပါ။ အိမ်မှာ လုပ်မယ့်သူရှိပါတယ်၊ သမီး အနေနဲ့ထားချင်တာပါ၊ ကျောင်းလဲထားပေးပါ့မယ် ပြောရတယ်၊သူ့အဖေက မာနခဲပဲ၊ မရှိချင်နေပါစေ၊ သူ့သမီးကို ဈေးရောင်းတာ သဘောကျတယ်၊ အိမ်ဖော်လုပ်တာ သဘော မကျဘူးတဲ့၊ အငတ်ခံမယ်တဲ့'

သက်ပြင်းမောကြီး ချလိုက်မိပြန်သည်။ မိဘများကိုအပြစ်မဆိုသာပေ။ သူ့ဖခင်ရှိစဉ်ကလည်း သူ့အား ပညာကို ဆုံးခန်းတိုင်အောင် သင်ပေးပြီးမှ ဖခင်၏ အလုပ်တာဝန်များကို လွှဲပြောင်းခဲ့သည်။ သို့သော် သူ့စိတ်ထဲတွင် ဖခင်၏ ဆီပွဲရုံကို မနှစ်သက်ပေ။ အပျော်တမ်းဓာတ်ပုံရိုက်သည့် အလုပ်ကိုသာ စွဲစွဲမြဲမြဲ လုပ်ကိုင်ခဲ့၏။

နောက်ဆုံး ဖခင်က လက်လျှော့ကာ သူ့အတွက် ဖလင်ဆေးခန်းကိုပင် ပြုလုပ်ပေးခဲ့သည်။ သို့ဖြစ်၍ ဖခင်ခွင့်ပြုချက်ဖြင့် သူသည် ဓာတ်ပုံသင်တန်းကို တက်ရင်းနှင့် ရုပ်ရှင်ဖလင်များကိုပါ စိတ်ဝင်စားလာပြီး ဒါရိုက်တာ ဖြစ်လာရခြင်းဖြစ်သည်။

'ဝါသနာပါရင် ထူးချွန်အောင်လုပ်၊ ဘဝ ရပ်တည်နိုင်အောင်ကြိုးစား၊ အဲ....ဝါသနာနဲ့ ဘဝမရပ်တည်နိုင်ရင် အဲဒီဝါသနာကို စွန့်ပြီးတော့ ကိုယ့်ဘဝရပ်တည်ဖို့ကို စီးပွားရေးလုပ်ငန်းတစ်ခုခုကို လုပ်ရမယ်'

ဖခင်၏ ဆုံးမစကားကြောင့် သူကြိုးစားခဲ့သည်။ ထို့အပြင် ဖခင်ကလည်း အားပေးအားမြှောက်ပြု ခဲ့သောကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် သူ ဒါရိုက်တာ ဖြစ်ခဲ့သည်။ သူ ဒါရိုက်တာဖြစ်ခါစက ဗီဒီယိုများ မြန်မာပြည်သို့ ဖြန့်မလာသေးပေ။ ကားကြီးများ ရုပ်ရှင်များကိုသာ ဖခင်၏ငွေဖြင့် ရုပ်ရှင်ကုမ္ပဏီ ထောင်ကာ ဒါရိုက်တာ လုပ်ခဲ့၏။ ဖခင်က ဝိုင်းကြီးကြပ်သည်။

သို့သော် သူ ရုပ်ရှင်ရိုက်နေသည့် သုံးနှစ်သာ ဖခင်ကား အားပေးနိုင်ခဲ့သည်။ သား၏ အောင်မြင်မှုကို ဆုံးခန်းတိုင်အောင် အားမပေးနိုင်ဘဲ လူ့လောကမှ ထွက်ခွာသွားရ၏။

ထိုအခါ အိမ်ရှင်မ စစ်စစ်ဖြစ်သော မိခင်က ဖခင်၏ ဆီစက်ကို ယောင်လည်လည်အုပ်ချုပ်လျက် သူကလည်း ပြန်လှည့်မကြည့်နိုင်သဖြင့် နောက်ဆုံး အရှုံးပေါ်ကာ ဆီစက်ကို ရောင်းပစ်လိုက်ရတော့သည်။

'ဟဲ့ သား အမယ်လေး မေမေပြောတာများ နားထောင်နေရဲ့လားကွယ်'

'ဗျာ သား နားထောင်နေပါတယ် မေမေ၊ ရုတ်တရက် ဆိုတော့ စူးမ အဖေက သူ့သမီးအပေါ် တန်ဖိုးထားတာ သိရတော့ ဖေဖေ့ကို သတိရသွားလို့ပါ'

ထိုအခါ မေမေ့မျက်နှာလည်း ညှိုးသွားလေသည်။ ခေတ်အခြေအနေကြောင့် ဖခင်တည်ထောင်ပေးခဲ့သော ကုမ္ပဏီမှာ ပျက်ခဲ့သဖြင့် ယခု ပြန်လည်တည်ထောင်ရန်အတွက် သူ အစီအစဉ် ဆွဲနေသည်ကို မိခင်က အားပေးကူညီပြန်သည်။

'အင်းလေသားရယ်၊ မိဘဆိုတော့ ဒီလိုပဲပေါ့၊ သူ့အမေကတော့ သည်အိမ်ကိုကြည့်ပြီး သားက ဒါရိုက်တာမှန်း သိသွားတော့ မေမေတို့ ရည်ရွယ်ချက်ကို နားလည်သွားတယ်လေ၊ ဒါကြောင့် သူ့သမီးကို သေသေချာချာ အပ်ထားလိုက်တယ်'

'မိကောင်းဖခင် သားသမီးဆိုတော့ ပိုပြီးကောင်းတာပေါ့ မေမေရယ်၊ ကလေးမလေးကြည့်ရတာ လိမ္မာရေးခြား

ရှိပုံ ရပါတယ်၊ လူနေမှုစရိုက်တွေ အပြောအဆိုတွေ ဘာမှ သင်စရာမလိုဘူးဆိုတော့ ပိုအဆင်ပြေတာပေါ့'

'ကဲ....သား၊ တစ်ရေး အိပ်လိုက်ဦး၊ မေမေတော့ သူ့ကို ဗွီဒီယိုခွေတွေ ဖွင့်ပြပြီး သူများ အမူအရာတွေက အစ အတု ခိုးခိုင်းထားတယ်'

'သား ဇာတ်ညွှန်းရေးပြီး သူ့ကို သေသေချာချာ သရုပ်ဆောင်ခိုင်းပြီး ဗီဒီယို ရိုက်ပါဦးမယ်၊ လေ့ကျင့်ရအောင်လို့ အခွေတွေပေါ့ ဝယ်ထားရမယ်လေ'

'အေးပါ သားရယ်၊ အခု လောလောဆယ်တော့ နားလိုက်ပါဦးကွယ်'

စိတ်ဇောကြီးသော သူ့အား မိခင်က ထပ်မံ ပြောလိုက်သဖြင့် သူ ထိုင်ရာမှ ထလိုက်သည်။

'ရေချိုးရဦးမယ်၊ ကောင်မလေးက အပြင်မှာ ဘာလို့ လျှော်ရတာလဲ၊ ရေချိုးခန်းမှာ မလျှော်ဘူးလား'

'မှောင်လို့တဲ့လေ'

'အပြင်မှာ နေပူတာပေါ့၊ နောက်တစ်ခါ ရေချိုးခန်းထဲမှာပဲ လျှော်ပစေပေါ့ မေမေရယ်၊ နေပူလေစိမ်းတွေ မိပြီး အသားမည်းနေပါ့မယ်၊ မင်းသမီး ဖြစ်ဖို့က အသားအရေလဲ လှရမှာပေါ့'

သူက ခြံထဲသို့ လှမ်းကြည့်ကာ ပြောလိုက်သည်။ သူတို့ ရေတွင်းမှာ အုန်းပင်များ ကြားတွင် ရှိနေသည်မို့ နေမပူလှသော်လည်း သူ စိုးရိမ်မိ၏။

'အေးပါ သားရယ်၊ မေမေ ပြောပါ့မယ်'

မိခင်က ပြုံးစိစိနှင့် ပြောလိုက်သည်။

သူ့အဖို့ အရုပ်ကလေး တစ်ရုပ်ကို ရရှိသည့် ကလေး တစ်ဦးနှယ် အရိပ် တကြည့်ကြည့်နှင့် ထားစရာ နေရာမရှိအောင် ဖြစ်နေသည်ကို မိခင်က နားလည် ခွင့်လွှတ်စွာ ပြုံးမိခြင်း ဖြစ်သည်။

အဝတ်လျှော်နေစဉ် နေပေါက်ကလေး ထိုးသည်ကိုပင် မခံစေချင်ပေ။ သူ့မင်းသမီးသည် အပြစ် တစ်စုံတရာ မရှိစေဘဲ လှပ ချောမွေ့နေစေရပေမည်။

ရေချိုးပြီး ကိုးနာရီသာ ရှိသေး၍ နံနက်စာ မစားဘဲ အိပ်ရန်ပင် ဖြစ်သော်လည်း အိပ်ရာထဲရောက်သည့်တိုင်အောင် အိပ်မပျော်သေးဘဲ မျက်လုံးကြောင်လျက် စဉ်းစားနေမိသည်။

ကလေးမလေးအတွက် အဝတ်အစား ဝယ်ပေးရမည်။ အလှပြင်ပစ္စည်း၊ နောက် မျက်နှာနှင့် လိုက်ဖက်သည့် ဆံပင်ပုံ စသည်ဖြင့် မဆုံးနိုင်သော အတွေးများဖြင့် ချာချာလည်ပြီးမှ အနည်းငယ်သာ အိပ်ပျော်သွားသည်။

အိပ်ရာမှ နိုးလာသောအခါ မွှေးပျံ့သော ဟင်းရနံ့များက ကြိုဆိုနေ၏။ သူက အိပ်ရာထက်၌ ဝက်လက်လှန်ကာ စဉ်းစားနေမိသည်။

စူးမ အကြောင်းများသာ ဖြစ်၏။ နာမည်ပေးရန် ဖြစ်၏။

'ဟင်....'

ရန့်တစ်ခု ရနေသဖြင့် ခေါင်းထောင်ကြည့်လိုက်ရာ အိပ်ရာဘေး ပန်းအိုးလေးနှင့် ပိတောက်ပန်းလေး တစ်ခိုင် ထိုးထားသည်ကို တွေ့ရသဖြင့် ထိုပန်းခိုင်လေးကို ငေးကြည့်နေမိ၏။

ထိုမိန်းကလေးကို စတွေ့ပြီး အောက်ဆင်း၍ ခေါ်စဉ်ကလည်း ပိတောက်ပန်းများကို ဝေနေအောင် ပန်ထားပြီး ပန်းခိုင်ကို ဗန်းပေါ် တင်ထားသည်။

ယခု သူ ပြန်လာပြီး သူ့အိမ်ထဲ ရောက်နေကြောင်း သိစဉ်တွင်လည်း သူတို့ခြံထဲတွင် ပိတောက်ပန်းများ ပွင့်နေ၍ စူးမက ပန်းများကို ဝေနေအောင် ပန်ထားသည်။

သူ ခြံအပြင်ဘက်သို့ လှမ်းကြည့်လိုက်သောအခါ စူးမက ပိတောက်ပင်အောက်တွင် ထိုင်ကာ ဆန်ပြာနေသောကြောင့် သူ ရှုတ်ခြည်း ထရပ်ပြီး....

'မေမေ....မေ့မေ'

'ဟေ့....သား'

မိခင်က ကမန်းကတန်း အိပ်ခန်းထဲသို့ ပြေးဝင်လာလေသည်။

'သား....သား၊ ယောင်နေတာလား သား'

တစ်ခါတစ်ရံ ယောင်တတ်သော သူ့အား မိခင်က အလန့်တကြား မေးလိုက်၏။

'မဟုတ်ဘူး မေ့မေ၊ ဟို ကောင်မလေးက ဘာလုပ်နေလဲ'

'ရှိပါတယ် သားရဲ့၊ မေမေနဲ့ ဟင်းချက်နေတာပဲ၊ ဘာလို့လဲ'

'ပိတောက်ပင်အောက်မှာ ဆန်ပြာနေပြီးတော့၊ ဟိုမှာလေ'

မိခင်က ပြတင်းပေါက်မှ လှမ်းကြည့်လိုက်ပြီး....

'သြော်....စံအေးကို ဆန်ပြာခိုင်းတာ၊ ကြည့်စမ်း၊ စံအေးက လူလည်ကျပြီး စူးမကို ခိုင်းသွားတာပဲ၊ ဟဲ့....စူးမ....စူးမ လာခဲ့'

မိခင်က ပြတင်းပေါက်ကနေ လှမ်းခေါ်လိုက်သောအခါ စူးမက မျက်လုံးပြူးလေးနှင့်....

'လာပါ့မယ် အမေ၊ ကိုစံအေးက အိမ်သာတက်နေလို့ ဆန်ကလေးတွေ သွားမှာစိုးလို့ပါ၊ ခဏလေး....ခဏလေး'

'မလိုချင်ဘူး၊ လာခဲ့'

သူ၏ လေသံမာမာနှင့် ခေါ်သံကြောင့် စူးမက လျှာလေး ထုတ်ကာ ဆန်မှုန့်များ ကပ်နေသည့် လက်ကလေးကို ခါ၍ ထပြေးလာခဲ့သည်။

သူက အလိုမကျစွာဖြင့် မျက်မှောင်ကြုတ်လိုက်ရင်း....

'မေမေက မပြောထားဘူးလား'

'ပြောထားပါတယ် သားရယ်၊ သူက မနေတတ်ဘူးလေ၊ ဟိုစပ် သည်စပ်စပ် ပါချင်နေတာ'

မေမေ သူ့ခန္ဓာကိုယ်ကို သေသေချာချာ ပေကြိုးနဲ့ တိုင် ထားပေးပါ၊ လိုအပ်ရင် လေ့ကျင့်ခန်းလေး ဘာလေ လုပ်ရအောင်လို့ပါ’

‘အေး....အေး၊ သား ထမင်းစားမယ်နော်’

‘ဟုတ်ကဲ့၊ သား ထမင်းစားပြီးရင် လို ချင် တယ် နေ မေမေ’

‘အေးပါကွယ်’

အခုဆို အခုမှဟူသော သူ့သဘောကို သိသော မိခင် အိမ်ခန်းအပြင်ဘက် ထွက်သွား၏။ သူ မျက်နှာသစ်၊ သွ တိုက်နေစဉ် မိခင်က ထမင်းပွဲ ပြင်နေသည်။

မိခင်သည် သူ ပြန်လာမည့် နေ့ကို သိထားသဖြင့် သူ နှ သက်မည့် အသုပ်ကလေး၊ ဟင်းချိုလေးကို ပြုလုပ်ထားမ ဖြစ်ပေသည်။ သူက ဆီပြန်ဟင်းထက် ဟင်းချိုဟင်း ပိုနှစ်သက်သည်။ အသီးအရွက် သုပ်က လေး များ ကို လည် နှစ်သက်တတ်သည်။

သူ ထမင်းဝိုင်းသို့ ရောက် ချိန် တွင် မိခင်ရော စူးမ ထမင်းဝိုင်းနားတွင် မရှိပေ။ စံအေးမှာ မိန်းကလေး တ ယောက်ကဲ့သို့ ပိတောက်ဝင်ရိပ်တွင် ဆန်ပြာ ဆန်ရွေး လု နေ၏။

မြင်းခွာရွက်သုပ်၊ ကျောက်ဖရုံသီးဟင်းချို၊ ငါးဖယ် ခရမ်းချဉ်သီးနှင့် အချဉ်ချက်၊ ခြံထွက် ဗိုလ်စားပဲသီးကြော်

ဆို့နောက် ငါးပိ၊ တို့စရာ သခွားသီးနုလေးနှင့် ခရမ်းသီး ပြုတ်၊ ထိုတို့စရာများသည်လည်း ခြံထွက်များပင် ဖြစ်၏။

ဆယ်ရက်လုံးလုံး ဆီပြန် အရည်ပေါ်ဟင်းများကိုသာ စား နေရသဖြင့် အိမ်သို့ ပြန်ရောက်လာသောအခါမှ မိခင် ချက် ထားသော ထမင်းဟင်းများနှင့် လွန်စွာ ခံတွင်းတွေ့လှ သည်။

သူ ထမင်းစားပြီးချိန်တွင် မိခင်က ဖီးကြမ်းငှက်ပျောသီး လာချပေးရင်း စာရွက် တစ်ရွက်ကိုပါ ပေးလိုက်၏။

‘ရှင် သုံးဆယ့်ငါး၊ ခါး နှစ်ဆယ့်ငါး၊ ဘုရားရေ၊ ခါး ဘ အဲ့ဒီလောက်တောင် ဆိုတော့ မလွန်လွန်းဘူးလား မေမေ။ င်က သုံးဆယ့်ခြောက်၊ အရပ်က ငါးပေ သုံး၊ အင်း.... ဘော်သေးတယ်၊ ခါးပဲ သေးဖို့ လိုတာ၊ လေ့ကျင့်ခန်း အုပ်ကလေး ဘာလေး ဝယ်ပြီး လုပ်ခိုင်းမှပဲ’

‘အံမယ်လေး.... မလိုပါဘူး သားရယ်၊ ခါးသေးဖို့ မေမေ့တာဝန်ထား၊ မေမေတို့ ကျောင်းမှာတုန်းက သင်ရ ယ်၊ ခြေ တစ်လက်မ ကားပြီး ဟိုဘက် ဒီဘက် စောင်းနဲ့ ုံးလကြာရင် ကလပ်ပုံရတယ်၊ ဘာမှစိတ်မပူနဲ့’

မိခင်က ကမန်းကတန်းလေး ပြောလိုက်သဖြင့် သူ သက် င်းချလိုက်သည်။ ထိုစဉ် စူးမသည် ပြုံးစိစိမျက်နှာပေးနှင့် ပ်ခန်းထဲမှ ထွက်လာသည်ကို တွေ့ရသောအခါ သူက....

‘ဟဲ့....ကောင်မလေး လာ၊ ဒီမှာ လာထိုင်စမ်း’

မိခင်က သား၏ လေသံကြောင့် နှစ်ခြိုက်စွာ ပြုံးလိုက်သည်။ အသက် ငါးဆယ်ကျော် လူကြီးများ၏ လေသံနှင့် တူနေ၏။

'နင် ဒီအိမ်မှာ ဘာတွေ လုပ်လဲ၊ ပြော'

'အဝတ်လျှော်တယ်၊ မီးပူတိုက်တယ်၊ အမေနဲ့ အမင်း ဝိုင်းချက်တယ်၊ ပြီးတော့ ကြမ်းတိုက်....'

'ဟိုး....တော်တော့၊ ဒီမှာ မင်း မေမေနဲ့ ထမင်းဝိုင်းချက်တာရယ်၊ မီးပူတိုက်တာရယ်၊ မေမေ့ အဝတ်နဲ့ နင့်အဝတ်ကို နင့်ဘာသာ လျှော်တာရယ်ပဲ လုပ်ရမယ်၊ ကျန်တာ ဘာမှ မလုပ်ရဘူး၊ ကြမ်းတိုက်တာတို့ အိုးတိုက်တာတို့ စံအေး လုပ်လိမ့်မယ်၊ မင်း လက်ဖဝါးတွေ ပြစမ်း၊ ကြမ်းနေတယ် မဟုတ်လား၊ မလိုချင်ဘူး နူနေရမယ်'

ပြောပြောဆိုဆိုနှင့် လက်ဖဝါးကို ဆွဲယူကာ သူ့လက်ဖဝါးနှင့် ကိုင်ပွတ်ကြည့်လိုက်သောကြောင့် မိခင်ရော စူးမပါ မျက်လုံးများကပါ ပြူးကျယ်သွား၏။

သို့ရာတွင် သူက ဘာကိုမျှ အလေးမထားဟန်ဖြင့်....

'ပြီးတော့ နေပူထဲ မထွက်နဲ့ လေစိမ်းတိုက် မခံနဲ့၊ ထမင်းတောင့်ဆစ်နဲ့ ခုံတွေ စားပွဲတွေမှာ ထောက်မတင်နဲ့၊ မင်းတံတောင်ဆစ်တွေ မည်းကုန်လိမ့်မယ်၊ အချိုကိုလျော့စား၊ ငါးပိ သိပ်မစားနဲ့၊ အငန်အစားများရင် ဝက်ခြံထွက်လိမ့်မယ်၊ အကောင်းဆုံးက အသီးအရွက် များများနဲ့ အရည်ရွှမ်းတဲ့ အသီးတွေကို စားပေး၊ ကြားလား'

မိခင်က ရယ်မိမှာစိုး၍ တစ်ဖက်သို့ မသိမသာ လှည့်ထွက်သွားသည်။ စူးမကသာ မျက်လုံးလေး ပေကလတ်ပေကလတ်နှင့် သူ ပြောသမျှ ခေါင်းညိတ်နေ၏။

'မင်းကို ငါ အမူအရာတွေ သင်ပေးမယ်၊ သီချင်းဆို သင်ပေးမယ်၊ ဒါပေမယ့် မင်းနာမည် စူးမ ဆိုတာကြီးကို မကြိုက်ဘူး၊ ပြောင်းပစ်ရမယ်'

'စူးမတော့ သိပ်ကြိုက်တာ၊ အဲဒီနာမည်ဟာ စူးမအတွက် ကံကောင်းတယ်လို့ ထင်တယ်'

'နင့်အဘ....နင် ကြိုက်ချင်တိုင်း ကြိုက်လို့ရမလား၊ ခေတ်ကြိုက်နဲ့ ဆွဲဆောင်မှုရှိဖို့ကို လိုတာပေါ့၊ နင် ဘယ်လမှာ မွေးလဲ ပြောစမ်း၊ ငါ နာမည်ရွေးမယ်'

ဗိုးဗိုးဗက်ဗက် ပြန်ပြောတတ်သော စူးမကို သူက မနှစ်မြို့က်စွာဖြင့် အော်လိုက်သဖြင့် စူးမ မျက်နှာလေး ငယ်သွားသည်။

'မေလမှာပါ'

သူ ငြိမ်၍ စဉ်းစားလိုက်သည်။ ထိုသို့ စဉ်းစားနေစဉ်တွင် သူ့မျက်လုံးများက စူးမ မျက်နှာကို စူးစိုက်ကြည့်ကာ သူ့ခေါင်းထဲမှာ နာမည်များ စီနေ၏။ စူးမက သူ့ကို ကြောက်ကြည့်နေသဖြင့် မနေတတ် မထိုင်တတ်ဖြစ်ကာ မျက်လွှာချသွားလိုက်ပြန်၍ ခိုးကြည့်လိုက် လုပ်နေမိ၏။

'ဘယ်လို လူကြီးလဲ'

[illegible] ရှင်သဲမှာ တိုးတိုးလေး ရေရွတ်လိုက်၏။ စူးမ[illegible] [illegible]ချွှတ်ချွှတ်ရှားရှားနှင့် မနေတတ် မထိုင်တတ် ဖြစ် သည့် တို[illegible] အောင် သူ့မျက်လုံးများက ရွေ့လျားမှုမရှိဘဲ ငေးမြဲ [illegible] နေ၏။

'ဟာ....ဟုတ်ပြီ၊ မင်းနာမည် မေပိတောက်နွေ၊ ဟုတ်[illegible] မေပိတောက်နွေ၊ မင်းကို ငါစတွေ့တိုင်း ပိတောက်ပန်း[illegible] ပွင့်တဲ့ နွေမှာ တွေ့တယ်၊ မင်းကို မေပိတောက်နွေလို့ [illegible] မယ်၊ ဟုတ်ပြီ၊ မေမေ....မေခမ'

သူ၏ ဝမ်းသာအားရနှင့် အော်သံသည် တစ်အိမ်လုံး[illegible] သိမ့်သိမ့်ညံသွားလေပြီ။ မိခင်က အလန့်တကြား ပြေး[illegible] လာ၏။

'ဘာလဲဟဲ့'

'မေမေ....သူ့နာမည် မေပိတောက်နွေလို့ ပေးလိုက်[illegible] မေမေ ကြိုက်လား'

'အေး....ကောင်းသားပဲ၊ စူးမလဲ ကြိုက်လားကွယ်'

'ဆရာတို့ သင့်တော်သလိုသာ စီမံပါ၊ စူး ဘာမှမ[illegible] ကွက်ပါဘူး'

'ဟဲ့....သမီးကလဲ သမီး အစ်ကိုကြီးကို အစ်ကိုကြီး[illegible] ပါလား'

မိခင်က စူးမ၏ အခေါ်အဝေါ်အတွက် သင်ပေး[illegible] သောအခါ သူက လက်ကာ၍....

'ခေါ်ပစေ မေမေ၊ သူ ခေါ်တာ မှန်ပါတယ်၊ သား [illegible]က သွေးသား တော်စပ်တဲ့ မောင်နှမတွေလဲ မဟုတ်ပါ[illegible]း၊ သား သူ့ကို အကုန်သင်ကြားပေးရမှာပဲ၊ သူက ဆရာ [illegible] ခေါ်တာ မှန်ပါတယ်'

သူက ခါးကိုဆန့်ကာ မတ်တတ်ရပ်လိုက်ရင်း....

'ကဲ.... မေပိတောက်နွေ၊ မင်း ဒီနေ့ကစပြီး ခါးသေး အောင် လေ့ကျင့်ခန်း လုပ်၊ ဒီနေ့ ဒီရက်ကို မှတ်ထား၊ [illegible]း လပြည့်လို့မှ မင်း ခါးဟာ နှစ်ဆယ့်သုံး မဖြစ်ဘူးဆိုရင် [illegible]င်း ခါးက ပိုနေတဲ့ အဆီတွေကို ငါ ဓားနဲ့လှီးထုတ်မယ်'

'ဟဲ့.....သား'

မိခင်က သဘောကျစွာ ရယ်မောလျက် ဟန့်လိုက်၏။ [illegible]ကားမပြောလျှင် ရေငုံ နှုတ်ပိတ်နေသော်လည်း ပြောမိ[illegible]ျှင် စိတ်ထင်ရာကို စွတ်ပြောတတ်၏။

ပြောသင့် မပြောသင့် စဉ်းစား၍ မနေပေ။

မည်သို့ပင်ဖြစ်စေ မေပိတောက်နွေသည် သူ ပုံသွင်းထား သည့် ပန်းပုရုပ် တစ်ရုပ် ဖြစ်ရပေမည်။

ယနေ့မှစ၍ ပန်းပုရုပ်ကလေးကို စတင်ထုထွင်း၍ ပုံကြမ်း လောင်းတော့မည် ဖြစ်ပေသည်။

* * *

'ဟောဒီတော်'

မိခင် နှုတ်ဖျားမှ အလန့်တကြား လွှတ်အော်လိုက်မိသည် အဘယ်ကြောင့်ဆိုသော် မနက် ထမင်းစားပြီးကတည်း ထွက်သွားသော သားသည် ညနေစောင်းခါနီးမှ ပြန် ရောက်လာပြီး သူ၏ ပါပလစ်ကာ ကားစီးလုံးပြည့် ပစ္စည်း များ ပါလာလေ၏။

နောက်ခန်းတွင် ထိုင်လိုက်လာသော စံအေးမှာ ရှုံ့ ချက် မိခင်နှင့် စူးမကို လက်ခါပြနေသည်။

'ဘာတွေလဲ သားရဲ့'

'ဒီနေ့ မင်းသမီးတစ်လက်က အားနေတာနဲ့ သူ့အ အညီနဲ့ စူးမအတွက် အလုပြင်ပစ္စည်းနဲ့ အဝတ်အစား သွားဝယ်လာတယ်၊ အားလုံး အကြွေးချည်းပဲ၊ မနက်ဖြ ငွေသွားထုတ်ရမယ်၊ ဒါတွေအားလုံး မင်းသမီးကပဲ စီ ဝယ်ပေးလိုက်တာ'

သူက ဝမ်းသာအားရနှင့် မိခင်ကို ပြောပြနေစဉ် စူးမ စံအေးကတော့ ပစ္စည်းများ သယ်ချရင်း....

'နင် သိပ်ကံကောင်းတယ် စူးမ၊ သိလား၊ အစ်ကိုကြီး သိပ်ကပ်စေးနည်းတာ၊ သူ့ကိုယ် သူတောင် ဝယ်မဝတ်ဘူ

စံအေး စကားကို နားစွန် နားဖျား ကြားလိုက်သော် လည်း မကြားဟန်ပြုကာ ပစ္စည်းများ ချလာသည်ကို ကြည့် ရင်းက....

'ဘားက လျှို့ဝှက်ထားမလို့ဘဲ မေမေ၊ ဒါဝေမယ့် မိန်းမ အသုံးအဆောင်ပစ္စည်းတွေက မဝယ်တတ်လို့၊ သားနဲ့ ခင်တဲ့ ကောင်မလေးဆီ သွားရတာပေါ့၊ သူလဲ နေ့အားနဲ့တိုးတော့ သားကို ကူညီပေးလိုက်တာပဲ၊ အားလုံး သုံးသောင်းဖိုး ါးပါးပဲ မေမေ၊ ဒါတောင် မင်းသမီးက အကုန် အကျ သိပ်များမှာစိုးလို့ ရွေးပေးတာတဲ့'

'သုံးသောင်းဖိုး ဟုတ်လား ဆရာ၊ ဘုရား....ဘုရား၊ ူးအဖေ ဝင်စင်တစ်ဝက်ရောင်း၊ ဂရက်ဂျုတိ ထုတ်တာနဲ့ ဘောင် နှစ်သောင်းတောင် မပြည့်လောက်ပါဘူး၊ အများ ကြီးပါလား၊ အဲ....အဲဒီလောက်ကြီးကို စူးအတွက် အားလုံး ဲ ဟုတ်လား ဆရာ'

စူးမက တအံ့တသြနှင့် လျှာခလုတ်တိုက်အောင် ပြောရင်း ရင်တုန် ပန်းတုန် ဖြစ်နေသည်။

ဖိနပ်ကြီးပဲ လေးစုံ၊ အပါးက တစ်ရန်သာ ဝါသည်။ ကျန် ဘာက တစ်လက်မဒေါက်ကစပြီး နှစ်-သုံးလက်မဒေါက်အထိ ပါ၏။

'ဘုရား....ဘုရား'

စူးမ ရင်မလိုက်၏။ အိတ်တွေ—အိတ်တွေကို ရေတွက်၍ မနိုင်။ ဖွင့်မကြည့်ရဲ။

'အားလုံးပေါ့ မိစူးရယ်၊ နင် မင်းသမီးတစ်လက်ဖြစ် က အရင်းအနှီးတွေ၊ ကြိုးစားမှုတွေ အများကြီး လုပ်ရ အောင်မြင်တဲ့ မင်းသမီး ဖြစ်လာမှာပဲ၊ ဒါကို နင်နားလည် ရင် ကြိုးစားမှုလုပ်ရမယ်၊ ညနေက နင့်အတွက် အချိန်ဇယ ဆွဲပေးထားတယ်၊ အဲဒါကို နင် ကြည့်ပြီး အဲ့ဒီအတိုင်း လု ဖြေ....'

သူက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ကျွတ်ကျ အိတ်များ၊ အထုပ်များကို မွှေနှောက်လိုက်၏။

'စံအေး၊ ခပ်လေးလေးအထုပ် မတွေ့ဘူးလား'

'ရှိတယ်၊ ဒီခုံအောက် ရောက်နေပြီ ထင်တယ်'

သူက စိတ်မြန် လက်မြန် ထယူလိုက်သည်။ ဖိနပ်ထုပ်မျ နှင့် ရောနေ၍ မွှေနှောက်လိုက်ပြီးမှ သူ လိုရာကို ဆွဲထ လာ၏။

'ပေါင်ချိန်စက်၊ အခု နင့်ကိုယ်အလေးချိန် ချိန်ထ နောက်လမှာ တစ်ခါချိန်၊ နင့် အရပ်နဲ့ဆိုရင် ပေါင် တစ်ရာ့နှစ်ဆယ်က အတော်ပဲ၊ သိပ်ပိန်ရင် မလှဘူး၊ ကစ်ကလေးမှ လှတယ်'

သူ့စကားကြောင့် စံအေးနှင့် စူးမပါ ပြုံးလိုက်မိသည် သာမက မိခင်ကလည်း ပြုံးသည်ကို ရှက်ကိုး ရှက်ကန်းနှင့် တွေ့လိုက်ရသည်။

သို့သော် မသိဟန်ဆောင်၍ သူ့အိတ်ထဲမှ ပစ္စည်းများကို ထုတ်ယူလိုက်ပြန်သည်။

'ရော့....နားကပ် နှစ်စုံ၊ ဒါက ပုလဲကြိုး၊ ဒါက ဆွဲ ကြိုး၊ ဒါက ဟမ်းချိန်း'

'ဟာ....အများကြီးပဲ'

'အားလုံး အတုတွေပဲ၊ နောင်လဲ အတုပဲ များများဝတ်၊ အစစ်ဆိုရင် သိပ်မလှဘူး၊ များများလဲ ဝတ်လို့ မရဘူး၊ နောက်မှ ညည်းဘာသာ ညည်း ကြိုက်တာဝယ်၊ ရော့.... ရော့....ဒီမှာ လက်စွပ်တွေ၊ ကြည့်စမ်း မေမေ၊ အစစ်တွေနဲ့ မတူလား၊ မင်းသမီးက သူတို့လဲ အဲဒါပဲ သုံးတယ် ပြောတယ်၊ အစစ်က ပွဲနေပွဲထိုင်မှ သုံးတာတဲ့'

ဘူးထဲတွင် တဖိတ်ဖိတ်တောက်နေသော လက်ဝတ်ရတနာ များကို ကြည့်ကာ ဝမ်းသာအားရပြောနေသော သူ့အား မိခင်နှင့် စူးမတို့က ငေးသပ်ရှုမောကြည့်ရင်း....

'ဟုတ်ပါရဲ့၊ စူးတို့နားက မိန်းကလေးတွေ တဲအိမ်စုတ်နေပြီး လက်ဝတ်လက်စားတွေ ရှိလို့ စူးက အံ့ဩ ဒါမျိုးတွေပဲ'

မိခင်က

ည်။ စူးမ

'အင်း....အထုပ်ဟာ အစစ်ထက် ထင်ရှားတယ်၊ လှပတယ်ဆိုတာ တကယ်ပါပဲလားကွယ်'

အမေက စိန်လက်ကောက်၊ စိန်လက်စွပ်၊ စိန်လည်ဆွဲများကို တအံ့တဩနှင့် ကိုင်ကြည့်နေသည်။ စိန်တစ်စုံ၊ ပတ္တမြားတစ်စုံ၊ အခြားပုံဆန်းဆန်းလေးများပါသည့် နားဆွဲ၊ လက်ကောက်၊ လက်စွပ်များနှင့် စုံလင်လှသည်။

'ဟား....တော်တော် လှတယ်ကွာ၊ ငါတောင် မိန်းကလေး ဖြစ်ချင်လာပြီ၊ ဒါလေးတွေ ဝတ်ပြီး ဇလဒီရှုးလေးစီး၊ ပြီးတော့....'

'ဟဲ့....ဟဲ့....ဖိနပ်ပျက်ပါ့မယ် စံအေးရယ်၊ မင်း ရောဂါ ထပြန်ပြီ'

မတော်တရော ဖိနပ်စီးနေသည့် စံအေးအား အော်လိုက်ရသေးသည်။

ထို့နောက် အဝတ်များကို ဖြန့်ပြရင်း ညော်ခန်းတစ်ခုလုံး ရှုပ်ထွေးနေသည်။

'ရော့....ရော့၊ ဒါတွေက အတွင်းပစ္စည်းတွေ၊ မင်းသမီးက ဝယ်ပေးလိုက်တာပဲ၊ အချို့ဟာတွေက ညည်းကို လေ...င်ခန်းယူပြီး ကိုယ်လုံးလှမှ ဝတ်လို့ရမယ်၊ ခုဘော့ ငါးရုံ...ံနဲ့ လိပ်ခါးဆို ရမှာမဟုတ်ဘူး'

...ကစ်...ာ....'

သူ့အပြောကြောင့်စူးမသည် ရှက်ရယ် ရယ်လိုက်မိသည်။ ထို့နောက် ရှက်ရှက်နှင့် ထိုအထုပ်ကို ယူကာ အိမ်ပေါ်သို့ ပြေးတက်သွားလေသည်။

စံအေးနှင့် မိခင် ရယ်မောကာ ကျန်ခဲ့သော်လည်း သူရေယ်နိုင်အားသေးဘဲ ပိတ်ထုပ်များကို ယူကာ....

'ဒီမှာ သူ့ကိုယ်တိုင်းနဲ့ အင်္ကျီချုပ်ဖို့၊ အလုံးလေးတွေက ခေတ်စားနေတယ် ပြောတယ်၊ အခုတော့ ရယ်ဒီမိတ်ကလေးတွေပဲ ဝတ်ပစေဦး၊ နောက်သုံးလကြာမှ ချုပ်ခိုင်းပေါ့'

'သူ့တာသာ သူ ချုပ်တတ်ပါတယ်၊ ချုပ်ခတော့ သက်သာတာပေါ့'

မိခင်သည် သား၏ လိုအပ်ချက်များကို လိုက်နာပြီး အဝတ်များကို သိမ်းဆည်းပေး၏။

'မလိုအပ်သေးရင်၊ နောက်သုံးလမှဆိုရင် မေမေ တာဝန်ယူပြီး သိမ်းထားပါ့မယ်၊ နောက်ပြီး ဒီအလှပြင်ပစ္စည်းတွေက အစ မေမေ အားလုံး သိမ်းထားပါ့မယ်၊ ဟဲ့....စံအေး၊ သွား၊ ကြီးကြီး အိပ်ခန်းထဲ ဒါတွေ အကုန် သွားထည့်ထား'

'ဟင်....သူ့ကို ပေးထားပေါ့'

'ဩော်.... သားရယ်၊ သား မသိသေးတာတွေ အများကြီးပဲ၊ ကဲ....စံအေး၊ ယူသွား....ယူသွား'

မိတ်ကပ်ဘူးများ၊ လက်သည်းနီဘူးများကအစ မိခင်က သိမ်းထား၍ သူ့ရင်ထဲမှာ မတင်မကျ ဖြစ်နေမိသည်။ စူးမ

အတွက် ဝယ်လာသမျှကို ဘာတစ်ခုမျှမကျန်အောင်သိမ်းလိုက်တော့ ဖိနပ်များသာ ကျန်ခဲ့သည်။

'ဖိနပ်တွေက တော်ရဲ့လား မသိဘူး၊ မတော်ရင် လာလဲမယ်လို့ ပြောထားတယ်၊ ခေါ်စီးကြည့်ပါဦး မေမေ'

'အေးပါကွယ်၊ သား အနားယူလိုက်ဦးလေ၊ ပြီးတော့ ရေချိုး ထမင်းစားတာပေါ့၊ ဘာသောက်ဦးမလဲ'

'အအေး သောက်ခဲ့ပြီးပါပြီ မေမေ'

သူ အိမ်ပေါ်တက်လာသောအခါ စူးမနှင့် လှေကားရင်းမှာ ဆုံသဖြင့် သူက တစ်စုံတစ်ခု သတိရပြီး....

'ရော့....ရော့...စူးမ၊ နင့်အတွက် အချိန်ဇယား၊ အဲဒီအတိုင်းပဲ လုပ်'

'ဟုတ်ကဲ့....ဆရာ'

'ဆရာ....ဆရာ၊ ဒီကောင်မလေးခေါ်ပုံက ဆရာလဲမဟုတ်ဆာတဲ့၊ ဘယ်လိုခေါ်တာလဲ မသိဘူး၊ လျှာခလုတ်တိုက်ပြီးဆာလိုလို ဆလာလိုလို'

ရင်ထဲမှာ တီးတိုး ရေရွတ်လိုက်မိသည်။ ညှော်ခန်းထဲတွင် ဘာပစ္စည်းမှ မရှိတော့သည့်အတွက် စူးမကို အလိုလို အားနာမိသည်။ သို့ရာတွင် မိခင်သည် ဘယ်သောအခါမှ အဝိပ္ပာယ်မဲ့ အလုပ်မလုပ်ပေ။

သူ တစ်ခါမှ ခြေဦးမလှည့်ဘူးသော ဗိုလ်ချုပ်ဈေးအန္တီ့သွားရ၍ ခေါင်းထဲမှာ ငြီး စီ စီ ကြီး ဖြစ်နေသောကြောင့်

နံ့တင်ပေါ်တွင် ကျောဆန့်ရင်း နာရီဝက် အချိန်ဖြုန်းလိုက်သည်။

'ကလင်—ကလင်—ကလင်'

ရုတ်တရက် အိပ်ရာဘေးမှ ကျယ်လောင်စွာ မြည်လာသော တယ်လီဖုန်းအိုကြီးကြောင့် သူ စိတ်တိုသွားသည်။

'ဖဲလို'

'ဘယ့်နှယ့်လဲ ဒါရိုက်တာကြီး၊ မင်းသမီးအသစ်တစ်လက်ကို တင်မယ်လို့ စီစဉ်နေတယ်ဆို'

'ဟာ'

တစ်ဖက်မှ ရင်းရင်းနှီးနှီး အသံမှန်း သိသော်လည်း ဘယ်သူမှန်း အကဲမခတ်မိလောက်ပင် ပူထူသွားသည်။

'မဟုတ်ပါဘူးဗျာ၊ ခင်ဗျားကို ဘယ်သူပြောလို့သဲ'

'ဒီလိုပဲ ကြားတာပေါ့'

'ကြုံကြုံဖန်ဖန်ဗျာ၊ အေးအေးနေပါဦး'

'လျှို့ဝှက်မနေစမ်းပါနဲ့၊ သတင်းအတိအကျ ရထားပြီးပြီနော်၊ ဒီနေ့မှာ ဝင်ပင်ပန်းပန်း ကိုယ်တိုင် ဈေးလိုက်ဝယ်ရတယ်လို့'

'ဟာဗျာ၊ တောကခေါ်လာတဲ့ ကျွန်တော့်တူမအတွက်ပါဗျာ၊ ဘယ်ကလာ၊ မင်းသမီး အေးယုမော်က ပြောလိုက်လို့လား၊ ဒီကောင်မလေး အလကားပါ၊ သူ အထင်ပြောနေတာ၊ ဒါပဲနော်၊ ကျွန်တော် လုပ်စရာရှိသေးလို့'

ကမန်းကတန်း ဖုန်းချလိုက်ပြီး မင်းသမီးထံ ဖုန်းဆက်လိုက်၏။ မင်းသမီးက ပြန်ရောက်မလာသေးသဖြင့် ပို၍ ရင်မောသွားသည်။

'မောင်း လိုက် တီး နေ့ ဦး မှာ ပဲ၊ မဖြစ်ဘူး၊ တစ်နည်း ကြံမှပဲ'

စိတ် အေးအေးဆေးဆေး အနားယူမည် ကြံပြီးမှ စိတ်ရှုပ်သွားသည်။

ထိုစဉ် မိခင်၏ တိုးညင်းသော ခြေသံလေးနှင့် အတူ သူ့နား ရောက်လာ၏။

'သား ထမင်းစားမယ်ဆို'

'ပြင်ပြီးပြီလား မေမေ'

'စူးမ ပြင်နေပါပြီ၊ သားကို ပြောစရာရှိလို့ မေမေ တက်လာတာ'

'ဩော်....ဟုတ်ကဲ့၊ ပြောလေ၊ သားလဲ မေမေ့ ကို ပြောမလို့ဘဲ၊ မေမေ အရင်ပြော'

မိခင်က သူ့ခုတင်စွန်းတွင် လာထိုင်ရင်း နွေးထွေးစွာ ပြုံးလိုက်၏။

'မေမေက စူးမအတွက် ရည်ရွယ်ပြီး ဝယ်လာတဲ့ ပစ္စည်းတွေ အကုန်သိမ်းထားလိုက်လို့ သားရင်ထဲမှာ စနိုးစနောင့် ဖြစ်နေတယ် မဟုတ်လား'

ရုတ်တရက် အံ့ဩသွား၏။ သူ့ စိတ်ကို သိတတ်သော မေမေပါလားဟု တွေးမိရင်း ရှက်ကိုးရှက်ကန်း ပြုံးလိုက်ကာ....

'ဟုတ်တယ် မေမေ၊ နည်းနည်းထူးဆန်းသွားလို့ပါ'

'မထူးဆန်းပါဘူး သားရယ်၊ ဇာလေးမကလေးကသမီးအကြီးဆုံးဆိုတော့ သိပ် သိတတ်တာ သူ သည်မှာကောင်းကောင်းနေ၊ ကောင်းကောင်းစားပြီး ကောင်းကောင်းဝတ်နေရတော့ သူ့ မိဘကို သတိရပြီး စိတ် မကောင်းဖြစ်နေတယ်၊ သူ့ ညီမလေးတွေလာရင် ကလစ်ကအစ သူပိုင်ပစ္စည်းတွေကို ပေးတတ်တယ်၊ ဒါကြောင့် အမေက သားဝယ်လာတဲ့ ပစ္စည်းတွေကို တကယ်အသုံးလိုမှ ထုတ်ပေးချင်တယ်၊ နို့မဟုတ်ရင် လျှောက်ပေးနေတော့ သား ထပ်ရှာ ဝယ်နေရမှာ ဝိုးလို့ပါ'

'ဟုတ်လား၊ သား မသိလို့ပါမေမေ၊ မေမေကလဲစောစောဦးစီး အသိ ပေးရောပေါ့၊ သားဘာသာ တိတ်တိတ် ဝယ်မှာပေါ့'

'ဩော်....သားရယ်၊ နေရာတကာ သားကို မပြောချင်လို့ပါ၊ ဒါ ကြီးမားတဲ့ ပြဿနာမဟုတ်ပါဘူး၊ မိန်းကလေးတိုင်းဟာ မိဘအပေါ် သိတယ်ပြီး၊ စာနာတတ်တာ လိမ္မာတာပေါ့ကွယ်၊ အစားကောင်း တစ်ခုခုကို စားရရင် ခများ ငိုင်ကျသွားတာပဲ၊ လေဖြတ်ထားတဲ့ သူ့ အဖေကို ကျွေးချင်ရှာမှာပေါ့'

'ထင်း_'

သူ သက်ပြင်းချမိသည်။ မိမိကဲ့သို့ အစစ လိုလေသေးမရှိအောင် ပြည့်စုံနေသူအဖို့ မိဘကိုပြန်သိတတ်မှုမရှိသေးပေ။

'ကဲ–သားကရော ပြောစရာရှိတယ် ဆို....'

'ဪ....သားတို့ တစ်နေရာ ရှောင်နေမလားလို့ပါ'

'ဟဲ့–ဘာလို့လဲ'

'ဟို မင်းသမီး မောင်းလိုက်တီးတာနဲ့ သတင်းတွေ ပျံ့ကုန်ပြီ၊ အဲသည်အခါ အိမ်ဝိုင်းလာပြီး စာနယ်ဇင်း သမားတွေ ပါလာကြတော့မယ်'

'ဖြစ်ရလေ၊ သားက သေချာမပိတ်ခဲ့ဘူးလားကွယ်'

'ပိတ်ခဲ့ပါတယ် မေမေရယ်၊ ဒါကြောင့် ကျွန်တော်တို့ သုံးလလောက် ပြင်ဦးလွင်ဖြစ်ဖြစ်၊ သွားနေရအောင်လား မေမေ နော်'

'သား အလုပ်တွေက....'

'အားလုံး ဝစ်ထားခဲ့မယ်၊ ရိုက်လက်စ ကားက ဗီဒီယိုနှစ်ကားပဲရှိတာ မေမေတို့ကို လိုက်ပို့ပြီးမှ ဆက်ရိုက်မယ်၊ အရေးကြီးတာက စူးမကို ဘယ်သူမှ မမြင်ရဖို့ ဘယ် ရုပ်ရှင်အသိုင်းအဝိုင်းနဲ့မှ စကားမပြောမိစေဖို့ပဲပေါ့၊ တကယ် ကားရိုက်မှ တွေ့ကြပုံပေလေ'

မိခင်က သက်ပြင်း ရှည်ကြီးချ လိုက်သည်။ ခြံတွင်းရှိ စိုက်ပျိုးပင်လေးများအား နောက်ဆံငင်နေသည်။

'အပင်တွေအတွက် စိတ်မပူပါနဲ့မေမေ၊ မာလီတစ်ယောက်ကို ငှားထားခဲ့ပါမယ်'

သူသည် လုပ်ချင်ပြီဟေ့ ဆိုလျှင် မဖြစ် မနေ လုပ် တတ်ကြောင်းကို မိခင်က သိပြီးသားမို့ မတားချင်တော့ပေ။

'သား မနက်ဖြန်ကျရင် ရထားလက်မှတ် သွားဝယ်မယ်၊ ဘဏ်ကငွေထုတ်ပြီး မင်းသမီးကို ဆပ်မယ်၊ ပြီးတော့ စူးမနောက်ဆံ မငင်ရအောင် သူ့မိဘတွေအတွက် လိုအပ်မယ်ထင်တာကို သုံးလေးထောင် ဖိုး လောက် တော့ အမေကကြည့် ဝယ်ပေးခဲ့ ပေါ့၊ ဘယ် သွားမလဲ မပြောဘူး နော်၊ စူးမကိုရော၊ စံအေးပါ မပြောဘူး၊ တော်ကြာအိမ်နီးချင်းဆီမှာ ခြေရာ ကျန်ခဲ့ဦးမယ်'

'အေးပါကွယ်၊ စိတ်ချပါ'

မိခင်က မဖြစ်မနေနှင့် အောင်မြင်အောင် ကြိုးစား လုပ်တတ်သော သား၏စိတ်ကို သိသူပီပီ ယုံကြည်စွာဖြင့် လိုက်နာဆောင်ရွက်ဖို့ ဝန်မလေးပေ။

* * *

'သည်လောက် ငါ ပိုင်တွေ၊ ငရုတ်သီးတွေ စားနေမှတော့ ဘယ်လို လုပ်ပြီး ညည်းပါးကချောတော့မှာလဲ လျှာအရသာကို တယ်အလိုလိုက်တာကိုး၊ ညည်းအောင်မြင်ချင်ရင် ကိုယ့်လျှာကို အလိုမလိုက်နဲ့ ကိုယ့် မျက်လုံးကို အလိုမလိုက်နဲ့ နေ့လယ်ဘက်ကို လုံးဝ မအိပ်နဲ့'

စူးမသည် မျက်တောင်လေး ပုတ်ခတ်၊ ပုတ်ခတ် လုပ်ရင်း သူ့အား လှမ်းကြည့်နေသည်ကို မသိဟန်ဆောင်ကာ ဆက်ဆူနေ၏။

'နှစ်ပတ်အတွင်းမှာ ညည်း ပေါင်ချိန် ၅ ကျ သေးတာ မဟုတ်သေးဘူး စူးမ၊ အအိပ်မလျှော့ဘူး၊ အစားမလျှော့ဘူး ဆိုတော့'

'မဟုတ်ပါဘူး ဆရာရယ်၊ စူးလေ ရောက်ခါစမို့ ခရီးပန်းပြီး အိပ်လိုက်မိတာပါ၊ ပြီးတော့ ပြင်ဦးလွင်ကနွေတောင် ချမ်းနေတော့ အိပ်ချင်လို့ပါ'

'မရဘူး၊ အကျင့်ပါတယ်၊ အိပ်ချိန်များရင် ဦးနှောက်ကထိုင်းမှိုင်းတယ်၊ အိပ်ချိန်နည်းနိုင်သမျှ နည်းနည်းထား'

'....အစားလဲ လျှော့၊ အအိပ်လဲလျှော့နဲ့ သည်အတိုင်းသာဆိုရင် စူးဟာ ပိန်တာမလေးဖြစ်တော့မှာပဲ ဆရာပြောသလို ဝ,ကစ်ကစ် ဖြစ်မလာဘဲ....'

စူးမရင်ထဲမှာမကျေမနပ်နှင့်ရေရွတ်နေမိ၏။ ထိုအခါသူက နှုတ်ခမ်းကို တွန့်ကွေးကာ ပြုံးလိုက်ရင်း....

'အခုတော့ ညည်းဟာ ငါ ချမှတ်ထားတဲ့ စည်းကမ်းကို တင်းကျပ်တယ်၊ ချုပ်နှောင်တယ်လို့ ထင်ချင်ထင်မယ်၊ ဒါပေမယ့် နောင် လေး ငါးလကျမှ ငါ့ကို ကျေးဇူးတင်မယ်၊ သွား.... ဒီ အချိန်ဟာ ပတ္တလားတီး ကျင့်ရမယ့် အချိန်မို့လား၊ သွား....သွား....တီးတျာ တေရှင်တောင် မရသေးဘူး၊ ဖိနေ့ ရအောင်လုပ်၊ ဒီအချိန်တိုင်း ညည်းအိပ်နေတာ ငါ မသိဘူး မှတ်လို့လား'

စူးမက လျှာလေး ထုတ်ကာ သူ့ နားမှ ပြေး ထွက်သွား၏။

ပြင်ဦးလွင်ရောက်မှ စူးမသည် အပြင်သို့ မထွက်ရတော့ပေ။ ပြင်ဦးလွင် လေသည် အေး၍ခြောက်သဖြင့် အသားခြောက်သည်ဟုဆိုကာ အိမ်ထဲမှာပင် နေ နေရသည်။ မိခင်နှင့်စံအေးသာ ဈေးသွား အပြင်ထွက် ပြုလုပ်ရ၏။ စူးမမှာ နေ့စဉ် အချိန်ဇယားအတိုင်း လိုက်နာပြီး လှုပ်ရှားနေရသောကြောင့်ပြီးငွေ့ လာလေသည်။

မနက် အိပ်ရာမှ ငါး နာရီ ထ,ရသည်။ ထ,ထခြင်း ရေနွေးခွက် ငါးခွက်ကို သောက်ရ၏။ အစက မသောက်နိုင်ပေ။ နားပြီး သောက်ရသည်။ နောက်မှ ကျင့်သား ရသွားသည်။ အိပ်ရာထ မနက်စာကို အာမှုမစားရဘဲဖျော်ရည်တစ်ခွက်သာ သောက်ရ၏။

ဆောက်ခါစက မန်ကျည်းမှည့် ဖျော်ရည် သောက်ရ
အာဘယ်ကြောင့်ဆိုသော် စူးမ ပါးစပ်မှ ကျိုးကန်းပါးစပ်
သောကြောင့် တစ်ပတ်တိတိ သောက်ရ၏။ ခုတော့ တစ်
ခြား တစ်ခါသောက်ရသည်။ ရှောက်ဖျော်ရည်၊ လိမ္မော်
ရည်၊ သင်္ဘောသီးဖျော်ရည်၊ ပင်မှည့်ဖျော်ရည်ကိုအလဲအလှ
သောက်ရ၏။ သောက်ရလျှင်လည်း အဝ သောက်နိုင်သ
ယခု မြင်ဦးလွှင်ရောက်သောအခါ ဆောပတ်သီးဖျော်ရည
ပေါပေါများများ သောက်ရ၍ စူးမ နှစ်သက်၏။

အိပ်ရာ ထ၍ ဘုရားဆွမ်းတော်ကပ်၊ သောက်တော်
ကပ်ပြီး ဘုရားရှိခိုး မေတ္တာပို့ကို လေးဆယ့် ငါးမိ
လုပ်ရသည်။

ပြီးမှ ကိုယ်လက် လှုပ်ရှားမှု လေ့ကျင့်ခန်းကို တစ်န
လုပ်ရပြန်၏။ ချွေးများစို့၍ မောလာမှ ဖျော်ရည်သော
ရေချိုးကာ သနပ်ခါး ရည်ကျဲလေးလိမ်းပြီး တံမြက်စ
ဝိုင်းလှဲ၊ မီးဖိုချောင် အလုပ် ကူရ၏။ မီးဖိုချောင်ကူရ
လက်ကြမ်းမည်စိုး၍ ငရုတ်သီးမထောင်းရ၊ ထို အချိန်
ခွတ်လွှတ် လက်လွှတ် အနားရသလိုပင်ဖြစ်၏။

သို့သော်—ဆယ်နာရီနှင့် ထမင်းမစားမီ ဆယ့်တစ်
ကြားတွင် စူးမ စိတ်တိုလာ၏။ မနက်တည်းက ဘာမှ
ရ၍ ဝမ်းဟာနေသည်။ သီချင်းအဆိုသင်ရ၏၊ ပတ္တလာ
သင်ရ၏။ ဆရာက တစ်ရက်ခြား တစ်ခါလာသည်။

ဆရာလာသည့် အခါတွင် သိပ် မပျင်းသော်လည်း ဆရာ
မလာသည့်အခါ တစ်ယောက်တည်း သီချင်းဆို ပတ္တလားတီး
အလုပ်ကိုလွန်စွာ ပျင်းရိ၏။

ဆယ့်တစ်နာရီ ထမင်းစားတော့လည်း အာသာနှင့် စား
ချင်တိုင်း မစားရပေ။ အတိုင်းအတာနှင့်စားရ၏။ ငါးပိကိုမူ
ငရုတ်သီးပေါ့ပေါ့နှင့်စားရသည်။

ထမင်းစားပြီး တစ်နာရီအထိ အမူအရာကျင့်၊ အက
ကျင့်ရသည်မှာ နှစ်နာရီနီးပါး ပြီးမှ ဗီဒီယိုခွေတစ်ခွေကိုတစ်
နာရီ နီးပါးကျင့်ရ၏။ တစ်ခါဘစ်ရံ ဗီဒီယိုခွေကြည့်ရင်း
ငိုက်ကျသွားသည်။ ထိုအခါမျိုးတွင် သူ့မိခင်ကဘာမှမပြော
သော်လည်း သူကတော့ သူသည် အိပ်ငိုက်လျှင် ကန့်ခိုင်း၏။
နေ့လယ်စာတွင် ကော်ဖီရည်ကျဲကျဲ အချိုပေါ့ပေါ့တစ်ခွက်ကို
ဆာသည့်အခါတိုင်း သောက်ရ၏၊ သို့သော် စူးမ သိပ်မဆာ
တော့ပေ။ ဘီစကစ်နှင့် ပေါင်မုန့်ကို စားချင်လျှင် စားနိုင်
သော်လည်း ကော်ဖီရည်ကျဲကျဲကို ရေလိုသောက်ရင်းနှင့် ဗိုက်
ပြည့်သွားတတ်၏။

ထမင်းမစားမီတွင် စာအုပ် တစ်အုပ်အုပ်ကိုဖတ်ရသည်။
ထိုစာအုပ်များက သူ့စာအုပ်များသာ ဖြစ်သည်။ လိမ္မာရေး
ခြားရှိမည့်စာအုပ်၊ ဗဟုသုတများမည့် စာအုပ်ဖြစ်၏။ ကြာ
တော့ စာအုပ်ကုန်သွားနိုင်သည်။ ထိုအချိန်ကို ကားမောင်း
သင်ပေးရန် သူက စိတ်ကူးထားသည်။

ညစာ စားပြီး သူ ဇာတ်ညွှန်းရေးထားသည်ကိုအပြန်ပြန် အလှန်လှန် ဖတ်ခိုင်း ကျက်ခိုင်းသည်မှာ နှစ်နာရီ နီးပါး အိပ်ရာမဝင်မီ ဘုရားရှိခိုး၊ တရားထိုင်ရမှာ တစ်နာရီကြာ မထိုင် ချင်လည်း ထိုင်နေရသည်။ သူတို့ သား အမိလည်း တရားထိုင်၏။ စိတ်တည်ငြိမ်မှု၊ အာရုံစူးစိုက်မှုကိုရယူ ရမည် ဖြစ်သည်။

ထိုတရားထိုင်ခြင်း အလုပ်နှင့် ရုပ်ရှင်ရိုက်ခြင်း၊ ဗီဒီယိုရိုက် ခြင်းသည် မည်ကဲ့သို့ဆက်စပ်နေသည်ကို စူးမနားမလည်ပေ။

သို့ရာတွင် တရားထိုင်နေသည့်အခါ၌ သူ့မိခင်က စူးမ စိတ်ကို မပြန့်လွင့်စေရန် အစဉ်အမြဲ သတိပေးကာ ထိန်းချုပ် ခိုင်း၏။

ထိုအလုပ်ကိုလည်း စူးမ စိတ်ညစ်မိသည်။ နာရီဝက်ခန့်ကို မနည်းကြိတ်မှိတ်ကာ ထိုင်နေရ၏။ လုပ်လည်း မလုပ်ရဲပေ။

ကြာတော့ စူးမ ရင်ထဲ တင်းကျပ်လာလေ၏။ တစ်ခုခုကို ထူးထူးဆန်းဆန်းလေး လုပ်ချင်လာသည်။

'အငြိမ်းစားနေရတာများ သူကပျင်းတယ်လို့ ညည်း သေးတယ်၊ အံ့ရော....စံအေးနဲ့ နေရာချင်းလဲလိုက်လေ'

'လဲလို့ရရင် လဲလိုက်ချင်ပါတယ် အစ်ကိုစံအေးရာ၊ စူးကို လေ တစ်ခုလောက် ကူညီပါလား'

'ဘာ ကူညီရမှာလဲ'

'ဈေးကို ခေါ်သွားပေးလေ၊ စူးအပြင်လေး ဘာလေး ထွက်ချင်လို့ပါ'

စံအေး ခေါင်းကုတ်လိုက်သည်။ ဈေးကို ခေါ်သွားတာက ဘယ်ကူသော်လည်း စူးမကို အပြင်မသွားရ ဟူသော အမိန့်ကို ချိုးဖောက်ရန် မလွယ်ကူလှပေ။

'ငါ့ကို အကြီးရော၊ ကိုကြီးဝါ ဆူမှာပေါ့ဟာ'

'မဆူပါဘူး၊ စူးအာသာ စူး လိုက်လည်တာလို့ ပြောမှာ ပေါ့၊ စူးတစ်ယောက်တည်းဆို လမ်းမှား သွားမှာကြောက် လို့ပါ၊ ဘယ်သူမှ မရှိပါဘူး၊ တစ်အောင့်လေးပါ'

ပြောပြောဆိုဆိုနှင့် စံအေး ဈေးခြင်းကိုဆွဲကာ ခြံတံခါးဝ မှ အတင်း တိုးထွက်လိုက်လာလေ၏။ စံအေးက အိမ်တက်ကို လှည့်ကြည့် လှည့်ကြည့်နှင့် ထွက်လိုက်လာလေ၏။

'နင် တော်တော် ဒုက္ခပေးပါလား စူးမရယ်၊ သိရင်တော့ မိုး မီးလောင်တော့မှာပဲ'

စံအေးသည် ပွစိပွစိလုပ်ရင်းက အံ တကြိတ်ကြိတ် နှင့် ပြော မ ဆုံး တော့ပေ။ စူးမကတော့ ပြုံဦးလွင်ရောက်ပြီး တစ်ပတ်အတွင်း ယခုမှ အပြင်ထွက်ရသဖြင့် ပတ်ဝန်းကျင်ကို ကြည့်ရင်းက လွန်စွာပျော်ရွှင်ကြည်နူးနေမိသည်။

ထင်းရှူးရိပ်များ၊ ချယ်ရီ ရိပ်များက စူးမအား အထူး အဆန်း ဖြစ်စေသည်။

'အစ်ကိုစံအေးထင်းရှူးပင်ကိုတော့ စူးမြင်ဖူးတယ်၊ ချယ်ရီ ပင်ကို မမြင်ဖူးဘူး၊ ပြပါဦး'

ရန်ကုန်မြို့နှင့်မတူ၊ တစ်မူထူးပြီး ကားများ ရှင်းလင်း
အေးချမ်းသည့်လပ်း ဖြစ်သည်။

'နေပါဦး၊ သည်ကောင်မလေးနဲ့တော့ ငါ သောက်ရှ
ကွဲ တော့မှာပဲ တိုးတိုးမေးပါ ဟ၊ ချယ်ရီမြို့တော်လာပြီ
ချယ်ရီပင် မမြင်ဖူးဘူးဆိုတာ လူ ရယ်စရာကြီး ဖြစ်ပါဦးမယ်
ဟိုမှာ—ဟိုမှာ ရွက်နုလေးတွေ ထွက်နေတာ အဲ့ဒါ ချယ်
ပင် ပေါ့'

'မပွင့်ဘူး နော်'

'နှင့် အဘ၊ဆောင်းမှာပဲ ပွင့်မှာပေါ့၊ နွေ ခေါင်ခေါ
ကြီးမှာ ပွင့်မလား ဟ'

စူးမသည် အနီရောင်သန်းလျက်ရှိသည့် ချယ်ရီရွက်နုလေး
များကို မော့ကြည့်ကာ ကြည့်ကာဖြင့် လွန်စွာ ကြည်နူး
မိ၏။

စူးမအဖို့ ရန်ကုန်တွင်သာ ကြီးပြင်းလာရသောကြော
ဤကဲ့သို့ တစ်ခါမျှ မကြုံဖူးပေ။ သန့်ရှင်း လတ်ဆတ်သော
လေကို တစ်ဝကြီး ရှူသွင်းလိုက်ရင်း....

'အစ်ကိုစံအေး၊ ဒါ ဘာလမ်းလဲဟင်....'

'ပိုလ်ချုပ်လမ်းဟ'

'ကောင်းလိုက်တာ၊ အေးချမ်းနေတာပဲ၊ ဈေးနဲ့ ဝေး
လား'

'သိပ်မဝေးပါဘူး၊ နင် မြန်မြန်လာခဲ့'

'အင်းပါ၊ အခုနေများ ဆရာသိရင် စူးကို ဆူမှာပဲနော်၊
ူးကို မြန်မြန်မလျှောက်ရဘူးတဲ့၊ လမ်းလျှောက်ရင်လဲ မျဉ်း
တစ်ကြောင်းတည်းမှာ လျှောက်သလို ခြေကို ထပ်လျှောက်ရ
ယ်တဲ့'

'နင့်ကြီးဒေါ်၊အဲဒါ ရုပ်ရှင်ထဲမှာပဲလျှောက်၊နင်က ဒီမှာ
ီလိုလျှောက်နေရင် နင့်ကို အိုင်တင်ထုတ်တယ်လို့ မြင်တဲ့သူ
တွေပြောပြီး သောက်မြင် ကပ်ကြလိမ့်မယ်'

စံအေးက စူးမ အိမ်ထဲမှာ လမ်းလျှောက်သလို ဒေါက်
ြင့်ဖိနပ်နှင့် မျဉ်းတစ်ပြေးတည်း လျှောက်ဟန်ကို ခြေဖျား
ထောက်ကာ ဖင်လေး လှုပ်လှုပ် လှုပ်လှုပ်နှင့် လျှောက်ပြသဖြင့်
ူးမက စံအေးအား 'သွား' ဟု တွန်းလွှတ်ကာ လွတ်လပ်စွာ
ယ်မောလိုက်၏။

တစ်ဦးစ နှစ်ဦးစ လမ်းသွားလမ်းလာများက ပြုံးစိစိဖြင့်
ကြည့်သွားကြ၏။

စံအေးက အသက် သုံးဆယ်ကျော်ပြီ ဖြစ်သော်လည်း
ကလေးအရွယ်ကဲ့သို့ ပုပုသေးသေး သာသာဖြစ်သည်။ ဆရာ
နှင့် ဆွေမျိုးနီးစပ်တော်၍ ငယ်စဉ်ကတည်းက ထိုအိမ် လာ
နေခြင်းဖြစ်သည်။

ရှုးပေါ်ပေါ်နှင့် မိန်းမစိတ်ဝင်တတ်ပြီး နွဲ့နွဲ့နှောင်းနှောင်း
ံအေးကို ဆရာတို့ သားအမိကလည်း ချစ်သကဲ့သို့ စူးမက

ထည်း အချိန်တိုလေးအတွင်း မောင်နှမ အရင်းအချာ
တွယ်တာသွားတော့သည်။

အကယ်၍ စံအေးသာ ဤအိမ်တွင် မရှိပါမူ မိမိအ
လွန်စွာ ပျင်းရိဖွယ်ရာ ကောင်းပေမည်ဖြစ်သည်။

'ဟာ...ကိုစံအေး'

'ဟာ....မင်းသားပါလား'

အနားမှ ဆိုင်ကယ်လေးထိုးရပ်ကာ စံအေးကို နှုတ်
လိုက်သော နာမည်ကြီးမင်းသားချော ကျော်ထွတ်မြတ်

စူးမရင်ထဲ နွေးသွား၏။ ပိတ်ကားပေါ်တွင် မိမိတို့
အစ်မ အလွန်နှစ်သက်သော မင်းသား။

'အပြင်မှာ သိပ်ချောပါလား၊ တောက်....မီထူးတို့
တို့ကို ပြေး ခေါ်ပြချင်လိုက်တာ၊ ကောင်မတွေ မော
မယ့်ဖြစ်ခြင်း'ဟု စိတ်ထဲမှာ ရေရွတ်ကာ ကျော်ထွတ်မြ
ငေးငေးလေး ကြည့်နေမိ၏။

'ဘာလာလုပ်တာလဲ ကိုစံအေး၊ အစ်ကိုကြီးရောပါလာ

'ပါတယ် မင်းသားရေ၊ အစ်ကိုက ခဏ အနားယူဖို့
တာပါ၊ ဗိုလ်ချုပ်လမ်းထောင့်စွန်းက အိမ်မှာ၊ အိမ်နံပ
ကိုးဆယ်၊ မင်းသားရော ဘာလာလုပ်တာလဲ'

'ရှပ်ရှင် လာရိုက်တာပေါ့ဗျ၊ အဓတာ်ပဲ အစ်ကို့ကို တွေ့
နေတာနဲ့၊ သွားဖြို့နော်'

ရေအင်မျက်မှန်တပ်ထားသော မင်းသားကျော်ထွတ်မြတ်
ည် စူးမအား လှည့်ကြည့်လား၊ မကြည့်ဘူးလားဟူသည်ကို
မသိနိုင်။

ဆိုင်ကယ်လေး ဝေး၍ပျောက်ကွယ်သွားသည်အထိ ငေး
ကြည့်နေမိသည်။

'နင့်အဘမို့၊ နင်က ဒီလောက် လွမ်းနေရတာလား၊
ဘာက်ခရီးထဲ ငေးနေရပြန်ပြီ၊ ဟိုမှာ နင့်အဘ အိမ်ရောက်
နင်ပါ ငါနဲ့အတူ တွေ့ကြောင်း ပြောပြလို့ ပွက်လောရိုက်
ောက်ပြီ၊ လာစမ်း၊ မြန်မြန်'

စူးမလက်ကို ဆောင့်ဆွဲခေါ်လာသဖြင့် စူးမ ဆောင့်ရှန်း
ကိုက်ရင်း....

'အစ်ကိုစံအေးကြီးက အလကားပဲ'

'ဘာလဲဟ၊ အသာ့လွတ်ကြီး'

'စူးမကို မင်းသားနဲ့လဲ့ မိတ်မဆက်ပေးဘူး'

'သွားစမ်း ငပေါ့မ၊ နင့်ကိုယ်နင် ဘယ်သူ မှတ်လို့လဲ'

'ဘာ၊ ဘယ်သူမှတ်ရမှာလဲ'

'မင်းသမီး၊ မကြာခင် မင်းသမီး ဖြစ်ရတော့မယ်၊ အဲ
အခါ နင်မိတ်ဆက်စရာမလိုဘဲ သူတို့ရင်ခွင်ထဲ ရောက်သ
တော့မှာပဲ၊ အဲဒီအခါကျမှ မိတ်ဆက်တော့၊ သိလား'

'သွားစမ်း'

* * *

'မင်း လမ်းဘေးမှာ နေပူစပ်ခါးမရှောင် ပဲပြုတ် ရော
ရောင်းနေတဲ့ဘဝကို သိပ်မက်နေသလား ဟင်....'

ဆရာသည် စူးမအား 'မင်း'ဟု ရင့်ရင့်သီးသီး မခေ
ဖူးပေ။

'ညည်းနှင့်ငါ' ဟူ၍သာ အညာသားပီပီ ပြောခဲ့သည်
ဘယ်တုန်းကမှ နာအဝင် မဆိုးခဲ့ဘူးပေ။ ယခုကဲ့သို့ 'မင်
ဟူသောစကားကို စူးမ မကြားရက်နိုင်။

'မင်းမျက်နှာက နေလောင်ကွက်ဖြစ်နေတာတွေ ချေ
မမွဲ သွားအောင် ညတိုင်း လိမ်းခိုင်းထားတဲ့ ဆေးရည်
အပြင် မထွက်ရဘူး၊ လေစိမ်း မထိရဘူး၊ နေပူ မထိရဘူ

အခန်း (၂)

တိတ်တခိုး စူး

'ဟို ကောင်မလေး၊ ရော့....ဒါဝတ်စမ်း'

မနက်စောစော လေ့ကျင့်ခန်း လုပ်အပြီးတွင် အခန်းထဲ
မှာ ဆရာနှင့်ဆုံမိ၍ ဆရာက သူ့လက်ထဲမှ ဂျင်းရှပ် ချော
ကလက်ရောင်ကို စူးမထံ ပစ်ပေးလိုက်သဖြင့် လှမ်းဖမ်းလိုက်
သည်။

'ချွေးတွေသုတ်ပြီး မီးဖိုချောင်မှာ ထမင်းကြော်နဲ့ ကော်ဖီ
သွားသောက်၊ အဝစား'

'ဘုရားရေ၊ ကျွားသားမိုးကြိုး'

ဆရာသည် စူးမအတွက် အချိန်ဇယား ရေးဆွဲပြီးသည့်
အချိန်မှစ၍ နံနက်စောစောစာကို မကျွေးဘဲ အရည်ကြီးမဲ

သောက်ခဲ့သည်။ ယနေ့မှ ထူးထူးဆန်းဆန်း ထမင်းကြော်စားခိုင်း၍ အုံ့အားသင့်သွား၏။

သူမကို ဆူပြီး နှစ်ရက်အတွင်း ပထမဦး၊ဆုံးအကြိမ် စကားစပြောခြင်းပင် ဖြစ်သည်။

ဆရာသည် မင်းသား ကျော်ထွတ်မြတ်နှင့်အတူ ထိုနှစ်ရက်လုံးလုံး အပြင်ထွက်နေသည်။ သကြ်ာန်တွင်းမို့ ဆရာ့တစ်ကိုယ်လုံး ရွှဲရွှဲစိုလာပြီးမှ အိမ်ပြန်ရောက်သည်။ ဆရာ ရောက်လာသည့်အခါတိုင်း ကျော်ထွတ်မြတ် ပါလာ၏။

ကျော်ထွတ်မြတ်သည် ဆရာ့ အဝတ်အစားများကိုဝတ်ပြီး ဆရာနှင့်အတူ အပြင်ထွက်သွားပြန်သည်။ ဆရာကို ကျော်ထွတ်မြတ်က လိုက်ပို့ပေးသည့် အချိန်သည် ဇူးမတို့ ဘုရားခန်းထဲ ဝင်ပြီး တရားထိုင်နေသည့် အချိန်ဖြစ်၏။

ထိုနှစ်ရက်လုံးတွင် ဆရာမှာ ဘုရားရှိမခိုး၊ မနက်စာညစာ မစားပေ။ ဆရာ အရက်သောက်လာသည်ဟု ကိုစံအေးက ပြောသည်။ မိခင်ကမူ ဘာမျှမပြော။

'မေမေ၊ စံအေးပါ ခေါ်သွားမယ်နော်'

'အေးပါ၊ သွားကြကွယ်'

မိခင်က သင်္ကြန်အကြိုနေ့ကတည်းက ဥပုသ်စောင့်သည်။

'နည်းနည်း မိုးချုပ်ရင် စိတ်မပူနဲ့နော်၊ အိမ်တံခါးတွေ ပိတ်ထားနော် မေမေ'

'အေးပါ သားရယ်၊ မေမေ နားလည်ပါတယ်၊ သမီးလေးကိုသာ ဂရုစိုက်ခေါ်သွားပါကွယ်'

ရင်ထဲ ဒိန်းခနဲ မြည်ဟီးသွားသည်။ မိမိကို ခေါ်မည် ဆိုပါလား။ ဘယ်ကို ခေါ်မှာလဲ။

'ကောင်မလေး၊ စားပြီးရင် ညအိပ်ဝတ်ဖို့ ပေးထားတဲ့ မွေးပွအင်္ကျီအရှည်နဲ့ မျက်နှာသုတ်ပဝါ ထည့်လာခဲ့၊ ရေမစိုအောင် သေချာထည့်ခဲ့'

ဆရာ့ စကားကြောင့် စားလက်စ ထမင်းကြော်ကိုပင် ဆက်မစားချင်တော့ပေ။ သို့သော် ဟန်မပျက် ဆက်စားပြီး အမေ အလုပ်မရှုပ်စေရန် ပန်းကန်ကို ဆေးနေစဉ် အိမ်ရှေ့တွင် ကားဆိုက်သံ ကြားလိုက်ရ၏။

ရင်မှာ သိမ့်ခနဲ လှုပ်ရှားသွားသည်။

'သူလာပြီ၊ ကျော်ထွတ်မြတ် လာလေပြီ'

'ရုတ်ခြည်း ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။ ဟိုနေ့က ဈေးအသွား တွေ့လိုက်ရသည့်ပုံစံအတိုင်းပင် ယခုလည်း တွေ့ရဦးမည်ဖြစ်သည်။ ဆရာက မိမိအား အဝတ်လဲဖို့၊အလှပြင်ဖို့ အချိန်ပေးမည် မဟုတ်ပေ။

'ကောင်မလေး ငါပြောသလို အင်္ကျီကိုသွားထည့်၊ခုထွက်လာခဲ့၊ စံအေးရော ပြီးပြီလား'

ဘယ်အချိန်က ဝင်လာလိုက်သလဲမသိ။ရုပ်ပြီး စဉ်းစားနေစဉ် မီးခါင်းပေါ်သို့ ဦးထုပ်အဝါကြားလေး လာဆောင်းပေးပြီး ပြောလိုက်သော ဆရာ့စကားကြောင့် လန့်သွား၏။

'သွား...သွား၊ မြန်မြန်လုပ်'

ညည့်ခန်းမှ ဖြတ်သွားသောအခါ ကျော်ထွတ်မြတ်ကို လှမ်းကြည့်မိ၏။ ကျော်ထွတ်မြတ်ကတော့ စီးကရက်ကို ဖွာသောက်ပြီး ကုလားထိုင်နောက်မှီကိုမှီကာ ခေါင်းကိုမော့၍ တစ်စုံတစ် ခုစဉ်းစားနေဟန်တူ၏။ မိစူးမ ရှိသည်ကိုပင် သတိ ပြုထားမိဟန် မတူပါ။

ဆရာ့ အမှာစကားအတိုင်း ပြင်ဦးလွင်တွင် ညအိပ်ဝတ် ရန် ဝယ်ပေးထားသော မျက်နှာသုတ်ပဝါစလိုမျိုး အထည် ကို ကမန်းကတန်း ဆွဲထုတ်လိုက်၏။ ခြေသလုံးဖုံးအောင်အထိ ရှည်သည်မို့ ဆရာက တမင် နွေးနွေးထွေးထွေး ဖြစ်စေရန် ယူခိုင်းခြင်းဖြစ်မှန်း ရိပ်မိသော်လည်း....

အပြာရင့်ရောင် မွဲခြောက်ခြောက်မို့ စူး မကြိုက်ချင်။ ကျော်ထွတ်မြတ်ရှေ့တွင် တောက်ပသော၊ လှပသောအဝတ် အစားများဖြင့် မြင်သာအောင် ကိုယ်ထင်ပြချင်သေးသည်။

သို့ရာတွင် စူးမ၌ အလှပြင်ပစ္စည်း ဘာမှ မပါပေ။ အားလုံး အမေသိမ်းထားခြင်းဖြစ်သည်။ စူး ယူနိုင်တာဆိုလို့ ဘီးတစ်ချောင်းသာရှိ၏။

'ကောင်မလေး မပြီးသေးဘူးလား'

အိမ်ရှေ့မှ အသံပြုနေသော ဆရာ့အသံကြောင့် မျက်နှာ သုတ်ပဝါကို အပြီးသတ်ထည့်ကာ ပြေးထွက်လာခဲ့၏။

'ပြီးပါပြီ ဆရာ'

'အပြည့်အစုံ ပါတယ်နော်'

'ဟုတ်'

'ကဲ....လာ၊ သွားစို့'

အိမ်ရှေ့သို့ ထွက်လာကြသောအခါ အမေက စူးမအား စိတ်မချစွာ ကြည့်ရင်း....

'စံအေးနော်၊ ညီမလေးနားက မခွာနဲ့'

ကိုစံအေးကို တိုးတိုး ကပ်မှာလိုက်သေးသည်။ ကားထဲ တွင် အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦးပါသည်။ အားလုံး ဘောင်းဘီများနှင့်သာဖြစ်သည်။ စူးမတစ်ဦးသာ မသားနား စွာနှင့် အားကစား ဘောင်းဘီရှည်နှင့်ဖြစ်သည်။

ဝထမဦးဆုံးအကြိမ် ဆရာအား မကျေမနပ် ဖြစ်မိ၏။ ဘကယ်ဆို သူတင်မယ့် မင်းသမီးပဲ၊ အလှ မပြင်ခိုင်းသင့်ဘူး လား။ အားလုံးဟာ ရေဘင်နဲ့။ စူးမသာ ဘာမျက်မှန်မှ မရှိ ဘာ။ ကိုစံအေးတောင် ခရီးထွက်နေကျမို့ ထင်ရဲ့ ရေဘင်နဲ့။

'ကဲ....တက်ကြ'

ဆရာက စူးမကို နောက်ခန်းမှ တက်ခိုင်းပြီး သူနှင့် ကျော် ထွတ်မြတ်က ရှေ့မှာ ဝင်ထိုင်ကြ၏။

'ကောင်မလေး အလယ်မှာထိုင်နော်၊ စံအေး စူးမဘေး မှာ ထိုင်'

မိန်းကလေးတစ်ဦးမှာ တက်သစ်စမင်းသမီး ချယ်ရီလွင် ဖြစ်ကြောင်း သေသေချာချာကြည့်မှရိပ်မိ၏။

စောသေးသောကြောင့် မြင်ဦးလွင်မှာ ရေ သိပ်မစိုပေ။ ဆရာ့ဂျင်းအင်္ကျီကလည်း ထူသည်မို့ အသားကို ရေမစိုသေးပေ။ ကိုစံအေးသည် ဆရာ့ အမိန့်အရ ထင်ပါ၏ စူးမအေးမှု မခွာပေ။

စူးမအနေနှင့် ကိုစံအေးဘေးနားနေရသည်ကိုပင် ကျေနပ်လှသည်။ အဘယ်ကြောင့်ဆိုသော် ဆရာ၏ ပွဲမထုတ်ပေးမှု ကြောင့် စူးမမှာ ကိုစံအေးမှတစ်ပါး အားကိုးရာ မရှိပေ။ ဘယ်သူ့ ဘယ်သူမှ မသိ။

ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲတွင် ဇာတ်ပို့ဖြစ် ကြိုကြား ကြိုကြားပါနေသူ မင်းသားမဟုတ်သူတစ်ယောက်က စူးမကို ရေချင်နေသည်။

'ညီမလေးက တစ်ခါမှ ရေပက်ခံ မထွက်ဖူးဘူးလား'

'ဟုတ်ကဲ့'

'ဒါဆို ဝိုင်းကာကွယ်ပေးရတာပေါ့ကွာ'

ဆရာက နောက်သို့ တစ်ချက် ငဲ့ကြည့်လိုက်သည်။

နှုတ်ဖျားမှ ဘာတစ်ခွန်းမှ မပြောပေ။ ကျော်ထွတ်မြတ်က နောက်လှည့်ကာ စကားတော့ပြောသည်။ သို့ရာတွင် စူးမကို ပြောခြင်း မဟုတ်။ စူးမကို ကျော်၍ ချယ်ရီလွင်ကိုသာ ပြောခြင်းဖြစ်သည်။

စူးမက ကျော်ထွတ်မြတ်၏ နောက်ကျောနားမှာ ကပ်ထိုင်သည့်တိုင်အောင် သူက စူးကို လှည့်မကြည့်ပေ။

'ချယ်ရီ....ထိုင်နေလေ၊ ကားမူးမယ်လာ၊ ရွှေ့လာမလား'

'ရပါတယ်ဆရာ၊ ကျပ်နေပါ့မယ်'

'လာ....လာ၊ ရတယ်၊ မန္တလေးမြို့ထဲရောက်ရင် ရေကတအားပက်မှာ၊ လာ'

ဆရာက စူးမကိုကျော်ကာ ချယ်ရီလွင်အား လှမ်းခေါ်လိုက်၏။ ချယ်ရီလွင်က သူ့အဖော်မိန်းကလေးကို တစ်ချက်ကြည့်ပြီး စူးမကို မေးငေါ့ပြကာ....

'ဒီမှာ အဖော်ရှိသားပဲ၊ သူ့နားမှာ ကပ်ထိုင်ပေါ့'

သူ့အဖော်၏ မျက်လုံးများက စူးမကိုယ်ပေါ် အထင်သေးစွာ ကျရောက်လာပြီး....

'ရပါတယ်ကွာ၊ ကိုယ့်အတွက် ပူမနေနဲ့၊ စိုင်းတို့ ရှိသားပဲ'

စူးမ အားငယ်သွား၏။ ကိုစံအေးနှင့် အကြည့်ချင်းဆုံသောအခါ ကိုစံအေး က ပြုံးဖြီးဖြီးနှင့်။

'သွား....သွား.... စံအေးလဲရှိတယ်၊ ကိုယ်ဖို့ရင်ဖို စောင့်ရှောက်လိုက်မယ်'

ကိုစံအေးနှင့် ရင်းနှီး ကျွမ်းဝင်ကြသူများဖြစ်၍ ရေလိုက်ငါးလိုက်လုပ်ကာ နေတတ်သော်လည်း စူးမမှာ အနေကျုံ့ပြီး ထွက် ပြေးချင်လာ၏။

ရေပက်သည့် နေရာများတွင်သာ အနည်းငယ်အနေကျပ်မှု သက်သာခဲ့သည်။

မန္တလေးမြို့ ဝင်သောအခါမှ စူးမ နားလည် သွား၏။ အဘယ်ကြောင့်ဆိုသော် ကျော်ထွတ်မြတ် နှင့် ချယ်ရီလွင်

တို့အား ရေကစားကြသည်ကို ဗီဒီယို ရိုက်သောကြောင့်ပင် ဖြစ်၏။ စူးမကမူ ရွှေ့ခန်း ကားခုံ နောက်နားတွင် အသာ ပုကာ ကပ်နေ၏။

တတ်နိုင်သမျှ စူးမ မျက်နှာဖွဲ့ထားသည်။ စူးမှဲ့ မာနရှိပြီး ဖြစ်သည်။ ယခင်က ပဲပြုတ်သည် စူးမဆိုလျှင်ကိုယ့်ပုံ ဗီဒီယိုထဲ ပါချင်၍ ဘယ်နေရာမှာ ပါရ ပါရ ဝင်ရိုက်မည် ဖြစ်သည်။

ခုတော့ စူးမသည် မကြာခင် 'မေပီတောက်နွေ' အဖြစ် နာမည်ကြီးလာရမည်ဟု ယုံကြည်ထားသဖြင့် စူးမမျက်နှာကို တစ်ခြမ်းမျှပင် အဝ မခံပေ။

ထို ကားရိုက်ရာတွင် ဆရာက ဒါရိုက်တာ။

'ကောင်မလေး ဘာလို့ပြီး ကုပ်ချောင်းချောင်း နေရတာလဲ ခေါင်းမော့လေ'

ဘယ်သူ့ အသံလဲမသိ။ သို့သော် ဆရာ့အသံ မဟုတ်သည် ကား...သေချာသည်။ ဘယ်လိုပင်ပြောပြော စူးမကမျက်နှာ မမော့ပေ။ ရေလုံးများ စင်လာသည့်တိုင်အောင် နောက် ကျောကို မျက်နှာကပ်ထား၏။

အိမ် တစ်အိမ်တွင် နားချိန် ရောက်သောအခါ စူးမတို့ မိန်းကလေးပိုင်းတို့ ထမင်းတစ်ဝိုင်းကျွေးကြသည်။ စူးမက ဆရာမှာသည့်အတိုင်း အင်္ကျီရှည်ကို ဝတ်ထား၍ အနေ့းသ

သာ နေသည်။ သို့ရာတွင်တံကောက်ကွေးခန့်ရှည်သော စူးမ ဆံပင်များမှာ ခြောက်၍ မသွားပေ။

'ကောင်မလေး—၊ ရေကို သေသေချာချာသုတ်စမ်းကွယ်၊ နှာစေးမယ်၊ ဒလိုင်ယာ မရှိဘူးလား'

ဆရာသည် စူးမကို ပြောရင်းအိမ်ရှင်ကို လှမ်းမေးလိုက်၏။ ချယ်ရီလွင်တို့ နှစ်ဦးက ဆံပင်တိုနေ၍ ဒလိုင်ယာ မလိုပေ။

သို့ရာတွင် အဖွဲ့သား အားလုံးက ဘိုဆံနီဆန်း ညအိပ် အင်္ကျီရှည်ကြီးနှင့် စူးမကိုတော့ တစ်ချက် အာရုံ စိုက်သွား ကြပြီး လှမ်းကြည့်ကြသည်ကို တွေ့လိုက်ရသောကြောင့်ဆရာ့ အစီအစဉ်ကို သည်တစ်ခါတော့ ကျေနပ်သွားသည်။ သို့ရာ တွင် ဆရာသည် စူးမအား ဘယ်သူပါ ဟူ၍ ဘယ်သူ့.... ဘယ်သူ့ကိုမှ မိတ်မဖွဲ့ပေးဘဲ အကဲလက် လျှို့ဝှက်ထားသည်။

စူးမလည်း ကိုယ့်ဘာသာ ကိုယ် နေလိုက်၏။ စူးမတို့ တည်းနေသော အိမ်သည် မြို့လယ်ကောင်မှာဖြစ်၍ စူးမအဖို့ ဝရန်တာလေးထွက်ကာ မျှော်နေရုံသာရှိသည်။

'ညည်း နေ့လယ်ဘက်လိုက်ဦးမလား၊ သည်မှာ နားနေ ချင်ရင်လဲ နေလေ၊ အပြန် ငါတို့ ဝင်ခေါ်မယ်'

'ဟုတ်ကဲ့၊ စူးမ နေခဲ့ပါမယ်၊ အစ်ကို စံအေးကိုသာထား ခဲ့ပါ'

'စံအေးက လိုက်ချင်လို့တဲ့ သည် အိမ်မှာ မိန်းမကြီး နှစ်ယောက်ပဲ ရှိတာပဲ၊ ကျန်တဲ့အဖွဲ့တွေက ငါတို့နဲ့ ပါသွားကြ တာပဲ'

'ဒါဆိုလဲ ရပါတယ်'

ဆရာသည် သူ့ညီ စံအေး၏ အလိုကိုလိုက်ချင်ဟန်တူသ… သို့ဖြစ်၍ စူးမ တစ်ယောက်တည်း ကျေနပ်စွာ ကျန်… သည်။

ချယ်ရီလွှင် ဟူသော မင်းသမီးကား.... လွန်စွာ မာန… သူပင်ဖြစ်သည်။ စူးမအား အဖက်မတန်သလို အရေး… မလုပ်ပေ။ ကျော်ထွတ်မြတ်ကိုသာ 'ကိုထွတ်—ကိုထွတ်'… ဝါးစပ်ဖျားမှ မချသလို ကျော်ထွတ်မြတ်ကလည်းချယ်ရီ… မှလွဲ၍ တစ်လောကလုံး မိန်းမ မရှိတော့သည့် အတိုင်း… ရုပ်ရှင်ထဲမှာထက်ပင် ဂရုစိုက်ကာ အသည်း ပို နေကြ… သည်။

နေနှင့်ဦးပေါ့။ မေပိတောက်နွေတို့ နာမည်ကြီးမှ … တို့ ဝပ်စင်းသွားစေရမယ်။

* * *

'နေပါဦး၊ ညည်းက ကင်မရာကို မရင်ဆိုင်ရဲလို့လာ… မျက်နှာကို ငွက်ထားနေရတာ'

နောက်နေ့ ဆရာ ဘယ်မှ မသွားတော့ပေ။ စူးမတို့ကို …ခင်ခေါ်ထုတ်လာခြင်းပင် ဖြစ်၏။

စူးမ ထင်သလိုပင် ဆရာက စူးမအား ဆူတော့သည်။ ဆူ…င် ဆူပစေ၊ စူးမ ခံယူချက်နှင့် စူးမမို့ သည်ဘစ်ခါ ဆရာ…သည်ကို မျက်ရည်မကျတော့ဘဲ ခေါင်းယမ်းလိုက်ရင်း....

'စူးမ မကြောက်ပါဘူး ဆရာ၊ တဲမင် စူးရဲ့ မျက်နှာကို …ပါချင်လို့ပါ'

'ညည်းကလဲ့ ဂေါက်ပဲ၊ တစ်လွဲတွေးနေပြန်ပြီ၊ အခုလို …စမ်းပါထားတော့ တကယ်ရိုက်တဲ့အခါ ကြောင်မနေဘူး …ါ'

'တကယ်ရိုက်တဲ့အခါ မကြောင်စေရပါဘူး ဆရာ၊ စူး …ိုးစားပါ့မယ်၊ ဆရာက စူးကို မင်းသမီးဖြစ်အောင် ရည် …ယ်ထားတာမို့၊ စူးက ဘယ် ရုပ်ရှင်ကား၊ ဘယ်ဗီဒီယို …ားထဲမှာမှ ဝေလေလေအခန်းမှာ မဝါချင်ဘူး ဆရာ'

ဆရာ့ မျက်ခုံးအစုံတို့သည် မြင့်တက်သွားပြီး လွန်စွာ …င်ရခဲသော အပြုံးတို့မှာ နှုတ်ခမ်းပေါ်မှာ ဖြတ်သန်းသွား …လေ၏။

ထို့နောက် စူးမခေါင်းကို လက်နှင့် ဖိအုပ်ရင်း....

'ညည်း တော်တော် ဘဝင်ကိုင်ပါလား၊ အေး....ကောင်း …တယ်၊ ညည်း ဘဝင်ကိုင်သလိုပဲ ဖြစ်အောင်လုပ်၊ အပြောနဲ့ အလုပ် ညီပါစေနော်'

'အိုး…စိတ်ချ ဆရာ၊ စုးမဟာ ပြောသလို လုပ်တတ်တယ်
ဆိုတာ ဆရာ သိလာရမှာပေါ့'

စုးမက မြူးမြူးလေး ပြန်ပြောလိုက်ရင်း ကြည်နူးစွာ ရယ်မောမိသည်။ ဆရာကလည်း စုးမအား မြူးမြူးကြီး ကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့် ကြည့်ကာ ထွက်သွားသည်မို့ စုးမ ရင်ထဲတွင် တစ်မျိုးကြီးဖြစ်ကျန်ရစ်ခဲ့၏။

ဆရာသည် စုးမအား မဆူဘဲနှင့် စုးမ၏မာနကိုပင် အားပေး အားမြှောက် ပြုလိုက်ခြင်းကြောင့် စုးမ ရင်ထဲတွင် ထူးထူးခြားခြားကြီး ဖြစ်သွားရသည်ကို ဆရာ မသိပေ။ သို့ရာတွင် ကိုစံအေးကို သိအောင်တော့ စုးမ ပြောပြရပေမည်။

သို့ဖြစ်၍ စုးမ မီးဖိုချောင်တွင် ကူလုပ် ရ သော အချိန်၌ ကိုစံအေးနှင့် ကပ်ကာ….

'အစ်ကိုစံအေးက ဗီဒီယိုရိုက်တာ မျက်နှာမဖွက်ထားဘူးလား'

'ဘာလို့ ဖွက်ထားရမှာလဲ၊ ငါ့ပုံတွေ ဗီဒီယိုထဲ ခဏခဏ ပါနေကျပဲ'

'ဟင်း….စုးတော့ မပါချင်ပေါင်'

'ဟင်….မပါချင်ဘဲနဲ့ နင် မင်းသမီး ဘယ်လိုဖြစ်မလဲ'

ရေဆေးပြီးသော ကိုက်လန့်အရွက်ကို လက်နှင့်မဲ့ ရင်းက မျက်နှာကို မဲ့လိုက်မိသည်။ ထို့နောက် မေးစေ့ကို ပင့်ကာ ဆတ်ခနဲ တိုးရင်းက….

'စုး မင်းသမီးဖြစ်တော့ပါမှာပေါ့၊ အခုဟာက သူများ မင်းသားနဲ့ မင်းသမီးကို အသားခဝးရိုက်နေကြတာကို ကိုယ်က မထင်မရှားအနေနဲ့တောင် မပါချင်ပေါင်တော်'

'နင် တော်တော် ကြီးကျယ်တယ်၊ အစ်ကိုကြီးသာ သိရင် နင့်ကို ဆူမှာပဲ'

'အာ….နာတယ် အစ်ကိုရ'

ကိုစံအေးက အသည်းယားသွားဟန်ဖြင့် ကိုက်လန့်အရိုးနှင့် စုးမခေါင်းကို ခေါက်ကာ အံကြိတ်ရင်း ပြောလိုက်၏။

စုးမက ခေါင်းကို လက်နှင့်ပွတ်ရင်း ကိုစံအေးကို မျက်စောင်း ထိုးလိုက်သည်။

'အံမယ်… ဆရာက သိပြီးသားနော်၊ မနက်ကပဲ စုးကို မေးတာ၊ စုးက ဝေလေလေအခန်းမှာ မပါဘူး ပြောတာဘာမှ မပြောဘူးနော်၊ အပြောနဲ့ အလုပ်နဲ့ ညီပါစေပဲ ပြောတယ်၊ မဆူပါဘူး၊ သိလား'

စုးမ စကားကြောင့် စံအေးသည် မလိုတမာ မျက်လုံးများဖြင့် စွေကြည့်ရင်းက….

'အေး....မဆူဘူးဆိုတာ ငါသိတယ်၊ မနေ့ကတောင် ချယ်ရီလွှင်နဲ့ ကျော်ထွတ်မြတ်တို့က သိပ်ချမ်းနေပြီ၊ ပြင်ဦးလွင် တန်းပြန်မယ်၊ စူးမကို လှည့်မခေါ်နဲ့တော့၊ အဲဒီမှာပဲ ထားလိုက်ပြီး ပြင်ဦးလွင်ရောက်မှ ဖုန်းလှမ်းဆက်ပါ ပြောတာ အစ်ကိုက လုံးဝလက်မခံဘူး၊ အမေ ဆူလိမ့်မယ်လို့ လှည့်ခြောက်တယ်လေ၊ ချယ်ရီလွှင်ကတောင် သိပ်မကြည်ဘူး'

'ဒါကြောင့် မနေ့က အပြန်မှာ ချယ် ရီ လွှင် က တောင် သိပ်မကြည်ဘူး'

ဒါကြောင့် မနေ့ကအပြန်မှာ ချယ်ရီလွှင် မျက်နှာထားက မလိုအပ်ဘဲ တင်းနေတာကိုးဟု ထင်မှတ်မိလိုက်မိသည်။

'မင်းသမီးကို ဦးစားပေးရမှာ မပေးဘဲ ဘာမဟုတ်တဲ့ စူးမကို ဦးစားပေးလို့တဲ့လေ'

ကိုစံအေး စကားကြောင့် စူးမ နှုတ်ခမ်းပါးကလေးကို တင်းခနဲနေအောင် စေ့လိုက်ရင်း....

'ဘာမဟုတ်တဲ့ စူးမ၊ အဲဒီ ဘာမဟုတ်တဲ့ စူးမအကြောင်း တစ်နေ့ သိရမယ်၊ သူတို့ထက် ဆယ် ဆခြေလှမ်းသာစေရမယ် သာ မှတ်'

'အံမယ်လေး.... ဖြည်းဖြည်း ကြိမ်းစမ်းပါ စူးမရယ်၊ သွားတွေ နာလိုက်တာ'

ကိုစံအေး အရွှန်းဖောက်သည့် စကားကိုပင် စူးမ မရယ်နိုင်တော့ပေ။ စူးမ ရင်ထဲတွင် တဆစ်ဆစ် နာကျင်ကိုက်ခဲတာသော မာနစိတ်များက စူးမ၏ ရင်မှာ အိုင်းအမာ ဖြစ်တည်လျက်။

* * *

'နင်က မင်းသမီးတောင် မဖြစ်သေးဘူး၊ ဘာ သောက်င်ခေါင်း ကျယ်တာလဲ၊ ငါ လက်မအားလို့ပဲ'

ကိုစံအေးက စိတ်တိုသောအသံနှင့် စူးမ ကြိမ်းလိုက်သော အခါ စူးမက ငါးဖယ်နယ်နေသော ကိုစံအေး လက်ထဲမှ ဇလုံကို အတင်းလုယူကာ....

'စူး လုပ်မယ်၊ သူတို့ကို မချပေးချင်လို့၊ မျက်နှာချင်း ဆိုင်ချင်လို့ပါ အစ်ကိုရယ်နော်....နော်'

စူးမသည် ကိုစံအေးကို ချွဲကာ ခိုင်းလိုက်သည်။ ခါတိုင်း ကျော်ထွတ်မြတ် လာလျှင် မရှိုးမရှနှင့် ချောင်းကြည့်တတ်သော စူးမမှာ အပြောင်းလဲကြီး ပြောင်းလဲနေလေပြီ။

ကျော်ထွတ်မြတ် အသံကြားလျှင် ဝေးဝေးရှောင်
သကဲ့သို့ တခြား ရုပ်ရှင်အုပ်စုများလာလျှင်လည်း အိမ်တွ
ပုန်း လုပ်နေလေသည်။ စူးမ ဤကဲ့သို့ ပုန်းနေသည်ကို ဆ
က မဆူပေ။ စူးမ စိတ်ကို နားလည် ခွင့်လွှတ်ထားလိုက်

စူးမကလည်း ဆရာ ပြောသကဲ့သို့ အပြောနှင့် အလု
ညီစေရန် မပျင်းမရိနှင့် ကြိုးစားလိုက်ရာ တစ်လအတွ
ဆရာ့ဇာတ်ကို အလွတ်ရနေလေပြီ။

အမူအရာကိုလည်း မနားမနေကျင့်သကဲ့သို့ လေ့ကျင့်ခ
လည်း မှန်မှန်လုပ်သည်။

ခါတိုင်းကဲ့သို့ အငန်၊ အစပ်ကို အားပါးတရမစားတေ
အဲ သိသိသာသာ လျှော့စားပြီး လေ့ကျင့်လာလေ၏။

သကြိန်ပြီး နှစ်ဆန်းသုံးရက်နေ့တွင် ရန်ကုန်သို့ဆရာဆ
သွားလေ၏။ ထိုအခါတွင် စူးမအဖို့ ပို၍ပင် ကျေနပ်သွာ
သည်။ ဆရာ ပြန်လာလျှင် ဟူသော အတွေးနှင့် ပို၍ ကြ
စားမိသည်။

'ဆယ့်တစ်....နှစ်....သုံး....လေး....'

ဆရာ ဝယ်လာသည့် အရှေးဗစ် ဗီဒီယိုအခွေကို ဖွင့်က
အပြင်းအထန် လေ့ကျင့်နေမိ၏။

ဗီဒီယိုအခွေထဲကကဲ့သို့ တစ်သဝေမတိမ်းလိုက်၍ လေ့က
ထားသည်မှာ မကြာသေးပေ။ ဆရာလာလျှင် ကပြမည်

သော ရည်ရွယ်ချက်ဖြင့် အပြင်းအထန် လေ့ကျင့်ခြင်းပင်
ဖြစ်သည်။

တေးများကို အလွတ်မရသေးသဖြင့် နံပါတ်စဉ်နှင့်သာ
လိုက်၍ ရွတ်ရင်း လှုပ်ရှားနေ၏။

'အစ်မ....အစ်မ....အစ်မ'

'ဟင်....'

ရုတ်တရက်အော်ခေါ်သံကြောင့် တန့်သွားပြီးအသံလာရာ
သို့ ကမန်းကတန်း လှည့်ကြည့်လိုက်မိသည်။

ပိန်ပိန်သွယ်သွယ်နှင့် မျက်နှာအစုံကို ပြတင်းပေါက်နား
မှာ တွေ့လိုက်ရ၏။

'ဘာ....လဲ....ဟော....ဟဲ....ဟောဟဲ'

မောလွန်း၍ စကားကိုပင် ကောင်းကောင်း မပြောနိုင်
တော့ပေ။ သို့ရာတွင် တစ်ဖက်လူက ဘာမျှ ပြန်မပြောဘဲ
စူးမ မျက်နှာကိုသာ ငေးကြည့်နေသဖြင့် စူးမ စိတ်တိုသွား
ပြီး....

'ဘာလဲ၊ ပြော....ပြောလေ'

ထိုအခါမှ သတိဝင်သွားဟန်ဖြင့် ပြုံးတုံးပြုံတဲနှင့်....

'ဟို....ဟို ဒါရိုက်တာ ဦးနိုင်မြင့်ဆွေ အိမ်'

'အေး.... ဒါရိုက်တာ ဦးနိုင်မြင့်ဆွေ အိမ်ပဲ၊ ကဲ....ဘာ
ကိစ္စလဲ ပြော၊ တကတည်း မောရတဲ့ အထဲ'

စူးမသည် ရုပ်ရှင်အသိုင်းအဝိုင်း၊ ဗီဒီယိုအသိုင်းအဝိုင်းကို
သိပ်မကြိုက်တော့ပေ။ အချင်းချင်းသာ ဟန်ဆောင်မြှောက်

ပင့်ပြီး သာမန် မင်းသား မင်းသမီး မဟုတ်သူများကို အထင် သေးတတ်၊ ပမာမခန့်လုပ်တတ်သည်။ အောင်မြင်သူအချင်း ချင်းကိုသာ အရေးတယူ ရောနှောကာ ဟန်ပေါင်းများသာ ဖြစ်၏။

ဆရာ့အိမ်သည် စူးမ၏ ဘဝတစ်ဆစ်ချိုးကို ပြောင်းလွဲ စေခဲ့သော နေရာပင်ဖြစ်သည်။

သို့ဖြစ်၍ အိမ်သို့ရောက်သည့်သူများကို စူးမ လက်ခံ၍ အရောတဝင် မနေချင်တော့ပေ။ မင်းသမီး မင်းသားများကို လည်း ယခင်ကလို ငေးမောကြည့်မနေချင်တော့။

'ဆရာ....ဆရာက ခေါ်ထားလို့ပါ'

'ဆရာ မရှိဘူး၊ လကုန်မှလာ'

ပြောပြီး ကျောခိုင်းကာ ကျော်သွားသောအပိုင်းကို ပြန် ရစ်လိုက်၏။

'နေ....နေပါဦး အစ်မရယ်၊ အစ်ကိုစံအေးကို ခေါ်ပေး ပါ၊ ကျွန်တော် အစ်ကိုစံအေး ညီပါ'

ထိုအခါမှ စူး လှည့်ကြည့်မိသည်။ ထိုသူ့ကို သေသေချာ ချာ ကြည့်မိ၏။ ကိုစံအေးနှင့် နည်းနည်းဆင်သလိုလိုမို့။

'အစ်ကိုစံအေး....အစ်ကိုစံအေးရေ'

မီးဖိုဘက်သို့ လှည့်အော်လိုက်သောအခါမှ ကိုစံအေးရော အမေပါ မြူးတူးပြုံးတဲ့နှင့် ထွက်လာကြသည်။

စူးမက တံခါးပေါက်ဘက်သို့လှည့်ကာ ညွှန်ပြပြီး....

'အဲဒီမှာ အစ်ကို့ညီတဲ့'

'ဟင်....စံညီ....စံညီ'

'ဟဲ့....ဘယ်က ဘယ်လိုလာတာလဲ'

ချက်ချင်း ဆွေမျိုးများတွေ့ကာ ဆူညံသွားသဖြင့် စူးမ လည်း အခွေကိုပြန်ဖွင့်ကာ ဆက်၍ လေ့ကျင့်နေလိုက်သည်။ စူးမ၏လေ့ကျင့်ခန်းကို မိနစ်ဝက်မျှပင် ဖွဲ့မပေးချင်ပေ။

ဆရာနှင့် သတ်မှတ်ထားသော သုံးလဟူသော ကာလ အတွင်းတွင် ဝါရင့်မင်းသမီးတစ်ဦးကဲ့သို့ အမှုအံရာပိုင်နိုင် ရမည်ဟု ဆုံးဖြတ်ချက် ချထားလိုက်ခြင်း ဖြစ်သည်။

ခဏအတွင်း၌ စောစောက အစ်ကိုစံအေးညီရော ကိုစံ အေးပါ မီးဖိုခေါင်းထဲတွင် ဘာမျှ မရှိတော့ဘဲ အေရှိုးဗစ် လေ့ကျင့်ခန်းထဲတွင် စိတ်က ရောက်ရှိသွားပြီး အင်္ကျီလက် ရှည်၊ ဘောင်းဘီအရှည်များ ချွေးများနှင့် ရွှဲနစ်နေအောင် ပင် မောမောပန်းပန်း လှုပ်ရှားပစ်လိုက်တော့သည်။

'ဟိုဘက်လကပဲ အစ်ကိုကြီး ရွာဘက် ရောက်လာသေး တယ်၊ ကျွန်တော့်ကို တောမှာ နွားကျောင်း လယ်ထွန်ကို သဘောမကျလို့ သူ့ဆီလာခဲ့၊ သူ အလုပ်တစ်ခုခုပေးမယ်လို့ ပြောသွားလို့ပါ'

ထိုအခါ ကိုစံအေးမျက်နှာ ရှုံ့မဲ့သွားပြီ....

'ငါ့လို မီးဖိုထဲမှာ မထွက်နိုင်ဘဲ နေတော့မှာပဲကွာ'

ဟု ညည်းညည်းညူညူလေး ပြောလိုက်သောအ
အမေက စံအေးခေါင်းကို လက်နှင့်အသာပုတ်ရင်းက....

'ကိုယ့်အရည်အချင်းလဲ ကိုယ်သိသားနဲ့ စံအေးရယ်၊ မ
ဘယ်နေရာမှာမှ သုံးမရတာကိုများ မင်း ညီကတော့ မ
ထက် တော်မှာပါ'

ချေးများကို သုတ်၍ မီးဖိုအက် ထွက်လာစဉ် အမေ
ကိုစံအေးတို့ ညီအစ်ကိုပြောသံကို ကြားလိုက်ရသည့်အတွက်

'ဟုတ်မှာပါ၊ ကိုစံညီပုံက မင်းသားနဲ့တူပါတယ်၊ မြူး
ပြတဲလေး'

ဝင်ရောက် နေရာက်လိုက်ပြီး ရေချိုးခန်းဘက်သို့ ထွ
လာခဲ့၏။

'သူက ဘယ်သူလဲ'

'သူက သခင်မ၊ အဲ....မင်းသမီးပါ'

စံအေး ရင်တွင်းမှ စူးမကို မကျေနပ်သည့် စိတ်က
များ မကြာခဏ ထွက်ပြူလာကြောင်း အမေ ရိပ်မိသ
အခါ မသက်မသာနှင့် သက်ပြင်းမောကြီး ချလိုက်မိသည်။

'အခိုက်အတန့်မှာ ကိုယ့်အရိပ်ကိုခိုနေပြီး အောင်မြ
တိုးတက်အောင် လေ့ကျင့်နေတဲ့ မိန်းကလေးပါသားတို့ရ
ကိုယ့်ဆွေမျိုးသားချင်းတွေကိုတော့ ဘယ်အားကိုးရပါမ
သိပ်ကြိုးစားတဲ့ ကလေးမလေးပါ၊ မင်းလဲ မင်းသားဖြစ်
ရင် ကြိုးစားပေါ့ စံညီရယ်၊ သိလား'

'အို....ကြိုးစားရမှာပေါ့ ဒေါ်ကြီးရ၊ စံညီလဲ လူပဲ၊ သူ
ဖြစ်ရင် စံညီလဲ ဖြစ်ရမှာပေါ့၊ ဘာလို့မဖြစ်ရမှာလဲ'

စံညီ၏စကားကြောင့် အမေက အားရပါးရ ပြုံးလိုက်
ရင်း....

'အေး....စံညီ၊ ဟုတ်တယ်၊ ကြိုးစားရင် ဘုရားတောင်
ဖြစ်နိုင်သေးတာပဲ၊ နင့်အစ်ကိုစံအေးက မဖြစ်နိုင်လွန်းလို့ပါ
တာ၊ သူက မင်းသားဖြစ်ဖို့ထက် မင်းသမီးဖြစ်ဖို့ပဲ ကြိုး
စားချင်နေတာကိုး'

အမေက ထိုသို့ ပြောလိုက်သောအခါ စံအေးက စိတ်
ကောက်သွားဟန်ဖြင့် ရေပတ်ဆိုကို တဒုန်းဒုန်းနှင့် ဆောင့်၍
ထောင်းချလိုက်တော့သည်။

အမေက ပျော့ညံ့သော စံအေးစိတ်ကို နားလည်စွာ
ပြုံးလိုက်ရင်း စံညီကို မျက်စပစ်ပြီး လက်ခါပြလိုက်၏။

အမေတို့ သားအမိသည် စံအေးကို မင်း သားမံ ဖြစ်
ဘောင် အရန်ဖြစ်အောင်အတွက် အစွမ်းကုန် ကြိုးစားပေး
သည်၊ သို့ရာတွင် စံအေး အမူအရာက မိန်းမဆန်လွန်းသော
ကြောင့် ဘယ်လိုမှ မအောင်မြင်ပေ။

သို့ရာတွင် မိန်းမလျာအခန်း ပါလျှင်တော့ စံအေးကို
သည့်ရိုက်လျှင် ဖြစ်သည်မို့ ထည့်ရိုက်လျှင်လည်း စံအေးက
မီးအလင်းကိုကြောက်ကာ အယောင်ယောင် အမှားမှားနှင့်
ကြောင်တောင်တောင် ဖြစ်သွားသည်မို့ ရိုက်ချက် ပျက်သွား
တတ်သည်။

စံအေးကို ဘယ်နေရာမှ သုံးမရသဖြင့် မီးဖိုချောင်၌ ထားကာ ဝေလေလေ အခန်း၌ မကြာခဏ ထည့်ရိုက် ရသည်။ အများနှင့်ဆိုလျှင်တော့ စံအေး သတ္တိရှိသည်မို့ အခန်းများနှင့်ဝင် စံအေးကို ဖြေသိမ့်ထားရသည်။

သို့ရာတွင် စံအေးသည် ကိုယ့်အမှားကို မမြင်ဘဲ စူး သာ ဦးစားပေးသည်ဟု ထင်မှတ်ကာ မနာလိုစိတ် ဝ သည်ကို အမေ ရိပ်မိသည်။

အမေတို့ သားအမိသည် တပည့် မမွေးဖူးပေ။ အ ကိုယ်တိုင် အလုပ်လုပ်သည်။ အဖေ မဆုံးမီ စံအေး ရေ လာပြီး စံအေးအား ဖြစ်စေချင်၍ သွန်သင်သော် လ အလဟဿ ဖြစ်သည်။

ယခု စူးမကို ပထမဦးဆုံးအကြိမ် တင်ပေးရန် ရည်ရွ တပည့်မွေးလိုက်ခြင်း ဖြစ်သည်။

'အမေ ဘာလုပ်စရာ ရှိသေးလဲဟင်'

'ပြီးပါပြီ၊ အားလုံး အဆင်သင့်'

အမေ နှုတ်ဖျားမှ ဘာမှ မပြောနိုင်မီ စံအေးက မဲ့ရွဲ ပြောလိုက်သဖြင့် စူးမက ခွင့်လွှတ်စွာ ပြုံးလိုက်ရင်း....

'အဲဒါကြောင့် အစ်ကိုစံအေးကို စူးက အားကိုးတာ သူက အစ်ကို ညီနေ၊ လူချောပဲ၊ မင်းသား ဖြစ်နိုင် တယ်'

ဂျက်ချင်းပင် စံအေး မျက်နှာ ပြုံးသွားပြီး စံညီဘက် ည့်ကာ....

'သူက နင်နဲ့ ရွယ်တူလောက်ပဲ ရှိမှာပဲ၊ ဟုတ်တယ် မဟုတ် ား စံညီ၊ နင်လဲ ဆယ့်ကိုးနှစ်လား၊ နှစ်ဆယ်လား'

'နှစ်ဆယ်ပါ'

'ဒါဆို စူးနဲ့ အတူတူပဲ၊ စူးက မေလမွေးတာလေ'

'ငါ ပြေလ'

'တစ်လပဲ ကွာတာပဲ၊ ရွယ်တူလိုပါပဲ၊ သိပ်ကောင်းတာပဲ၊ းတို့ အပေါင်ရတာပေ့ါ'

စူးမက စံညီ ရောက်လာခြင်းကို လွန်စွာ ဝမ်းသာ ကျေ ပ်မိသည်။ သို့မှသာလျှင် မိမိနှင့်အတူ ရှိန်းကန် ကြိုးစား ော်အဖြစ် သဘောထားကာ ရွယ်တူ သူငယ်ချင်းတစ်ဦး ့သို့ သဘောထားလိုက်သည်။

သို့သော် ဆရာ ရောက်မလာသေးသဖြင့် စံညီအနေဖြင့် စ်ကိုစံအေး အလုပ်များကိုသာ ကူလုပ်ပေးရသည်။

စံညီသည် စံအေးကဲ့သို့ အနုအရွအလုပ်ကို မရပေ။ ထင်း ခွေပ်လောက်သာ ရသည်။ မီးဖိုချောင်အလုပ်ကို ဘာမျ ုပ်တတ်ပေ။

သူ့အား စူးမက ပိန်သည်ဟုဆို၍ မခံချင်ဖြစ်ကာ သူ့ ်သူ ဝလာအောင် အားမွေးနေသည်ဟု စံအေးက ပြော င့် စူးမ ကျိတ်ရယ်ရသည်။

စံညီအား မြှောက်ပေးကာ အမေ့အား ပူဆာသဖြ
စံအေးအကြိုက် အမေက ငွေထုတ်ပေးသဖြင့် ဝိတ်ပြားမျ
ဝယ်ပေးထားသောကြောင့် စံညီသည် ဗိုတ်မနေ၏။ သို့နေ
တွင် စံအေး ဆရာကြီး ဖြစ်သည်။

ကျော်ထွတ်မြတ်က ဘယ်လို ဝိတ်မတာ၊ ဘယ်လိုကြိုး
တာဟူ၍ သူနှင့် ရင်းနှီးနေသော ကျော်ထွတ်မြတ်အကြော
ကိုသာ တွင်တွင်ပြောပြီး အားပေးအားမြှောက်ပြုနေသ
ကျော်ထွတ်မြတ် အသံကြားတိုင်း စူးမလည်း ပို၍ လုံ့
ကြိုးစားမိသည်။

'တစ်နေ့ကျရင် မိစူးမကို ကျော်ထွတ်မြတ်ဆိုတဲ့ မင်း
ငေးကြည့်ပြီး ငိုက်ဆင်းသွားစေရမည်'

တစ်နေ့ဘခြား ပြောင်းလဲလာသော ရုပ်သွင်ကို မှ
တွင် ကြည့်ရင်းက တဝိမ့်ဝိမ့်ကျေနပ်နေမိသည်။ ထို့အ
ပေကြိုးနှင့် ခါးအနေအထား၊ ဗိုက်အနေအထားကို မ
ခဏ တိုင်းကြည့်ရင်းက လေ့ကျင့်မှုကြောင့် သိသိသာ
အကျိုးရှိသည်ကို သတိထားမိပြီး ပို၍ ကြိုးစားချင်
ဖြစ်လာသည်။

'ကလင်....ကလင်....ကလင်'

'ဟော'

ချက်ချင်း အိပ်ခန်းထဲမှ အရင်ဦးဆုံး ပြေးထွက်ကာ
သူမှ ဖုန်းမကိုင်မီ အရင် ကိုင်လိုက်၏။

တစ်ပတ်တစ်ခါ ဖုန်းဆက်တတ်သော ဆရာ့ထံမှ ဖုန်းကို
မျှော်လင့်ခြင်းပင်ဖြစ်သည်။

'ဆရာ'

'ဟော့....ကောင်မလေး၊ အမေ နေကောင်းလား'

နှုတ်ခမ်းကို မသိမသာ ချွန်လိုက်ရင်းက ဖုန်းသံကြား၍
းမနည်းတူ ပြေးထွက်လာသော အမေ့ကို လှမ်းကြည့်ရင်း
—

'ကောင်းပါတယ် ဆရာ၊ အမေ ရှိပါတယ်၊ ဆရာက အမေ့
ဲ စကားပြောချင်လို့လား'

ခနဲ့တဲ့တဲ့မေးလိုက်သောစကားကို ဆရာသည် မသိဝိုးဝါး
ဖြင့်။

'အေးပေါ့၊ ညည်းရော နေကောင်းလား၊ အချိန်ဇယား
တိုင်း မှန်မှန်လုပ်နေ၊ ပတ္တလားတီးတတ်ရင် ရန်ကုန်
က်တဲ့အခါ အကာ သင်ရဦးမယ်'

'အမေ၊ အမေတဲ့'

စူးမ ဘာမျှ မပြောတော့ဘဲ အမေ့ကိုသာ စကားပြော
် လှမ်းပေးလိုက်ပြီး အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

အမေက စူးမအား မျက်လုံး စွေကြည့်ခဲ့သည်ပင် စူးမ
သိမထားမိပေ။

ဆရာသည် စူးမအား ဥပေက္ခာပြုလွန်းသည်။ ဆရာတစ်ဦး
ဆက်ဆံမှု ပုံမှန်ပင်ဖြစ်သည်။ မင်းသမီး ချယ်ရီလွင်ကို
ဆံသလိုပင် ရင်းရင်းနှီးနှီး မဆက်ဆံပေ။

'အင်းလေ၊ ငါက နာမည်ကြီး မင်းသမီးမှ မဟုတ်တ
ဘယ်သူက 'အရေးလုပ်မှာလဲ'

တွေးရင်းက မျက်ရည်လေးများ ရစ်ဝဲလာမိသည်။

* * *

'နင် ညဘက် မအိပ်ဘူးလား စူး'

'ဘာလို့လဲ၊ အိပ်ပါတယ်'

'နင့်မျက်တွင်းတွေ ကျနေလို့'

'အားကစားကို ပင်ပင်ပန်းပန်းလုပ်ရင် မျက်နှာကျ
စံညီရဲ့၊ ဒါဟာ ကိစ္စမရှိပါဘူး၊ စူး မင်းသမီးဖြစ်တဲ့
ပုံမှန်လေ့ကျင့်ခန်းပဲ လုပ်တော့မယ်လေ'

စူးမသည် ချွေးများကိုသုတ်ရင်းက ကိုယ့် အသား
ကို ကိုယ့်ဘာသာ ငုံ့ကြည့်ကာ ကျေနပ်နေမိသည်။

ဝင်းဝါစိုပြည်ပြီး ချွေးလေးများ စို့နေသော
နေရောင်တွင် မွေးညင်းများနှင့် ရွှေရောင်လက်နေသည်
ထင်မိသည်။

ဘာမှ မလုပ်ရဘဲနှင့် ငြိမ်းငြိမ်းချမ်းချမ်း နေရခြင်းသည်
အမေ့ ကျေးဇူးနှင့် ကိုစံအေးကျေးဇူးပင်ဖြစ်ကြောင်း အဖန်
ဖန်တလဲလဲ အောက်မေ့ကာ ကျေးဇူးတင်နေမိသည်။

'နင်ကတော့ သိပ်ဟုတ်နေပြီပဲ'

စူးမသည် မရှက်မကြောက်နှင့် ညအိပ်ရာမဝင်မီ အမေ၊
စံအေးနှင့် စံညီတို့အား အမူအရာလုပ်ပြသည်။ စကားပြောပြ
သည်။ စံအေးက စူးမ မျက်စိမကြောင်စေရန် ဆလိုက်မီး
ပြရင်းက စူးမအား အားပေးကာ လေ့ကျင့်ပေး၏။

စံညီကိုလည်း လေ့ကျင့်စေသည်။ သို့သော် စံညီက ရှက်
နေသဖြင့် မလုပ်ပေ။ နောက်တော့ စံညီသည် စံအေးတာဝန်
ကိုယူကာ စူးမ၏ အမူအရာကို ဆလိုက်မီး ထိုးပေးရင်းဖြင့်
ကျေနပ်နေသည်။

'စူးမ နင်ဟာလေ မိတ်ကပ် မလိမ်းဘဲနဲ့တောင် လှနေ
တာပဲ၊ မိတ်ကပ်လိမ်းလိုက်ရင် ပိုလှမှာပဲ၊ နင်တော့ အောင်
မြင်မှာပဲလို့ ငါယုံကြည်တယ်'

စံညီသည် ကျေနပ်အားရစွာဖြင့် စူးမကိုပြောသောအခါ
စူးမက ပီတိအပြုံးနှင့် ပြုံးလိုက်ရင်းက....

'စူး အောင်မြင်ရင် စံညီလဲ အောင်မြင်လာရမှာပေါ့၊
ဒီးလို ကြိုးစားလေ၊ စံညီက ရှက်နေရင်မဖြစ်ဘူး၊မင်းသား
မင်းသမီးလုပ်တာ ရှက်ကြောက်နေရင် ဘာမှ မအောင်မြင်
ဘူး'

စံညီ မျက်နှာမှာ ပြောပြောဆိုဆိုနှင့် ရဲသွားသည်။

'အင်း…ငါ သိပ် ရှက်တတ်လို့ မင်းသား မဖြစ်ပေမယ့် စံအေးလို့တော့ မီးဖိုထဲမှာ မနေဘူး၊ တစ်ခုခုမှာ ဖြစ်အော တော့ လုပ်မှာပဲ'

'ဆရာလာတော့ နင့်ကို သင့်တော်တဲ့နေရာ ပေးမှာ ဆရာက လူကဲခတ် သိပ်တော်တာပဲ၊ စူးလေ ပဲပြုတ်သည်အ ကနေ ဒီလိုဖြစ်ရလိမ့်မယ်လို့ စိတ်ကူးလဲ မယဉ်မိဘူး၊အိပ်မ လဲ မမက်မိဘူး၊ ဆရာသာ စူး ပဲပြုတ်ရောင်းတဲ့ အသံ သဘောကျလို့ ထကြည့်ရင်း စူးကို မင်းသမီး ဖြစ်ရမယ် အကဲခတ်ပြီး ခုလို ပြုစုပေးတာပဲ၊ ဆရာ့ ကျေးဇူးကတော ဆပ်လို့ မကုန်ပါဘူး စံညီရယ်'

စူးမသည် ဆရာ့အကြောင်း ပြောရင်းနှင့်ပင် ဆရာ လွမ်းလာမိသည်။ ဆရာ သွားသည်မှာ တစ်လ ကျော်နေပြီ ဆရာအား လာစေချင်သည်။ သို့သော် မိမိ၏ကြိုးစားမှု ခန်းမတိုင်သေးမီ ဆရာကို မရောက်စေချင်သေးပေ။

ဆရာက 'ဟာ' ခနဲ ဖြစ်သွားရအောင်ကို မိမိအစွမ်း ပြလို ချင်သည်။

'တို့အစ်ကိုဟာ ဒီလောကထောင် စီးပွားရေး လုပ်ငန်း မှာ အောင်မြင်နေပြီးတော့ ဘာလို့ အိမ်ထောင်မပြုသေး တာလဲ မသိဘူးနော်'

'အင်းလေ၊ သူ့ ပတ်ဝန်းကျင်မှာ အချောအလှတွေ များ ပြီးတော့ အမေ ဆရာ့မှာ ချစ်တတ်တဲ့ အသည်းနှလုံး ပ အောင် အမေက မမွေးဘူးလား ဟင်'

စံညီနှင့် စကားပြောနေရာမှ ဘုရားပန်း ထိုးနေသော အမေ့ အား လှမ်းမေးလိုက်သောအခါ အမေသည် စောစော ကတည်းကပင် သူတို့နှစ်ဦး၏ စကားပြောသံကို ကြားနေ ဟန်ဖြင့် ပြုံးလိုက်ရင်း…

'ဖူးစာဆိုတာ ဖန်တီးလို့မှ မရတာ သမီးရယ်၊ အမေက တော့ သူ့ အကြိုက်တွေ့လို့ရှိရင် ပေးစားလိုက်မှာပဲ၊ သားက ခုထိ အိမ်ထောင်ရေးအကြောင်း ဘာမှ မဟသေးတာ၊ အဲဒီ တော့ အမေ ဘာပြောရမှာလဲ'

'ဆရာ့ ပတ်ဝန်းကျင်မှာ အချောအလှတွေ ဇီလောက် များနေတာ ဆရာ ဘယ်သူ့ ကိုမှ စိတ်မဝင်စားတာ အံ့ဩရာပဲ နော် အမေ'

စူးမသည် ဆရာ့ နှလုံးသားရေးရာကို လွန်စွာ စိတ်ဝင် စားမိ၏။ အသက် သုံးဆယ့်ခုနစ်နှစ်အရွယ် ဆရာတွင် ရည် ငယ်သူ ချစ်သူမရှိဘဲ လုပ်ငန်းထဲတွင်သာ နစ်မြုပ်နေသည် မှာ ပဟေဠိဖြစ်နေသည်။

အမေက ညင်သာစွာ ပြုံးရင်း…

'သား ပတ်ဝန်းကျင်က အချောအလှတွေဟာ မင်းသမီး တွေ၊ အဆိုတော်တွေချည်းပဲ မဟုတ်လား၊ အဲဒါတွေကို သူ ကြိုက်ဘူးတဲ့၊ ပြီးတော့ ဓမ္မတာနဲ့ပတ်သက်လို့ အထင်မကြီး ဘူးတဲ့လေ'

'ထင်_အဲဒီလိုပဲပြောလားအနမရယ်၊ဒါဆိုစူးမ မင်းသ
ဖြစ်လာရင်လဲ အထင်ကြီးမှာ မဟုတ်ဘူးပေါ့နော်....နော်
အမေ'

စူးမက မျက်လုံးလေး ကလယ် ကလယ်နှင့် အမေ့န
ကပ်ကာ စိတ်အားထက်သန်စွာ မေးလိုက်သောအခါ အမေ
ခေါင်းကို ညင်သာစွာ ခါယမ်းရင်းက....

'သမီးဟာ သူ လက်သပ်မွေးတပည့်ဖြစ်တော့ သူ့မျက်
ရှေ့မှာ ကောင်းတာမြင်ရင် သူ အထင်ကြီးမှာပေါ့ကွယ်'

စူးမသည် ပင့်သက်မောလေး ချလိုက်ရင်းက အမေ
စံညီကို ဘာမျှ စကားပြန်မပြောတော့ဘဲ အိပ်ခန်းထဲသို့ လှ
ဝင်လာလေသည်။

အမေနှင့် စံညီတို့သည် တစ်ယောက်မျက်နှာ တစ်ယော
ကြည့်မိကြသည်။ သို့သော် မည်သည့်မှတ်ချက်မျှ မပေး
သေးပေ။

အ ဘယ်ကြောင့် ဆို သော် စူးမသည် အမူအရာများ
လေ့ကျင့်ခါစဖြစ်၍ စူးမ ပြောသမျှ၊ စူးမ လှုပ်ရှားသ
သည် မူရာမာယာများ၊ အိုက်တင်လုပ်ခြင်းများသာ ဖြစ်နို
သည်ဟု ယူဆနိုင်ဖွယ်ရာပင်ဖြစ်ပေသည်။

* * *

'ဟင့်အင်း....ကိုကြီး၊ နွေ သူ့ကို မချစ်ဘူး၊ သူ့ကို မယူ
ဘူး၊နွေ ချစ်တာကတစ်ယောက်၊ နွေ ချစ်တာကတစ်ယောက်'

'မင်းက ဘယ်သူ့ကို ချစ်နေသလဲ ပြောစမ်း၊ငါ ပေးစား
မယ်၊ မင်းနားလည်ဖို့က ကိုကြီးတို့ဆီမှာ မိဘမရှိတော့ဘူး၊
ကိုကြီးကလဲ အသက်ကြီးနေတော့ ကိုယ့်ညီမလေးကို စိတ်ချ
သွားချင်တယ်'

'ဟင့်အင်း....ဟင့်အင်း၊ နွေ ဘယ်သူနဲ့မှ မနေပါရစေနဲ့၊
ကိုကြီးနဲ့ပဲ နေပါရစေနော် ကိုကြီး၊ နွေကို အဲဒီလို ခွဲခွာဖို့
ကြိုးစားပါနဲ့ ကိုကြီးရယ်၊ နွေကို သနားပါ၊ သနားပါ'

ပြောရင်းကပင် မျက်ရည်များ လိမ့်ကျလာလေသည်။
ဆရာ ဘာစကားမျှ ဆက်မပြောနိုင်တော့ဘဲ စူးမကို ငေး
ကြည့်နေမိ၏။ ထိုအခါ စံညီက....

'ညီမလေးရဲ့ ချစ်သူက ဘယ်သူလဲ၊ ကိုကြီးကို ပြောလေ၊
ကိုကြီး လက်ထပ်ပေးပါ့မယ်'

စူးမ၏ အမူအရာကို ဆရာအား မြင်စေချင်၍ လေ့ကျင့်
သားသည့်အတိုင်း ပြောလိုက်သောအခါ....

'ညီမလေး ချစ်သူ ဟုတ်လား ကိုကြီး၊ ဟင်း....ဟင်း....
ဟင်း....ညီမလေး ချစ်သူဟာ ဒီကမ္ဘာလောကကြီးမှာ မျှော်
လင့်ဖို့ မရှိတော့ဘူး၊ ရေအိုင်ထဲက လမင်းကို ဆယ်ယူဖို့
ကြိုးစားချင်တဲ့ သူလို ညီမလေး မရူးတော့ပါဘူး၊ ညီမ
လေး ချစ်သူမှ မရှိတာ၊ ညီမလေးကို ချစ်သူ ချစ်တဲ့သူ မရှိ
ပါဘူး၊ ညီမလေးကသာ ညီမလေးကသာ....ဟင့်'

မျက်ရည်များကြားမှ ခေါင်းမော့၍ ရယ်လိုက်ရင်း စကားကို ဆက်ပြောကာ ပြောရင်း ပြောရင်း အသံတိမ်ဝင်လာပြီး စကားအဆုံး၌ ရှိုက်ငိုလျက် မျက်နှာကို လက်ဝါးနှင့် အုပ်ကာ အိပ်ခန်းအတွင်းသို့ ပြေးဝင်သွားလေတော့သည်။

'ကက် ဖြန်း'

စံအေးက ပါးစပ်မှ အော်ပြီး လက်ဝါးနှစ်ဖက်ကို ဖြန်းခနဲ ရိုက်လိုက်၏။

တစ်ခန်းလုံး တိတ်ဆိတ်သွားသည်။

စံအေးနှင့် စံညီက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ဆရာ့ကို မျက်စပစ်ပြ၏။ အမေကမူ သား၏အမူအရာကိုသာ ကြည့်ရင်း သား ဝေဖန်ချက်ကို စောင့်မျှော်နေသည်။

ဝါရင့်မင်းသမီးများကိုပင် စိတ်တိုင်းမကျလျှင် ပြန်လုပ်ခိုင်းနေသဖြင့် မင်းသမီးများနှင့် မကြာခဏ စကားများရသည့် ဒါရိုက်တာ နိုင်မြင့်ဆွေတစ်ယောက် တယ်သို့သော စကားများ ထွက်ပေါ်လာမည်နည်းဟု သိချင်သောကြောင့်ပင် ဖြစ်သည်။

သို့ရာတွင်ကုလားထိုင်လက်ရန်းပေါ်တွင် တင်ထားသော လက်နှင့်ဖက်ကို ရှပ်လိုက်ပြီး သူ့လက်များကိုသာ တစ်ဖက်နှင့် တစ်ဖက် အုပ်နယ်လိုက်ရင်းက စံညီကို ကြည့်ရင်း....

'စံညီလဲ့ အတော်လေ့လာ ပြီးရောပေါ့နော်'

'စုးမ အမူအရာကိုတော့ စုးမကို ကူညီရင်း လေ့လာပြီးပါပြီ၊ ဒါပေမယ့် ကျွန်တော်က စုးမလောက် မရဲတင်းဘူး'

'မင်း ငါနဲ့အတူ ရိုက်ကွင်းကို လိုက်ကြည့်ရင်း တဖြည်းဖြည်း ရဲလာမှာပါ၊ မင်းကို တိုနားထည့်သုံး၊ ဒီနားထည့်သုံးနဲ့ နေအောင်ကျင့်ရမှာပေါ့၊ စုးမတတော့ နမူနာတောင် အရိုက်မခံဘူး၊ သူ့ကိုယ်သူ ယုံကြည်တယ်လေ၊ သူ့သတ္တိကတော့ ပေါ့'

ထိုစကားသာ ပြောပြီး စုးမကို ပြန်ခေါ်၍ ဗီဒီယိုဇာတ်ဝင်အခန်းများကို ဆက်၍ အပြန်အလှန် ပြောကြပြန်သည်။ ဆရာက သာမန်စကားသံနှင့် ပြောသည်။ စုးမက အမူအရာနှင့် ပြော၏။

မေးစားသားက သမီးရင်းကို ညီမလေးလိုချစ်ပြီး ညီမနှကမူ အစ်ကိုကြီးအား တိတ်တခိုး ချစ်နေသည်။ အစ်ကိုကြီးက ညီမ ရော၏ဆရာမ အပျိုကြီးကို တိတ်တခိုး ချစ်နေသည့် သုံးပွင့်ဆိုင်ဇာတ်လမ်းပင် ဖြစ်သည်။

ထိုဇာတ်လမ်းတွင် နွေက တစ်ဖက်သတ်အချစ်ကို ဦးစားပေးထားသည်။

စုးမသည် ထိုဇာတ်လမ်းကို အလွန် နှစ်သက်၍ စကားပြောခန်းများကို ပိုင်နိုင်စွာ ကျက်မှတ်ထားပြီး အမူအရာကိုနှင့်ကြည့်ကာ ကျင့်ထားသဖြင့် ဆရာ ရောက်ကာ စမ်းသပ်သည့်အချိန်တွင် ဗီဒီယိုကားရိုက်သကဲ့သို့ ပိုင်နိုင်စွာ သရုပ်ဆောင်နိုင်လေပြီ။

'ဘယ့်နှယ့်လဲ ဆရာ'

ဟု စူးမ နှုတ်ဖျားမှ မမေးဘဲ မျက်လုံးများက ဆရာထံမှ ရေဖန်ချက်ကို ငံ့လင့်နေသည်။

သို့သော် ဆရာ့နှုတ်ဖျားမှ မည်သည့်စကားမျှ ထွက်ပေါ် မလာတော့ဘဲ သူ ရန်ကုန်မှ အဆင်သင့် သွင်းယူလာသော ကာရာအိုကေပါသည့် ကက်ဆက်အား ဖွင့်ကာ သီချင်းစာ ရွက်များကို ပေးရင်း....

'အဲဒီသီချင်းတွေကို ကျင့်ပြီးတော့ ဒီကက်ဆက်ထဲ အသံ သွင်းမယ်၊ ကာရာအိုကေ ကက်ဆက်က တီး လုံးနဲ့ အဆိုတေ တွေလို ဆိုလို့ရတယ်။ အဆိုပိုဒ်မှာ ဝင်ဆိုပြီး အတီးပိုဒ်မှ ရပ်ပေါ့၊ နည်းနည်း လေ့ကျင့်ရမယ်၊ အမူအရာတော့ တော လောက်ပါပြီ'

ထိုစာရွက်များကို ပေးပြီး စူးမ၏ ခန္ဓာကိုယ် အချိ အစားကို ကြည့်သည်။ ခါး နှစ်ဆယ့်လေးလက်မ။

'နောက်လဆိုရင် နှစ်ဆယ့်သုံးနီးပါး ဖြစ်သွားတော့မယ် ဆက်လေ့ကျင့်နေရင် နှစ်ဆယ့်နှစ်နဲ့ တန့်သွားလိမ့်မယ်၊ ထက် ပိုသေးရင် ခါးပြတ်ပြီး ဗိုက်ပေါက်ဖို့ပဲ ရှိတော့မယ် တစ်နေ့ အခါ နှစ်ဆယ်လောက် လုပ်ပေးရင် တော်ပြီ ရန်ကုန်ရောက်ရင် လေ့ကျင့်ခန်းတွေအားလုံး ရပ်တော့ မယ်၊ မနက်ဖြန် ကားမောင်းသင်ပေးမယ်'

'အစ်ကို စံညီကိုရော'

'စံညီက အချိန်ယူရလိမ့်မယ်၊ သူ့မှာ သတ္တိရှိအောင် အများကြီး လေ့ကျင့်ဖို့ လိုဦးမယ်၊ စူးမကို ကားရိုက်ပြီး မျက်နှာလွှဲရရင် စံညီအတွက်ကို ကားရိုက်ဖို့ လေ့ကျင့်ပေး ပါ့မယ်ကွာ၊ အခုတော့ စံညီဟာလဲ စူးမလိုပဲ လေ့ကျင့်ခန်း တွေ လုပ်ရမယ်၊ စူးမလို ဇွဲရှိရင်တော့ နှစ်လကျော်နဲ့ ဖြစ်ရ မယ်ပေါ့၊ ဇွဲမရှိရင်တော့ နှစ်ရှည်လများ လေ့ကျင့်ပေး တော့'

ဆရာ့စကားကို စံအေးက သိပ်ကျေနပ်ဟန် မတူပေ။ ဒူးမလည်း ဆရာ့ကို မကျေနပ်ပေ။ စူးမ သည်လောက်အထိ ကြိုးစားထားတာတောင်မှ မချီးကျူးချင်နေပါစေ၊ တယ် ဟုတ်ပါလားဟု အားရကျေနပ်သံနှင့် မပြောသည်ကို စူးမ မကျေနပ်နိုင်။

အေးစက်စက်ဆရာ့အား အားမလို အားမရနှင့်နှုတ်ခမ်း ဆူမိသည်။

သို့ရာတွင် မည်သည့်စကားမျှ မကျေနပ်စကား မဆိုဝံ့ ပေ။ ဆရာဆိုတာ ဆရာလို လေးစားရမည် မဟုတ်လား။

နောက်နေ့ နံနက်စောစောတွင် စူးမ လေ့ကျင့်ခန်း လုပ်ခိုင်းပြီး ကားမောင်း သင်ပေးသည်။ စူးမကိုသင်ရသည် မှာ လွယ်ကူမည်ဟု ထင်မိ၏။

အဘယ်ကြောင့်ဆိုသော် စူးမသည် ဖခင်၏ ဌာနဆိုင်ရာ လေးဘီးကား ဘီ-၆၀၀ ကားလေးနှင့် ရင်းနှီးနေပြီ။ ဖခင်

သေးနားတွင် ထိုင်နေကျဖြစ်သောကြောင့် ဖခင်၏ မောင်း
ဂီယာထိုးပုံကို ကြည့်ထား၊ လေ့လာထားသော ကြော
ဖြစ်၏။

ဆရာနှုတ်ဖျားမှ ကျေနပ်စကား ထွက် မလာသော်လည်
ဆရာနှုတ်ခမ်း မထူမပါးတင်းတင်းစိကာ ကျေနပ်သည့်မှုံးရိ
အသွင်နှင့် လင်းလက်နေသော မျက်လုံး၏အကြည့်တို့ကို မြ
ရသောအခါ စူးမ ကျေနပ်မိသည်။

သို့သော် စူးမှ သတ္တိကောင်းသည် တူ့တော့ နှုတ်မှတဖွ
ပြောသည်ကိုပင် စူးမ ကျေနပ်ရလေသည်။

နောက် နှစ်ရက်အကြာတွင် မြို့ပြင်သို့ ထွက်၍ မောင်း
သည်။ စူးမ လက်မှ ချွေးစေးများ ထွက်ပြီးစိုးရိမ်နေမိ၏

'ဖြည်းဖြည်း မလောနဲ့၊ ဂီယာပြောင်း နံပါတ် သရီးဂီယာ
နေဒါ၊နင့် အဘ ဖိုး ဂီယာကို ထိုးနေရသလား၊ တယ်လေ'

ဆရာ့ကြိမ်းမောင်းသံကြောင့် ပို၍ ချွေးစို့လာသည်။

'ဂီး....ဂီး....'

'ဟာ....နင့်အဘ၊ ကလပ်နင်းပြီး ဂီယာပြောင်းရင် လီဗာ
ကို လွှတ်ပါ၊ ပြောထားမှ ညည်းလေ'

'ဒေါက်'

ဆရာ့လက်က သူ့ခေါင်းပေါ်သို့ ဒေါက်ခနဲ ခေါက်
လိုက်သဖြင့် ပူခနဲ ခံစားလိုက်ရသည်။

'ဟာ—ဟာ—ရှေ့မှာ နွားလှည်း ဟွန်းတီး....ဟွန်းတီးစမ်း၊
ဖြည်းဖြည်းလုပ်၊ အရှိန်လျှော့၊အို....တိုက်ကုန်တော့မှာပဲ'

'တီ....တီ....' ဟွန်းတီးသံ တုန်တုန်လှုပ်လှုပ်လေး ထွက်
လာပြီး နွားလှည်းဘေးမှ ပွတ်ကာသီကာ ကျော့သွားစေရန်
အတွက် ဆရာက ကားစတီယာတိုင်ကို ဆွဲ လှည့် လိုက်သော
ကြောင့် နွားလှည်းကို ဝင်မတိုက်လိုက်မိခြင်း ဖြစ်ပေသည်။

'ဘုရား....ဘုရား....ဘုရား....'

စူးမသည် ကားဘရိတ်ကို ဆောင့်နင်းပြီး အထိတ်တလန့်
နှင့် ကားရပ်လိုက်ကာ ရင်ကိုဖိရင်း ဘုရား တ လိုက်၏။

ဆရာက ပြောရင်း၊ တားရင်းနှင့် ကားစတီယာတိုင်ကို ဆွဲ
လှည့်နေရသောကြောင့် စူးမကို လှမ်း မခေါက် နိုင် သော်
လည်း လက်လှမ်းမိရာ စူးမ ပေါင်ကိုလှမ်းထုရင်း အမူမဲ့
အမှတ်မဲ့ မူလိုက်သည်ကို သူ့ဘာသာ သူ သတိ မထားမိ
သော်လည်း လေ့ကျင့်ခန်းလုပ်ထား၍ တင်းနေသော စူးမ
ပေါင်မှာ ဖောင်တော်လေးနာသွားသည်။

'ညည်း လုပ်တာနဲ့ နွားတွေရော၊ လူတွေရော ဒုက္ခရောက်
တော့မလို့ ကံကောင်းတယ်၊ ညည်းကွာ'

ဆရာ၏ ညည်းညည်းညူညူလေး ဆူပူသံကို စူးမသည်
ရင်ဖိစွာ နားထောင်ရင်းက လက်တွင်ချွေးစေးများ ပျံလာ
သည်ကို ဆရာထုထား၍ နာသွားသော ပေါင်ကို ပွတ်ရင်း
သုတ်လိုက်သည်။

'ကဲ—ပြန်မောင်းလေ၊ ညည်းက သိပ် နဖော်နမဲ့နိုင်တာပဲ၊
သော့ဖွင့်၊ ဟော....ဟော သော့တောင် မဖွင့်တတ်တော့ဘူး၊
ကြည့်စမ်း'

ဆရာ ဆူပူနေ၍ အယောင်ယောင် အမှားမှားနှင့် သော့ ဖွင့်ပြီး ကားစက်နှိုးရာ ကားစက်သံထွက်မလာတော့ပေ။

'အာ - ဆရာက ပူညံပူညံလုပ်နေတော့ စူးလဲ အယောင် ယောင်၊ အမှားမှားတွေ ဖြစ်ကုန်တာပေါ့'

'ဩော်....ညည်း အသုံးမကျလို့ ငါက ပူညံ ပူညံ လုပ်ရ တာပေါ့၊ ညည်းအသုံးကျရင် ငါက ဆူမလား၊ ကဲ—စက်နှိုး ကလပ်ကို အသာနင်း၊ နှိုး....နှိုးလေ'

စူးမကို ဆရာက ဆူရင်းပူရင်းနှင့် အချိန်ကုန်မခံဘဲ ဆက် သင်ပေးနေ၏။ ကားစက်နှိုးလာသောအခါ....

'ဟုတ်ပြီ၊ ကလပ်ကို ဖြည်းဖြည်း လွှတ်နော်၊ လွှတ်.... ဟာ....နင့်အဘ မြင်းလို ခုန်အောင် လုပ်ရသလား၊ တယ်.... ဒီကောင်မလေး၊ ငါလုပ်လိုက်ရ'

'ငါလုပ်လိုက်ရ'

ဟု ပြောရင်း လက်ချောင်းက ခေါင်းပေါ်ရောက်သွား ပြီး ဒေါက်ခနဲ ဖြစ်သွားသည်။ စူးမ ပြုံးလိုက်သည်။ ကလပ် ကို ဆောင့်လွှတ်လျှင် ကားဆောင့်ထွက်မည်ကို သိလျက်နှင့် တမင်လုပ်မိလိုက်ခြင်း ဖြစ်သည်။

'နောက်တစ်ခါ ဆရာနဲ့ ကားမောင်းသင်ရင် သံခမောက် ဆောင်းပြီး သင်ရမယ်'

'အံမယ်'

စူးမ စကားကြောင့် ဆရာသည် ကြည်ကြည်နူးနူးလေး ရယ်မောလိုက်တော့ စူးမလည်း လိုက်၍ ပြုံးလိုက်မိသည်။

'ကဲ....ကားသမားဆိုတာ ဟွန်းကို အမှတ်တမဲ့အနေနဲ့ရော ရှုတ်တရက်အနေနဲ့ပါ နှိပ်တတ်ရတယ်၊ နှိပ်လိုက်စမ်း'

'တီ....တီ....တီ'

ဟွန်းသံလေးက ပျော်ရွှင်စွာ ခုန်ထွက်လာလေ၏။

* * *

'အစ်ကိုလဲ၊ ကားမောင်းသင်ပေးတာကို အချိန်ကုန်ခံလို့၊ ရုန်းကုန်းမှာ ငွေပေးသင်လိုက်ရင် ရသားနဲ့'

'ကိုယ်ဖို့ရင်ဖို သင်နေတာလေ'

စံအေး၏ မဲ့ရွဲ့ကာ ပြောစကားကြောင့် စူးမ ရင်ထဲ တင်း ခနဲ ဖြစ်သွားသည်။ မည်သူ့အသံဖြစ်သည်ကို ရုပ်မမြင်ရဘဲ ကြား၍ သိနိုင်နေလေပြီ။

ကျော်ထွဋ်မြတ် အသံပင် ဖြစ်၏။

ကျော်ထွဋ်မြတ်သည်လည်း စံအေးကဲ့သို့ ကွယ်ရာတွင် အတင်းပြောတတ်ပါလားဟု မှတ်ချက်ချလိုက်မိသည်။

'နေစမ်းပါဦး၊ ဒီကောင်မလေးကို ဘာလို့ ဒီလောက် ဘောင် ဂရုစိုက်နေရတာလဲ၊ ဘာလဲ အစ်ကိုနဲ့ ငြိနေကြလို့လား'

'ဘယ်ကလာ၊ ခင်းသမီး တင်ပေးမလို့တဲ့'

'ဩော်....သူ့ကိုလား၊ ရန်ကုန်မှာတော့ အစ်ကို မင်း
သမီးတစ်လက် တင်မယ်လို့ ကြိုးစားနေတာကို ကြားတယ်
ဒီကောင်မလေးကို မထင်ဘူး၊ ဖြစ်ပါ့မလား၊ ဒီကောင်
လေး ကြည့်ရတာ ကုပ်ကုပ်ကလေး၊ ပြီးတော့ စောကို
ကြီး၊ ဘယ်တော့ကလဲ'

ရယ်သွေး၍ပြောသော စကားသံကို အောင့်အည်းသည်း
၍ နားထောင်လိုက်သည်။

ကားမောင်းသင်ပြီး အမြန်တွင် ဆရာက သွားစရာရှိ
ထွက်သွားပြီး စူးမကိုမူ ခြံဝရှေ့တွင် ချပေးလိုက်သ
စူးမ အိမ်ရှေ့တွင် ရပ်ထားသော ကျော်ထွတ်မြတ် ကား
မြင်သောကြောင့် ဘေးဘက်မှ ဝတ်ကာ နောက်ဖေး မီး
ချောင်မှ ဝင်လာခြင်း ဖြစ်သည်။

'အမူအရာတော့ ရပါပြီ၊ ဖြစ်နိုင်ပါတယ်'

'ဘာဖြစ်နိုင်တာလဲ'

'ဩော်....မင်းသမီး ဖြစ်နိုင်ပါတယ်'

'ဩော်....ဘယ်တော့ ရိုက်တင်မှာလဲ၊ ကားက ရိုက်နေပြီ
လား'

လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။

'အစ်ကိုကကွာ၊ ကားရိုက်ဖို့ ကမ်းလှမ်းနေတာကို ငြင်း
ပြီး ကိုယ် ပင်ပန်းမယ့်အလုပ်ကို လုပ်နေတာကိုး၊ အလကား

ပြီးတော့ ကိုယ် တင်ပေးတဲ့ မင်းသမီးတွေက ဒါရိုက်တာကို
ကန့်ထွက်သွားကြတာချည်းပဲ'

စူးမသည် ဆက်၍ မကြားလိုတော့သဖြင့် လှည့်ထွက်မည်
အပြု စံညီနှင့် တန်း တိုး မိသော အခါ စံညီက လက်ကာ
ပြပြီး....

'ပိတ်ကားပေါ်မှာနဲ့ တခြားစီပဲ၊ တော်တော် အတင်း
ပြောတတ်တဲ့ လူပဲ'

စူးမ ဘာစကားမျှ မပြောတော့ဘဲ ထမင်းစားခန်းတွင်းရှိ
ကုလားထိုင်တစ်လုံးတွင်သာ ဝင်ထိုင်လိုက်မိသည်။

'ကဲ....ကဲ....စောင့်နေလို့လဲ ထူးမှာ မဟုတ်ဘူး၊ သူ့ ရွှေ
မင်းသမီးပဲ အခိုအထားနေတာပဲ မဟုတ်လား၊ ကားရိုက်ဖို့
ပြောရင်လဲ လက်ခံမှာ မဟုတ်ပါဘူး၊ သူ့ မင်းသမီးက ခြုံခုန်
သွားမှပဲ ကိုယ့်ခြေရာဟောင်းကို ပြန်ရှာကြမှာပါ၊ ဟား....
ဟား....ဟား.... မဟုတ်လား ကိုစံအေးရေ၊ သွားပြီနော်၊
မနက်ဖြန် ရန်ကုန် ပြန်တော့မယ်'

'တောက်...တော်တော် ယုတ်ကန်းတဲ့ လူပဲ'

စံညီ နှုတ်ဖျားမှ ထွက်ပေါ်လာသော စကားသံကိုဝင်
စူးမ မကြားမိတော့ပေ။ ငေးငိုင် တွေဝေနေမိ၏။

'သူ့ မင်းသမီးက ခြုံခုန်ခတော့မှပဲ ကိုယ့်ခြေရာဟောင်းကို
ပြန်ရှာကြမှာပေါ့'

ဟူသော စကားကို အထပ်ထပ်စဉ်းစားရင်း အဖြေမတွေ့
နိုင်ဘဲ မှောဟိုက်နေမိသည်။

သို့သော် ကျော်ထွတ်မြတ်ဟူသော မင်းသား၏ခြေလှမ်း ကို မီနိုင်အောင် လိုက်နိုင်ရမည်ဟူသော သန္နိဋ္ဌာန်ကို ခိုင်မ စွာ ချလိုက်မိသည်။

'အဲဒီ မင်းသားက မလွယ်ဘူးနော်၊ ငါတို့တောမှာ ကြ နေတာတော့ သူက သိပ်သဘောကောင်းတာပဲ၊ သူများ ကူညီတတ်တယ်၊ ညာတာတတ်တယ်၊ စာနာတတ်တယ် အပြင်မှာတော့ တခြားစီပဲနော်'

စံညီ စကားကိုပင် တုံ့ပြန်မပြောမိပေ။ ခဏတွင် ဆ ရောက်လာ၏။ စံအေး ထံမှ သတင်းစကား ကြားကြ ခြင်းပင်....။

'ဟာ....ကိုထွတ် ရှိဦးမှာပဲ၊ ငါ လိုက်သွားဦးမယ်၊ သူ စူးမနဲ့ တွဲရိုက်ဖို့ ပြောရဦးမယ်'

စူးမ ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွား၏။ တွေ့ကြသေ တာပေါ့ ကျော်ထွတ်မြတ်ရယ်ဟု ရင်ထဲမှာ ကြိမ်းဝါးလို မိသည်။

ဆရာ ချက်ချင်းပြန်တွက်သွားသောအခါ စူးမ ရင်ထဲ အလိုလို ရှင်လန်းတက်ကြွသွား၏။ ကျော်ထွတ်မြတ်နှင့် ရန်ထက် ကျော်ထွတ်မြတ်အား ဗညာပြရန် လို၍ စိတ်အာ ထက်သန်နေသဖြင့် ကျော်ထွတ်မြတ်သည် ဆရာနှင့်အတူ လာပါစေဟု ဆုတောင်းမိသည်။

သို့ရာတွင် မိမိ ဆုတောင်း မပြည့်ခဲ့ပါ။ အဘယ်ကြောင့် ဆိုသော် ဆရာ ပြန်လာသောအခါ မျက်နှာ မသာမယာနှင့် ပြန်လာသည်ကို တွေ့ရ၏။

'မင်းသားနဲ့ တွေ့ခဲ့လား'

'မတွေ့ပါဘူးကွာ'

ဆရာ့ လေသံဖျော့ကို အားမရပေ။ စံအေး၏ အမေး စကားကို ဝတ်ကျေတန်းကျေ ဖြေပြီး အမေရှိရာသို့ ထွက် လာသည်ကို တွေ့ရသဖြင့် စူးမလည်း မသိမသာလိုက်ချောင်း မိသည်။

ဆရာသည် စူးမအား ကျော်ထွတ်မြတ်ထံ သွားကြောင်း ကို အသိမပေးခဲ့၍ စူးမ အနေနှင့်လည်း မေးစရာ မလိုပေ။ သို့သော် အကျိုးအကြောင်းကိုတော့ သိချင်နေ၏။

စံအေးကို ပေးသော အဖြေ၏ နောက်ကွယ်တွင် လျှို့ဝှက် မှု တစ်စုံတစ်ရာပါမည်ကို စူးမ သိနေနှင့်၏။

'မင်းသမီးအသစ်ဆိုတော့ သိပ်အထင်သေးနေတယ် မေ မေရဲ့၊ ဒိန္နစ် ကားရိုက်ရက်ပြည့်နေပြီမို့ နောက်နှစ်မှ လက်ခံ ပါရစေတဲ့၊ အဲဒီအခါမှာ အင်ကို မင်းသမီးလဲ အတော် ဟုတ်လာမှာပါတဲ့လေ၊ ပြောလိုက်ပုံက မင်းသမီးကို ဆက် လေ့ကျင့်ပြီး သင်ပေးပါဦးဆိုတဲ့ ပုံစံနဲ့'

'အို....ဟုတ်မယ် မထင်ပါဘူး သားရယ်၊ သူ ကားရိုက် ရက်က တကယ်ပြည့်နေလို့ ဖြစ်မှာပေါ့'

'တွေ့တော့ပါဘူး မေမေရယ်၊ အသစ်နဲ့တွဲရင် သူပါ နာမည်ပျက်မယ့် ပုံစံနဲ့ လုပ်နေတာ၊ တကယ်ဆို သားနဲ့ သူနဲ့က ညီအစ်ကိုလို ရင်းနှီးနေတာပဲ၊ သားရဲ့ ကိုယ်ပိုင် အားလပ်ချိန်ကိုတောင် ဖဲ့ပြီး သူ ဒါရိုက်တာလုပ်တဲ့ ကားမှာ ကူရိုက်ပေးသေးတာပဲ၊ သကြင်္နာတုန်းမှာ သား ဘယ်တုန်းက လည်ဖူးလို့လဲ၊ မေမေလဲ သိသားပဲ'

ဆရာသည် အတော် စိတ်မကောင်းဖြစ်ဟန်ဖြင့် တဖွဖွ ပြောနေသဖြင့် မိခင်ကလည်း သားကို ကြည့်ကာ ဖြေသိမ့်စကား ရှာလိုက်၏။

'သားရယ်၊ မင်းသားတွေက ပေါသားပဲ၊ ပြီးတော့ စူးမဟာ သူတို့ထင်သလို မဟုတ်ဘူးဆိုတာပြရအောင် ရန်ကုန်ရောက်တာနဲ့ မင်းသားရွေးပြီး ရိုက်မယ့်ကားကို ကြော်ငြာနာအောင်လို့ မဂ္ဂဇင်းတိုင်းပါအောင် လုပ်ပြီးတော့ စီးရီးကိုလဲ ထုတ်ဖို့ လုပ်ပေါ့ သားရယ်၊ သား ပေးထားတဲ့ သီချင်းတွေက ကောင်းသားပဲ၊ သံစဉ်ရှာဖို့သာ ကျွမ်းကျင်တဲ့ ဆရာတစ်ယောက်နဲ့ တိုင်ပင်ပေါ့'

မိခင်သည် တတ်နိုင်သမျှ အားပေးကာ အကြံကောင်းများ ပေးနေသည်ကို ဆရာကမူ ငေးငိုင်ငိုင်နှင့် စိတ်မကောင်းဖြစ်၍ နေနေဟန်တူသည်။

စူးမ ခြေသံ ဖွဖွနှင်း၍ အိပ်ခန်းဝမှ ပြန်ထွက်လာခဲ့သည်။ စူးမ သိလိုသော အကြောင်းအရာ သိလိုက်သောကြောင့် မေးစကားဆက်စရာ မလိုတော့ပေ။

ဆရာသည် မိမိအတွက် မဖြစ်မနေ ကြိုးပမ်းမည်ကို သိနေ၏။ မည်သို့ကြိုးပမ်းမည်ကို သိစရာမလိုတော့သဖြင့် လှည့်ထွက်လာခြင်းပင် ဖြစ်သည်။

'သိပ်ပြီး ကြီးကျယ်လွန်းပါလား ကျော်ထွတ်မြတ်ရယ်၊ ဒီလိုမျိုးကို စူးမက သိပ်သဘောကျတယ်၊ တစ်ချိန်ချိန်မှာ တော့ တွေ့ရတာပေါ့၊ အနုပညာလောကဟာ နယ်မြေကျဉ်းကျဉ်းလေးပါပဲ'

စူးမ၏ မကျေနပ်စိတ် အစိုင်အခဲများသည် ပိုမိုများပြားလာပြီး ကျော်ထွတ်မြတ်အား ရင်တွင်း၌ ရဲရဲဝံ့ဝံ့ စိန်ခေါ်လိုက်လေသည်။

မိမိအတွက် မျက်နှာငယ်သွားသည့် ဆရာကိုလည်း ရင်တွင်းမှာ တောင်းပန်နေမိသည်။ ဆရာသည် မိမိကြောင့် ကျော်ထွတ်မြတ်၏ အပြောကို ခံလိုက်ရလေပြီ။

သူတို့ အလိုဆန္ဒသာ ကြည့်တတ်သော ကျော်ထွတ်မြတ်သည် သူ့အတွက် ကားရိုက်ပေးသောကြောင့် ဆရာအား အငြိုးနှင့် ပြောလိုက်သည်လား၊ စူးမနှင့် တွဲမရိုက်ချင်၍လားကိုတော့ စူးမလည်း မသိနိုင်။

သို့သော် မကြာမီတွင် ကျော်ထွတ်မြတ်သည် မေပိတောက်နွေ၏ ရှေ့၌ ဒူးထောက်ရမည် ဖြစ်ပေသည်။

●

အခန်း (၃)

မေပိတောက်နွေ

နွေပြီး နွေ ပီဒီယိုကားကို ဝါရင့် အကယ်ဒမီမင်းသား တစ်ဦးနှင့် အတူ ရိုက်ပြီးလေပြီ။ ဆရာသည် စူးမအား အသေးစိတ် သင်ကြားစရာ မလိုတော့ပြီ ဖြစ်၏။ သို့ဖြစ်၍ မှန်းထားသည့် အချိန်ထက် ပိုစော၍ ပြီးခဲ့ပြီ ဖြစ်သည်။

'နိုင်မြင့်ဆွေပဲ အသင်တော်လို့လား၊ မင်းသမီးကပဲ ကြိုးစားလို့လား မသိဘူး၊ ကျွန်တော်တော့ အသစ်လို့တောင် ထင်မိပါဘူးဗျာ'

အကယ်ဒမီ မင်းသားကြီး၏ ဖွင့်ဟဝန်ခံချက် စကားကြောင့် စူးမ ပီတိဖြစ်ခဲ့မိသည်။

နွေပြီး နွေ ဗီဒီယိုရိုက်ပြီးသည်နှင့် ရုပ်ရှင်ကားကြီး တစ်
ကားကို ယခင်ကတည်းက ဖလင်ကျပြီး ဖြစ်သည့်အတွက်မို့
စူးနှင့်ရဲရဲဝံ့ဝံ့ တင်ရိုက်လိုက်သည်။

'စူးမ၊ ဒါက ဗီဒီယိုလို မဟုတ်ဘူး၊ ဖလင်ကုန်တယ်
အချိန်ကုန်တယ်၊ပြန်ပျက်လို့ ပြင်ရရင် ဖလင်ဖိုးငွေအလဟသ
ကုန်တယ်၊ အဲဒါကို မင်း သဘောပေါက်ရင် ပထမကားထက်
ပိုကြိုးစားပေတော့'

ဆရာ့ စကားကြောင့် စူးမ ယခင်ကထက် ပိုကြိုးစား
သည်။ ရုပ်ရှင်ကားရိုက်နေစဉ် တစ်ဝက်ခန့်၌ပင် စူးမ၏ ဗီဒီ
အခွေ ဖြန့်ပြီးဖြစ်၍ စူးခထံသို့ ရုပ်ရှင်ကုမ္ပဏီများ၊ ဒါရို
တာများ လာရောက်၍ ကမ်းလှမ်းနေကြသည်မှာ မအား
မလပ်နိုင်အောင် ဖြစ်သွား၏။

စူးမ ဘာမျှမသိပေ။ ငွေရေးကြေးရေးစကားလည်း မပြော
တတ်။ကားရိုက်မည်ကိုလည်း လက်မခံတတ်ပေ။ အားလုံး
ဆရာကသာ ဦးဆောင်၍ စူးမ အတွက် ပြက္ခဒိန်ရက်မျ
ရေးပေးထားသည်ကို တွေ့ရ၏။

'ရော့…စူးမ'

ဆရာ ကားရိုက်နေစဉ် စူးမ ရှေ့တွင် ငွေပုံကြီးလာပေ
သော ဆရာ့ကို နားမလည်စွာ မော့ကြည့်မိ၏။

'နွေပြီး နွေ ဗီဒီယိုကားကိုတော့ အခကြေးငွေ မပေးသေ
ဒီကားကြီးကစပြီး ပေးပြီ၊ မင်းသမီးအသစ် ဈေးနှုန်းပဲ'

'ဘယ်သူပေးတာလဲ'
'ငါပေးတာပေါ့'
'ဟာ'
'ဘာ ဟာနေတာလဲ၊ သူများ မင်းသမီးတွေ ငွေလိုချင်
ားရမှာပဲ'
'ဆရာရယ်၊ ဆရာတို့ ဝယ်ပေးတာနဲ့…'
'ညည်း ဘာမှ ဆင်ခြေတက်မနေနဲ့ စူးမ၊ ညည်း ဗီဒီယို
ိုက်ထားတဲ့ ကားဟာ မြတ်တယ်၊ ဒါဟာ ငါတို့ လောကပဲ
ဖြစ်ဖြစ်၊ အနုပညာလောကပဲဖြစ်ဖြစ်၊ အကျိုးအမြတ်ရှိမှ
ုပ်ကြတာချည်းပဲ၊ ညည်းအတွက် မြတ်လို့ ငါ ရုပ်ရှင်ရိုက်
ေးတာပေါ့၊ မမြတ်တဲ့ ရိုက်ပါ့မလား'

ဆရာ၏ နူးညံ့ ချိုသာမှုမရှိသော စကားများသည် စူးမ
င်ထဲသို့ ဆောင့်ဝင်လာ၏။ သပ်ရိုက်ထားသည့်နှယ် စွဲမြဲစွာ
ဝင်လာသည်မို့ ဘာမျှ ပြန်မပြောနိုင်အောင် ဖြစ်နေ
သည်။

'ရော့…ဒီအိတ်လိုက် ယူသွား၊ ညည်းအဖေ အမေကို အဲဒီ
ငွေနဲ့ ပို့ပြီး ချက်ချင်း သွားကန်တော့၊ ဒါဟာ ညည်းအတွက်
ဦးထွက် ဝင်ငွေမို့ မိဘကို ဦးဦးဖျားဖျား သွားကန်တော့
ပေတော့၊ ပြီးရင် ချက်ချင်းပြန်လာခဲ့၊ နာရီဝက်ထက် မကြာ
စေနဲ့၊ ဒီမှာ ကားရိုက် လက်ခံချိန်းထားတာရှိတယ်'
'ဟုတ်ကဲ့'

စူးခအဖို့ ဟုတ်ကဲ့ဟူ၍ ပို မပြောတတ်ပေ။ ဆရာ ပေး သော ငွေအိတ်ကို မ,ဆွဲလိုက်ရာ သိပ်မနိုင်ချင်ပေ။

'ငွေ နှစ်သိန်းရှိတယ်၊ စူးမ ရော့၊ ဒီမှာ ကားသော့'

'ဟင်း....စူးမဘာသာ လမ်းလျှောက်ပါ့မယ်'

'မရှည်နဲ့ စူးမ၊ နင်ဟာ သာမန်လူလို လမ်းလျှော မသွားရတော့ဘူး၊ ကားနဲ့သွားမှ သင့်တယ်တယ်၊ ပြီးတော မင်း မိဘတွေကို ပြောလိုက်၊ လေး-ငါးသိန်း အိမ်ဖြစ်ဖြ မြေဖြစ်ဖြစ် ရှာထားပါလို့လေ၊ နေရာကောင်းကောင်း ရှ ပေါ့'

'ဟုတ်ကဲ့ ဆရာ'

စူးမသည် ဆရာ့ထံမှ ကားသော့ကို တုန်ယင်သော လ နှင့် ခံယူကာ ငွေအိတ်ကို မ,၍ ထွက်လာလေ၏။

ဤကဲ့သို့ ငွေများနှင့် မိဘအား ဘယ်လို ကန်တော့ရမ နည်း။ အဖေ၊ အမေတို့ ဘယ်လိုနေကြမည်နည်း။

ပြင်ဦးလွင်မှ ရောက်စက၊ ဝင်ငွေ တစ်ပြားမှ မရစဉ် မိခင်က ညည်းညည်းညူညူနှင့် ပြောသည့်စကားကို အမှ ရမိသည်။

'ညည်း မင်းသမီးကလဲ ဖြစ်မှာလား စူးမရယ်၊ မဖြ ရင်လဲ ပဲပြုတ်ပဲ ပြန် ရောင်းပါလား၊ အခမတို့မှာ ထ ယောက်ဝင်ငွေ လျော့သွားတာ မနည်းဘူး သိသာတ

ထိုစဉ်က မိခင်သည် စူးမထံမှ ငွေ တစ်ရာခန့်ကို အသုံး ဆို၍ ချေးသော်လည်း စူးမ မပေးနိုင်ခဲ့ပေ။ စူးမ ငွေမကိုင်ရ ဟု ဆိုသည်ကို မိခင်က မယုံကြည်ခဲ့ပေ။ စူးမ ကိုယ်ပေါ်မှ ဝတ်ဆင်ထားသော အဝတ်များကိုကြည့်ကာ အငယ်များက အားကျကာ ဝတ်လိုကြောင်း ပြောသည်။

သို့ရာတွင် စူးမ မပေးနိုင်ခဲ့။ အဘယ်ကြောင့်ဆိုသော် အဝတ်ဗီရိုသော့ကို အမေက သိမ်းထားသောကြောင့် ဖြစ် သည်။

ထိုစဉ်က မိဘ၊ ညီမများအား သိတတ်ချင်၊ ပေးချင်၊ ကမ်းချင်ရက်နှင့် မပေးနိုင်ခဲ့ရသောကြောင့် စူးမ ကျိတ်၍ မျက်ရည်ကျရသည်။ စူးမကို ပြောဆိုနေသမျှကို ခေါင်းငုံ့ခံ နေရသည်။

'သူ့ ကျတော့ ဝတ်လို့ စားလို့၊ မိဘကတော့ ငတ်လို့ ံစုတ် လို့ ပြတ်လို့'

ဟူသော အပြောမျိုးကို စူးမ မကြားလို။ သို့သော် စူးမ အခြေအနေကို စူးမ သိသည်။ ဆရာတို့ စေတနာကို စူးမသာ နားလည်ပေမည်၊ အခြား မည်သူကမျှ နားလည်မည် မဟုတ်ပေ။

ခုတော့....ခုတော့ စူးမ ဘယ်လို ပြောရမည်နည်း။ မေ ပဲတောက်နွေ့ အဖြစ်ဖြင့် စူးမ၏ ချွေးစက်ကလေးများကို စုပုံ ကာ မိဘများကို ကန်တော့ရပေမည်။

ဤကဲ့သို့ ကြည်နူးမှုမျိုးကို ဘယ်လိုမျှ ပြောမပြတ[illegible] ခံစားတတ်အောင်ပင် လိုက်လိုက်လှဲလှဲ ဖြစ်ပေါ်လာမိသ[illegible]

အမေ၊ အဖေနှင့် မောင် ညီမများ ပျော်ရွှင်ကြပေ[illegible] ချည်။

* * *

ဗီဒီယိုကားတစ်ကားတည်းနှင့် အောင်မြင်လာပြီး တ[illegible] အတွင်း ကားရိုက်ရက်များ ပြက္ခဒိန်တွင် ပြည့်သွား[illegible] ဖြစ်သည်။

ဆရာကိုယ်တိုင် အံ့သြလွန်းသောကြောင့် စူးမအား [illegible] ကြည့်စွာဖြင့် အထပ်ထပ်သွန်သင်နေ၏။

'နေ့တိုင်း ကားရိုက်ချိန်တွေချည်းပဲမို့ ခလ ကျင့်ခ[illegible] ချိန်နဲ့ တရားထိုင်ချိန်ကိုတော့ ကိုယ့်အတွက် ထား[illegible] စူးမ၊ တရားထိုင်နေစဉ် စိတ်ရော လူရော အနား ပေး[illegible] ဘုရား တရားကို အာရုံပြုရတာ ဘယ်တော့မှ မလစ်[illegible] စေနဲ့၊ အဲဒီလို တရားထိုင်နိုင်လေ သတိမြဲလေ၊ မင်းအ[illegible] အောင်မြင်မှုတွေ များလေလေပဲ မှတ်ပါ စူး'

ဆရာကိုယ်တိုင် ကြီးကြပ်၍ ပြုလုပ်ပေးခြင်း၊ ငွေစကား ပြောခြင်းများ ပြုလုပ်ခဲ့သောကြောင့် စူးမဒအဖို့ ပူပင်စရာ မလိုပေ။

နေ့ချင်း ညချင်းဝင် ပဲပြုတ်သည် စူးမသည် သိန်းဂဏန်းနှင့် ချမ်းသာ ကြွယ်ဝလာသည်ကို မည်သူ ယုံကြည်ကြမည် နည်း။

စူးမ ကိုယ်တိုင်ပင် စူးမ မယုံကြည်နိုင်တော့ပေ။ စူးမသည် စူးမ မဟုတ်တော့ဘဲ မေပီတောက်နွေ အဖြစ်ဖြင့် ပြောင်းလဲ သွားမှာ လွန်စွာ အံ့သြဖို့ ကောင်းလှပေသည်။

သို့ရာတွင် စူးမနှင့် တွဲရိုက်ရသည့် မင်းသားများထဲတွင် ကျော်ထွတ်မြတ် မပါဝင်ခဲ့ပေ။ သို့အတွက်ကြောင့် စူးမ ရင်ထဲတွင် မကျေမချမ်း ဖြစ်နေမိသည်။ တစ်နေ့နေ့တွင် ကျော်ထွတ်မြတ်သည် စူးမနှင့်တွဲရိုက်ရန် ကမ်းလှမ်းလာလျှင် စူးမ ခေါင်းခါရမလား၊ ခေါင်းညိတ်ရမလား။

ထိုအဖြေစကားကို စူးမ ဆုံးဖြတ်ချက် မရရှိသေးပေ။

'စူးမ—စူးမ၊ အံမယ်လေး ခေါ်လိုက်ရတာ လာစမ်းပါဦး၊ သည်မှာ လက်ကွက်တွေ မေ့နေလို့'

'နင်ကလဲ ဟာ'

စူးမသည် ကိုစံအေးတို့ ညီအစ်ကိုအား စိတ် မရှည်ချင်တော့ပေ၊ စံညီက ကြိုးစားသော်လည်း ဉာဏ် အနည်းငယ် ထိုင်းသည်။ ဂစ်တာတီးနည်းကို စူးမနှင့်အတူတူ ဆရာခေါ်

၍ သင်ပေးသည်ကို စူးမက တတ်သွားပြီး စံညီက ကျန်
သည်။ စူးမ နှစ်ပတ် သင်ရသည်ကို စံညီက တစ်လ သ
ရသည်။

ဆရာသည် စံအေးကို သင်မှုရသည်များကို စံညီအား သ
ပေးရာတွင် ကားမောင်းအတတ်ကို သုံးလ အကြာ စိတ်ရှ
ရှည် သင် ပေးနေရ၏။

ဆရာ၏လက်ထက် တပည့် နှစ်ဦးဖြစ်သော သူတို့ နှစ်
အတွက် ဆရာ စိတ်ရှည်ပြီး သည်းခံတတ်၏။ အထူးသ
စံအေး၏ မလိုတမာစိတ်ကို သိသောကြောင့် စံညီကို ဦးစ
ပေးကာ သင်ပြ ပေးရ၏။ ဆရာတွင် အားလပ်ချိန် မရှိပေ

စံညီရော၊ စူးမပါ ဆရာ့ကျေးဇူးကို သိတတ်စွာဖြင့်ဆရ
ကို ရိုကျိုးစွာ ဆက်ဆံပြီး ဆရာ့စကားကို နားထောင်ရ
ဝန်မလေးပေ။

'နင်ကလဲ ဟာ ဒီ သီချင်း လွယ်လွယ်လေး ကိုတော
လက်ကွက် မေ့နေလား'

စူးမက ပြောပြောဆိုဆိုနှင့် စံညီ့ လက်ထဲမှ ဂစ်တာ
ဆွဲကာ ယူတီးပြီး လက်ကွက်များကို ပြလိုက်သည်။ စံညီ
သေချာစွာ မှတ်သား ထား ရှာ သည်။ စံညီနှင့် စူးမအာ
ဆရာက လှမ်းကြည့်ပြီး သက်ပြင်းသဲ့သဲ့ချလိုက်သည်ကို စူး
ကြားဖြစ်အောင် ကြား လိုက်သည်။

'ဆရာ ဘယ်သူ့ အတွက် သက်ပြင်းချတာလဲ'

'စူးမ ညည်း ညီမတွေက အားနေတဲ့ ညီမတွေ မရှိဘူး
လား'

'ရှင် မရှိဘူး၊ ဆရာ၊ဘာလို့လဲ'

'ညည်း ရှပ်ရှင်ရိုက်တဲ့အခါ နယ်တွေ ဘာတွေ ထွက်ရရင်
ညည်းအတွက် အဖော်ရှိဖို့ လိုတယ်လေ'

ထိုအခါ စူးမလည်း တစ်ခါမျှမစဉ်းစားမိသော အတွေး
များ ဝင်လာခဲ့သည်။

ဆရာ့ကားကြီး ရိုက်ပြီးလျှင် တခြား ကုမ္ပဏီ များနှင့်
ရက်ချိန်း အတိုင်း ကားရိုက်ထွက်ရမည် ဖြစ်သည်။

'မေမေ ပဲ ခေါ်မှထင်တယ်၊ ညီမတွေက ကျောင်းတက်
နေပြီ၊ တစ်ယောက်ကလဲ စက်ချုပ်လို့'

'အဲ သည်တော့ ညည်းအဖေကို ဘယ်သူ ပြုစုပေးမှာလဲ'

စူးမ တွေဝေသွားသည်။ ဆရာသည် စူးမ အတွက်သာ
ကော စူးမ မိသားစုအတွက်ပါ စဉ်းစားတတ်သဖြင့် စူးမ
အံ့ဩမိသည်။

'သည်လို လုပ်လေ၊ ညည်းတို့ ရပ်ကွက်ထဲမှာ ညည်း
တူတူ ပဲပြုတ်ရောင်းနေတဲ့သူငယ်ချင်းတွေ၊ ညည်းနဲ့အ
ထိုက်ပေးမယ့် သူငယ်ချင်းတွေ မရှိဘူးလား၊ စိတ်ချရမ
သူငယ်ချင်း ပေါ့'

ထိုအခါမှ စူးမ မျက်လုံးလေး ဝင်းလက်သွားပြီး....

'ရှိတယ်....၊ရှိတယ်၊စူးမ သူငယ်ချင်းရှိတယ်၊ပဲပြုတ်အတူတူ
ရောင်းနေတာလေ'

'အေး....ရှိရင်အလကားခေါ်လို့တော့ မရဘူး၊ ညည်း
ငွေ ပေးပြီး ခေါ်ရမှာပဲ၊ညည်းတစ်ရက်ခေါ်ရင် တစ်ရက်
ပဲပြုတ်ရောင်းရခကို ပေးရမှာပဲ တစ်လခေါ်ရင် တစ်လစာ
ပဲပြုတ်ရောင်းရခကို ပေးပေါ့'

စူးမက ဘာမျှမပြောဘဲ ငြိမ်ငြိမ်လေး စဉ်းစား လို
သည်။ ထိုအခါ စူးမမျက်နှာကို ဆရာက မလွှတ်တမ်းကြ
ခတ်ရင်း စူးစူးစိုက်စိုက် ကြည့်နေသည်ကို စံညီသတိထား
လိုက်သည်။

စံညီဝင်လျှင် စူးမအပေါ် ပြဿနာကို စိတ်ဝင်စားလာ
ဟန်ဖြင့် ဂစ်တာကို တဒေါင်ဒေါင် ခေါက်မနေတော့
ငြိမ်၍ နားထောင်နေ၏။

'ပဲပြုတ်ရောင်းတာ နေ့ပူစပ်ခါး လမ်းတကာကို
ပေါက်အောင် အော်ရောင်းကာမှ သုံး လေးဆယ်အမြတ်
မရဘူး၊ မနက်စောစော ထပြုတ်ရတာနဲ့ ပင်ပန်းတာနဲ့ မ
မိဝါဘူး၊ စူးမ သူ့ကို တစ်နေ့ သုံးဆယ် ပေးတာတောင်
ကျေနပ်မှာပါ၊ ဒါပေမယ့် သူ့မိဘက ဆင်းရဲပြီး မောင်နှမ
တော့ တစ်လကို ထောင့်ငါးရာ ပေးပြီး စူးမနားမှာ
ဆွဲ၍ခေါ်ထားရင်ကောင်းမယ်၊ဒါပေမယ့် ရန်ကုန်မှာ နေ
တော့ စူးမ အဖော်မလိုဘူး၊ သူ့အိမ်သူ ပြန်ပေါ့'

စူးမက တွေးတွေး ဆဆလေး ပြောရင်း သူ့ဘာသာ
စီစဉ်နေသဖြင့် ဆရာက ပြုံးချင်သလိုလိုဖြစ်လာဟန်ဖြင့် နှု
ခမ်းကို စိပိတ်လိုက်ရင်း 'ဟင်း'ဟု တစ်ချက်ပြုံးလိုက်သည်

'ညည်းနားမှာ အမြဲ ခေါ်ထားပေါ့'

'ရန်ကုန်မှာ ခေါ်ထားရင် ဆရာက လူပိုအတွက် ထမင်း
ကျွေးနေရမှာပေါ့'

'ညည်းက ထမင်းလခပေးလေ၊ ညည်း ဝင်ငွေရှိပြီပဲ၊ပေး
တော့ပေါ့၊ ငါက ညည်းကို အလကား မကျွေးထားနိုင်
တော့ဘူး'

ဆရာ့စကားကြောင့် စူးမ မျက်နှာလေး ငယ်သွားပြီး
မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ် လုပ်ကာ—

'စူး....စူးမအတွက် ဆရာတို့မှာ အများကြီး ဝန်လေးမှာ
စူးမ စိုးရိမ်နေတာပါ ဆရာ၊ ဆရာ့ကို ငွေပေးရင် ဆရာ
စိတ်ဆိုးမှာ စိုးလို့ပါ'

'ဘယ်ဆိုးမှာလဲ စူးမရဲ့၊ ငွေက သည်းခြေကြိုက်ပဲ၊ ငါ
ဘာလို့ စိတ်ဆိုးရမှာလဲ'

'ဒါဆို စူးမ ဘယ်လောက် ပေးရမလဲ ဟင်'

စူးမ၏ ပြူးတူးပြဲတဲ အမူအရာကို ဆရာက ကြည့်ရင်း
ဖြူးယောင်ယောင်မျက်နှာကို ပြန်တည်ရင်း....

'ညည်း စေတနာရှိသလောက်ပေါ့ကွာ၊ ငါ ဒီလိုပြောတာ
တောင် လွန်လှပြီ'

စူးမသည် ဆရာ့နှုတ်ဖျားမှ ဤကဲ့သို့စကားမျိုး ထွက်
ပေါ်လာလိမ့်မည်ဟု မထင်မှတ်ခဲ့ပေ။ ယခုကဲ့သို့ဆိုပြန်တော့
စူးမ စိတ်မှုကောင်းဖြစ်သွား၏။

'စူးမ ဆရာ့ကို တစ်လ တစ်သောင်း ကန်တော့ပါ
ဆရာရယ်၊ စူး နဂိုကတည်းက ရည်ရွယ်ပြီးသားပါ၊ ဆရာ
စူးရဲ့ ကျေးဇူးရှင်ပါ'

'အေး....ငါ့ကို တစ်သောင်းလား၊ အမေ့ကိုရောလ

'ဟို....ဟို....အမေ မီးဖိုချောင်စားရိတ်ထဲ ငါးထော
ထည့်ပါ့မယ်'

'အေး....ကောင်းတယ်ကွ'

စူးမရော စံညီပါ အတော်လေး အံ့အားသင့်နေမိသ
ဆရာ့နှုတ်ဖျားမှ ငွေရေးကြေးရေးစကား ပြောလာလိမ့်
ဟု မထင်မှတ်ထားခဲ့ပေ။

ထိုအခါတွင် စံညီမှာလည်း မျက်နှာငယ်လေးနှင့်
မလဲဖြစ်ကာ ဆရာ့အား ကွက်ကြည့် ကွက်ကြည့်လုပ်နေ
ကို ဆရာက မသိဟန်ဆောင်ကာ လှည့်ထွက်သွားလေ၏။

စံညီနှင့် စူးမသည် တစ်ယောက်မျက်နှာကို တစ်ယော
ကြည့်ကာ ဗေးငိုင်နေမိသည်။

ထိုခဏ၌ စူးမ မျက်လုံးအိမ်ထဲမှ မျက်ရည်များ ရစ်
ပြီး....

'စံညီ ငါ....ငါ ငွေကို နှမြောလို့မဟုတ်ဘူး၊ ငါ့ဆ
ငွေပုံပြီး ပေးနိုင်တယ်၊ ဒါပေမယ့် ငါ စိတ်မကောင်း
ဝမ်းနည်းတယ်၊ ဘာကို ဝမ်းနည်းလဲဆိုတာ ငါမ
တတ်ဘူး'

စူးမ ထိုင်ရာမှ ကမန်းကတန်း ထကာ ပြေးထွက်လာ

ဤသို့မှ ပြေးမထွက်လာလျှင် စံညီရှေ့၌ မျက်ရည်ကျမိ
ည်ဖြစ်သည်။ အမူအရာလုပ်ကာ ဂင်မရာရှေ့တွင် မျက်ရည်
ကျခမည်ကို မရှက်သော်လည်း တကယ့် ခံစားချက်ကြောင့်
မျက်ရည်ကျလာသည်ကိုတော့ ရှက်မိသည်။

'အတောင်အလက် စုံပြီပဲ၊ ပျံချင်ရာကို ပျံနိုင်ပြီပေါ့၊ ငါက
ည်းကို အတောင် တပ်ပေးလိုက်ပြီလေ၊ ညည်းမိသားစုနဲ့
ည်း နေတော့ပေါ့၊ ဒါမှ သင့်တော်မယ်၊ အဲဒါကြောင့်
ည်းမိဘတွေကို အိမ်စုံစမ်းခိုင်းတာပဲ'

ဆံရာသည် ခုတလော စူးမအား အစိမ်းရောင်စကားများ
ိုသာ ပြောနေသည်မို့ စူးမ ဆရာ့အိမ်တွင် ကြာရှည်စွာ
တွယ်ကပ်၍ နေနိုင်ရန် မသင့်တော်တော့မှန်း နားလည်လာ
လေ၏။

ရိုက်ကွင်းထဲတွင်လည်း ဆရာက သူစိမ်းဆန်ဆန်၊ အိမ်တွင်
လည်း သူစိမ်းဆန်ဆန် နေ နေသည်။ တစ်ခါတရံ မျက်နှာ
ချင်းဆိုင်ပင်တွေ့ရန် ခဲယဉ်းနေ၏။

အမေသည်လည်း စူးမမိခင်နှင့်တိုင်ပင်ကာ အိမ်ရှာဖွေရေး
များကို မနားမနေ ပြုလုပ်နေသဖြင့် စူးမမှာ စိတ်မကောင်း
ဖြစ်ရုံကလွဲ၍ ဘာမှ မတတ်နိုင်တော့ပေ။

ရင်တွင်း ခံစားချက်များကို စံညီအား ဖွင့်ဟ တိုင်ပင်ရုံ
သာရှိသည်။

'ဆရာက စူးကို ဒီအိမ်မှာ မနေစေချင်တာကတော့ သေ
ချာတယ် စံညီရာ၊ အင်းလေ....စူးအဖို့ကတော့ ဒီအိမ်ပေါ်က

နေ ကားရိုက်သွားနေတော့ ဘာမှ အဖော်မရတဲ့အပြင် စူး
အထူးတန်နဲ့ လူတရှုန်းရှုန်းဖြစ်နေတာကို ဆရာ မကြိုက်လို့နေမှာ
ပဲနော်'

'ငါလဲ မတွေးတတ်တော့ဘူး စူးမရာ၊ ငါ တွေးနေတာ
တစ်ခုပဲရှိတယ်၊ ငါက နင့်လို ထက်ထက်မြက်မြက်မဟုတ်တော့
အရာရာနွေးကွေးနေတာကို အစ်ကိုကြီးက စိတ်ရှည်ပါ့မလား
လို့ တွေးပြီး စိုးရိမ်မိတယ်ဟာ'

'မစိုးရိမ်ပါနဲ့၊ စံညီတို့က ဆွေမျိုးပဲ၊ ဆရာက မဖြစ် ဖြစ်
အောင် လုပ်ပေးနေတာပဲ၊ ဒါပေမယ့် စံညီကိုတော့ ဆရာက
ချီးကျူးတာ တစ်ခုရှိတယ်လေ'

'ဘာလဲ'

'မှန်ထိုးတာရယ်၊ မီးထိုးတာရယ်ကို သဘောကျတယ်တဲ့
အယူအဆ ကောင်းတယ်တဲ့'

'သွားစမ်း၊ ငါ အကောင်းမှတ်လို့'

စံညီ မျက်နှာ ရဲသွားသည်။ စူးမက စိတ် ပြေရာ ပြေ
ကြောင်း ရယ်မောလိုက်ရင်း....

'အဲ့ဒါလဲ အနုပညာတစ်မျိုးပဲပေါ့ စံညီရာ၊ ငါက
အကောင်းပြောတာပါ၊ မင်း မှန်ထိုးတဲ့ အလှည့်ကျရင် ဘယ်
နားကနေ၊ ဘယ်နေရာကထိုးပေးလို့ပြောစရာမလိုဘူး၊ ဒီပြင်
ကားရိုက်တဲ့အထဲမှာ မှန်ထိုးတို့၊ မီးထိုးတို့ကို ဒါရိုက်တာက

ဘယ်နားထိုး၊ ဘယ်နားပြန်နဲ့ ပြောနေရတယ်၊ ဆရာ ကား
ရိုက်လို့ နင်ပါလာတဲ့အခါမှာ ပြောစရာမလိုလို့ ဆရာက
သဘောကျနေတယ်'

စူးမက အတည်ပြောလိုက်သည့်တိုင်အောင် စံညီသည်
စိတ်ခေတ်ကျနေသော ဟန်ဖြင့် လေပူတစ်ချက် မှုတ်ထုတ်
လိုက်ပြီး....

'ငါတော့် မှန်ထိုး မီးထိုးဘဝက မတက်တော့ဘူး ထင်
ပါတယ်'

'မဟုတ်ပါဘူး စံညီရယ်၊ နင်က မင်းသားဖြစ်နိုင်ပါတယ်
ဟ၊ နင် မြို့ရောက်မှ အသားတွေ ဖြူပြီး ဝလာတော့ ချော
လာတယ်၊ အစ်ကိုစံအေးလို မိန်းမချော မဟုတ်ဘဲ နင်က
ယောကျ်ားချော ချောတာဟ၊ နင် မင်းသားဖြစ်နိုင်ပါတယ်'

စံညီက စူးမ ချီးကျူးလိုက်သဖြင့် မျက်နှာနီနီဖြင့် ရှက်
ရယ်ရယ်ရင်း....

'နင်ပဲ ငါ့ကို ချီးကျူးစကား ပြောတယ်၊ အစ်ကိုကြီးဆို
ရင် ဆူပူနေတာပဲ'

စူးကိုလဲ ဆူတာပဲ၊ ကားမောင်းသင်တုန်းကဆိုရင် ခဏ
ခဏ အခေါက်ရတာ၊ ခေါင်းကို ပူနေတာပဲ'

စူးမက သူ့ခေါင်းကို သူ ပြန်ကိုင်ကြည့်ကာ ပြင်ဦးလွင်
မှာ ကားမောင်းသင်နေစဉ် ခေါင်းကိုအခေါက်ခံလိုက်ရသလို

ခေါင်းကိုလည်း အားမလို အားမရ ထုခဲ့သည်ကို မြန်မြန် ယောင်မိကာ ကြည်ကြည်နူးနူးလေး ရယ်မောမိသည်။

'စူးမရေ....စူးမ'

'ဟော....အမေတို့ လာပြီ'

စူးမနှင့် စံညီသည် မီးဖိုချောင်တွင် ထိုင်နေရာမှ ကမန်း ကတန်းနှင့် ပြိုင်တူ ထလိုက်ရာ....

'အာ'

ခေါင်းချင်းဆောင့်မိ၍ ရယ်မောကာ ခေါင်းကို အသီး သီး ပွတ်ပြီးမှ မီးဖိုချောင်မှ ပြေးထွက်လာခဲ့သည်။

စူးမအနေနှင့် လွတ်လပ်စွာ နေနေသည့် ဘဝမှ ယခုကဲ့သို့ စည်းကမ်းများ၊ ပုံစံခွက်များကြားတွင် ကျဉ်းကျပ်စွာနေရ ရသောကြောင့် မိမိ၏ လွတ်လပ်သော ဘဝကလေးကို ပြန် ဖမ်းဆီးလိုသည့် စိတ်ရှိသဖြင့် ရွယ်တူဖြစ်သော စံညီနှင့် တွေ့ ရစဉ်တွင် ရယ်မော၍ ပြုံးပျော်လိုသည်။ လွတ်လပ်စွာ နေလို သည် ဖြစ်၏။

'အံမယ်လေး၊ တံခါးဖွင့်ဖို့ကို အကြာကြီး စောင့်နေရ တယ်၊ ဘယ်များ သွားနေကြတာလဲ'

စူးမ မိခင်က လှမ်းဆူလိုက်သဖြင့် စူးမက လျှာလေးထုတ် ကာ အရှိန်မသေသေးသော အမူအရာနှင့် ပြုံးစိစိလုပ်ရင်း....

'စံညီနဲ့ နောက်ဖေးမှာ စကားပြောနေတာပါ မေမေ'

အိမ်ပွဲစားများနှင့် အိမ်ရှာဖွေနေသည်မှာ အပြင်းအထန် ဖြစ်သည်။ စူးမ မိဘများကလည်း သမီးနှင့်အတူ နေချင် သကဲ့သို့ ဆရာကလဲ သူ့အိမ်မှာ မနေစေချင်တော့ပေ။

'တွေ့မယ့် တွေ့တော့လဲ တို့လမ်းထဲမှာပဲ၊ နှစ်အိမ်တောင် တွေ့ထားပါလား၊ ဟိုဘက်အိမ် ရောင်းမယ်ဆိုတာကို တို့ကို လဲ မပြောပါလား၊ အခု ပွဲစားက ပြောမှ သိတယ်'

'ဟူး....စူးမရေ၊ နင်လဲ အိမ်မြန်မြန်ရမှပဲ၊ နို့မဟုတ်ရင် ငါလဲ ခြေတိုလှပြီ'

စံအေးက ညည်းညည်းညူညူ ပြောလာသဖြင့် စူးမက အလိုက်သိသိပင် ရေခဲသေတ္တာကိုဖွင့်ပြီး လိမ္မော်ရည်အေးအေး လေး ဖျော်ပေးလိုက်၏။

'ဟိုဘက်အိမ်'

အခြား ဘယ်အိမ်က ဘယ်လို ကောင်းသည်၊ ဘယ်လို လှ သည်ကို စူးမ နားမထောင်တော့ပေ။ ဟိုဘက်အိမ်ဆိုတာကိုပဲ စိတ်ဝင်စားမိ၏။

စူးမသည် ဤအိမ်ရောက်ကတည်းက အိမ်ပတ်ဝန်းကျင်ကို သတိမထားမိပေ။

လေ့ကျင့်ခန်းများနှင့် အချိန်ကုန်ပြီး ကားရိုက်ထွက် သည့်အခါက များနေသောကြောင့် အိမ်နီးနားချင်းကိုပင် သတိမထားမိတော့ပေ။ သို့ဖြစ်၍ ဘယ်ဘက်အိမ်မှန်း မသိ။

'သမီးဆရာကတော့ သမီး စိတ်တိုင်းကျ ဝယ်ပ့ ါစေတဲ့'

'ဟိုဘက်အိမ်ဆိုတာ ဘယ်အိမ်လဲ အမေ၊ စူးမ မသိလို့'

'ဟိုမှာလေ သမီးရဲ့၊ နှစ်ဆောင်ပြိုင် အိမ်မည်းကြီးပဲ အမွေဆိုင်မို့ မောင်နှမတွေ ခွဲယူကြမလို့တဲ့'

ဆရာ့မိခင်က ပြတင်းပေါက်မှ လှမ်း၍ ညွှန်ပြလိုက်သဖြင့် စူးမက ထိုအိမ်ကြီးကို ငေးမောကြည့်မိသည်။

ရေနံ့ဝနေ၍ မည်းနေသော ရှေးပုံစံ နှစ်ဆောင်ပြိုင်အိမ် ကြီးကို စူးမ စိတ်ဝင်စားခြင်းထက် ဆရာ့အိမ်နား နီး နေ သည်ကို ပို၍ စိတ်ဝင်စားနေမိသည်။

'အိမ်က ပုံရိုးကြီးပါ သမီးရယ်၊ လမ်းထိပ်က တိုက် လေးက လှတယ်၊ သူက ဆယ့်ငါးသိန်းတဲ့'

'ဟိုဘက်အိမ်ကရော'

'ဆယ့်နှစ်သိန်း ပြောထားတယ်၊ ဝမ်းနာ ခေါင်းကိုက် ပါ သမီးရယ်၊ ဆယ်သိန်းလောက် ဆစ်ရင်တောင် ရပါမယ် ဒါပေမယ့် ပုံရိုးကြီးမို့ သမီးလို မင်းသမီးနဲ့ မထိုက်တန် ပါဘူး'

စူးမ၏ မျက်ခုံးမွေးလေး နှစ်ဖက် မြင့်တက်သွားလေ သည်။ စူးမ၏ မိခင်သည် စူးမ မင်းသမီးဖြစ်သည်ကို များစွာ ဂုဏ်ယူနေပြီး သမီးအား အမွှန်းတင်၍ မဆုံးတော့ပေ။

ဤသည်မှာ အောင်မြင်သော သားသမီးကို မွေးထုတ် ပေးသည့် မိဘတိုင်း ဖြစ်လေ့ဖြစ်ထရှိသော သဘောပင်ဖြစ် ၍ စူးမ အပြစ်မပြောရက်ပေ။

'မဆစ်ပါနဲ့ မေမေရယ်၊ ဒီခေတ်က သစ်ဈေးတွေက ကြီး က ကြီးနဲ့ ခြံဝင်းလဲ ကျယ်သားပဲ'

'ပေ့ခြောက်ဆယ် ပတ်လည်တဲ့၊ ဘာလဲ....သမီးက အဲဒီ အိမ်ကြီးပဲ သဘောကျလို့လား၊ ပြန်ပြင်ရမှာ'

စူးမက ပြတင်းပေါက်မှနေ ထို အိမ်ကို မျှော်ကြည့်လိုက် ရင်း ရင်ထဲမှာ သိမ့်သိမ့်လေး ကြည်နူးသွားမိသည်။

'ပြန်မပြင်ပါဘူး မေမေရယ်၊ စူး အဲဒီအိမ်ကြီးကိုသဘော ကျတယ်၊ စူးတို့ မြန်မာပြည်က ရာသီဥတုက ပျဉ်ထောင် အိမ်နဲ့ပဲ သင့်တော်တယ် မဟုတ်လား၊ ဖေဖေ့ရောဂါနဲ့လဲ သင့်တော်မယ် ထင်ပါတယ်'

'မှောင်မှောင်ကုပ်ကုပ်ကြီး ဟာယ်'

'သစ်ပင်တွေကြောင့်ပါမေမေရာ၊ မလိုအပ်တဲ့အပင်တွေကို ခုတ်ပစ်ရင် ရပါတယ်၊ စူးမတော့ အဲဒီ အိမ်ပဲ ကြိုက်တယ်၊ သွား ကြည့်ကြရအောင်'

'မေမေတို့ ကြည့်ပြီးပါပြီ၊ မီးဖိုချောင်က မိုးယိုထားတာ တွေ့တယ်၊ ဝရန်တာကလဲ ဆွေးနေတာ'

စူးမ၏မိခင် မလိုလားစွာ ဖျက်နေသော်လည်း စူးမက ခေါင်းကို တွင်တွင်ခါရင်း....

'စူးမ အဲဒီအိမ်ပဲ လိုချင်တယ် မေမေ'

စူးမသည် ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချလိုက်ဟန်ဖြင့် ယတိပြတ် ပြောလိုက်၏။ စူးမ၏မိခင်က မကျေမနပ်နှင့်။

'ညည်းလို မင်းသမီးက အိမ်ဟောင်း အိမ်ပျက်ကြီးထဲမှာ နေမယ်ဆိုတာ သင့်တော်ပါ့မလား လို့ စဉ်းစားစမ်းပါဦး၊ ညည်းဆရာနဲ့လဲ တိုင်ပင်ကြည့်ဦးလေ'

စူးမ ဘာမျှ မပြောတော့ပေ။ ဆရာ့မိခင်က မဖျက်သော်လည်း စူးမ အမေက တိုက်ကို မက်နေသည်။

'အို—အန်တီကလဲ အိမ်အိုတာ ပြန်ပြင်လို့ရပါတယ် ဗျာ၊ စူးမက ကျွန်တော်တို့နဲ့ နီးနီးနေချင်လို့ နေမှာပေါ့'

စံအေးက ဒိုးဒိုးဒေါက်ဒေါက် ဝင် ပြောလိုက် သဖြင့် စူးမ မျက်နှာရဲသွားသကဲ့သို့ စံညီလည်း မသိမသာလှည့်ထွက်သွားသည်ကို စူးမ မိခင်က မလိုလားစွာကြည့်ရင်းက သမီးအတွက် ရင်မောသလို ခံစားလိုက်ရသည်။

ဆရာ့မိခင်ကလည်း မသိမသာလေး သက်ပြင်း ခိုး ချ လိုက်သည်။

'ဟော... ဆရာလာပြီ'

စူးမ မျက်နှာလေး ဝင်းလက်သွား၏။ ဆရာသည် စူးမ ဘက်မှ လိုက်၍ ကူပြောလိမ့်မည်ဟု ထင်ခဲ့သည်။ သို့သော် စူးမ မိခင်၏တင်ပြပြောဆိုသော စကားကို ဆရာကထောက်ခံ ခဲ့ပြီး....

'ဟုတ်သားပဲ စူးမရာ၊ မေပိတောက်နွေဟာ ဟုန်းခနဲ ထ တောက်လာမယ့် နာမည်ကြီးမင်းသမီးတစ်လက် ဖြစ်နေပြီပဲ၊

ဒီလို အိမ်ဟောင်း အိမ်ပျက်ကြီးမှာနေလို့ ဘယ်သင့်တော်ပါ့မလဲ'

ဆရာ့ပြောစကားကြောင့် စူးမ မျက်နှာလေးငယ်သွားပြီး ဆရာ့မိခင်ကို အကူအညီတောင်းသလို လှမ်းကြည့်ပြီး....

'စူး ဆရာနဲ့နီးနီးနေချင်လို့ဆရာ....၊ စူးရဲ့ဆရာနဲ့ နီးနီး ကပ်ကပ်နေချင်တာဟာ အနုပညာလောကကို စူး ကြောက်လို့ပါ၊ စူး တစ်ယောက်တည်း မတိုးရဲသေးပါဘူး၊ ဆရာ့ အရိပ် မခိုရတာတောင် ဆရာနဲ့ နီးနီးကပ်ကပ်လေးနေပြီး ဆရာ့ရဲ့ အကြံဉာဏ်ကို ခံယူနေရရင် ကျေနပ်ပါပြီ'

'ဟာ....ညည်းလိုပဲ၊ တခြား မင်းသမီးတွေလဲ သည်လိုပဲ ကားရိုက်ကြတာပဲ၊ ညည်းက သတ္တိမကြောင်ပါဘူး ဟာ— နေရာတကာ အားကိုးရှာနေရင် ညည်း တုံးသွားမှာပေါ့၊ ညည်းမှာ ပညာစုံပြီ....၊ ညည်းကို ငါ လက်လွှတ်လိုက်ပြီ....၊ ညည်းလိုပဲ ငါ့မှာ နောက်ထပ် တပည့်တွေ ထပ်မွေးဖို့ ရှိသေးတာပဲ၊ ညည်း တစ်ယောက်တည်း ငါ့ကို တွယ်ကပ်နေလို့ မရဘူး စူးမ၊ အဲဒီတော့ ညည်းဘာသာ ညည်း စိတ်တိုင်းကျ နေရာမှာပဲ နေပါ၊ ငါနဲ့နီးလို့ အိမ်အိုကြီးကိုဝယ်ချင်တာတော့ မလုပ်ပါနဲ့'

ဆရာ့စကားသည် စူးမ ရင်ကိုပြင်းထန်စွာ ထိုးနှက်လိုက်သဖြင့် စူးမသည် နှုတ်ခမ်းကို တင်း တင်း စိ လိုက် ရင်းက ခေါင်းကို မော့ကာ....

'စူးမ ဆုံးဖြတ်ချက် ချပြီးသွားပါဆရာ၊ စူး အဲဒီ အိမ်ဝယ်မယ်၊ အဆမန့် မေဓမတို့က စျေးစကား ညှိ ပေးပါ ပြီးတော့ လိုအပ်တဲ့ ပြင်ဆင်မှုကိုပြုလုပ်ပြီးမှ စူးတို့အဲဒီအိမ်မှာ နေမယ့်လေ၊ မိုး မကျခင်ပြီးမယ် ထင်ပါတယ်၊ စူးမှာငွေ မပြည့်သေးလို့ စရန်ငွေ တောင်းထားတဲ့ ကုမ္ပဏီဆီက ငွေ အကြေယူလိုက်မယ်'

'ဟော —စူးမ ညည်း အဲဒီလို ရမ်းသမ်းပြီး ထင်ရာမလုပ်နဲ့ ညည်း သိက္ခာကျသွားလိမ့်မယ်၊ ကဲ—ညည်း ဒီအိမ်ကို လိုချင်တယ်လို့ သုံးဖြတ်ပြီးပြီ နော်၊ သေသေချာချာ စဥ်းစားဦး'

'ဟုတ်ပါတယ် သမီးရယ်၊ သေသေချာချာ စဥ်းစားပါဦး'

စူးမက ခေါင်းမာစွာ ခါယမ်းလိုက်ရင်း....

'မေမေက ကိုယ်မွေးထားတဲ့ သမီးရဲ့စိတ်ကို မေမေ မသိဘူးလား ဟင်၊ သမီးက ဆုံးဖြတ်ပြီးရင် ဘယ်တော့မှ မပြင်ဘူးဆိုတာလေ၊ ပြီးတော့ လမ်းမတန်းမှာ ကားဆူသံ၊ လူဆူသံတွေထက် နားအေးအေးနေရာကို ပိုကြိုက်တယ်၊သမီး အဲဒီ အိမ်ပဲ နေချင်တယ် မေမေ'

စူးမ စိတ်အားထက်သန်စွာဖြင့် ပြောရင်း မျက်လုံးလေးများ တလဲ့လဲ့ တောက်ပနေသည်ကို ဆရာက လှမ်းကြည့်ပြီး သက်ပြင်းရှည်ကြီးချကာ....

'စူးမ နော်၊ အိမ်ဝယ်တာ အဝတ်ဝယ်သလို မဟုတ်ဘူး၊ မကြိုက်ရင် မဝတ်ဘဲ နေလို့ရတယ်၊ ညည်း ဒီအိမ်ရဲ့အပြင်

အဆင်ကို လေ့လာဦး ပြီးမှဝယ်၊ အိမ်တစ်လုံး မကြိုက်လို့ နောက် တစ်လုံးထပ်ဝယ်တာ အချိန်ကုန်၊ ငွေကုန် လူပန်းပဲ တစ်ကြိမ်တစ်ခါတည်း ဆုံးဖြတ်ပြီး တစ်ကြိမ်တည်း ဝယ်လိုက်တာ ကောင်းတယ်၊ နောက် တစ်ကြိမ်ဆိုတာ မဖြစ်စေရဘူး'

'ဆရာ စူးမှ ကြိုက်တာ၊ ရှေးပုံစံနဲ့အိမ်ကို ကြိုက် တာ ရယ် ကြောင့် စူး အတွင်းကို မကြည့်တော့ဘူး၊ မေမေ့ စိတ်တိုင်းကျ ပြင်ပါ၊ အပြင်က ဒီအတိုင်းပဲ ဖြစ်စေရမယ်'

စူးမသည် ဆရာ့စကားကိုဆုံးအောင်နားမထောင်တော့ဘဲ လျင်မြန်စွာ စကားဖြတ်လိုက်ပြီး ခါးခါးသီးသီးပြောသဖြင့် ဒေါ်းမ မိခင်က မျက်စောင်းထိုးလိုက်သည်ကို စူးမကဥပေက္ခာ ပြုလိုက်ရင်း....

'ကဲ—စူးမ ညည်းဆုံးဖြတ်ပြီးပြီနော်၊ ဒါဝေမယ့်သုံးရက် ဘိတိ စောင့်မယ်၊ ဒီပြင် အိမ်တွေ၊ ရှေးဟောင်း အိမ် ပုံစံ တွေလဲ ရှိတယ်၊ ညည်း လိုက်ကြည့်ချင် ကြည့်ဦး'

'မကြည့်တော့ပါဘူး ဆရာ၊ စူး ညနေကျရင်ကားရိုက်ဖို့ ရှိတယ်၊ စံညီနဲ့သွားမယ်နော်၊မနက်ဖြန်ကျရင်လဲ တစ်နေ့လုံး ကားရိုက်ရှိတယ်၊ အချိန်မှ မရတာ ဆရာက ဘယ်လောက်ပဲ

စူးမကို နှင်ထုတ်ထုတ်၊ စူးမတော့ ဆရာ့နားမှာပဲ နေမှာပဲ [illegible] စူးမ မသိတာရှိရင် ဆရာ့ဆီပဲ ပြေးလာမှာပဲ'

ပြောင်ချော်ချော် မျက်နှာလေးနှင့်ပြောပြီး လှည့်ထွ[illegible] လာသောအခါ ဆရာက စိတ်မကြည်သာဟန်ဖြင့်မျက်မှော[illegible] တွန့်ကာ ကျန်ရစ်ခဲ့သည်။

* * *

ဆရာသည် စူးမအား သူ့အရိပ်အောက်မှ နှင်ထုတ်ပြ[illegible] စူးမ လိုချင်သောအိမ်ဝယ်ပေးကာ ပြင်ဆင်မှုများပါ ပြု[illegible] ပေး၏။ စူးမ လိုအပ်သော ငွေငါးသိန်းကို စိုက်ပေးထ[illegible] ကာ....

'အလကား မစိုက်တော့ဘူး၊ အတိုးပေးရမယ် သုံးကျ[illegible] တိုးပဲ ပေးပါ။ နောက်ညည်းကုမ္ပဏီက ငွေချေရင်ပေးပေ[illegible] ကြိုတင်ပြီးယူရတာ သိက္ခာကျပါတယ်ကွာ၊ ပြီးတော့ နှိမ်ချ[illegible] နှိမ်နိုင်ကြတာပဲကွ၊ ဘယ်တော့မှ ကြို မယူရဘူး'

ဆရာ့ စေတနာကို စူးမ ရင်မှာ တုန်ခိုက်လာသည် အထိ[illegible] အသိအမှတ် ပြုမိသည်။ သို့ရာတွင် ဆရာ့စကားများကား— တစ်ခါတစ်ရံ စိမ်းကားလွန်းလှသည်။

သို့သော် စူးမအဖို့ ထိုအိမ်ကြီးကို ဝယ်ယူလိုက်ရခြင်းဖြင့် များစွာကျေနပ် ပျော်ရွှင်မိသည်။ စူးမ စိတ်အလိုကိုလိုက်သော ခင်သည် စူးမ ထိုချင်သည့် ပန်းကနုတ် ထိုင်ခုံများကိုပင် ယခင် စူးမပေးထားသော ငွေနှင့်ထပ်ဝယ်ပေးသကဲ့သို့ အိမ် အတွင်းကိုလည်း ဆေးများပြန်သုတ်ပေးကာ လင်းစေသည်။

စူးမ ကျေနပ်ရုံသာမက စူးမ မိခင်ကပါ ကျေနပ်သွား သည်။ သို့ဖြစ်၍ စူးမသည် ဆရာအားအထူးကျေးဇူးတင်ကာ ဆရာ့အိမ်တွင် မနေသော်လည်း ကျေးဇူးဆပ်သည့်အနေဖြင့် သစဉ် ကန်တော့သွားရန်ကို စဉ်းစားထားသည်။

ထို့အပြင် စိတ်လိုလျှင် စိတ်လိုသလို၊ လှိုက်လှိုက်လှဲလှဲ ကူညီတတ်သော စံအေးကိုလည်း ငွေရသည့် အခါ တိုင်း စံအေး လိုချင်တာကို အမှတ်တရ တစ်ခုခု ဝယ်ပေးသွားရန် လည်း စဉ်းစားထား၏။

'ကဲ....စူးမ၊ နှင်တော့ အထိုင် ကျသွားပြီ၊ ငါ့ ညီလေးပဲ ထိုတော့တယ် နော်၊ နှင် ငါ့ညီကို မမေ့နဲ့ဦး'

'ကြုံကြုံဖန်ဖန် အစ်ကိုစံအေးကလဲ စူးက မေ့ပါ့မလား၊ အိမ်ချင်းကပ်နေတာပဲဟာ'

စူးမက နောက်နောက်ပြောင်ပြောင်လေး ပြောလိုက်သော အခါ စံအေးကပါ ရယ်မောလျက် စူးမ၏ ပစ္စည်းများကို ငြင်း သယ် ပေးရာတွင် အင်တိုက် အားတိုက် ပါဝင် ကူညီ နေ၏။

'တောက်၊ စူးမ အိပ်ခန်းကြီးက လှ လိုက်တာကွယ်၊
ဆရာက သိပ် စိတ်ကူးကောင်းတာပဲ'

'ဘာလို့လဲ'

'နှင့်အတွက် အိပ်ခန်းကို သူ ကိုယ်တိုင် ရွေးချယ်ပြီး
ဘာသာ မွမ်းမံ ပေးတာလေ'

'ထင် သားပဲ၊ အဲဒါကြောင့် ဆရာ့ကို အားကိုး
တာပေါ့'

'နင် သက်သက် ဒုက္ခပေးတာပါ၊ ငါတို့ ညီအစ်ကိုတွေ
နင့်ရဲ့ ကျေးကျွန် ဖြစ်နေပြီပဲ'

စံအေးသည် စကားပြောရာတွင် ရှေ့နောက် ဘာ
မဆင်ခြင်ဘဲ ဟောဟော ဒိုင်းဒိုင်း ပြောချလိုက်သဖြင့်
နှင့် စံညီမျက်နှာမှာ ရဲခနဲ ဖြစ်သွားသည်။ သို့ရာတွင် စူး
ရယ်မောလျက်....

'ငရဲတွေ ကြီး ကုန်ပါ့မယ် အစ်ကိုရယ်၊ စူးမမှာ သ
အစ်ကိုစံအေးတို့ ညီအစ်ကိုကို အားမကိုးရင် ဘယ်သူ
အားကိုးရမှာလဲ၊ တစ်ပါးသူလိုအပ်တဲ့ အကူအညီကိုပေး
ကုသိုလ်ရပါတယ်လို့ပဲ မှတ်ယူလိုက်ပေါ့ အစ်ကိုရာ'

စူးမသည် စံအေးကို အစဉ် ချော့ပေါင်း နေရ သည်
အပြောင်းအလွဲမြန်ပြီး စကားပြော မဆင်ခြင်တတ်သေ
စံအေး ပါးစပ်ကို စူးမ ကြောက်မိသည်။

'ဆရာက မမကြီးရဲ့အိပ်ခန်းကို အကျယ်ဆုံး ဖြစ် အော
တာမင်ပြန် ဖွဲ့ခိုင်းတာလေ၊ မမကြီး စိတ်ချမ်းသာဖို့ အ

ကြီးတယ်တဲ့၊ မမကြီး ကျန်းကျန်းမာမာနဲ့ စိတ်ပျော်ရွှင်ပျော်
နေမှ ဝင်ငွေရှိမှာတဲ့'

ညီမ တူးမာက တတွတ်တွတ်နှင့် လာပြောနေသည်ကို
စူးမသည် ကိုယ့်အိပ်ခန်းကိုကြည့်ရင်း သဘောကျလာ လေ
သည်။

ကျွန်းသားနံရံများကို လျှာထိုးခင်းနှင့်ကာထားပြီး ဝေါ
လစ်မကပ်ဘဲ အဖြူနှင့်အစိမ်းရောင်ရောစပ်ထားသောဆေးကို
သုတ်ထား၏ နံရံများတွင် စူးမ၏ ဓာတ်ပုံများ၊ ကြော်ငြာ
ပိုစတာများကို မှန်ဘောင်နှင့်ချိတ်ထား၏။ စူးမ၏ အိပ်ခန်း
ဘေးတွင် လသာဆောင် ကွေးကွေးကလေး ရှိနေ၏။ တံခါး
ပေါက်ဖွင့်၍ လသာဆောင်ကို ထွက်ကြည့်၍ရသည်။

ထို လသာဆောင်ကို ခိုင်ခံ့စေရန် အမိုးထုပ်ပြီးပြန် ပျဉ်
ခင်းထား၏။ မိုးရွာရွာ နေပူပူ အပြင်ထွက်၍ရသည်။ အိပ်ခန်း
မှာ အိမ် အပေါ်ထပ်၏ သုံးပုံ နှစ်ပုံ နီးပါး ယူထားသည်။
တူးမ ညီမ နှစ်ယောက်အိပ်သော အခန်းနှင့် ဘုရားခန်းသာ
ရှိတော့သည်။

စူးမ အိပ်ခန်းသည် ပေသုံးဆယ်၊ ပေလေးဆယ် ကျယ်၏။
စူးမ အိပ်ခန်းထဲတွင် တီဗွီနှင့်ဘက်ဆက်ကို သီးသန့်ထားပြီး
လေ့ကျင့်ခန်း လုပ်ရန်နေရာကိုပါ ပြုလုပ်ထား၏။ အလင်း
ရောင်များများရနိုင်ရန်အတွက်လည်းတံခါးပေါက်များများ
ပြုလုပ်ထားသည်။

အဝတ် ဗီရိုကြီးများ၊ ဖိနပ်စင်များကိုပါ ပြုလုပ်ပေး
စူးမ အိပ်ခန်းထဲတွင် စူးမအတွက် စကအိပ်ခုတင် တ
သာ ထားပြီး ရေခဲသေတ္တာအသေးလေးထဲတွင် စူးမအ
စားစရာများ အဆင်သင့် ထည့်ပေးထားရသည်။ ထို
စရာများမှာ အသီးအနှံများသာဖြစ်၏။

လျှပ်စစ်မီးဖို၊ ပေါင်မုန့် မီးကင်စက်နှင့် ရေနွေးက
စတီးအိုးက အစ ထား ထားပေးသဖြင့် စူးမမှာ မိဘ နှ
ကိုပင် အားနာ မိသည်။

'ဒီ အလုပ်က ဘာအလုပ်နဲ့မှ မတူဘူး၊ အစဉ်
လှုပနေရမယ်၊ အဲဒီလို လှုပရအောင် စိတ်ချမ်းသ
ရမှာမို့ စူးမ လှုဖို့ အမိကပဲ'

စူးမ ဖခင်က စူးမကို နားလည် သကဲ့သို့ ညီမမျာ
လည်း နားလည်သဖြင့် စူးမ သူငယ်ချင်းကိုပင် သူတို့
ခန်းမှာပဲ သိပ်၏၊

မိန်းကလေးများ အိပ်ခန်းတွင် သုံးယောက်အိပ်၍အန
ငယ်ကျဉ်းသွားသဖြင့်ဆရာကပဲ စီစဉ်ပေးပြီး သနပ်ခါးလ
ခန်းကို အနည်းငယ် ချဲ့ကာ စူးမ သူငယ်ချင်းကို သိပ်
စူးမ သူငယ်ချင်း မငြိုငြင်စေရန် အဝတ်ဗီရိုနှင့်မှန်တင်
ထားပေး၏။ စူးမ အိပ်ခန်းထဲသို့ အဝင်မခံပေ။

စူးမ အိပ်ခန်းတွင် ခြင်လုံသံဆန်ခါများတပ်ဆင်ထား

စူးမ ကိုယ်တိုင်ကိုက ထိုကဲ့သို့ သီးခြား လုပ်ကိုင်သည်ကို
င်သက်သလို ခံစားမိ၏။ အဘယ်ကြောင့်ဆိုသော် ကားရိုက်
နေရခြင်းသည် အလွန်ပင်ဝန်း နွမ်းနယ်သောကြောင့် ကား
က်မှ ပြန်လာလျှင် သက်တောင့် သက်သာနှင့် အေးအေး
ဆေးဆေးလေး အနားယူလိုက်ရလျှင်အားအင်များပြန်လည်
ည့်ဖြိုးလာသည်ဟု ထင်မိ၏။

ဆရာသည် စူးမအတွက်သာမက အပ်ချုပ်သင်တန်းတက်
ားသည့် ညီမငယ် စူးမာအတွက်ပါ စက်ရော ဓားစက်ပါ
စ်ခါတည်း ဝယ်ပေးပြီး အင်္ကျီဒီဇိုင်း ပုံစံများကိုပါ ရှာဖွေ
ပေးခဲ့သည်။

စူးမ ဖခင်အတွက်ကမ်းလျှောက်နိုင်ရန်ကိုလည်း ဝါးတန်း
လေးများကို ရိုက်ပေးပြီး စိတ်ချမ်းသာအောင် ဖန်တီးပေး
ား၏။

စူးမ ဖခင်ကမူ အောင်မြင်မှု ရရှိကတည်းက စိတ်ချမ်းသာ
နေသည်မို့ ကျန်းမာရေးလည်း တိုးတက် ကောင်းမွန်လာခဲ့
ည်။

'အစ်ကို စီစဉ်ပေးတဲ့ မီးချောင်း အနေ အထားတွေကို
ကြိုက်ရင် စူးမ ပြင်ခိုင်းဖို့လဲ ငါ့ကို ပြောလိုက်ထယ်၊ ဒီ
ချောင်းတွေ မီးလုံးတွေကို ကြိုက်ရဲ့လား'

အိပ်ခန်း အလယ်တွင် ပန်းဆွဲမီးလုံးများနှင့် စူးမ ခုတင်
ခေါင်းရင်းတွင် နှစ်ပေမီးချောင်းသေး၊ အဝတ်ဗီရိုနားတွင်

နှစ်ပေ မီးချောင်းနှင့် မှန်တင်ခုံတွင် လည်း မီးချောင်းမျ မှန်ကိုလည်း ရွှေနောက် နှင့် ဘေးတိုက်ပါ မြင်ရအော လေး ချပ်ထားသည်။

ဤမျှ ခမ်းနား ကြီးကျယ်မှုကို စူးမ ဘယ် တုန်းက မမျှော်လင့်ခဲ့ပေ၊ အိပ်မက်ပင် မမက်ခဲ့သည်မို့ ဆရာ့ကိုသ အထူး ကျေးဇူးတင်မိသည်။

မေ့မေ့နှင့် ကိုယ့်အိပ်ခန်းထဲဝင်၍ အနားယူပြီးဖျော်ရ အေးလေးသောက်ရသည့်အခါ မှန်တင်ခုံရှေ့မှာရပ်ပြီး အ မြင်ရသည့်အခါ အဝတ်ဗီရိုကို ဖွင့်ပြီး အဝတ်ယူရသည့်အ ကားပေါ်တက်ပြီး ကားမောင်းရသည့်အခါ ထိုအခါမျ တွင် စူးမသည် ဆရာ့အားအမှတ်ရကာ ထိုင်ရှိခိုးချင်သ အထိ ကျေးဇူးတင်မိသည်။

ဆရာသာ မကယ်တင်လျှင် ပဲပြုတ်သည်ဘဝမှာ နစ်မွ လျက်ရှိနေဦးမည်သာဖြစ်သည်။

'ယင်း....'

'ဘာတွေ သက်ပြင်းချနေတာလဲ စူးမရယ်၊ ငါကြည့် တာကြာပြီ'

စူးမ ခေါ်ထားသော သူငယ်ချင်း မြမြရီကြောင့် စူး လှလှလေးပြုံးလိုက်သည်။ တမင်လေ့ကျင့်ထားသောကြ စူးမ အပြုံးများက အကျင့်ပါနေပြီး ပြုံးလိုက်သည့် အ တိုင်း လှနေရမည်သာ ဖြစ်သည်။

'ဩော်....တစ်ခါ တစ်ခါ ငါ့ဘဝ ပြောင်းလဲပုံတွေးမိရင် ါဘာသာ ငါ မယုံနိုင်လွန်းလို့ပါ'

'ကံ တရားပေါ့ဟာ'

'ကံဇာ ရား၊ အင်း....ကံတရားဆိုတာ ဟုတ်တော့ ဟုတ်နိုင် ယ်၊ ဒါပေမယ့် အချိန်တိုတိုလေး အတွင်းမှာ အောင်မြင် ှအောင်လို့ စူးမ ဘယ်လောက်ကြိုးစားရတယ်ဆိုတာနင်တို့ သိဘူး နော်'

'ကဲ—ကဲ—ရော့....ရော့၊ ဒီမှာ နင့် ဆရာက နင့်အတွက် န်းပေးလိုက်တယ်၊ ဒီမှာဆက်ကြည့်'

စံအေးက ဆယ်လူလာ ဖုန်းလေး ယူလာသဖြင့် စူးမ ူးသြဝမ်းသာ သွားသည်။

'ဟင်—ဒီအိမ်မှာလဲ ဖုန်းမရှိတဲ့နဲ့'

စူးမသည် နီရောင် ဖုန်းလေးကို ဝမ်းသာ အားရနှင့် ကြည့်ရင်း ညည်းညည်းညူညူလေး ပြောလိုက်သည်။

'ငါတို့ အိမ်က ဖုန်းနံပါတ်နဲ့ဆက်ထားတာ နင် ပြောလို့ အောင်တဲ့၊ ဟော... လာပြီ'

တူ....တူ...မြည်သံကြားရ၍ စူးမ ကပ်နားထောင်ကြည့် သောအခါ ဆရာ့သံသြသြကြီးကို ကြားလိုက်ရ၏။

'စူးမလား'

'ဟုတ်ကဲ့ ဆရာ'

'စူးမ လုပ်ငန်းကိစ္စအတွက် အသုံးပြုရအောင်လို့ ငါ ပို့ ပေးလိုက်တာ၊ ငါတို့ ဖုန်းနဲ့ဆက်သွယ်ထားတော့ အလုပ်

ကိစ္စတော့ပြောလို့ရတယ်၊ ဒါပေမယ့် ရည်းစားစကားတော့
ပြောလို့မရဘူးနော်'

'အို....ဆရာကလဲ'

စူးမက ရှက်ရှက်နှင့် ရယ်လိုက်စဉ် တစ်ဖက်မှ ဖုန်းချသွာ
သဖြင့် စူးမလည်း စံခအေး လက်ထဲ ပြန်ထည့်ရင်း....

'ဒါက ဘယ်နား ထားရမှာလဲ'

'အံ့မယ်လေး၊ ချိတ်ဖို့ ချိတ်ပါ လုပ်ပေးထားပါတယ်
နှင့်ဆရာက အားလုံးအဆင်သင့်ပဲ'

စူးမ ဘာစကားမျှ မပြောနိုင်အောင်ပင် ကြည်နူး ဝမ်
သာမိ၏။ မိမိ လိုအပ်ချက်ကို အားလုံး ဖြည့်စွမ်းပေးနေသ
ဆရာပင် ဖြစ်ပါသည်။

'ဩော်....ဆရာရယ်'

စူးမ လျှောက်လှမ်းသော လမ်းမှာ ဖြောင့်ဖြူးသာယာ
လျက် အေးမြသော အရိပ်များနှင့် အမောပြေစေရန် ရေတာ
များပင် ရှိပါသည်။ ထိုအရာများအားလုံးကို အမိကဖန်တီး
ပေးနေသူ ဖန်တီးရှင်ကား ဆရာပင် ဖြစ်ပေသည်။

အခန်း (၄)

ပြိုင်ပွဲဝင်

အနုပညာလမ်းများကား လမ်းအသွယ်သွယ်ဖြင့် ကိုယ့်
စည်းနှင့် ကိုယ်၊ ကိုယ့်လမ်းနှင့် ကိုယ် လျှောက်ကြသည် ဖြစ်
ရာ ဖန်သားပြင်မှာပဲဖြစ်ဖြစ်၊ အဖြူရောင်ပိတ်ကားပေါ်မှာ
ပဲဖြစ်ဖြစ် အနုပညာ အရည်အသွေးကို ပြည်သူက မှတ်
ကျောက်တင်ခဲ့သည်။ ပြည်သူများကသာ အနုပညာ
အောင်မြင်ကျော်ကြားမှုကို အားပေးချီးမြှောက်ခဲ့၏။

ဤသို့ လမ်းအသွယ်သွယ်ဖြင့် လျှောက်ကြရာတွင် မမျှော်
လင့်ဘဲနှင့် လမ်းဆုံလမ်းခွကို ရောက်ခဲ့ကြ၏။

ထိုအခါတွင် စူးမ၏အနုပညာသက်တမ်း တစ်နှစ်မြောက်
သော နေ့တွင် စူးမ၏ စီးရီးလည်း ထွက်ပြီး အောင်မြင်လာ

ဖြိုဖြစ်ရာ နယ်တွင်အထူးပွဲအဖြစ်ဖြင့် စူးမအား ဖိတ်ကြားခြင်း ခံရသည်။

နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲထစ်ခု ဖြစ်သည်။ စူးမကလည်း ကားရိုက်က အပြန် လမ်းသင့်နေသဖြင့် လက်ခံလိုက်သည်။

ဤကဲ့သို့ ပွဲများတွင် သုံး-လေးပွဲခန့် လက်ခံ၍ သီဆိုခဲ့ဖူး သည်။ သို့သော် ကားရိုက်သည်ကိုသာ ဦးစားပေးနေရသော ကြောင့် ပွဲများ လွတ်သွားသည်က များသည်။

အချင်းချင်း စကားပြောနေရင်းနှင့်ပင် မြမြရီက သူ့ နားလာ၍ တိုးတိုးလေး ကပ်ပြောသည်။

'ဟဲ့... ကျော်ထွတ်မြတ် ပါတယ်တဲ့'

'ဟင်'

စူးမ တုန်လှုပ်သွားမိ၏။ ပဲပြုတ်ရောင်းစဉ် ဘဝက မြမြရီ တို့နှင့် စူးမသည် ကျော်ထွတ်မြတ်၏ ဗီဒီယိုကို မလွတ်တမ်း ကြည့်သည်။ ရုပ်ရှင်ဆိုလျှင်လည်း ကျော်ထွတ်မြတ် ပါသည့် ကားဆိုလျှင် အမြဲသွားကြည့်၏။ ကျော်ထွတ်မြတ် ပါသော ရုပ်ပုံများကို ဆီးထုပ်စက္ကူပင် မကျန်အောင် သိမ်းထားနေ ကြဖြစ်၏။

'သူ မလာသေးဘူးတဲ့'

မြမြရီက ပြုံးတုံးမြဲတဲ့နှင့် ကျော်ထွတ်မြတ်ကို ရှာဖွေ ရင်း ပြောလိုက်သည်။

မြမြရီသည် စူးမ ရင်ထဲမှ အငြိုးများကို မသိသော ကြောင့်သာ ဤကဲ့သို့ ပြောခြင်း ဖြစ်သည်။ စူးမကလည်း ၊အေးနှင့် စီဉီတို့ ညီအစ်ကိုမှလွဲ၍ ဘယ်သူ့ကိုမျှ ပြော ထားပေ။

တစ်ဦးပြီး တစ်ဦး ဆိုနေကြသဖြင့် စူးမက မိမိအလှည့်ကို စောင့်နေရင်း ရင်ထဲမှာ တဒိတ်ဒိတ် ခုန်နေမိသည်။

သူနှင့် ကိုယ်ကတော့ ရင်ဆိုင်တွေ့ဖို့အကြောင်း သိပ်မရှိ ပေ။ ကိုယ်ဆိုပြီးမှ သူလာလျှင် သူ့ကို မမြင်ဟန်ဆောင်ပြီး ပြန်သွားရန်သာ ရှိသည်။ ကိုယ် မဆိုမီ သူလာလျှင် သူ့ အား ရင်ဆိုင် တွေ့ရမည်။ သို့သော် ကိုယ်ကတော့ စပြီး နှုတ်ဆက်မပေ။

'စူးမ၊ နင့်▬လှည့်... နင့်အလှည့်'

'ဟင်... ငါ့ကို ခေါ်နေလား'

'အေးလေ... ထ'

ကိုယ့်အလှည့်မှန်းပင် မသိလိုက်အောင်ပင် အတွေးလွန် သွားမိ၏။

စူးမ စင်မြင့်ပေါ်သို့ တက်ရန် လှမ်းအထွက်တွင် ကျော် ထွတ်မြတ် ရောက်လာ၏။

'ကိုယ်က အရေးတကြီးသွားစရာရှိလို့ အခုအလှည့်ပြီးရင် ဆိုမယ်၊ အခု ဘယ်သူ့အလှည့်လဲ'

'မေပိတောက်နွေ အလှည့်ပါ'

'ဩော်....သူလား'

ကျော်ထွတ်မြတ် နှုတ်ဖျားမှ တီးတိုး ညည်းလိုက်သံကို ကြားရပြီး စင်ပေါ်ရောက်သွား၏။

ပွဲဆူအောင်တော့ လုပ်ရမည်။ ခပ်ဟော့ဟော့သီချင်းလေး ဆိုလိုက်ရမည်။ မိမိကို ကျော်ထွတ်မြတ် ကျော်နိုင်မည်လား။

'အို....'

စ,ဆိုသည့် သီချင်းအမျိုးလေးဆုံးပြီး ဒုတိယသီချင်း တစ်ပုဒ်ကို နည်းနည်းငြိမ်ပေးပြီး တတိယသီချင်းကို ဆူအောင် အော်ထားကာ သံကုန်ဟစ်လိုက်သည်။

ပွဲခင်းတစ်ခုလုံး လှုပ်ကုန်၏။ ရုံထောင့်မှ အစ်ကို ကာလသားများ တလှုပ်လှုပ်နှင့် လိုက်ဆိုကြ၊ လက်ခုပ်တီးကြနှင့် ကခုန်ပြီး ပွဲဆူသွားစဉ် မမျှော်လင့်ဘဲ အဖြစ်အပျက်တစ်ခုကို ရင်ဆိုင်လိုက်မိသည်။

အဘယ်ကြောင့်ဆိုသော် ကျော်ထွတ်မြတ်က စူးမနား လာ က,တော့သည်။ စူးမ အာရုံ သူ့ထံရောက်သွားသည်နှင့် တစ်ချက်ကြောင်သွားသည်ကို စူးမဘာသာ စူးမ သတိထားမိပြီး မကြောင်အောင် သတိထားဆိုလိုက်၏။

တီးလုံးများက ဆူညံနေသလို ကျော်ထွတ်မြတ်ကလည်း တွန့်လိမ့်ကရင်းနှင့် စူးမ ရှေ့တည့်တည့်ကို ရောက်လာသည်။

ပရိသတ်ကို ကျောပေးပြီး စူးမဘက်ကို မျက်နှာလှည့် ကာ စူးမ ရှေ့တည့်တည့်မှာ ပေါင်ကို ကား၊ ဖင်ကို လှုပ်၊ လက်ကိုကားနှင့် က,နေ၏။ သူ ဝတ်ထားသော အဖြူရောင် ကုတ်အင်္ကျီမှာလည်း ကားကားကြီးဖြစ်ကာ စူးမနှင့်ပရိသတ် ကြားတွင် သူက ကာရံထားသကဲ့သို့ ဖြစ်နေ၏။

ဧကာဟု ထင်သော်လည်း ခဏ မဟုတ်။ ကားကားကြီး လုပ်ကရင်း ဖင်ကို ဟိုဘက် သည်ဘက် ယမ်းရင်းနှင့် စူးမ ရှေ့က မခွာ။

စူးမ သူ့အား မျက်လုံးပြူးပြီး ကြည့်ပစ်သည်။ သူက စူးမကို ပြုံးပြရင်းနှင့် မခွာပေ။

သည်တော့ စူးမပဲလေ။ သူ့အကကို လုံးဝမခံဘဲ ပရိသတ်ရှေ့သို့ ထွက်လာပြီး သီချင်းဆိုရင်းနှင့် သူ့နောက်ကျော မရှုမှာ ရပ်ကာ ဟစ်လိုက်သည်။

စူးမ ထွက်လာတော့ သူ ကြောင်ပြီး ဆက်ကသည်။ သို့သော် စူးမ ရှေ့မှာ လာက၍ မရတော့ပေ။ စူးမက စင်၏ အစပ်နား ရောက်နေလေပြီ ဖြစ်သည်။

စူးမ စင်အစပ်နားက မခွာတော့ပေ။ ကျော်ထွတ်မြတ် အကကိုလည်း စူးမ မကြည့်တော့။ ပရိသတ် လှုပ်ရှား က,နေသည်ကိုသာ စူးမ ကြည့်ပြီး လက်ပြသည်။ လက်ခုပ်တီး ကာ အားပေးသည်။ ကျော်ထွတ်မြတ်ကတော့ စူးမ နောက်ကျောမှာ က,နေသလား၊ ဆင်းသွားသလား မသိပေ။

စူးမ နောက်တစ်ပုဒ်ဆိုဖို့ တီးဝိုင်းအဖွဲ့ကို နှုပ်စ် ပေးလို
သည်။

ကျော်ထွဋ်မြတ် မကနိုင်သည့် သီချင်းအေးပင် ဖြစ်
ကဲ...ဘာတတ်နိုင်လဲ။ ဘယ်လိုမှ မကနိုင်သည့် သီချ
မြန်မာသီချင်း 'လဲ့လဲ့ဝင်း'မို့ ကျော်ထွဋ်မြတ် နော
ဘက်မှာ ဝင်ထိုင်နေရမှာပေါ့။

နောက်ဆုံးအပုဒ်တော့ ပော့လိုက်သည်။ ကျော်ထွဋ်
ထွက်မလာတော့ပေ။ သည်တစ်ခါထွက်လာလျှင်လည်း
က အငိုက်ဖမိအောင် စင်ရှေ့ဖျားနားက မခွာတော့။

တွေ့ကြပြီ။ စူးမနဲ့ ကျော်ထွဋ်မြတ်တို့ တွေ့ကြပြီပဲ။

* * *

'မေပိဒေတာက်နွေဆိုတာ အစ်ကိုနိုင်မြင့်ဆွေရဲ့ တပည့်
သိပေမယ့် မင်းလို မထင်ခဲ့ဘူး၊ မင်းက သိပ်တိုးတက်
ပါလား'

ကဲ...အယ်နှယ့်ရှိစ၊ စူးမရဲ့ ရိုက်ကွင်းမှာ တကူး
လာတွေ့ပြီး စကားလာပြောရတဲ့ ကျော်ထွဋ်မြတ်ကို စူး

ခြေလေးချိတ်ရင်း မျက်တောင်ကို ပင့်ရင်းနဲ့ လက်ခံစကား
ပြောနေရပြီ။

ခါတိုင်း ရိုက်ကွင်းမှာ ပရိသတ် တစ်ယောက်ယောက်က
လာပိတ်ဆက်ရင်တောင် စူးမ ရှိရှိသေသေနဲ့ မတ်တတ်လေး
ရပ်ပြီး လက်ခံစကားပြောပါတယ်ဆိုတာ မြမြရီတို့ အသိပါ။
ခုလိုပုံစံနှင့် ဘယ်သူတစ်ဦးကိုမှ စကားမပြောခဲ့ပါဘူး။

'ဩော်...ဒီလိုပဲပေါ့ရှင်၊ မွေးလာကတည်းက ဘယ်သူမှ
အမူအရာတွေလုပ်ပြီး အမိဝမ်းမှာ အတတ်သင်လာခဲ့တာမှ
မဟုတ်တာ၊ ကြိုးစားရတာပဲပေါ့'

'မင်း ကြိုးစားမှုကတော့ အံ့ဘနန်းပါပဲကွာ၊ အချိန်တို
တိုလေး အတွင်းမှာ မထင်မှတ်လောက်အောင်ကို အောင်မြင်
မှုရသွားတာပါပဲနော်'

'ဟုတ်တယ်နော်၊ မထင်မှတ်စရာဘဲ၊ ဆရာက စသင်တုန်း
ကဆို အချိုကမျှား ကျည်ပွေ့အတက်ထွက်မှလို ကဲ့ရဲ့ကြ
သေးတာပဲ'

ကျော်ထွဋ်မြတ်မျက်နှာ ရဲသွားသည်။ သို့သော် မင်းသား
ပီပီ ရှက်ရယ် ရယ်ရင်းက ခေါင်းကိုမော့ကာ....

'အား....ဒီလိုပဲပေါ့ မေပိဒေတာက်နွေရယ်၊ ကျောက်ရိုင်း
တုံးက သွေးမှ ထက်တာပေါ့၊ မသွေးဘဲနေရင်တော့ အရိုင်း
တုံးကြီးပဲ ဖြစ်နေမှာပဲလေ'

'ဟုတ်တယ်နော်၊ အရိုင်းတုံးဆိုရင် ဘယ်သူမှ အရေးစိုက်
မှာ မဟုတ်ဘူး၊ ခြေနဲ့ လှမ်းကန်သွားကြ၊ ခလုတ်တိုက်သွား

ကြမှာပဲနော်၊ သွေးပြီး အရောင်တောက်သွားမှ လူတွေ အရေးလုပ်ကြတာ မဟုတ်လား'

စူးမနှင့် အငြိုးနှင့်ထေ့လိုက်သည်ကို ကျော်ထွတ်မြတ် နားလည် သဘော ပေါက်စွာဖြင့် ထပ်မံ ရယ် မော လို ရင်းက....

'ဟုတ်တာပေါ့ကွယ်၊ တောကြီးထဲမှာ ပွင့်နေတဲ့ပန်း တောထဲမှာပဲ နွမ်းသွားရင် ဘယ်အသုံးဝင်မှာလဲ၊ မြို့ပေါ ရောက်ပြီး မင်္ဂလာပွဲတွေမှာ အသုံးပြုမှ တော်ဝင်ပန်း တော့မှာပေါ့'

'အဲဒီလို သဘောပေါက်ရင်တော့ ကျေးဇူးပဲပေါ့ ရှ တောမှာပွင့်တဲ့ပန်းက မြို့ပေါ်က တော်ဝင် အခမ်းအနာ တွေနဲ့ မအပ်စပ်ဘူးလို့ ကဲ့ရဲ့ မခံရရင် တော်ပါပြီ'

ကျော်ထွတ်မြတ်က ပခုံးနှစ်ဖက်ကို ဟန်ပါပါနှင့် တွ လိုက်ရင်းက....

'ကဲပါ....မေပိတောက်ရယ်၊ အငြိုးအတေးတွေကို ပျောက် ပစ်လိုက်ပါ၊ လောက ရဲ့ သဘော သဘာဝကိုသိ ခွင့်လွှတ်မှာပါ'

'ဘာကိုလဲဟင်'

'ဩော်....ဆရာ နိုင်မြင့်ဆွေ ပြောဖူးတဲ့ စကားရှိတ မဟုတ်လား'

'ဘာလဲ၊ အောင်မြင်မှုရရှိတဲ့ လူတစ်ယောက်အတွက် မိတ်ဆွေကောင်းတွေ ပေါများတယ်ဆိုတာလား'

ဆရာ၏ လက်သုံးစကားမို့ စူးမ မမေ့ပေ။ စူးမ စကားကြောင့် ကျော်ထွတ်မြတ်ကပါ သဘောကျစွာ ရယ်မောရင်းက....

'ဒါကိုနားလည်ရင် တို့များ ခင်မင်မှု အထိမ်းအမှတ်နဲ့ တစ်ခုခု သွားစားကြရအောင်လား....ဟင်'

'ဆောရီး....ကိုကျော်ထွတ်မြတ်ရေ၊ စူးမမှာ အပြင်ထွက်ဖို့ အချိန်မပေးနိုင်လို့ပါ၊ နောင်များကျမှ အားလပ်ချိန်မှာ တွေ့ကြတာပေါ့နော်'

စူးမသည် ပြောရင်းဆိုရင်းနှင့် ဒါရိုက်တာအား လက်ပြလိုက်သည်မို့ ကျော်ထွတ်မြတ်က မဲ့ပြုံးပြုံးရင်းက....

'ဒါဆိုလဲ တို့ သွားတော့မယ်နော်၊ တို့ တစ်ယောက်တည်းပဲ နေ့လယ်စာကို စားရတော့မှာပေါ့'

ကျော်ထွတ်မြတ် လှည့်ထွက်သွားသည်ကို စူးမက ကျေနပ်စွာ ငေးကြည့်နေစဉ် မြမြရီက စူးမကို မျက်စောင်းကြီး ထိုးရင်း တံတောင်နှင့် တွက်ကာ....

'ကောင်မ၊ ညည်းက သိပ်ကြီးကျယ်နေတာပဲ၊ ဟိုက ခခယယ ခေါ်နေတာတောင် ဈေးကိုင်နေသေးတယ်၊ ဘာလဲ.... ငါ့ပါ ခေါ်ရမှာစိုးလို့လား၊ ငါလိုက်ရရင် ကျော်ထွတ်မြတ်က ငါ့ကို သဘောကျသွားမှာစိုးလို့ မဟုတ်လား'

'အေး....ဟုတ်တယ်'

ရှုတ်နှောက်နှောက် ပြောလိုက်သော မြမြရီစကားကြော
စူးမှုက ရယ်မောရင်း မြမြရီ ထောင်ပေးသော မှန်ကို ကြ
ရင်းက မိမိတွင် ဘာချွတ်ယွင်းချက်ရှိသလဲဟု ဆန်းစစ်ကြည့
သည်။

'ညည်းနော်၊ တိုစတိတ်ရှိုးပွဲတုန်းကလဲ ကျော်ထွတ်မြ
ပြီးအောင် စောင့်ပေးပါဆိုပြီး မစောင့်ဘဲ ထပြန်လာတယ
အခုလဲ ကိုယ် မင်းသမီးပဲ၊ အပြင်ထွက်ချင်ရင်ရတာပဲ မဟု
လား၊ အလကားဈေးကိုင်လို့'

စူးမ ဘာမျှ မပြောတော့ဘဲ ရှိုက်ကွင်းဆီသို့ အသာလှ
ထွက်လာခဲ့သည်။

မည်သို့ပင်ဖြစ်စေ မိမိရှေ့မှောက်သို့ အသင့်ရောက်လာ
ဖြစ်သော ကျော်ထွတ်မြတ်ကြောင့် ကျေနပ် ပီတိဖြစ်မိသည
များမကြာမီ အချိန်တွင် ကျော်ထွတ်မြတ်သည် မိမိထံပါး
သာ တရစ်ဝဲဝဲရှိနေတော့မည်ကို မြင်ယောင်လျက်....။

* * *

'ဆရာ'

'ဟင်....ညည်းကလဲ အသံမှဲ့ပေး ဘာမပေးနဲ့'

ပက်လက်ကုလားထိုင်တွင် စာဖတ်နေသော ဆရာ့နောက်ကျောမှ ကပ်ကာ ခေါ်လိုက်သောကြောင့် ဆရာ လန့်သွားသည်ကို ကြည့်ကာ စူးမသည် သဘောကျစွာ ရယ်မောမိလိုက်၏။

'ဆရာ့ကို စောင့်ဖမ်းနေတာ ကြာပြီ၊ ဆရာက အိမ်မှာ မရှိဘဲ လျှောက်သွားနေတာ များတာကိုး'

'ညည်းလိုပဲပေါ့၊ ကိစ္စရှိလို့ သွားရတာပဲ့၊ ကဲ....ဒီနေ့.... ညည်းဘယ်မှ မသွားဘူးလား၊ ကားရိုက် မရှိဘူးလား'

စူးမက ရယ်ဖြဲဖြဲလုပ်ရင်း ဝခုံးနှစ်ဖက်ကို တွန့်ကာ....

'နာမည်ကြီး အကယ်ဒမီမင်းသားက နာဖေးနေလို့ ကား မရိုက်နိုင်ဘူးတဲ့၊ အနားယူဦးမယ်ဆိုလို့ စူးမတို့လို အာဝလာ မင်းသမီးသစ်လေးလဲ အနားယူရဖို့ ဖြစ်လာရတာပေါ့'

'တော်စမ်း စူးမရာ၊ မင်းကိုယ်မင်း အာဝလာလို့ ထင်နေရင်တော့ အာဝလာအဆင့်ပဲ ရှိနေမှာပေါ့၊ မင်းဟာ ဘယ်တော့မှ ပြန်ပြင်စရာ မရှိအောင်ကို အောင်မြင်နေပြီပဲ၊ ကိုယ့်ကိုယ်ကို အမြဲတမ်း မြင့်ထားစမ်းပါ၊ မာနတက်ဖို့၊ လူအောက်ကျို့ဖို့ကို ပြောတာ မဟုတ်ဘူးနော်'

ဆရာ ထံလာလျှင် အစဉ်အမြဲ ဆုံးမသွန်သင်စကားများ
သာ ကြားနေရသည်။ မည်သို့ပင်ဖြစ်စေ စူးမ လာသ
အခါတိုင်း ဆရာ့အား မတွေ့ရသည်မှာ လေး-ငါးကြိမ်
မို့ ယခုကဲ့သို့ ဆရာနှင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့ရသည်
လွန်စွာပျော်ရွှင်နေပြီး ဝမ်းသာမှုကို ထိန်းမနိုင်အောင်
ကာ မျက်နှာပိုးသတ်မရဘဲ ထိုင်မရ, ထမရနှင့် ဂနာမ
ဖြစ်နေ၏။

လက်နှစ်ဖက်ကို ပွတ်လျက် လက်ပိုက်လျက် လက်နေ
ဝစ်ကာ ခြေဖျားထောက်လိုက်နှင့် အငြိမ်နေ၍ မရနိုင်

'ညည်း ချယ်ရီလွှင်ကို သိလား'

'သိတာပေါ့၊ စူးမ မသိဘဲနေပါ့မလား'

'အေး....ချယ်ရီလွှင် မင်းသမီးဖြစ်တာနှစ်နှစ်နီးပါး
ညည်းလောက် ကားရိုက်ရတာ မများဘူး၊ ငါ ညည်း
ပြော မလို့ဘဲ၊ ဟာ....ညည်း ဘယ်လို ဖြစ်နေတာလဲ
မငြိမ်ဘူး၊ ထိုင်စမ်း၊ ဟိုမှာ ခုံရှိတယ်၊ ဆွဲ ထိုင်စမ်း၊လှုပ်
ရွရွနဲ့ မျက်စိနောက်လိုက်တာ'

'ဟင်—ဆရာကလဲ'

စူးမက ဆရာ့ကိုချွဲချွဲလေး နွဲ့လိုက်ပြီးဆရာနှင့်မျက်စော
ထိုး နီးနီးနေရာသို့ ကြိမ်ခုံပုလေး ဆွဲယူကာ ထိုင်လိုက်သည်
ဒူးနှစ်ဖက်ပေါ် လက်ထောက် တင်ပြီး မေးကို ပင့်
ဆရာ့အား လှမ်းကြည့်ရင်း....

'ကဲ....ပြော၊ ဘာပြောမှာလဲ'

ဆရာက စူးမကို အမြင်ကပ်စွာ ငဲ့ကြည့်လိုက်ရင်းက....

'ညည်း ဘာဖြစ်နေတာလဲ စူးမ'

'ဘာ ဖြစ်လို့လဲဆရာ'

'စပ်ဖြဲဖြဲနဲ့ မျက်နှာပိုးကို မကျိုးဘူး'

ဆရာသည် စူးမအား မညှာမတာ ပျစ်ပျစ်နှစ်နှစ် ပြော
သည့်တိုင်အောင် စူးမက စိတ်မဆိုးနိုင်ဘဲ နှုတ်ခမ်းလေး
...ကာ....

'ဘာလို့လဲ ဆရာရဲ့ စူးက အိမ်မှာ နေတာရယ်၊ ဆရာတို့
...မ်ကိုလာတာရယ်က လွတ်လွတ် လပ်လပ်နဲ့ နေချင်သလို
နေလို့ ရလို့ ပေါ့ပါးပါး နေမိတာပါ၊ ဒီပြင် နေရာတွေမှာ
...န်ကြီး ပန်ကြီးနဲ့နေ နေရတာ မောပါတယ်ဆရာရယ်'

'အေးပါ၊ ညည်းက မင်းသမီးပဲ၊ မင်းသမီး ပြောသမျှ
...ားထောင်ရမယ်၊ နာခံရမယ်၊ မင်းသမီး မျက်ရည်ကျတာ
...လဲ လိုက်ကျနေရမှာပဲ၊ မင်းသမီးရဲ့ကြေးမုံဟာ ငါတို့
...ရိသတ်ပဲ မဟုတ်လား'

'ဆရာပဲ ဒါရိုက်တာဖြစ်လိုက်၊ ပရိသတ်ဖြစ်လိုက်နဲ့ တတ်
...နိုင်လွန်းပါတယ်'

စူးမ စကားကြောင့် ဆရာ က သဘောကျစွာ ပြုံး
လိုက်ရင်း....

'အေး.... ဒါရိုက်တာဟာလဲ တစ်ခါတလေ ပရိသတ်
ဖြစ်ရတယ် စူးမ၊ ညည်းတို့ မင်းသား မင်းသမီးတွေလဲတစ်ခါ
တလေ ပရိသတ်ဖြစ်ရတာပဲ'

ထိုအခါ စူးမသည် အံ့ဩသွားဟန်ဖြင့် မျက်လုံးလေးများ ဝိုင်းသွားပြီး ခေါင်းလေးကို ယမ်းကာ....

'ဟင့်အင်း—ဆရာ့စကားကို စူးမ နားမလည်ဘူး'

'ဘာလို့ နားမလည်ရမှာလဲ ငါ ပြောတာမြန်မာစကားပဲ ကိုယ်ကိုယ်တိုင် မပါဝင်ပေမယ့် တခြား နာမည်ကြီးပြီး လူကြိုက်များတဲ့ ရုပ်ရှင်ကားတွေကို ကြည့်ပေး ရတယ် နည်းနာ ယူရတယ်လို့ ငါ ပြောတာ ညည်း က သဘော မပေါက်လို့လား'

စူးမက မျက်လုံးလေး ကလယ်ကလယ် လုပ်ကာခေါင်းကို သွက်သွက်ကလေး ညိတ်လိုက်ရင်း....

'ဒီလိုဆို နားလည်ပါတယ် ဆရာ၊ စူးက အရိပ်ပြလို့ အကောင် မမြင် တတ် ဘူး၊ အကောင်လိုက်ပြမှ အရိပ် မြင်တာ'

စူးမ စကားကြောင့် ဆရာက စူးမခေါင်းကို ဖက်လက် စာအုပ်ဖြင့် လှမ်းထုလိုက်ရာ စူးမသည် ရှောင်လျှင်ရရက်နှင့် တမင် မရှောင်ဘဲ ဆရာအထုကို ခံယူလိုက်သည်။

သို့ရာတွင် ကတ်ထူ အဖုံးမို့ ခေါင်းနာသွားရာ ကိုယ့် ခေါင်းကို ကိုင်ရင်း....

'အား....နာလိုက်တာ'

'ဖွ—ဖွ—ဖွ၊ သိပ်နာသွားလား'

'နာတာပေါ့၊ ဆရာက အရမ်းချည်းပဲ'

'ငါ အမှတ်တမဲ့ ထုတာကို သိရက်နဲ့ ညည်းကရှောင်ဝါလား'

'မနာဘူး ထင်လို့ မရှောင်တာပါ၊ နာ ရင် အစောကြီးကတည်းက ကြိုရှောင်တာပေါ့'

တမင်ကို နှဲ့လိုက်သောအခါ ဆရာက သူ့စာအုပ်ကို ပြန်ကြည့်လိုက်သည်။ ကတ်ထူအဖုံးနှင့် တရားစာအုပ် ဖြစ်၏။ ဒုထူသကဲ့သို့ စာအုပ်ဆိုက်ကလည်းကြီးသည်မို့ စိတ်မကောင်းဖြစ်သွားမိသည်။

'ဆောရီးကွာ၊ အနှောင့်နှဲ့ကျသွားသလား၊ စူးမ သိပ်နာသလားဟင်'

'မနာတော့ဘူး'

'အရူးမ ခုနက နာတယ်ဆို'

'ဆရာ မေးလိုက်တာနဲ့ ပျောက်သွားပြီ'

ရုတ်တရက် ဆရာ့စကားသံ တိတ်သွားပြီး စူးမ မျက်ဝန်းကို လျှပ်တစ်ပြက် ကြည့်လိုက်သည်။

လမ်းခုလတ်၌မင် မျက်ဝန်းအစုံတို့ ခလုတ်တိုက် ရပ်တန့်သွားပြီး ဖြိုင်တူမျက်နှာလွှဲလိုက်သည်။ စူးမ ရင်ဖိုသွား၏။

'ညည်းက ရုပ်ရှင်မင်းသမီးပီပီ မူယာမာယာက သိပ်များတာကိုး'

'ဆရာ့တပည့်ပဲလေ'

စူးမကလည်း ရယ်ရယ်မောမောနှင့် ပြန်နောက်လိုက်မိသည်။ ဆရာက မျက်နှာပိုးသတ်ရင်းက....

'တခြားတော့ မဟုတ်ပါဘူးကွာ၊ ညည်းကို သတိပေးချင်တာက ခြေလှမ်းမမှားဖို့ရယ်၊ စဉ်းစားချင့်ချိန်တတ်ဖို့ရယ်ပါပဲ၊ ရိုက်ဖို့ကမ်းလှမ်းတဲ့ ဇာတ်ကားတိုင်းကို ရမ်းပြီးလက်မခံဘဲ ဇာတ်လမ်းကိုဖတ်ပြီးမှ လက်ခံရမယ်၊ အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးရမယ်'

စူးမသည် ဆရာ့စကားကို သေချာစွာ နားထောင်ပြီးမှ....

'ခြေလှမ်းမမှားဖို့ဆိုတာ ဘာကိုပြောတာလဲဟင်.... ဆရာ'

'ကျွတ်....ညည်းက သိပ်ဒုံးဝေးတာပဲ၊ ညည်းလျှောက်နေတဲ့ လမ်းက ဘယ်လမ်းလဲ၊ ညည်းဘဝအတွက် အောင်မြင်ဖို့ ခြေလှမ်း စပြီပဲ၊ တည့်တည့်ပဲသွားပြီး ယောကျ်ားယူဖို့ စိတ်မကူးနဲ့ဦး၊ စိတ်ကူးလိုက်ရင် ခြေလှမ်းချော်သွားပြီသာမှတ်'

'ဟာ....ဆရာကလဲ'

ရှက်ရှက်နှင့် ဝါးစပ်ပိတ်ကာ ရယ်မိသည်။

ဆရာက မျက်မှောင်ကြုတ်ကာ....

'ငါက အကောင်းပြော'

ဟု မျက်နှာထားတည်တည်နှင့် ဟောက်လိုက်၏။

'ဟုတ်ကဲ့ပါ ဆရာရယ်၊ စူး နားလည်ပါတယ်၊ ကိုယ့်ဘဝကိုယ် ရိုက်ချိုးသလို ဖြစ်မှာစိုးလို့ စူး ရှောင်ပါတယ်'

'လူ့ဘဝမှာ အချစ်တို့၊ အိမ်ထောင်ရေးတို့ဟာ အရေးကြီးတယ်၊ အဓိက ကျတယ်၊ ပြီးတော့ ယောကျ်ားလဲ ယောကျ်ားအလျောက် ဝန်ကြီးတယ်၊ မိန်းမကလဲ မိန်းမအလျောက် ဝန်ကြီးတာပဲ၊ ဒါကြောင့် ကိုယ့်အတွက် ဝန်ပိုတွေ မထမ်းချင်နဲ့ဦး၊ ကိုယ့်တက်လမ်းပဲ အာရုံစိုက်ရမယ်'

အလေးအနက်ထားပြီး စကားပြောနေသဖြင့် စူးမလည်း ပြောင်စပ်စပ်အမူအရာကို မပြုလုပ်တော့ဘဲ ဣန္ဒြေနှင့် ငြိမ်နားထောင်နေလိုက်သည်။

'လူတိုင်း လူတိုင်း တွေ့ကြုံရမယ့် ချစ်ပြဿနာကို ငါက ပိတ်ပင်တာ မဟုတ်ပါဘူး၊ အိမ်ထောင်ကျသွားလို့ အောင်မြင်မှု တန့်သွားတာ အနုပညာသည်တိုင်းပဲလို့ မပြောလိုပါဘူး၊ ဒါပေမယ့် စိတ်အနှောင့်အယှက်မခံဘဲနဲ့ ကိုယ့်လမ်းကိုယ်လျှောက်တာ လွတ်လွတ် ကင်းကင်း ရှိစေချင်လို့ပါ၊ တချို့က အချစ်ကို သိပ်ကို ဦးစားပေးလွန်းတော့ အားလုံးလွတ်ကုန် ဟာကုန်တာပေါ့'

စူးမသည် ဆရာ့မျက်နှာအား မငေးမိအောင် သတိထားရင်း မျက်လွှာချကာ ကော်ဇောပေါ်တွင် ချထားသော ဆရာ့ခြေထောက်အစုံကို ငေးကြည့်နေရင်းက မိမိခြေထောက်ကိုပါ အမှတ်မထင် ကြည့်မိလိုက်သည်။

ခြေသည်း ရှည်ရှည်ကလေးများတွင် အရောင်ရင့်ရင့်လေး ဆိုးထားပြီး ခြေခုံလေးများပင် စိမ်းညို့ကာ ဖောင်းအိအိနှင့် လှပနေသည်။

ယခင် ပဲပြုတ်ရောင်းနေစဉ်က ခြေထောက်ကို ပြန် မြင် ယောင်ပြီး သက်ပြင်း သဲ့သဲ့ ချလိုက်မိသည်။

'ငါပြောသလို ညည်း စိတ်ညစ်နေပြီလား'

'မဟုတ်ပါဘူး ဆရာ'

'သက်ပြင်းတွေ ချလို့'

'ဟင်း'

သူခိုး လူမိကဲ့သို့ မလုံမလဲနှင့် တစ်ချက်ရယ်လိုက်ရင်း ခေါင်းကို ခါယမ်းကာ....

'ဆရာ့စကား နားထောင်ဖို့ စူး ဒီဘက်ကို အမြဲလာပ တယ်၊ စိတ်မရှုပ်ပါဘူး ဆရာ၊ ဆရာ့စကားကို နားထော လာလို့ စူး ဒီဘဝရောက်နေတာကို စူး မမေ့ပါဘူး ဆရ ရယ်၊ စူးဘဝ စူး သိပါတယ်'

ဆရာက နှုတ်ခမ်းလေးကို တွန့်ကွေးရင်း အသာအယ ပြုံးလိုက်သည်။

'ညည်း မင်းသမီးသက်တမ်း နှစ်နှစ်လောက်ကြာတဲ့အခါ ဒီစကားကို ပြန်ပြောဦးမှာလား'

စူးမ ရုတ်တရက် မဖြေသေးတဲ့ ဆရာ့မျက်နှာကိုသာ ငေး ငေးလေး ကြည့်ရင်းက....

'ဆရာက စူးကို မယုံဘူးလားဟင်၊ အထင်သေးတ လား'

'မဟုတ်ပါဘူးကွာ၊ ညည်းကို မယုံလို့ မဟုတ်ဘူး၊ ပတ် န်းကျင်ကိုမယုံလို့၊ ညည်းသတိထားဖို့ပြောတာပါ၊ပတ်ဝန်း င်ကို ဘယ်တော့မှ မမေ့နဲ့၊ ကိုယ် မအောင်မြင်ခင်က ယ်လိုလဲ၊ ဆက်ဆံကြသလဲ၊ အောင်မြင်ပြီးတော့ ဘယ်လို က်ဆံကြသလဲဆိုတာ ချိန်ထိုးကြည့်လေ၊ စူးမကို အောင် င်မှ လူခင်ကြတာကို နည်းနည်း သတိထားမိရဲ့လား'

'အများကြီး သတိထားမိတာပေါ့ ဆရာရယ်၊ ကျော် တ်မြတ်ဆိုရင် ပိုဆိုးတာပေါ့'

ဆရာက မျက်မှောင်တွန့်ကာ စူးမကို စူးစူးစိုက်စိုက်ကြည့် သည်ကို စူးမက သတိမထားမိတော့ဘဲ သူ့စကားကို ဆက် အားပါးတရ ပြောလိုက်သည်။

'တစ်နေ့ကပဲ ကျော်ထွတ်မြတ်က စူးမဆီကို လာတယ် ရာရဲ့၊ မနှစ်က သင်္ကြန်တုန်းက ဆရာ မှတ်မိလား၊ စူးနဲ့ တူ ရုပ်ရှင်ရိုက်ဖို့ ဆရာ ပြောတော့ ငြင်းတဲ့ မင်းသား လေ၊ စူးက မှတ်ထားတာပေါ့'

စူးမ စကားကြောင့် ဆရာက မျက်မှောင်တွန့်လျက်က....

'ညည်းကို ဘယ်သူပြောလဲ'

စူးမက သူခိုးနားထောင်ခဲ့သည့် အဖြစ်ကို ပြုံးတုံးမဲ့တဲ င့် ပြန်ဖုံးကွယ်လိုက်ရင်း....

'မဟုတ်ပါဘူး၊ စူးဘာသာ ချိန်ထိုးကြည့်တာပေါ့ ဆရာ ယ်၊ နို့ မဟုတ်ဘူးလား'

'ဒါတွေဟာ လူ့လောက သဘာဝပါပဲကွာ၊ ညည်းက
အဲဒီလိုဖြစ်လို့ အငြိုးအတေးတွေ ထားနေရင် တစ်လော
လုံး ဒီလိုချည်းပဲ၊ ညည်းမှာ ရန်သူတွေပဲ ဖြစ်နေမှာပဲ၊ ညည်း
ပဲပြုတ် ရောင်းနေတုန်းက ဒီမင်းသားတွေကို ကြိုက်ခဲ့တာပဲ
မဟုတ်လား'

'ခု မကြိုက်တော့ပါဘူး၊ ဟိုတုန်းကတော့ သူတို့ဟာ
ဒီလောက်ကြီးကျယ်မယ်မှန်း မသိလို့ပေါ့၊ အခု စိတ်ပုပ်မှန်း
သိပြီလေ၊ မုန်းတယ်'

'ငါပြောနေရင်းက မုန်းတယ် ပြောပြန်ပြီ၊ ညည်းဟာ
လေ သိပ်ရန်လိုနေပါလား'

ဆရာက စူးမခေါင်းကို ချစ်စနိုးဖြင့် စာအုပ်ဖြင့်
ရိုက်မည်ပြုပြီးမှ စူးမ နာမည်စိုး၍ ပြန်ရုပ်လိုက်ပြီး....

'ဒါဟာ လူ့သဘာဝပါလို့ ပြောနေရက်က၊ ကဲ....ညည်း
အလှည့်ကျရင်သာ တက်သစ်စလေးတွေကို နေရာပေးတော့
ကြားလား'

'အံမယ်....ပေးပေါင်၊ သူတို့ကို နေရာပေးရင် ကိုယ်
လျော့သွားမှာပေါ့'

'ဟော....ဟော'

စူးမရော ဆရာပါ ပြိုင်တူရယ်လိုက်မိ၏။ စူးမက
ပြောလိုက်ခြင်းပင် ဖြစ်သည်။

'အလကား ပြောတာပါ ဆရာရယ်၊ စူးမက လက်တွဲ
ခေါ်သွားမှာပေါ့'

'အေးပါ....စူးမရယ်၊ ညည်းမှာ ကားရိုက်ရက်တွေ များ
ပြီး အချိန်လုနေရတဲ့အခါမျိုးမှာ အဲဒီစကား ပြောနိုင်ဦး
မလားလို့ စောင့်ကြည့်ကြသေးတာပေါ့'

ထိုအခါ စူးမ မျက်နှာလေး ညှိုးသွားသည်။

'ဆရာကနော်၊ စူးမကို သံသယစကားတွေနဲ့ မယုံသလိုဘဲ
အမြဲပြောနေတာပဲနော်၊ စူး ဘဝမမေ့ပါဘူး ဆရာရယ်၊
စူးမဟာ ပဲပြုတ်သည်မဆိုတာ အမြဲသတိရနေပါတယ်'

'အဲဒါကိုလဲ ပြောချင်တယ်၊ ညည်း ပဲပြုတ်သည်ဆိုတာကို
ညည်း ပါးစပ်က ထုတ်မပြောသရွေ့ ဘယ်သူမှ မသိကြဘူး၊
ငါတို့ သားအမိကလဲ ပြောမှာ မဟုတ်ဘူး၊ ညည်းကသာ
ဘာမှ မပြောနဲ့၊ ညည်းကို အထင်သေးသွားလိမ့်မယ်၊ ငါ့ညီမ
ဝမ်းကွဲပဲ သိပစေ၊ ဘယ်ကလာတယ်၊ ဘာဇာတိလဲဆိုတာ
ညည်း ဘာမှ ပြောစရာ မလိုဘူး'

စူးမ မျက်လုံးအစုံက အံ့အားသင့် သွားဟန်ဖြင့် ဝိုင်း
စက်သွားသည်။

'ဟင်....ဆရာကပဲ ဘဝမမေ့နဲ့ဆို'

'ဟာ....ခက်ပါဘိ ကလေးမရယ်၊ ဘဝမမေ့နဲ့ဆိုတာ ညည်း
ဘဝကို ညည်းဘာသာ ညည်း အမြဲသတိရနေဖို့ ပြောတာပါ၊

အာယ်သူ့ကိုမှ လိုက်ပြီး ကိုယ်ရေးရာဇဝင်ရှင်းပြနေဖို့ မလိုဘူး သိလား'

'ဟုတ်'

မျက်တောင်ထေးထေး ပုတ်ခတ် ပုတ်ခတ်နှင့် ခေါင်းညိတ် လိုက်သော အမူအရာလေးသည် လွန်စွာအပြစ်ကင်း၍ … ချမ်းသော အသွင်မို့ ဆရာ့ထံတွင် ကျေနပ်သည့်အသွင်အ… ကိုပေါ်မြင်လိုက်ရသည်။

'ပြီးတော့ ကားတိုင်းကို ဇာတ်လမ်းဖတ်ပြီးမှ လက်… ဇာတ်လမ်းမကောင်းတဲ့ ဖြစ်သလို ရိုက်တာတို့၊ ပြီးပြီး… လုပ်တာတို့ကို လက်မခံနဲ့၊ ငွေရေး ကြေးရေးထက် ကိုယ့်… ပညာကို ဖြစ်သလို မလုပ်မိဖို့ အရေးကြီးတယ် စူးမ'

စူးမသည် ဆရာ့စကားကို နှုတ်ခြိုက်စွာနားခံရင်း ဆ… ပြောစကားအတိုင်း တစ်သဝေမတိမ်း လိုက်နာမည်ဟု … ဖြတ်ချက် ချလိုက်သည်။

'အရေးကြီးတာက ကျော်ကြားမှုဒဏ်ကို ခံနိုင်ဖို့ပဲ စူး… ကိုယ်အောင်မြင်လာရင် ကိုယ့်ကိုဝိုင်းပြီး မြှောက်ပင့်ကြ… အဲဒါကို သာယာမနေနဲ့၊ ညည်းဦးနှောက်ထဲမှာ သေ… ချာချာ မှတ်ထား၊ ကြားလား'

ဆရာက စူးမခေါင်းကို လက်ညှိုးနှင့်ထောက်ကာ … ပြီး အိမ်ထဲသို့ လှည့်ဝင်သွားလေသည်။

ဆရာသည် ထိုကဲ့သို့ သူပြောချင်ရာပြောပြီး လှည့်ထွက်သွားလေ့ရှိသဖြင့် စူးမလေးသည် ထိုင်ရာမှအသာထကာ အမေနှင့် စံညီတို့ ညီအစ်ကိုရှိတတ်သော မီးဖိုဘက်သို့ ထွက်လာခဲ့သည်။

ရင်ထဲတွင် ကတုန်ကယင် ဖြစ်လျက်ရှိနေသည်ကိုတော့ ကိုယ့်ဘာသာကိုယ် သတိထားလိုက်မိသည်။

ဆရာနှင့် တွေ့ရသည့်အခါတိုင်း ရင်ထဲမှာ လှိုက်ဖို၍ ပျော်ရွှင်နေမိသည်မှာ ဘာကြောင့်နည်း။

* * *

'တကူးတကပဲ လာလည်တာပေါ့ မေပိတောက်ရယ်'

'ကျွန်မကို စူးမလို့ပဲ ခေါ်နိုင်ပါတယ်၊ ကျွန်မ နာမည်အရင်းက စူးမပါ'

ဆရာ့အိမ်တက်မှတစ်ဆင့် စူးမထံသို့ ရောက်ရှိလာသော ကျော်ထွတ်မြတ်ကို စူးမ ရှောင်လွှဲ၍ မသွားတဲ့ လက်ခံလိုက်သည်။

မင်းသမီး၊ မင်းသားများသည် ရိုက်ကွင်းတွင်သာ လုပ်ငန်းအရ တွေ့ဆုံကြပြီး ဤကဲ့သို့ တစ်ဦးအိမ်တစ်ဦး လည်ပတ်

သွားလာမှု မရှိသောကြောင့် စူးမတို့တစ်အိမ်လုံး ပျော့ယာ
သွား၏။

စူးမ၏ မိခင်နှင့် ညီမငယ်တို့ဆိုလျှင် ရှိသမျှ မုန့်မျာ
အကုန် ချကျွေးသကဲ့သို့ အနားမှနေ အရိပ်တကြည့်ကြည့်
မခွဲခွာ နိုင် အောင်ပင် ကျေနပ် ပီတိဖြစ်နေ၏။ ဂုဏ်လ
ယူနေဟန်တူသည်။

'တို့ကတော့ နွေ့လို့ပဲခေါ်မယ်၊ညြော်....တို့တစ်တွေ နွေ
တွေ့ကြတာပဲနော်'

'မှတ်မိသေးသားပဲ'

ရုပ်ရှင်ရိုက်နေသကဲ့သို့ပင် ဟန်အမူအရာနှင့် ဟန်ဆေ
စကားများကို စူးမက အမြင်ကတ်စွာဖြင့် ခနဲ့လိုက်သည်။

'ရုပ်ရှင်ရိုက်နေတုန်း တာဝန်တွေက သိပ်များနေလို့
နွေ့ရယ်၊ အဲဒီအတွက်ကို ကျေပါလို့ တောင်းပန်ချင်တာ
အငြိုးအတေးတွေက သိပ် မကောင်းပါဘူးကွယ်'

'အငြိုးအတေး မဟုတ်ပါဘူး၊ မှတ်ထားတာပါ၊ ကဲ
လေ ဒါတွေ ထားပါတော့၊ အခုတော့ တကူးတကလာ
တာကိုပဲ ကျေးဇူးအထူးတင်ပါတယ်၊ ကဲ—အေးအေးဆေး
ဆေး အနားယူပြီး သုံးဆောင်ပါဦး ရှင်'

'အေးအေးဆေးဆေးတော့ နေလို့မရဘူး နွေ့၊ကိုယ် ရှ
ရှိသေးတယ်၊ အစ်ကို့ဆီ ဝင်ရင်းက တမင် ရောက်အေ

လာခဲ့တာပဲ၊ နွေ့က အားလပ်ရက်မှာ ဘယ်မှ လျှောက်မလည်
ဘူးလား'

'ဟင့်အင်း ရသမျှအားလပ်ချိန်မှာ ကိုယ့်အိမ်မှာပဲ အေး
အေးဆေးဆေးနေချင်တယ်၊ ဘယ်သွား သွား သိပ်မှ မလွတ်
လပ်တော့တာ'

'ဟုတ်တယ်နော်၊ နယ်မြေလေးက ကျဉ်းသွားသလိုပဲ'

ကျော်ထွတ်မြတ်က ညင်သာစွာပြုံးလိုက်ရင်းက ခေါင်းကို
လေးတွဲ့တွဲ့ ညိတ်လိုက်ပြီး စူးမ မျက်နှာကို စူးစူးစိုက်စိုက်
ကြည့်လျက်....

'တစ်ခါတလေ မိတ်ကပ်မျက်နှာတွေချည်းပဲ တွေ့နေရတာ
များတော့ ဒီလို သနပ်ခါးရည်ကျဲ လိမ်းထားတာတွေ့ရတော့
တစ်မျိုးဆန်းနေသလိုပဲ၊ ရုပ်ရှင်ထဲကနဲ့ မတူဘူး'

စူးမက ယောင်ယမ်းပြီး မိမိပါးကို မိမိဘာသာကိုင်ကြည့်
မိရင်းက ရှက်စနိုး ရယ်မိသည်။

'သနပ်ခါးနဲ့ ကြီးပြင်းလာတာပဲ၊ ဘယ်ပစ်ပယ်လို့ရမှာလဲ
လေ'

'နွေ့က ဘာဝ မမေ့ဘူးပေါ့'

'ဟင့်အင်း၊ ဘယ်တော့မှ မမေ့ပါဘူး'

အမှတ်မထင် ဆရာ့စကားကို သတိရပြီး ကမန်းကတန်း
ပါးစပ်ပိတ်လိုက်သည်။ နဂိုက နှိမ်ချင်သူဟာ ပိုနှိမ်တော့မှာ
ပေါ့ဟု ရင်ထဲက တီးတိုးပြောလိုက်မိသည်။

မြမြရီ အပါအဝင် ညီမများက သူတို့နှင့် မိတ်ဆက်ပေး နိုးနိုးနှင့် ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်ကို စူးမက မသိ ဟန်ဆောင်ကာ ....

‘စူးမ ဖေဖေက လေဖြတ်သွားလို့ အိပ်ရာထဲ လဲနေတယ် လေ’

‘အို....ဟုတ်လား၊ ကိုယ်တွေ့ချင်တယ်၊ ကိုယ်က လူမမာ တွေကို သိပ် သနားတတ်တယ်’

စူးမရင်ထဲ အနည်းငယ် အံ့ဩသွား၏။ အနုအလှကြိုက်သူ များသည် အကျည်းတန်သော မြင်ကွင်းများကို သိပ်မကြည့် လိုပေ။ ယခု ကျော်ထွတ်မြတ်က လိုက်ကြည့်မည်ဆိုတော့။

‘သွား၊ စူးမတို့ ဖေဖေ့ကို ထုတ်ပေးနော်’

‘ရပါတယ်၊ နေသာသလို နေပါစေ’

‘ဖေဖေက ဧည့်သည်ကို မျှော်နေတာ၊ စကားပြောဖော်ကို လိုလားနေတာလေ’

စူးမတို့ ညီအစ်မ တစ်တွေမှာ ကောက်ခနဲ ထပြီး ဖခင် အိပ်ခန်းထဲသို့ ပြေးဝင်ကြ၏။ဖခင် အိပ်ခန်းထဲတွင် ပွနေသည့် စာအုပ်များ စောင်များကို ကောက်သိမ်းကြမှန်း စူးမ သိ သည်။ စူးမက လူမမာအိပ်ခန်းကို ရှင်းရှင်းလင်းလင်းထား ရန် ပြောသော်လည်း သူတို့ သိပ် ဂရုမစိုက်ပေ။

နာမည်ကြီး ရုပ်ရှင်မင်းသား လာငေးနေ၍ ဖခင် နား တွင် ဘယ်သူမှ မရှိမှန်းသိ၍ တမင်ရှဲလိုက်ခြင်း ဖြစ်သည်။

ကျော်ထွတ်မြတ် ဝင်လာသောအခါ စူးမာတို့အစ်သိုက် ပြုံးတူးပြုံးတဲ့နှင့် ကြည့်နေကြပြန်၏။ ဖခင်ကို ကြိုပြောထား ဟန် တူသဖြင့် ဖခင်က အိပ်ရာထက်တွင် တစ်ဝက်မှီထိုင်ရင်း စောင့်နေ၏။

‘အန်ကယ်....နေသာပါသလား’

‘အေးကွယ်၊ ဒီလိုပဲပေါ့ မောင်ရယ်၊ ဩော်....မောင်က ရုပ်ရှင်ထဲမှာထက်တောင် လှနေပါသေးလား’

ကျော်ထွတ်မြတ်က အံ့ဩသွားဟန်ဖြင့် မေးလိုက်ရာ ဖခင် က သဘောကျစွာဖြင့် နှုတ်ခမ်း တစ်ခြမ်းကိုရွဲ၍ ရယ်လိုက် သည်။ လေဖြတ်ထား၍ လမ်းမလျှောက်နိုင်သလို စကားကို လည်း ပီပီသသ သိပ်မပြောနိုင်ပေ။

‘အေးပေါ့ကွယ်၊ တီဗွီပဲ ကြည့်နေရတာ မဟုတ်လား၊ ဒါမှ မြင်ပထဲ လျှောက်လည်ရသလိုပေါ့၊ မောင့်ကားတွေကို အန်ကယ် ကြိုက်ပါတယ်’

‘ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော့်ကလဲ ကားရိုက်ခါနီးတိုင်း ဆုတောင်းပါတယ်၊ ကျွန်တော် သရုပ်ဆောင်တဲ့ ကားကို ကြည့်တဲ့သူတိုင်း စိတ်ကျေနပ်မှု ရပါစေလို့ ဆုတောင်းပါ တယ်’

'ကောင်းပါတယ်ကွယ်၊ အန်ကယ်တော့ သိပ်ကျေနပ်ပါ
တယ်၊ မောင် သရုပ်ဆောင်တာ အပိုအလိုမရှိပါဘူး၊သဘာ
ကျပါတယ်ကွယ်၊ ဘာကိုပဲလုပ်လုပ် စေတနာထား
အောင်မြင်တာပေါ့၊ သမီးကိုလဲ ကြည့်လေ၊ မိဘအပေါ်မှ
စေတနာထားတော့ ပင်ပင်ပန်းပန်း လုပ်ကျွေးနေရာက

'ဖေဖေကတော့ စူးမကို ကြည့်ပြီးတော့ပဲ ဂုဏ်ယူနေ
ပါကလား'

စူးမက ဖခင် စကားကိုပြတ်သွားစေရန်အတွက် စကား
များများ ပြောသဖြင့် ရွှဲနေသော ဘယ် နှုတ်ခမ်းဘေး
စီးကျလာသည့် သွားရည်များကို အသင့် ထားထားသော
လက်ကိုင်ပဝါနှင့် သုတ်ပေးလိုက်၏။

'ဟုတ်ပါတယ် အန်ကယ်၊ ကိုယ့်စေတနာ ကိုယ့်အကျ
ဆိုတဲ့ စကားအတိုင်းပေါ့ဗျာ'

ကျော်ထွတ်မြတ်သည် စကားပြောရာတွင် ဤမျှအ
သိမ်မွေ့ညင်သာပြီး လိမ္မာပါးနပ်လိမ့်မည်ဟု စူးမ မမျှော်
လင့်ခဲ့ပေ။

သို့ဖြစ်၍ ကျော်ထွတ်မြတ်အား အထင် မသေးတော့
ရင်တွင်းမှာ ကျိတ်၍ ချီးကျူးမိသည်။

စူးမ ဖခင်သည် စကားကို အလျှင်မပြတ် ပြောချင်
သည့်ကို ကျော်ထွတ်မြတ်သည် စိတ်ရှည်ရှည်နှင့် နားထော
ရင်း အလိုက်သင့်ပြောပေးနေ၏။

'လူကြီးဆိုတာက အလုပ်လုပ်နိုင်တုန်းပဲ ဂုဏ်ရှိပြီး လူ
သေးစားကြတာပဲကွယ်၊ ဝင်စင်ယူပြီး အလုပ်အကိုင်လဲ မရှိ
ော ဘယ်သူမှ အရေးမလုပ်ချင်ကြတော့ဘူးလေ၊ အိုပယ်
ဖြစ်သွားပြီပေါ့'

ဖခင်စကားကြောင့် စူးမတို့ညီအစ်မများ လျှာလေးထုတ်
ကာ ခေါင်းကလေးများ ပုဝင်သွားကြ၏။ စူးမ စိတ်ထဲတွင်
ဖခင်အတွက် စိတ်မကောင်းဖြစ်သွားသည်။ သမီးအကြီးဆုံး
မို့ ဖခင်၏ အားကိုးခြင်းကို ခံရပြီး ဖခင်၏ အချစ်ပိုခြင်းကို
လည်း ခံရသည်မို့ စူးမကလည်း ဖခင်ကို ပို၍ ချစ်သည်။

စူးမ ရှိစဉ် ဖခင်အတွက် လိုလေသေးမရှိအောင် ပြုစုပေး
သည်။ ဖခင် မပျင်းရလေအောင်လည်း စာများ ဖတ်ပြပေး
၏၊ စူးမ ဆရာတို့အိမ် ရောက်သည့်အချိန်မှစ၍ ဖခင်သည်
ဒေါသကြီးပြီး အလိုလိုစိတ်တိုတတ်သည်ဟု မိခင်နှင့် စူးမ
ညီမများက ပြောကြသည်ကို စူးမက အဖြေရှာမရပေ။

တစ်နှစ်နီးပါး ဝေးကွာပြီးမှ အတူပြန်နေရသောအခါ
တွင် ဖခင်၏ လိုအပ်ချက်ကို သိလာသောအခါ စူးမသည်
ညီမများကို ဆူပူ၍ ဖခင်နားတွင် ထားထားသော်လည်း ညီမ
များက သူ့အလုပ်နှင့်သူမို့ ကြာရှည်စွာ မနေလိုတော့ပေ။
မိခင်ကလည်း အိမ်၏ မီးဖိုချောင်ကို ဦးစီးနေရ၍ ဖခင် နား
တွင် မနေနိုင်ပေ။

'တစ်ခါတလေ လောကကြီးမှာနေရတာတောင် မကောင်း
တော့ပါဘူးကွယ်'

'အန်ကယ့် အသက် ခြောက်ဆယ်ကျော်ပဲ ရှိသေးတာပဲ
နေဖို့ အများကြီးရှိပါသေးတယ်၊ အန်ကယ် မပျင်းရအော
နောက်တစ်ခေါက် လာတဲ့အခါ အန်ကယ့်အတွက် လ
ဆောင်လေးတွေ ယူလာပါ့မယ်၊ တစ်ခါတလေ ကလေ
ကစားစရာလေးတွေဟာ လူကြီးတွေအတွက် အပျင်းပြေပါ
တယ်'

ကျော်ထွတ်မြတ်သည် ဖခင်အား ကတိပေးပြီး၍ ဖခင်မှာ
နေ့စဉ်နှင့်အမျှ ကျော်ထွတ်မြတ်ကို မျှော်လင့်နေသည်။

စူးမသည် ကျော်ထွတ်မြတ်အား အယုံအကြည် မရှိသော
ကြောင့် ဖခင်အား စကားပြောကောင်းအောင် ပြောသ
ဟုပင် ထင်မှတ်ထားမိ၏။

သို့ရာတွင် တစ်ပတ်ခန့်ကြာသောအခါ ကျော်ထွတ်မြ
သည် တိဗ္ဗဂိန်းကစားရန် အခွေ ငါးခွေနှင့်အတူ ခေါ
စားဟုခေါ်သော အကွက်ရွှေ့သည့် ကတ်ကလေး သုံးခု
ပါလာ၏။ ထိုနေ့က စူးမ မရှိပေ။

ကျော်ထွတ်မြတ်သည် ဖခင်၏ အိပ်ခန်းကွင်းသို့ တိ
ရော ဒက်ကိုပါ ရွှေ့ပြီး တိဗ္ဗဂိန်း ကစားပြသည်။ တစ်
တည်းလည်း ကစားပြသကဲ့သို့ နှစ် ယောက် အတူ လည်
ကစားကြ၏။

ထိုအခါတွင် ဖခင်ထံမှ အားတက်သရော ရယ်မော ပျော်
ရွှင်သံများ ထွက်ပေါ်လာလေသည်။

ကျော်ထွတ်မြတ်က ဖခင်နှင့်အတူ တစ်နေ့လုံးနီးပါး
ကစားပြသကဲ့သို့ စကားများလည်း ပြောဆိုခဲ့၏။

အိမ်သားများမှာလည်း အံ့သြ ပျော်ရွှင်ကာ ကျော်
ထွတ်မြတ်နှင့် ရင်းနှီးအကျွမ်းဝင်သွားလေသည်။

ထိုနေ့မှစ၍ စူးမ၏ ဖခင်သည် တိဗ္ဗဂိန်း ကစားလိုက်၊
ခေါင်းစားရွှေ့လိုက်နှင့် ကျေနပ်ပျော်ရွှင်သွားလေ၏။

* * *

'သူ့ကို သိပ်ကျေးဇူးတင်တာပဲ၊ ဖေဖေက တစ်နေ့တခြား
ကျန်းမာရေးကောင်းပြီ၊ ခုဆိုရင် ခြံထဲကိုပါ ဆင်းလျှောက်
နေပြီ'

'ဟုတ်လား၊ ကိုယ်လဲ တစ်နေ့ လာခဲ့ဦးမယ်၊ အန်ကယ့်
ကို သိပ်သတိရတာပဲ၊ ကိုယ့်မှာ မအားလွန်းလို့ မလာနိုင်
တာ၊ အန်ကယ့်ကို ပြောပြနော်၊ အခု နေ့ဆီလာတာတောင်
အန်ကယ့် အခြေအနေသိချင်လို့ လာမေးတာ'

စူးမသည် ကျော်ထွတ်မြတ်အား လွန်စွာ ကျေးဇူးတင်ပြီး မိမိ၏ မေ့ာက်မောခဲ့သော အပြုအမူများအတွက် အားနာ၍ မဆိုးနိုင်အောင် ရှိခဲ့သည်။

'ပေပေက သူ့ကို တမေးထဲ မေးနေတာ'

'ကိုယ် လာပါမယ် နွေ၊ ပြက္ခဒိန်ကိုကြည့်ပြီး ညကျတော့ နွေ့ဆီ ဖုန်းဆက်လိုက်မယ်နော်'

'ရပါတယ်၊ ကိုထွတ် အားမှပါ၊ စူးမက ကိုယ်ချင်းစာပါတယ်၊ အားလပ်တဲ့အချိန်မှာ ပြည့်ပြည့်ဝဝ အနားယူစေချင်တယ်လေ'

ထိုအခါ ကျော်ထွတ်မြတ်၏မျက်နှာမှာ တွေဝေ ငေးမောသွားပြီး သက်ပြင်းရှည်ကြီးကို ချလျက်....

'ကိုယ်ဘဝက အထီးကျန်ပါ နွေ၊ နွေတို့လို မိသားစုအသိုင်းအဝိုင်းနဲ့ ပျော်စရာမကောင်းပါဘူး၊ ဒက်ဒီ မာမီက ကိုယ် ငယ်ငယ်ကတည်းက ကားအက်ဆီးဒင့်နဲ့ ဆုံးသွားတာ ကိုယ့် အဘိုး အဘွားက မွေးစားထားတာ၊ အခုဆို အဘိုး အဘွား ဆုံးသွားတော့ အဒေါ် အပျိုကြီးနဲ့ပဲ နှစ်ယောက်တည်းနေရတာ၊ နားရက်ဆိုရင် ပိုခြောက်သွေ့နေတယ် ထင်ရတယ်၊ ဒါကြောင့် ကိုယ်က အပေါင်းအသင်းတွေရှိတဲ့ နေရာပဲလျှောက်သွားနေတာပေါ့'

'ဩော်....

ယခုမှပင် ကျော်ထွတ်မြတ်၏ အဖြစ်မှန်ကိုသိရသဖြင့် စူးမ စိတ်မကောင်းဖြစ်သွားသည်။

'အဘိုး နေမကောင်းတုန်းက ကိုယ်က အဘိုးကို ပြုစုထားရတော့ လူနာတွေရဲ့သဘောကို သိတယ်လေ၊ ကိုယ်ချင်းလဲ စာမိတယ်'

ဒီတစ်ခါတော့ ကားရိုက် အနားယူချိန်၌ ကျော်ထွတ်မြတ်နှင့်အတူ အပြင်ထွက်လိုက်သွားပြီး နေ့လယ်စာ စားလိုက်၏။

'ဒါဆိုရင်လဲ နားရက်တိုင်းကို လာလည်ပါ ကိုထွတ်ရယ်၊ စူးမတို့ မိသားစုက ပျော်စရာကောင်းပါတယ်၊ တစ်ခါတလေလဲ ရန်ဖြစ် စကားများနဲ့၊ ဒါပေမယ့် အခုတော့လေ စူးမနဲ့ ရန်ဖြစ်မယ့်သူ မရှိပါဘူး၊ စူးမ ပြောသမျှကို အကုန် ငုံ့ခံနေကြတယ်၊ စူးကို စိတ်ရှုပ်အောင် ဘယ်သူမှ မလုပ်ကြဘူး၊ ဒီတော့လဲ ပျင်းစရာကြီးပဲ'

'ဒါဆိုရင် နွေနဲ့ ရန်ဖြစ်ပေးမယ့်သူမရှိရင် ကိုထွတ်က ဖြစ်ပေးမယ်လေ'

စူးမ ကြည်နူးစွာ ရယ်မောမိသည်။ စားသောက်ဆိုင်မှာ နာမည်ကြီးဆိုင်ဖြစ်သော်လည်း သူတို့ နှစ်ဦးကိုတော့ သိသိသာသာအကဲခတ်နေကြသဖြင့် စူးမ ကိုယ်ရှိန်လေးသပ်ကာ....

'ဆရာတို့အိမ်က အစ်ကိုစံအေးနဲ့တော့ ခဏ ခဏ ရန်ဖြစ်တယ်၊ ဖြစ်ရင် စူးမပဲ ချော့ရတာပဲ၊ အစ်ကိုစံအေးက နှစ်ခါ မချော့ရပါဘူး'

'ဒီလူက သူနဲ့ စိတ်မကောက်ဘူးတဲ့ လူရယ်လို့ ခပ်ရှားရှား ပါနေ့ရယ်၊ တစ်ခါတလေ ကိုယ့်ကိုတောင် အသားလွှ ကောက်နေတာပဲ'

'ဆရာက ကိုစံအေးကျတော့ သိပ် စိတ်ရှည်တာပဲ၊ စူး ကိုဆိုရင် စိတ်မရှည်ဘူး၊ အော်နေတာပဲ'

'ဟုတ်လား၊ ကိုယ့်အထင်ကတော့ ကိုနိုင်မြင့်ဆွေဟာ နွေ ကို စိတ်ရှည်လက်ရှည် သင်ပေးလိမ့်မယ်လို့လေ'

စူးမက ခေါင်းကို လေးတွဲ့စွာ ခါယမ်းလိုက်ရင်း....

'ဆရာက အချိန်ဇယားနဲ့ စူးမကို ခိုင်းတာပါ၊ စည်းကမ် လဲကြီးတယ်၊ အင်းလေ ဒါကြောင့်လဲ စူးမ ဒီအခြေအနေ ရောက်လာရတာပေါ့'

'အိုးကောင်းကို နာနာရိုက်သလိုပဲပေါ့၊ အစ်ကိုက သိ တော်တာပဲ၊ အစ်ကိုနဲ့ အိမ်နီးနီးလေးနေရတာလဲ ကံတစ်မျိုး ကောင်းတာပေါ့'

ကျော်ထွတ်မြတ်သည် စူးမနှင့် ဆရာ့အား နဂိုကတည်းက အိမ်နီးချင်းဖြစ်သည်ဟု ယူဆထားဟန် တူသည်။

အကယ်၍သာ အိမ်ရာမရှိသော စူးမသည် မင်းသမီးဖြစ် သာ ဆရာ့ထံမှ ငွေချေး၍ ဝယ်ရကြောင်းကိုသိလျှင် မည်ကဲ့သို့ ထင်မည်နည်း။

စူးမ ဘဝမှန်ကိုသိလျှင်လည်း ကျော်ထွတ်မြတ်က အထင် သေးလိမ့်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကျော်ထွတ် မြတ်သည် စာနာစိတ် ရှိသောကြောင့်ပင် ဖြစ်သည်ဟု စူးမ ယုံကြည်မိ၏။

'ကဲ....စူးတို့ သွားရအောင် ကိုထွတ်၊ ဆရာက ပြောထား တယ်၊ ကိုယ့်ကို သူများက စောင့်မနေရပါစေနဲ့တဲ့၊ ကိုယ့် အတွက် စိတ်အနှောင့်အယှက် မဖြစ်ပါစေနဲ့တဲ့'

'ကောင်းတာပေါ့ နွေရယ်၊ အချိန်ကို လေးစား လိုက်နာ သူတိုင်းဟာ ဘဝရဲ့ တိုးတက်မှုကို နီးစပ်နေတာပေါ့'

ကျော်ထွတ်မြတ်သည်လည်း ဆရာကဲ့သို့ လူကြီးဆန်ပြီး ဆုံးမ စကားလေးများကို မကြာခဏ ပြောတတ်ကြောင်းကို စူးမ သတိထားမိသဖြင့် ကျော်ထွတ်မြတ်နှင့်ပတ်သက်၍ ရင် ထဲတွင် ပြေလည်သွားလေ၏။

'နင် ဘယ်တွေ သွားနေတာလဲ စူးမ'

'ကိုထွတ်နဲ့ လိုက်သွားတာပါ'

ကိုထွတ်၊ ဘယ်က ကိုထွတ်လဲ'

စံညီက ဇဝေဇဝါနှင့် မေးလိုက်သောအခါ စူးမက မျက် စောင်းစွေ့ရင်း....

'ကျော်ထွတ်မြတ်လေဟာ'

'ဩော်....ပြေလည်သွားကြပြီလား၊ အစကတော့ နှင်ပဲ မကျေဘူးဆို'

'ဒါကတော့ စံညီရယ်၊ ငါကလဲ အောင်မြင်မှုသဘောကို နားမလည်သေးလို့ပါ၊ ခုတော့ နားလည်သွားပါပြီ၊ အောင်မြင်သူတိုင်းဟာ ကိုယ့်ကိုကိုယ် ပိုပြီး အလေးထား ဂရုစိုက်ရတယ်လို့လေ'

'တယ်ပြီး သဘော .ပေါက်လွယ်ပါလား၊ အေးလေ နာမည်ကြီး မင်းသားပြောတဲ့ စကားတစ်ခွန်းဟာ လမ်းဘေးက ကောင်တစ်ကောင်ရဲ့ စကားအခွန်းတစ်ရာနဲ့ ညီပါတယ်'

စံညီ၏ ခနဲ့စကားကြောင့် စူးမသည် ရှုံ့းခနဲဖြစ်သွားကာ စံညီအား စွေကြည့်လိုက်သည်။ သို့သော် စံညီသည် စူးမကို မကြည့်ဘဲ သူ့တာဝန်ဖြစ်သော ဆလိုက်မီးကို အဝတ်နှင့် ပွတ်ပြီး ဖုန်မတင်အောင် လုပ်နေသဖြင့် စူးမ သက်ပြင်းရှည်ကြီး ချမိသည်။

စံညီ၏ နွေးကွေးသော ခြေလှမ်းများကား မှန်ထိုးနှင့် မီးထိုးအဆင့်မှသာ ရှိသေးသည်။ စံညီက သူ့ကိုယ်သူ အားမရသော်လည်း ကားမောင်း၊ မှန်ထိုး၊ မီးထိုးနှင့်ပင် ရောင့်ရဲနေသည်ကို တွေ့ရ၍ သနားမိ၏။

သို့ဖြစ်၍ စံညီကို ဘာမျှမပြောဘဲ အသာ လှည့်ထွက်လာသည်။ စံအေးဆိုလျှင် ပြန်၍ ပြောတတ်သော်လည်း စံညီကို

တော့ သနား၍ မပြောရက်ပေ။ ထို့ပြင် စံညီသည် ညရေးညတာ ကားရိုက်ထွက်လျှင် လိုက် စောင့်ရှောက်ပေးသောကြောင့် စံညီအား အထူး ကျေးဇူးတင်မိသည်။

စံညီအားငယ်မည့်စကား စံညီစိတ်ခါတ်ကျမည့်စကားကို မပြောမိအောင် အတတ်နိုင်ဆုံး ရှောင်ရှားမိသည်။

'စူးမ နင် အလှုပြင်တော့လေ၊ ဘာ ငိုင်နေတာလဲ ဟိုမှာ မင်းသားတောင် ရောက်နေပြီ'

'ဩော်....အင်း....ငါလဲ ရောက်တတ်ရာရာ စဉ်းစားနေမိတာပါ၊ ခဏလေးပါဟယ်၊ အဝတ်လဲရုံပဲ'

မြမြရီက သူ့အားခေါ်မသွား၍ စိတ်ကောက် နေသော်လည်း စူးမအတွက်ကိုတော့ သူ့တာဝန်ကျေ သတိပေးကာ နောက်အခန်းအတွက် အဆင်သင့်ပြင်ထားပေး၏။

'စံညီက သနားစရာပဲ စူးမရယ်၊ နင့်ကိုမတွေ့တော့ ပျာနေတာပဲ ဒီကောင် နင့်ကို ခိုက်နေသသား မသိဘူး'

မြမြရီ စကားကြောင့် စူးမ သတိမထားမိသည့်အကြောင်းအရာကို သတိထားမိလိုက်ပြီး....

'ကြိုက်လဲ ငါဘာတတ်နိုင်မလဲ မြရီရာ၊ ငါ့ တာဝန်ကမိဘကို လုပ်ကျွေးရအောင် ငါ့ နာမည် မကျရေးဘဲ ...တ်လား'

မနေ့တစ်နေ့ကပင် ဆရာက အချစ်ရေးနှင့် ပတ်သ
သတိပေးလိုက်သေးသည်ကို အမှတ်မထင် သတိရပြီးခေါင်း
ယမ်းကာ အတွေးများ ထုတ်ပစ်လိုက်၏။

စံညီကို သနားရှိသာ သနားမိပါသည်။

* * *

'အမေ....ဆရာရော'

'လမ်းလျှောက်ထွက်တယ် သမီးရဲ့၊ ဘယ်လိုဖြစ်လို့အ
တကြီးလာရတာလဲ ကားရိုက်က ပြန်လာတာလား'

မျက်နှာမှ မိတ်ကပ်များကိုမဖျက်သေးဘဲ ဆရာ့အိမ်
ဆီသို့ တိုက်ရိုက်ရောက်လာသော စူးမ၏အရေးတကြီးဟ
ကြည့်ပြီး ဆရာ့မိခင်က အံ့အားသင့်သွား၏။

'ဟုတ်တယ် အမေ၊ မနေ့က ဆရာတို့ ကားရိုက်ဖို့မင်း
မင်းသားတွေဆီသွားပြီး စာလိုက်ချုပ်တယ်လို့ ကြား

'ဟုတ်တယ်လေ သမီးရဲ့၊ သမီးရဲ့ဆရာက ကားတင်
ရိုက်မလို့ ဇာတ်ညွှန်း ရေးနေတာ ကြာပြီပဲ၊ ခုမှပြီး ပြီး

ကုမ္ပဏီနဲ့စကားပြောပြီး မင်းသမီး မင်းသားအရှာထွက်တာ
တစ်ပတ်လောက်ကို မနည်းချိန်းနေရတယ်'

ဆရာသည် စူးမအား ကျော်၍ တစ်ပါး မင်း သမီးထံ
ကြိုးစားပန်းစား လိုက် ဆက်သွယ်နေရသည်ကို သိရသော
အခါ ရင်ထဲမှာ မခံမရပ်နိုင်အောင် ဖြစ်သွားပြီး အောက်
နှုတ်ခမ်းကို ကိုက်ရင်း....

'သမီးကို ဆရာမေ့ထားတယ်၊ ဆရာက သမီးကို ဘာလို့
သုံးတာလဲ'

ပြောရင်းက မျက်ရည်များတွေတွေ စီးကျလာနေလသည်။
အခါ မိခင်ရော၊ စံအေးတို့ ညီအစ်ကိုပါ မျာယာခတ်
သွား၏။

'ဟာ—နင်ကလဲ ရမ်းသမ်းပြီး ငိုနေရသလား၊ အစ်ကိုကြီး
ာတော့မှ အကျိုးအကြောင်း မေးကြည့်ပေါ့'

စံအေးက စူးမကို အော်လိုက်သဖြင့် စူးမသည် ပို၍ပင်
မျက်ရည် ကျ လာ မိသည်။ ဆရာသည် မိမိအား ဥပက္ခာ
ပြုလွန်း၏။

'မဟုတ်ပါဘူး၊ ဆရာက စူးမကို ဝါနဲ့တယ်ဆိုပြီး မသုံး
ာ မဟုတ်လား'

'ဟုတ်တော့ရော ဘာဖြစ်လဲ စူးမရာ၊ နင့်မှာ ကားရိုက်
တာ လက်ကိုမလည်ဘူးမဟုတ်လား၊ ဒါကိုနင်ကလောဘကြီး
င်သေးလို့လား'

စံအေး စကားကြောင့် စူးမသည် စံအေးကို လှမ်း ထု
ရင်းက....

'မဟုတ်ဘူး စူးမငွေမလိုဘူး၊ ဆရာ့ကိုပြောထားသား
ဆရာ ကားရိုက်ရင် စူးမနဲ့ပဲ ရိုက်ပါလို့၊ စူးမကို ဆရာ အ
ပြုပါလို့ ပြောထားလျက်နဲ့ ခုတော့ ဈေးကြီးပြီး အကယ်
မင်းသမီးတွေကိုပဲ ဆရာက အရေးလုပ်တာ၊ စူးမကို
ထားတယ်၊ ဟင့်....ဟင့်'

'ဟာ—ဘာတွေဖြစ်နေကြတာလဲ ဆူညံ့ဆူညံ့နဲ့'

ဆရာ့အသံ ကြားသောအခါ စူးမ ကိုယ့်ကို လှည့်
ညှော့ခန်းဝတွင် ရပ်နေသော ဆရာ့ထံပြေး၍ ဆရာ့ လ
မောင်းကို ကိုင်လှုပ်ရင်း....

'ဆရာ—ဆရာ ဘယ်လိုလုပ်လိုက်တာလဲ'

'ငါ ဘာလုပ်လို့လဲ'

'ဆရာ ရုပ်ရှင်ကားကြီး တစ်ကားရိုက်ဖို့လုပ်တာစူးမ
ဘာလို့ ချန်ထားရတာလဲ ဟင့်....ဟင့်....၊ဆရာ စူးမကိုအ
သေးလို့ ချန်ထားတာ မဟုတ်လား'

စူးမ ငိုနေပုံကို ကြည့်ပြီး ဆရာက အားပါးတရပြုံး
သူ့ လက်မောင်းကို ဆွဲယူဖယ်လိုက်ရင်း....

'ရုပ်ရှင်ထဲမှာသာ ဒီပုံအတိုင်းသာငိုရင်တော့ ညည်း
ခဲ့နဲ့ အပေါက်ခံရမှာပဲ့ သွားစမ်း၊ သရဲရုပ် ထွက်နေပြီ'

စူးမ ရင်ထဲ နင့်သွား၏။ မိမိ၏မျက်ရည်ကိုပင် အလေး
မထားဘဲ လှောင်ပြောင်ရက်သော ဆရာ့ နှလုံးသားကို
တအံ့တသြဖြစ်ကာ ပို၍ဝမ်းနည်းလာပြီး ရှိုက်ကာ ရှိုက်ကာ
ငိုချလိုက်တော့သည်။

'ဟာ....တကယ်ငိုတယ်ဟ၊ ကဲ—စံညီရေ၊ ကင်မရာသွား
စမ်း၊ ဒီအခန်းဆိုရင် အကယ်ဒမီ ရနိုင်တယ်၊ အာ....ဆိုင်း
တာက မျက်တောင်တုကြီးပြုတ်ကျပြီး လိုင်နာတွေ အဖတ်
လိုက် ကွာသွားပြီကွ၊ မျက်နှာက ရေဆေးပန်းချီကား မိုး
မိထားတဲ့ပုံ'

ဆရာ့၏ လှောင်ပြောင် ရယ်မောသံက ကျယ်လောင်
စူးရှစွာ....။

'ကဲပါ သားရယ်၊ စ,နေပြန်ပြီ၊ထ....ထ,...သမီး ထ,မငိုနဲ့
နော်၊ သား ပြောတဲ့စကား နားထောင်ကြည့်ပါဦး၊ ကိုယ့်
တပည့်ပဲ ကားတိုင်း ရိုက်ချင်မှာပေါ့၊ အခုဟာက သမီးနဲ့
လိုက်ဖက်တဲ့ ကားမို့ လို့ နေမှာပေါ့ကွယ်'

မိခင်၏လေပြည်အေးနှင့် ဖြေသိမ့်စကားကြောင့်စူးမသည်
မျက်ရည်များကို လက်ဖမိုးနှင့် ကြမ်းတမ်းစွာ သုတ်လိုက်၏။
လက်ကိုင်ပဝါကလည်း ကားထဲမှာလား၊ မြမြရီဆီမှာ ပါ
သွားပြီလား မသိတော့၊ ယခင် ပဲပြုတ်သည် ဘဝကကဲ့သို့
ငွင့်ပွင့်လင်းလင်း ငိုချလိုက်မိသည်။

'ကဲ....ကဲ....သွားစမ်း ကောင်မလေး၊ ငါ့ကို သခဲ့ရ
လာမပြန်နဲ့ မျက်နှာသွားသစ်ချေ၊ ငါ အေးအေးဆေး
ပြောပြပါ့မယ် စူးမရာ'

'ဟုတ်သားပဲ စူးမကလဲ၊ နင်က အရှူးကျနေတာပဲ
ဆရင်နှာ သစ်တော့'

ပြူပ၊
မင်း ဆရာ့စကားကို စံညီကပါ ထောက်ခံ ပြောလိုက်သ
ထ မကစံညီကို မျက်ခစောင်း တစ်ချက်ထိုးလိုက်ပြီး မျက်
သစ်ရန် ရေချိုးခန်းဘက်သို့ ထွက်လာလိုက်၏။

စူးမ နောက်ကျောတွင် စံအေးနှင့် ဆရာ့ရယ်သံသဲ့သဲ့
ကြားလိုက်ရသဖြင့် စူးမ ရှက်သွားမိသည်။

မဆင်မခြင်နှင့်ပြောပြီး ငိုလိုက် မိ သည့် အတွက် လ
နောင်တရသွားမိ၏။

ဆရာ၏ ဥဒပက္ခာပြုမှုကို နည်း နည်းလေးမှ သည်း
နိုင်အောင် ဖြစ်မိသည့် မိမိကိုယ်ကိုလည်း နား မ လည်
အောင် ဖြစ်နေသည်။

မျက်နှာသစ်ပြီး ဆရာ့ရှေ့သို့ ရောက်သောအခါ စူ
စိတ်ထဲမှာ အနည်းငယ် အေးမြသွား၏။ ဆရာက စူး
မန်ကျည်းဖျော်ရည် အေးအေးလေးတိုက်ရင်း....

'စူးမ ရင်ထဲမှာ ပြင်ပအပူတွေဝင်နေတယ် ၊သောက်
စူးမ အပူငြိမ်းသွားရအောင်'

'ဆရာကတော့ လျှောင်ရက်တယ် နော်၊ စူးမမှာ ဘယ်
လောက် အရှက်ကွဲခဲ့ရသလဲ သိလား၊ ဆရာ အရင်းခေါက်
ခေါက်ဘကိုယ့်လက်ထွက်တပည့်ကိုကျော်ပြီး ဒီဖြင့် မင်းသမီး
တွေကို ကြိုးစားပန်းစား လိုက်ရှာတယ်ဆိုတာ ဘယ်လောက်
ဆိုးရွား လိုက်လဲ'

'အာမှ မဆိုင်ဘူး စူး၊ ညည်းက ငါရိုက်တဲ့ ကားတိုင်း
လိုက်ရိုက်ချင်ရအောင် ညည်းအသက်က ဘယ်ႈလောက်ရှိသေး
လို့လဲ၊ အခု ငါရိုက်မယ့် ကားက အသက် လေးဆယ်ကျော်
အမျိုးသမီးကြီးကို ဦးစားပေးရိုက်မှာ၊ အရန်မင်းသမီးငယ်
ငယ် အခန်းက နည်းနည်းပဲ ပါမှာ၊ ညည်းက ဘာမှန်းမသိ
ညာမှန်းမသိနဲ့ ရမ်းသမ်းပြီး ရိုက်ချင်လိုက်တာပဲ၊ မင်းသမီး
ငယ်ငယ်အခန်းက ပြူဘ်သွားမှာပေါ့'

ဆရာ့အသံက စကားပြောရင်း မာသွားကာ စိတ်မရှည်
သံ ပါလာသဖြင့် စူးမ ရင်ထဲ ပို၍ ဝမ်းနည်းလာပြီး မျက်
ရည်များ စီးကျလာပြန်သည်။

'ဟိုတစ်နေ့ကပဲ ညည်းကို ပြောလိုက်သေးတာပဲ၊ ကား
တိုင်းကို လက်မခံနဲ့လို့၊ ကိုယ့်အခန်းက နည်း နည်းလေးပါပြီး
ကိုယ့်ကို သတ်ထားတဲ့ ကားဆိုရင် ညည်း သွားရော၊ အထူး
သဖြင့် မင်းသမီး နှစ်လက်ဆိုရင် ပိုသတိထားရမယ်၊ ကိုယ့်ကို
ဖိပြီး တစ်ဖက် မင်းသမီးကို ဦးစားပေးရိုက်ထားတာကို
လက်ခံမိရင် ညည်းအာဝ ထက်ပိုင်း ပြတ်ပြီသာ မှတ်တော့'

ဆရာသည် စူးမ၏မျက်ရည်များကို ဥပေက္ခာပြုကာ ပြောလိုသည့် စကားများကိုသာ ဆက်ပြောနေသဖြင့် သည် ခေါင်းကိုသာ တွင်တွင်ငုံ့ထားပြီး မျက်ရည်မျာ သာ မသိမသာ သုတ်နေရ၏။

'ညည်းဟာ ဘယ်အခန်းနဲ့ လိုက်တယ်၊ ဘယ်လိုကားမျိုး လိုက်တယ်ဆိုတာ ငါက မသိဘဲနေပါ့မလား၊ နေရာတ ပါချင်ရင် ပေါ်သွားမှာပေါ့ စူးမရယ်၊ ညည်းနေတတ်ဖို့ သေးတယ်၊ နေရာတကာ ကလေးဆန်မနေနဲ့တော့၊ ညည် လူကြီးဖြစ်နေပြီ၊ ကဲ....သောက်လိုက်ဦး'

'သောက်လိုက် သမီး၊ သမီးကလဲ သမီးဆရာအကြေ သိသားပဲ၊ သမီးကို ပစ်မထားပါဘူးကွယ်၊ သားကလဲ ပြေလည်လည် ပြောပေါ့ကွယ်၊ ကဲ....ကဲ....မငိုနဲ့တော့၊ သ မျက်တွင်းတွေကျပြီး မလှဘဲ နေပါ့မယ်ကွယ်၊ တော် သမီး မိတတွေက ဘယ်လို ဖြစ်လာသလဲလို့ မေးနေဦးမ တိတ်....တိတ်'

'ဟေး'

ဆရာက ရယ်ချင်နေသည့် အမူအရာကို ထိန်းချုပ် ဟန်ဖြင့် မတ်တတ်ရပ်ကာ 'ဟေး' ဟု အသံပြု ကျော ကာ ဟိုလိုလို သည်လိုလိုနှင့် လှည့်ထွက်သွားလေသည်။ ရင်ထဲတွင် လွတ်ဟာသွားလေ၏။

အိမ်သို့ပြန်လာပြီး ရေချိုး အနားယူသည့်တိုင်အောင် င်ထဲတွင် လန်းဆန်းမှုမရှိဘဲ အိပ်ရာထက်၌ပင် ခွေချင်နေ သည်။

ခါတိုင်း အပြင်မှ ပြန်လာလျှင် ရေချိုးပြီး ဖခင်အား ဝင် တ်ဆက်ကာ တစ်နေ့တာ အတွေ့အကြုံများကို ပြောပြနေကျ ဖြစ်သည်။

သည်နေ့တော့ ဖခင်ထံသို့ပင် မသွားချင်အောင် လူ တစ် ကိုယ်လုံး နုံးခွေနေသည်။

'သမီး ဘာဖြစ်နေလဲဟင်၊ နေမကောင်းဘူးလား'

မိခင်က စိုးရိမ်တကြီး မေးလိုက်သဖြင့် စူးမ ဘာပြန်ဖြေ မှန်းမသိ ဖြစ်သွားသည်။ မိဘများကို စူးမ မညာတတ်ပေ၊ ည်ရာတွင်....

'ဟုတ်ကဲ့....မေမေ၊ သမီး ခေါင်း နည်းနည်း ကိုက်နေ လို့ပါ'

'ဒါဆို ဆေးလေး ဘာလေး သောက်ပါဦးလား သမီး ယ်၊ ဝင်ပန်းသွားလို့ နေမှာပေါ့၊ သမီးအဖေကတောင် မေး နေသေးတယ်၊ ကော်ဖီနဲ့ သောက်လိုက်ပါလား၊ ကိုယ်တော့ ပူပါဘူးကွယ်၊ ထမင်း နည်းနည်းစားပြီးမှ ဆေးသောက် ပါလား'

မိခင်၏ ပြုံးပြုံးပျာပျာ အမူအရာကြောင့် စူးမ စိတ် ပ်သွားသည်။

'တော်ကြာမှ လာစားမယ် မေမေ၊ အခု သမီး အိပ်ချင်သေးလို့ပါ'

"ဟဲ့...ညနေကြီး မအိပ်နဲ့လေ၊ ခေါင်းကိုက်နေတာ၊ နေမကောင်း ဖြစ်သွားဦးမယ်"

ပြောလိုက်ကာမှ ပိုဆိုးသွားသည်မို့....

'ဟုတ်ကဲ့ပါ မေမေရယ်၊ သမီး အေးအေးဆေးဆေးနဲ့ အနားယူချင်လို့ပါဆို၊ မေမေ သွားတော့၊ ဖေဖေ့ကိုပါ ပြောလိုက်နော်၊ သမီး နည်းနည်း ပင်ပန်းသွားလို့ နားနေတာလို့၊ ထမင်းစားတော့မှ လာမယ်လို့'

'အေး....အေး....ဒါဆိုလဲ ပြီးရောကွယ်၊ အခုမတို့မှာ သမီးကိုပဲ အရိပ်လိုကြည့်နေရတာ'

အမေ စကားကြောင့် စူးမ ရင်ထဲ နင့်သွားသည်။ အမှန်တကယ်ပင် စူးမကိုသာ အရိပ်လိုကြည့်နေကြ၏။ စူးမ မျက်နှာညိုလျှင် တစ်အိမ်သားလုံး နေစရာမရှိတော့ပေ။ စူးမ ပျော်မှ အားလုံးပျော်ကြသည်။ သို့ဖြစ်၍ စူးမသည် အပြင်မှာ စိတ်ရှုပ်စရာရှိသော်လည်း အိမ်ရောက်သည့်အခါ၌ တတ်နိုင်သမျှ ပျော်ပျော်ရွှင်ရွှင်နေမိသည်။

ခုတော့ ဆရာနှင့်ပတ်သက်လာလျှင် မိမိ၏ နှလုံးသားမှာ ထိလွယ် ရှလွယ်မှုန်း တစ်စစ သိလာလေသောအခါ ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်မိ၏။

'ဘာကြောင့်လဲ'ဟု ထပ်တလဲလဲ တွေးမိပြီး ဆရာ့ပုံရိပ်သည် အတွေးထဲ၌ ထင်ဟပ်၍ လာလေသည်။

အစဉ်အမြဲ အကျီဖြူနှင့် ကချင်ရက် ပုဆိုးအရောင်ရင့်ရင့်ကိုသာ ဝတ်ဆင်တတ်သော၊ ပါဝါမျက်မှန်ထူနှင့် ခေါင်းငိုက်စိုက်ချကာ အလုပ်ကိုသာ စိတ်ဝင်စားတကြီးနှင့် အာရုံစိုက်နေတတ်သော၊ အသားညိုညို၊ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းမထူမပါးနှင့် သာမန်ယောကျ်ားတစ်ဦး၏ ရုပ်ရည်သာရှိတတ်သော ဆရာ့ကိုမှ ဘာကြောင့် ဂရုစိုက်နေမိပါသနည်း။

ညနေခင်းက မိမိ ငိုသည်ကို မချော့ဘဲ လှောင်ပြောင်ရယ်မောရက်သော ဆရာ့အား မကျေမနပ်နှင့် ဆရာ့ထံမှ ထပ်မံချော့လေမလား ဟူသော အတွေးနှင့် အနီရောင် ဖုန်းလေးအား အစိမ့်ပွာယ်မဲ့ ငေးကြည့်နေမိသည်။

ဤလောက ကမ္ဘာ မြေပြင် တွင် စူးမ ဂရု အစိုက် ဆုံး ယောကျ်ား နှစ်ဦးသာ ရှိသည်။ အဖေနှင့် ဆရာသာ ဖြစ်၏။ စူးမ မောင်လေးကိုပင် စူးမ ဂရုမစိုက်နိုင်သဖြင့် ဆယ်တန်းကို အမှတ်ကောင်းကောင်းနှင့် အောင်မြင်ရေး ဘော်ဒါဆောင်ထား၍မှ စာကို ကြိုးစားစေသည်။

ဆရာ့အား ဂရုစိုက်ရခြင်းသည် ဆရာသည် မိမိဘဝ၏ ကယ်တင်ရှင်ဖြစ်၍လော....။

'တူ....တူ....တူ'

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွား၏။ တူတူမြည်သော ဆ
လှူလာဖုန်းကို တအံ့တသြနှင့် ငေးကြည့်နေမိသည်။

'တူ....တူ....တူ'

ဖုန်းအား ရှက်ပြုံးလေးနှင့်ကြည့်ရင်း မဝံ့မရဲ ကိုင်လိုက်
အကယ်၍ ဆရာကသာ ချော့လာလျှင် မိမိက ပျော့သွားရမ
လား၊ ဆရာ့ကို ပြန်ပြီး စိတ်ကောက်ပြရမှာလား ဝေခွဲ၍မ
ဖြစ်သွား၏။

'ဟယ်လို'

'နွေလား'

ရှတ်တရက် အားလျော့ကာ ရင်ထဲ လွတ်ဟာသွား
ကျော်ထွက်မြတ်၏အသံမှ မျှော်လင့်ထားသည့်အတိုင်း
မလာခဲ့ပေ။

'ဟုတ်ကဲ့၊ ကိုထွတ် ဘယ်က ဆက်နေတာလဲ'

'ရိုက်ကွင်းကပါ နွေ၊ ခုပဲ ကိုယ်လာခဲ့မယ်၊ နွေ ရှိရဲ့လား
စုံစမ်းကြည့်တာပါ၊ ခဏလေးပါပဲ'

'ဟုတ်ကဲ့ ရှိပါတယ်၊ လာခဲ့ပါ'

စိတ်မပါစွာပြောပြီး ဖုန်းခလုတ်ကလေးကို နှိပ်လိုက်သည်
ထိုစဉ် မိမိအိပ်ခန်းတံခါး ပွင့်သွား၍ အသာ လှည့်ကြည့်လိုက်

မိ၏။ ဝုန်းခနဲ ခုတင်ထက်မှ ထခုန်လိုက်ပြီး တံခါးဝဆီသို့
ပြေးသွားမိသည်။

'ဖေဖေ'

မိခင်နှင့် မြမြရီတို့၏ အကူအညီဖြင့် ဖခင်သည် အိပ်ခန်း
ဝသို့ ရောက်နေသည်ကိုတွေ့ရ၏။ ဤအိမ်သို့ရောက်ပြီး ပထမ
ဦးဆုံးအကြိမ်အဖြစ်ဖြင့် အိမ်ပေါ်ထပ်ရှိ သမီး အိပ်ခန်းသို့
တက်လာခြင်းဖြစ်သည်။

'သမီး ဘာလို့ ထလာရတာလဲ၊ နေမကောင်းရင် အိပ်နေ
လေ'

ရင်ထဲတွင် ဆို့နစ်သွားပြီး ဘာစကားပြောရမှန်းမသိဖြစ်
သွား၏။ ခလုတ်တိုက် လဲ၍ လွင့်စဉ် ကျသွားသော မိခင်
အသည်းနှလုံးက....

'လူလေး ဘယ် နာသွားသေးလဲ'

ဟူသော ကရုဏာအမေးနှင့် မေးလိုက်သလိုဖြစ်နေသည်။

ဖခင်က မောဟိုက်သံနှင့် လှမ်းမေးလိုက်၏။

'သမီး နေကောင်းပါတယ် ဖေဖေရယ်၊ ဘာလို့များ
တက်လာရတာလဲဟင်၊ ဖေဖေ မောနေပါ့မယ်၊ မေမေကလဲ
မပြောဘူးလား'

'ပြောပါတယ် သမီးရယ်၊ ညည်းအမေက ညည်းကို သိပ်
စိုးရိမ်နေတာ၊ သူ့ သမီးဟာ တစ်ခါမှ နေမကောင်း မဖြစ်
ဖူးဘူးဆိုပြီး စိုးရိမ်လို့တဲ့'

ဖခင်အား ထိုင်ရန် နေရာပေးပြီး ဖခင် အမောပြေစေရန် အတွက် ဝန်ကာလေအေး အသာဖွင့်ပေးပြီး လိမ္မော်ရည်အေးလေး ဖျော်လိုက်၏။

'ဖေဖေ မမောပါဘူး သမီး၊ အဲဒီပေါ်ထပ်ကို တက်ရတာ ခြေထောက်က သိပ် မကြွချင်သေးတာဘဲ ရှိပါတယ်၊ သမီး အောက်ဆင်းရတာ ပင်ပန်းမှာစိုးလို့ အပေါ်မှာပဲထမင်းစားပြီး နားနေပါလားကွယ်'

'ရပါတယ် ဖေဖေရယ်၊ နေ နည်းနည်းပူသွားလို့ ခေါင်းကိုက်တာပါပဲ၊ ဖေဖေက အလကား စိတ်ပူနေပြန်ပြီ'

ဖခင်အား ပြုံး၍ ကျီစယ်သလိုပြောပြီး ဖခင်၏ လက်ကို ဖွဖွလေး နှိပ်ပေးလိုက်သည်။

'ဪ....သမီးရယ်၊ သမီးကို မှီခိုပြီး နေ နေရတာ မဟုတ်လား၊ သမီး ကျန်းမာရေးကို ဖေဖေတို့က ပြန် ဂရုစိုက်ပေးရမှာပေါ့၊ ဖေဖေတုန်းက ပေါ့ဆဆနေခဲ့လို့ ဒုက္ခရောက်ခဲ့တာ မဟုတ်လား'

ဖခင်သည် လူကောင်းပကတိမှ ရုတ်တရက် လေဖြတ်သွား၍ ဝင်ငွေကင်းလိုက်ရသည်ကို စဉ်းစားသည့်အခါတိုင်း ယူကျုံးမရ ဖြစ်နေဟန်တူသည်။

'ဪ....ဖေဖေကလဲ၊ ဖြစ်ချိန်တန်သွားရင် ဖြစ်မှာပဲ မဟုတ်လား၊ အခု ဖေဖေ ဒီအိမ်ရောက်မှ အများကြီး တိုး

တက်လာပြီပဲ၊ သမီးအိပ်ခန်းကို ကြည့်ပါဦး ဖေဖေ၊ မသားနားဘူးလား'

ဖခင်ကို စကားလွှဲကာ အိပ်ခန်းကို လက်နှင့် ဝှေ့ပြလိုက်၏။ ထိုအခါမှ ဖခင်မျက်နှာတွင် အပြုံးရိပ်လွှမ်းသွားပြီး....

'အင်း....သမီးရဲ့ ဆရာက သိပ် စိတ်ကူးကောင်းတာပါလား၊ ကောင်းတယ်၊ သမီးအတွက် အနားယူလို့ ကောင်းပါတယ်၊ နည်းနည်း ရိုးသွားရင် အခန်း အပြင် အဆင်ကို ပြောင်းလဲပေးပေါ့ကွယ်၊ စိတ်အပြောင်းအလဲ ဖြစ်တာပေါ့'

'ဟုတ်ကဲ့ ဖေဖေ၊ ဆရာကလဲ ပြောပါတယ်၊ ပန်းချီကားတအား ပြောင်းပေးမယ်တဲ့၊ သမီးကတော့ သမီးပုံတွေထက် ပန်းချီကား လှလှလေးတွေပဲ ကြိုက်တယ်'

'ဟုတ်သားပဲ၊ ကိုယ့်ပုံကို ကိုယ့်ဘာသာကိုယ် မှန်ကြည့်ရင် မြင်ရသားပဲ၊ တစ်ခါတလေ ပန်းချီပြခန်းသွားကြည့်ပြီး ဝယ်ပေါ့ကွယ်၊ ဪ....ဒါနဲ့ မောင်နိုင်မြင့်ဆွေရော နေကောင်းရဲ့လား၊ မရောက်တာ ကြာနေပြီပဲ'

'ကောင်းပါတယ် ဖေဖေ၊ သူလဲ ကားသစ်တွေ ရိုက်ဖို့ ကြိုးစားနေပါတယ်၊ ဪ....ဖေဖေ အခုပဲ ကိုထွတ်က ဖုန်းဆက်တယ်၊ သူ ရှူတင်ကနေ လာမယ်တဲ့၊ ရောက်တောင်ရောက်နေပြီလား မသိဘူး၊ ရောက်ရင် ဒီပေါ်မှာပဲ စကားပြောတာပေါ့နော်'

စူးမက ဖခင်နှင့် စကားပြောနေရာမှ အသာ ထပြီး မိမိ အိပ်ရာနှင့် အဝတ်လဲသည့်နေရာများကို ခေါက်လိုက်ကာလေး များနှင့် ဆွဲဖြန့်ကာ ကာလိုက်သည်။

ညှော်ခန်း ဆိုဖာများသာ ကျန်တော့သည်။ မိမိ ထင်မှတ် သကဲ့သို့ပင် ကျော်ထွတ်မြတ် ရောက်လာ၏။

စူးမသည် အိမ်အပေါ် ထပ်သို့ မခေါ်လိုသော်လည်း ဖခင် ချက်ချင်း ပြန်ဆင်းရမည် စိုးသောကြောင့်သာ ခေါ်လိုက်ရ သည်။

ကျော်ထွတ်မြတ်က ဘာကိစ္စမှ ရေရေရာရာမရှိဘဲ အလည် သက်သက်သာဖြစ်သည်။ စူးမအိမ်၌ ညစာ စားပြီး ညဆယ် နာရီကျော်မှ အိမ်ပြန်သွား၏။

စူးမသည် ကျော်ထွတ်မြတ်၏ မျက်လုံးများကို တိုတ်တခိုး အကဲခတ်ရင်းက အလိုလို နားလည်မိလာ၏။

ထိုအခါတွင် ရင်ထဲ၌ ဂုဏ်ယူကျေနပ်သောစိတ် ဖြစ်ပေါ် လာသော်လည်း ကျော်ထွတ်မြတ်ကို ချစ်မိရန် မစဉ်းစားမိ သေးပေ။

ရင်ထဲ၌မူ ဆရာ့၏ မေတ္တာ၊ ဆရာ၏ ဂရုစိုက်မှုကိုသာ မျှော်လင့်နေသည်သာ။

* * *

'ဆရာ'

'ဟင်....ညည်း ခုထက်ထိ အိမ်မပြန်သေးဘူးလား'

'ဟင့်အင်း.... နောက် ဘေးမှာ စံညီတို့နဲ့ စကားပြော နေလို့ပါ'

ဆရာ၏ အလုပ်စားပွဲနားလာ၍ ရစ်သီ ရစ်သီလုပ်ကာ ဆရာ့အား စကားပြောရန် စိတ်ကူးလိုက်မိသည်။

ဆရာပြောသည့် စကားများသည် ဆိုးမသည့် စကား များသာ ဖြစ်သော်လည်း ထိုစကားများကိုသာ ကြားချင် နေမိ၏။

ဆရာကား....ခေါင်းငိုက်စိုက်ချကာ စားပွဲပေါ် တင်ထား သော ရေဆေးပြီး ဖလင်ကြမ်းများကို မီးရောင်မှာထောင် ကြည့်လိုက်၊ အောက်ချ ကြည့်လိုက်နှင့် အလုပ်များနေပြီး စူးမကို မော်ကြည့်ဖော်ပင် မရ။

စူးမကသာ ဆရာ့နားမှာရပ်ရင်းက ဖလင်များကိုဆရာ နှင့်အတူ ဝိုင်း၍ ငုံ့ကြည့်နေစဉ်....

'စူးမ ညည်း ငါ့နား သိပ် မကပ်နဲ့စမ်း၊ ညည်း ဆီက ရေမွှေးနံ့ကို ငါ မခံနိုင်ဘူး'

'ဟင်—ဆရာကလဲ'

နှုတ်ခမ်းလေးစူကာ နောက်သို့ခြေတစ်လှမ်း ဆုတ်လိုက်

သည်။ ဆရာက စူးမအား မကြည့်ဘဲ လှမ်းပြောလိုက်

သာဖြစ်သည်။

'ညည်းတို့မှာတုဗေဒ ဆေးဝါးအနံ့ တွေကိုငါ့နှာခေါင်း

နဲ့ယဉ်အောင် မနည်း ကြိုးစားနေရတယ်'

'ဆရာက အဲဒီ အနံ့ တောထဲမှာနေပြီးတော့များ....'

'ဟုတ်တယ်၊ အဲဒီ အနံ့ တွေရှူပြီး အနံ့ ချင်လာ

ခေါင်းနောက် လာတာဟာ ကား စ,ရိုက်ကတည်း

ဒါပေမယ့် အိမ်ရောက်လို့ အခမ့ဆီက သနပ်ခါးနံ့

ဟင်းနံ့လေး ရှူရင်တော့၊ စိတ်ရှုပ်တာတွေ ပျောက်

ရောပဲ'

'စူးမှလဲ သနပ်ခါးလိမ်းတာပဲ'

'ညည်းကိုယ်က သနပ်ခါး လိမ်းပေမယ့်၊ ရေမွှေး

ပိုစူးတယ်၊ ရေမွှေး ဆွတ်ခဲ့လား'

'အင်း....'

စူးမ ရှက်ရယ် ရယ်မိ၏။ ဆရာ့ထံ လာရမည်မို့

တမင် ရေမွှေးဆွတ်ခဲ့ခြင်း ဖြစ်သည်။

'ကဲ—ညည်း အိမ်ပြန်တော့လေ၊ ညည်းမှာ အချိန်

အလဟဿ ဖြုန်းနိုင် နေသေးလား၊ အခုတလော ညည်း

ကြည့်ရတာ ပေါ့ရှတ်ရှတ်နဲ့'

ဆရာ၏ စကားလုံးများသည် စူးမ ရင်ကို ပြင်းထန်စွာ ထိုးနှက်လိုက်သဖြင့် စူးမ ဝမ်းနည်းသွားမိသည်။

'ဆရာရယ်၊ စူးမ တစ်ခါတလေလေး စိတ်ရော ကိုယ်ရော နားနေ တာပဲ'

'နားတယ် ဟုတ်လား၊ ညည်း နားရမှာ ည အိပ်ရာဝင်မှ နားရမှာပဲ၊ နေပါဦး၊ ညည်းက အသက် ခုနစ်ဆယ်ကျော် နေလို့ နားရမှာလား၊ နေမကောင်းနေလို့ နားရမှာလား၊ ငယ်ငယ်ရွယ်ရွယ်နဲ့ စီရိယစိုက်ပြီး အလုပ်လုပ်ရမယ့်အချိန်မှာ နားဦးမယ်ဆိုတဲ့ အပျင်းစကား၊ အဖျင်းစကားကို မပြောနဲ့ ငါကြားလို့ မရဘူး'

'ဆရာ စူးမကို ဆရာ့ဆီမလာစေချင်ဘူး ဟုတ်လား၊ စူးမ မလာတော့ပါဘူး ဆရာရယ်'

စူးမလှည့်ထွက်သွားမည်အပြု ဆရာက စူးမလက်မောင်းကို ဖျတ်ခနဲ ဆွဲလိုက်ရင်း....

'ညည်းမှာ နားမပါဘူးလား စူးမ၊ ညည်းကို မလာနဲ့လို့ ငါ မပြောပါလား၊ ငါက ဘယ်တုန်းကမှ သွယ်ဝိုက်ပြီး စကားမပြောတတ်ဘူး၊ တဲ့တိုးပဲပြောမယ်၊ ညည်းကို မလာနဲ့ ဆိုရင် မလာနဲ့ဘဲ ပြောမှာပဲ၊ ငါ ပြောတာ ညည်းအချိန် တွေ အလဟဿ ဖြုန်းနေလို့ပြောတာ'

ထိုအခါ စူးမမျက်လုံးလေးကလယ်ကလယ်နှင့်ဆရာ့အား မော်ကြည့်လိုက်ပြီး မျက်ရည်များကို မျက်တောင်နှင့်ပုတ်ခတ် ထိန်းလိုက်ရင်းက....

'စူးမ ပြန်ပါ့မယ်ဆရာ'

ဆရာ့လက်ကို အသာ ဆွဲဖယ်ကာ လှည့်ထွက် လာလိုက်သည်။

ရင်ထဲမှာ ဝမ်းနည်း လာသဖြင့် မျက်ရည်များပင် ရစ်ဝဲ လာမိ၏။ သို့ရာတွင် ဆရာသည် မီမီလက်ကိုဆွဲပြီးတားလိုက် သည်တွင် ဆရာ့ရင်ထဲမှာ သံယောဇဉ်စိတ်ကြောင့်တားလိုက် ခြင်းပင် ဖြစ်သည်ဟု ယူဆလိုက်သည်။

မည်သို့ပင်ဖြစ်စေ၊ ဆရာ့အိမ်ကို မလာဘဲနေတော့မည်။ အမေနှင့်စံညီတို့ ညီ အင်္ဂကိုကို တွေ့လိုလျှင် ဆရာ မရှိမှသာ သွားမည်ဟု ဆုံးဖြတ်ချက်ချ လိုက်တော့သည်။

* * *

'နင် အခုတလော ဘာလို့အိမ်ဘက်မလာတာလဲစူးမ'

စံညီ အမေးကြောင့် စူးမက သက်ပြင်းရှည်ကြီး ချ လိုက်ရင်းက....

'ဆရာက ငါ့ အိမ်ကိုလာတာ မကြိုက်ဘူးထင်တယ်၊ ငါ့ကို အော်-အော်ထုတ်လို့'

'အစ်ကိုမကြိုက်ရင် အစ်ကိုကြီးဆီ မသွားနဲ့ပေါ့ဟ၊ ငါ တို့ကိုပါ အဆက်ဖြတ်ထားလို့ ကိုစံအေးကတောင် ပြောနေ သေးတယ်၊ အကြီးကလဲ မေးနေတာ'

'အစ်ကိုစံအေးကြီးက စူးမကို ဘဝမေ့ပြီး အောက်ခြေ လွှတ်နေတယ်လို့ ပြောတယ်၊ မဟုတ်လား'

စူးမက မျက်စောင်းလေးထိုးကာ မေးလိုက်သဖြင့် စံညီက ပြုံးဖြီးဖြီးလုပ်ကာ....

'နင်မလာတော့ သူလဲ သတိရပြီး မျှော်နေတာ၊ ပါးစပ် က ပျစ်တောက် ပျစ်တောက်ပေါ့ဟာ'

'ဆရာက ငါ့ကို အလဟဿ အချိန်တွေ ဖြုန်းနေတယ်လို့ ပြော ပြောနေတယ်၊ငါ နင်တို့ဆီလာရင် ပြောဦးမှာပဲ မဟုတ် လား၊ ဒါကြောင့် ငါမလာတာပါ၊ ဆရာလေ ငါ့အပေါ်မှာ သိပ်စိမ်းတာပဲ စံညီရယ်'

စုးမ ရင်တွင်းမှ ဝေဒနာများကို စံညီအား တစ်စွန်းတစ်စ ဖွင့်ဟလိုက်သဖြင့် စံညီက နားလည်စွာဖြင့် သက်ပြင်းရှည်ကြီးကို ချရင်း....

'အစ်ကိုကြီးက ဘယ်မင်းသမီးမှ အထင်မကြီးဘူးတဲ့လေ၊ တစ်နေ့ကတုန်းက အကြီးကတောင် အစ်ကိုကြီးကို အိမ်ထောင်ပြုဖို့ တိုက်တွန်းနေသေးတယ်'

'ဟုတ်လား၊ ဘယ်သူနဲ့လဲ'

စုးမက စိတ်အားထက်သန်စွာဖြင့် ကမန်းကတန်း မေးလိုက်သဖြင့် စံညီ စိတ်မကောင်းစွာ သက်ပြင်းချရင်း....

'ဘယ်သူနဲ့ဖြစ်ဖြစ်ပေါ့ဟာ၊ အိမ်ထောင်ပြုလို့ပဲပြောတာ၊ အကြီးကတော့ သူ ချွေးမရှာပေးရင် လက်ခံမလားလို့ မေးတယ်လေ'

စုးမသည် စိတ်ဝင်စားလာသောကြောင့် အသက်မင် ရှုံ မရှူရဲဘဲ မျက်လုံး အပြူးသားနှင့် ငေးကြည့်ရင်း စံညီ၏ စကားကို စောင့်နေသည်။

'သူကြိုက်ရင် လက်ခံမယ် ပြောတယ်'

'အဲဒီတော့ အဒေါက...အဒေါက'

'အဒေါက မင်းကြိုက်တဲ့ မိန်းကလေး ဒီလောကမှာ ရှိမှာ မဟုတ်ဘူး၊ ငါ ရှာပေးတဲ့ ချွေးမပဲ ယူတော့လို့ ပြောတော့'

'ဆရာ...ဆရာက ဘာပြောလဲ'

စုးမသည် သိလိုစောနှင့် စံညီ၏ အပြောကို မစောင့်နိုင်တော့သဖြင့် တုန်တုန်ခိုက်ခိုက်လေး မေးလိုက်သည်။

'ဘာမှ မပြောဘူး၊ ပြုံးနေတယ်'

စုးမထံမှ မောလျှသော သက်ပြင်းချသံကို စံညီကြားလိုက်ရသဖြင့် စံညီလည်း စုးမအတွက် စိတ်ပင်ပန်းစွာ သက်ပြင်းချလိုက်မိသည်။

'နင့်အစားလဲ ပောလိုက်တာ စုးမရာ၊ နင်ဟာလေ သစ်ခြောက်ပင်အောက်မှာ ပန်းကောက်နေတဲ့ အတိုင်းပဲ'

'ဘာရယ်၊ ဘာရယ်'

စုးမက စံညီ၏စကားကို နားမလည်စွာဖြင့် အော်မေးမိလိုက်သည်။

'အရွက်မရှိ၊ အပွင့်မပွင့်တဲ့ အပင်အောက်မှာမှ ပန်းကောက်ချင်နေတဲ့ နင့်ကို ငါ သနားလို့ပါ၊ ငါလဲ ငါ့ကိုယ်ငါ သနားတယ်'

'ထားပါတော့လေ၊ ငါက သစ်ခြောက်ပင်အောက် ပန်းကောက်နေလို့ သနားစရာကောင်းတာ ထားပါတော့လေ၊ နင့်ကိုယ်နင် သနားဘယ်ဆိုတာကရော ဘာကြောင့်လဲ၊ ရှင်းစမ်းပါဦး'

စုးမက မိမိအကြောင်း သိသွားသော စံညီကို ရှက်ပြုံးနှင့် ပြန်၍ မေးလိုက်သဖြင့် စံညီက ခေါင်းကို ခါယမ်းရင်း မဲ့ပြုံး ပြုံးလျက်....

'ငါဟာလေ ကောက်ရိုးပုံစောင့်တဲ့ ခွေးလိုပါပဲဟာ'

'နင့်ဘာ၊ ငါက အကောင်းမှတ်လို့ နားထောင်နေတာ အရေးထဲ နောက်နေပြန်ပြီ'

စူးမက တမင်သိလျက်နှင့် စံညီဝေဒနာကို လျစ်လျူပြု
ရယ်စရာလုပ်ရင်း စံညီအား တွန်းလှတ်လိုက်မိသည်။

စံညီသည် ကြိမ်ခုံပုလေးပေါ်မှ ပြုတ်ကျသွားသဖြင့် စူး
က သဘောကျစွာ အားပါးတရ ရယ်မောလိုက်သည်။ စံညီ
ကလည်း ရှက်ရှက်နှင့် ရယ်လိုက်မိ၏။

'နာလိုက်တာဟာ၊ နင်ဟာ အရမ်းချည်းပဲ'

'သမီးရေ၊ ဖုန်းလာနေတယ်'

အိမ်ထဲမှ မိခင်၏ လှမ်းခေါ်သံကြောင့် စူးမက ထိုင်ရာ
ထရင်း....

'စကား သွားပြောလိုက်ဦးမယ်၊ နင် နေဦးလေ၊ ငါ
လာမှာပေါ့'

'ဟင့်အင်း၊ အိမ်မှာ အကြီး တစ်ယောက်တည်းရယ်၊ ငါ
ပြန်မယ်နော်'

'အေး၊ အေး'

စူးမသည် တယ်လီဖုန်း လာနေသည့်အတွက်ကြောင့် အိ
ဘက်သို့ အပြေးတစ်ပိုင်း ထွက်လာခဲ့သည်။

သို့ရာတွင် အိမ်ထဲသို့အရောက်၌ မိခင်က မျက်နှာထ
တည်တည်နှင့် လှမ်းခေါ်ရင်း'

'စူးမ ဒီမှာ လာထိုင်စမ်း'

'ဟင်....ဖုန်းလာလို့ဆို'

'မဟုတ်ဘူး၊ အမြင်မတော်လို့ ခေါ်လိုက်တာ၊ ဘယ်နှယ့်
တော် ကိုယ့်ကိုကိုယ် ဘာလဲဆိုတာ နည်းနည်းပါးပါးသတိ
ရပါဦးတော့လား၊ အခုနေအခါမျိုး သတင်းထောက် တစ်
ယောက်ယောက်က ဖြတ်သွားပြီး ညည်းတို့ ဖြစ်နေပုံကို
ဓာတ်ပုံ ရိုက်ယူလိုက်ရင် ဘယ်နှယ့်လုပ်မလဲ'

စူးမ အံ့အားသင့်သွား၏။ စံညီတို့ ညီအစ်ကိုနှင့် အရော
တဝင် ဆက်ဆံနေသည်မှာ မိခင်လည်း အသိပင်ဖြစ်သည်။

'မေမေ စံညီနဲ့ စူးမဟာ သူငယ်ချင်းလိုပဲ နေ နေတာပါ၊
မေမေလဲ အသိပဲဟာကို'

'မေမေက သိပ် သိလွန်းလို့ ပြောနေတာပေါ့ သမီးရယ်
ငါ့သမီးဟာ နာမည်ကြီး မင်းသမီးဖြစ်နေပြီပဲ၊ အသွားအလာ
အနေအထိုင် ဆင်ခြင်ရမယ်၊ မင်းသားနဲ့ ဘယ်လိုနေနေ အမြင်
တင့်တယ် တယ်၊ ဘယ်သူမှ ဘာမှ မေးမငေါ့ကြဘူး၊ အခု
ဟာက သူများအိမ်က လက်တိုလက်တောင်းခိုင်းတဲ့ ကောင်
လေး၊ မှန်ထိုး မီးထိုးတဲ့ ကောင်လေးနဲ့ ရိုက်လား ပုတ်လား
နေ နေတာ မေမေ ဘယ်လိုမှ ကြည့်မရဘူး သမီး'

စူးမ ရင်ထဲ နင့်သွား၏။ စံညီကို ဘယ်လိုမှ အထင်မသေး
ရက်နိုင်ပေ။ စံညီသည် မိမိကဲ့သို့ ဘဝတူ တစ်ဦးပင်ဖြစ်သည်။

'နောက်တစ်ခါ အဲဒီအိမ်ဘက်ကို မသွားနဲ့တော့'

ဆတ်ခနဲဖြစ်သွားပြီး မိခင်အား မော်ကြည့်မိသည်။

'ကိုယ့်ကျေးဇူးရှင်ဆီတောင် မသွားရဘူးလား မေမေ'

'ကျေးဇူးရှင်က တော်တော်ရယ်၊ အဲဒီကောင် နှစ်ကောင် ဆီပဲ သွားသွားနေတာ၊ ငါ မသိဘူး မှတ်လို့လား'

'သူတို့ညီအစ်ကို နှစ်ယောက်ကို သမီး ရိုးရိုးတန်းတန်း ခင်တာပါ မေမေ၊ သမီး ဒီလောက် စဉ်းစားဉာဏ် မနည်း သေးပါဘူး၊ ခိုင်းစရာရှိရင် မေမေတို့ပဲ ခေါ်ခေါ်ခိုင်းနေပြီး ခင်ခင်မင်မင်နေတာတော့ ကန့်ကွက်နေရင် တရားပါ့မလား လူတစ်ဖက်သားကို အပေါ်စီးနဲ့ချည်း ခိုင်းလို့ရမလား မေ မေရယ်၊ သမီးကို ခင်လွန်းလို့ လုပ်ပေးနေတာ မေမေတို့က သိပ် နိုင်ထက်စီးနင်း ဆန်တာပဲ၊ မင်းသားလာရင် တ မျိုး တကယ်တော့ သမီး ကြိုးစားနေတုန်းက ဒီမင်းသားတော အရေးတောင် မလုပ်ပါဘူး၊ ကိုစံအေးတို့ညီအစ်ကိုပဲ သမီး ကို အကူအညီပေးနေတာပါ'

စုးမသည် စံညီဘက်မှ စိတ်ထိခိုက်စွာဖြင့် ဆတ်ဆတ် မခံ ပြောမိသည့်အတွက် မိခင်က ပို၍ စိတ်တိုသွားကာ....

'ညည်း....ဒီအကောင်တွေ အတွက်နဲ့ ငါ့ကို ပြန်ပြော တယ်ပေါ့လေ၊ ညည်းက ညည်းလုပ်စာစားနေလို့ အ အဆုံးအမကို မခံလိုဘူးလား၊ မိဘဆိုတာ မြေလှမ်းတွေ ကြိုမြင်ပြီးသား၊ ညည်း တစ်နေ့ ဒုက္ခရောက်လိမ့်မယ် မိ သိလား'

စုးမသည် မျက်ရည်များပင် ရစ်ဝဲလာသည်အထိ စိတ်ထိ ခိုက်သွားသောကြောင့် မိမိ အိပ်ခန်းပေါ်သို့ တက်လာခဲ့မိ သည်။

နဂိုကတည်းက စိတ်ထင်တိုင်း ဇာဇွတ်ထိုးလုပ်တတ်သည့် အကျင့်ကို ဖျောက်ဖျက်ထားသည်မို့ အိပ်ခန်းတံခါးကိုပိတ် ကာ အံကြိတ်၍သာ စိတ်ကို တည်ငြိမ်အောင် ထားလိုက် သည်။

မိခင်၏ မထေရာစွပ်စွဲပြောဆိုမှုကို သည်းခံကာ ဘာမျှ မပြောဘဲ ထွက်လာခဲ့သည်။ မိမိအောင်မြင်လာ၍ မိဘများ ကို ပြန်ပြောသည်ဟု ယူဆကြပေမည်။ တကယ်တော့ စုးမ သည် မဟုတ်လျှင် မခံသည့်အကျင့် ရှိ၏။

မိမိ မှန်ကာယ်ထင်လျှင် ဘာကိုမျှ မရှက်မကြောက် ပြုတတ် သောကြောင့် ပဲပြုတ်တောင်းကိုပင် ခေါင်းပေါ်တင်၍ လမ်း တကာ လည်ရောင်းရဲခြင်း ဖြစ်သည်။

အသက် ဆယ့်ခြောက်နှစ်ကတည်းက ဖခင် ‌သေဖြတ်ကာ ပင်စင်ယူရကတည်းက မိဘကို တစ်လှည့်လုပ်ကျွေးခဲ့သည်မှာ လုံးဝ မငြိုငြင်ခဲ့ပေ။

ယခု အောင်မြင်လာပြီး ဝင်ငွေ များလာသည့် အခါမှ အပြောအဆို ပို၍ ဆင်ခြင်နေရသည်မို့ စိတ်ကျဉ်းကျပ်မိ သည်။

တစ်ဖက်မှာလည်း ရင်တွင်းမှာ ကျေးဇူးရှင်ဟု လေးစား ကြည်ညိုရင်း တွယ်တာလာမိသော ဆရာ၏ စိမ်းကားမှု ၌ဗေဒနာပြုမှုတို့အတွက်ကို ဝမ်းနည်းခံစားနေမိသည့်အတွက် အလိုလို စိတ်ညစ်ကာ မကျေမနပ်ဖြစ်နေသည်။

စူးမသည် မရတာကို လိုချင်သည့်စိတ်၊ မဖြစ်ဘူးဆိုတာကို ဖြစ်ချင်သည့်စိတ်၊ မလုပ်နှင့်ဟုဘားသည်ကို လုပ်ချင်သည့် စိတ်ရှိသဖြင့် ထိုစိတ်ကို အတင်း ချိုးနှိမ်ထားရသည်။

'မမကြီး....ကိုထွတ် ရောက်နေတယ်'

တံခါးကို ပိတ်မထားမိသဖြင့် တူးမက ဝင်လာပြီး ပြောလိုက်သည်။ ရုတ်တရက် စိတ်တိုသွား၏။

'ငါ အိပ်နေတယ် ပြောလိုက်'

'ဟုတ်'

တူးမက အခြေအနေကို ရိပ်မိသောကြောင့် အသာ လှည့်ထွက်သွားသည်။

စူးမ ဘယ်သူ့ကိုမျှ မတွေ့ချင်ပေ။ တစ်ယောက်တည်း ငြိမ်၍ စဉ်းစားနေချင်သည်။ အထူးသဖြင့် ဆရာနှင့် အတူ နေနခဲ့စဉ်က ကားမောင်းသင်ခဲ့သည့် ကာလကို ကြည်နူးစွာ ဘမ်းတရင်းက ဆရာ၏ မတုန်မလှုပ်စိတ်ကို ပို၍ အသည်း ယားလာမိသည်။

'ဆရာ့မှာ နှလုံးသားမှ ရှိရဲ့လား၊ ချစ်တတ်တဲ့ နှလုံး သား ရှိရဲ့လား....ဟင်'

'မမကြီး၊ တကယ်အိပ်နေလား'

ယခုမှ ကျောင်းကပြန်လာဟန်တူသော ပြူးမက ကျောင်း စိမ်းနှင့် လွယ်အိတ်ကလေးလွယ်ကာ ဝင်လာလေသည်။ စော စောက အိမ်တွင်း လေပွေတစ်ချက်မွှေ့သွားသည်ကို သိဟန် မတူသောကြောင့် မိတူးက လက်ထောက်ချလိုက်ခြင်း ဖြစ် ပေမည်။

'ဘာလို့လဲ၊ နင်တို့ကသဲ တဂျီဂျီ ငါ အနားယူနေတာပဲ ဒီကျော်ထွတ်မြတ်က နေ့တိုင်းလာနေတာပဲ၊ နင်တို့ပဲ ညှော်ခံ လိုက်ကြပေါ့'

'မဟုတ်ဘူး မမကြီးရဲ့၊ ကိုထွတ်နဲ့အဘူတူ ညှော်သည်တွေ ပါလာလို့၊ ကုမ္ပဏီကလို့ ပြောတာပဲ'

စူးမ တွေဝေသွားသည်။

'ငါ့ဆီမှာ ကားရိုက်ရက်ပြည့်နေပြီပဲ၊ ဒီနှစ်ထဲ တော့ မရ တော့ဘူးလို့ မပြောကြဘူးလား'

'ပြူးလဲ မသိပါဘူး မမကြီးရယ်၊ မတူးက သွားခေါ်ဦး ဆိုလို့ ခေါ်တာပဲ'

ပြူးမက စိတ်ရှုပ်စွာဖြင့် မျက်နှာလေးကိုရှုံ့မဲ့ကာ ပြော လိုက်သည့်အတွက် စူးမ ထွေဘွေလေး ဖြစ်သွားသည်။

မိမိအား လိုက်လျောလွန်းသော ကျော်ထွတ်မြတ်သည် မိမိတွင် ယခုနှစ်အတွင်း ကားရိုက်ရက်များ ပြည့်နေသည်ကို သိလျက်နှင့် အဘယ်ကြောင့် ခေါ်လာသနည်း။

'ဒါဆိုလဲ ပြောလိုက်၊ ငါရေချိုးနေမပါဖြို့လို့၊ ဆင်းလာ
ခဲ့မယ်လို့လေ'

'ဟုတ်ကဲ့၊ မြန်မြန်လုပ်နော် မမကြီး၊ လူကြီးတွေက
အသက်ကြီးနေတော့ အားနာစရာကြီး'

'အံမယ်...မီရှည်'

အငယ်ဆုံးမလေးမို့ အလိုလိုက်ထားသည်ကို သူ
တစ်ခါတစ်ရံ ရှည်ချင်သေးသည်။ သို့ရာတွင် စုးမက အပြ
မမြင်ဘဲ ချစ်စနိုးဖြင့် ခြေထောက်နှင့် လှမ်းကန်ပြီး ရေချိုး
ခန်းဆီသို့ ထွက်လာခဲ့သည်။

ကားရိုက်မှ ပြန်လာပြီးကတည်းက စံညီနှင့် စကားပြော
နေရ၍ ရေချိုး ဖြစ်သေးပေ။

ရေချိုးပြီး သနပ်ခါးရေကျဲလေးကို ကိုယ်တိုင်သွေးလိမ်း
ရသည်မှာ အရသာတစ်မျိုးပင် ဖြစ်၏။ တစ်နေ့လုံး မိတ်
ကပ်နှင့် ပူလောင်နေသည့် မျက်နှာလေး အေးမြသွားသည်
ဟု ထင်မိသည်။

'မမကြီး ဘာအင်္ကျီဝတ်မလဲ'

မြူးမက အခန်းထဲပြန်ဝင်လာပြီး ကမန်းကတန်း မေး
လိုက်သဖြင့် ....

'နင် ဘာဖြစ်နေလဲ၊ ငါ့ဘာသာငါ သိပါတယ်'

'မဟုတ်ဘူး မမကြီးရဲ့၊ မေမေက စကားလဲ မပြောတတ်
ဘဲနဲ့ ဈေးစကားတွေ လျှောက်ပြောမှာစိုးလို့'

'ဟာ....ဘာဆိုင်လို့လဲ၊ ပေး၊ ခုနက ချွတ်ထားတာပေး'

သည်တော့မှ မိခင်အကြောင်းသိသူပီပီ ကမန်းကတန်း ထ
ကာ အင်္ကျီဝတ်လိုက်၏။ မိခင်သည် စကားအပြော မတတ်
ပေ။ ရိုးရိုးရှင်းရှင်းပင် ပြောတတ်သည်မို့ ငွေရေးကြေးရေး
ကောဆိုလျှင် ဘယ်တော့မှ ပြော၍မဖြစ်ပေ။

ဆံပင်ကိုပင် သေချာစွာ မဖြီးနိုင်သဖြင့် တွေ့သည့် လက်
ကိုင်ပဝါနှင့် ကောက်စည်းကာ ထွက်လာရလေသည်။

'ဟော... နွေရေ၊ မနိုးမချင်း စောင့်နေတော့မလို့'

'ဆောရီး ကိုထွတ်၊ နည်းနည်း ပင်ပန်းသွားလို့ နားနေ
ရင်း မေးခနဲ့ အိပ်ပျော်သွားတာ'

စုးမက ကျော်ထွတ်မြတ် အပါအဝင် ဧည့်သည်အားလုံး
ကို ပြုံး၍ နှုတ်ဆက်လိုက်သည်။ ပြီးတော့ ရင်ထဲမှာ နေခင်မိ
ရသွား၏။ ယနေ့ရုပ်ရှင်လောကအသိအောင် ဆရာကြီးတစ်ဦး
ဖြစ်နေသည့် ဝါရင့် ဒါရိုက်တာကြီးတစ်ဦးနှင့် ထုတ်လုပ်သူ
တစ်ဦးပင်ဖြစ်သည်။

'တပည့် မေးခဲ့တဲ့ နိုင်မြင့်ဆွေ တပည့်ဆိုတော့ ဦးကလဲ
အကဲစမ်းချင်လို့ပါ၊ နိုင်မြင့်ဆွေက ဦးရဲ့ တပည့် အရင်းပါ'

'ဟို...စုးမမှာ ရိုက်ရက်က ပြည့်နေတယ် အန်ကယ်ရယ်'

'တစ်ပတ်မှာ တစ်ရက် နားချိန်ထားတယ်လို့ ကိုထွတ်က
ပြောနေတယ်၊ သူလဲ နားချိန်မှာ ရိုက်ပေးမှာပဲ'

ကျော်ထွတ်မြတ်ကို မျက်လုံး ဖွေ့ကြည့်လိုက်သောအခါ ကျော်ထွတ်မြတ်က သဘောပေါက်စွာ ပြုံးရင်း....

'ကိုယ်နဲ့ တွဲရိုက်ဖို့ပါပဲ'

'ဒါဆို ခဏလေးနော်၊ ဆရာ့ဆီ ဖုန်းဆက်ဦးမယ်'

စူးမသည် ပြောပြောဆိုဆိုနှင့် အိမ်အပေါ်သို့ ပြေးတက်ကာ ဆယ်လူလာဖုန်းဖြင့် ဆရာ့ထံသို့ ဆက်လိုက်သည်။ ဆရာ့ကို စိတ်ကောက်နေမည် ဟူသောအစီအစဉ် ကွယ်ပျောက်သွားပြီး တစ်ပတ်တွင် နားရက်တစ်ရက်ကို ထားသင့်သည် ဟူသော ဆရာ့စကားကြောင့် ဖုန်းဆက်မိခြင်းဖြစ်သည်။

'ညည်းမှာ အလကား လေပေါချိန်တွေ ရှိနေသေးတာပဲ၊ နားရက် ယူစရာမလိုပါဘူး၊ ငွေရရင် ရိုက်သာရိုက်၊ မိုးရွာ န်း ရေခံပေါ့'

ရုံးရွှဲပြောတာလား၊ တကယ် ပြောတာလားတော့ မသိနိုင် ။ ဆရာနှင့် အငြင်းမပွားလို၍ အောက်သို့ ပြန်ဆင်းလာပြီး စာချုပ် ချုပ်လိုက်၏။ နာမည်ကြီး ဒါရိုက်တာမို့ ဇာတ်လမ်းကိုပင် တောင်းမကြည့်ခဲ့ပေ။

ကျော်ထွတ်မြတ်ကိုလည်း ယုံကြည်ပြီးသားဖြစ်သည်။ ကျော် ထွတ်မြတ်သည် ဇာတ်လမ်းမကောင်းလျှင် မရိုက်တတ်ပေ။

မိခင်က တပြုံးပြုံးနှင့် ငွေများကို လက်ခံလိုက်သည်။ စူးမက လက်မှတ်ထိုးပြီး သည်နှင့် ငွေများကို လှည့်ပင်မကြည့် ချင်တော့ပေ။

ဧည့်သည်များ ပြန်သွားသည်နှင့် ဖခင်အိပ်ခန်းသို့ ဝင်လာခဲ့သည်။

ခြင်လုံးသံဆန်ခါလေးကို အသာအယာတွန်းဖွင့်လိုက်သဖြင့် နားပါးသော ဖခင်က ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

'ဧည့်သည်တွေ ပြန်သွားပြီလား သမီး'

'ဟုတ်ကဲ့ ဖေဖေ'

'ဘာလဲ၊ ကားရိုက်ဖို့လား၊ ခုနကတော့ ဖေဖေ့ဆီကို ကိုထွတ် လာ နှုတ်ဆက်တယ်'

'ဟုတ်ကဲ့၊ ကိုထွတ် ခေါ်လာတာပါ ဖေဖေ၊ သူနဲ့ ရိုက်ဖို့ တဲ့၊ နာမည်ကြီး ဒါရိုက်တာပါပဲ'

စူးမ စကားကြောင့် ဖခင်သည် ခေတ္တငြိမ်သွားပြီး မျက်မှောင်လေးကို တွန့်ကာ....

'သမီးမှာ ကားရိုက်ရက် မရှိတော့ဘူးဆို၊ ဒီနှစ်ထဲမှာ ပြည့်နေပြီဆို'

'ဟုတ်ကဲ့ ဖေဖေ၊ မရှိတော့ပါဘူး၊ ဒါပေမယ့် တစ်ပတ်မှာ တစ်ခါ နားတဲ့ရက်ကို ယူလိုက်တယ်'

'သမီးရယ်၊ သိပ် ပင်ပန်းနေမှာပေါ့'

ဖခင်က ကြင်နာစွာ ညည်းညူလိုက်သောအခါ စူးမရင်ထဲ အေးမြသွား၏။ ဖခင်၏ ကရုဏာ မျက်လုံးများကား စူးမ အတွက် အားဆေးပင်ဖြစ်သည်။

'မပင်ပန်းပါဘူး၊ ညအိပ်ချိန်မှာ နားတာပေါ့၊ ဘာပဲ ဖြစ်ဖြစ် မိုးရွာတုန်း ရေခံထားရမှာပဲ ဖေဖေ'

ဖခင်ထံမှ အာစအားသံမျှ ထွက်ပေါ်မလာသေးပဲ တစ် တစ်ခုကို ငိုင်လျက် စဉ်းစားနေသည်။

ယခုအလော ဖခင်၏ ကျန်းမာရေး အခြေအနေသ ကောင်းမွန် တိုးတက်လာလျက်ရှိသည်။ခေတ်မီဆေးဝါးမျ သာမက ပြုလည်နေသော ဘဝ အခြေအနေများကြ အသံပင် ပီလာနေလသည်။

'ဖေဖေလဲ သမီးအတွက် အလုပ်တစ်ခု လုပ်ပေးချင်တ အနုပညာသမားဆိုတာ စန်းတက်နေတုန်း တစ်ချိန်ပဲ သ

'ဟုတ်ကဲ့ ဖေဖေ၊ သမီးလဲ စီးပွားရေးတစ်ခုခုကိုဇောက် လုပ်မလို့ စုံစမ်းနေပါတယ်၊ အခုကကတော့ တူးမကို ချုပ်ဆိုင်ဖွင့်ပေးဖို့ နေရာကောင်းကောင်း ကြည့်နေပါတ

'အေးပေါ့ သမီးရယ်၊ ညီအစ်ကို မောင်နှမဆိုတာက ထားလို့လဲ ရပါတယ်၊ ငွေပေးတာထက် သူတို့ဘဝ အခြေ အောင် အုတ်မြစ်ချပေးတာက ပိုကောင်းပါတယ်၊ ငါ့သ ကြီးမှာ အများကြီး ကုသိုလ်ရပါတယ်ကွယ်၊ ငါ့သမီးအ သာယာ ဖြောင့်ဖြူးပြီး အကျုံမရှိသော တက်လမ်းမှာ မှ လေး လျှောက်နိုင်ပါစေကွယ်၊ ကဲ....သမီး ထမင်း မစ သေးဘူး မဟုတ်လား'

'ဟုတ်ကဲ့ ဖေဖေ'

'သွားစားလေ၊ အချိန်မှန်မှန် စားတာဟာ အာဟာရ တယ်ကွယ့်'

'ဟုတ်ကဲ့ ဖေဖေ၊ သမီး သွားစားလိုက်ဦးမယ်နော်'

'အေး....အေး....အေး....'

စူးမ အိပ်ခန်းအပြင်ဘက်သို့ ထွက်လာသောအခါ သားသမီးလေးယောက် ငွေများကို ရေတွက်နေကြ၏။

'မေမေ့ဟာက ဘဏ်ထုပ်တွေကို တစ်ချက်ချင်း ရေနေရင် ဒီညတောင် ပြီးမှာမှ မဟုတ်ဘာ၊ အထုပ်လိုက် ရေပေါ့'

အစ်ကြီးမ တူးမပြောသောကြောင့် စူးမ အသာစွေကြည့်လိုက်သည်။ နှီးညာ တူးမနှင့် အငယ်မ ပြူးမတို့ကလည်း မိခင်အတိုင်း ငွေများကို ရေတွက်နေကြသည်။

'ငွေ အခုပြတွေ ရေလေ၊ နေဦး၊တူးမ ကက်ကူလေတာ သွားယူဦးမယ်'

'ဟုတ်တယ် မေမေ၊ ကုန်မှာ မဟုတ်ဘူး'

တက္ကသိုလ်ရောက်နေသည့် မောင်ကပေါ အိမ်ပေါ်မှ ဆင်းလာပြီး ပြောလိုက်သည်။

စူးမက ဘာမျှ ဝင်မပြောတော့ဘဲ ထမင်းစားခန်းဆီသို့သာ တန်းသွားပြီး အသားဟင်း ဆီပြန်တစ်ခွက်ကို ညနေတိုင်း စားရသည်မို့ ဘာသားလဲဟု လှမ်းကြည့်မိသည်။

ဝက်သားဆို အဆီဘက်မှာစိုး၍ မစားသဖြင့် ဝက်သားချက်သည့်နေ့၌ စူးမ အတွက်ကြက်သားဟင်းချက်ပေးသည်။ သည်နေ့ ကြက်သား ဖြစ်သည်။ပြီးတော့ ချဉ်ရည်တစ်ခွက်နှင့် အရွက်ကြော် တစ်မျိုး။

စူးမသည် ထမင်းဝိုင်း ထိုင်ရင်း မောင်အစ်ကြီး မျိုး
အာရုံ ရောက်သွား၏။ ရုပ်ရှင်မင်းသား တစ်ဦးပမာ ဝ
စားပြီး ငွေကို ပေါပေါများများ သုံးနေသည်။

မျိုးဘဝတွင် မိဘအတွက် ဘာမျှ လက် မလှုပ်ရ
ယောကျ်ားလေးမို့ ပညာကို ဦးစားပေးကာ တူးမနှင့်မိ
အနစ်နာခံ၍ တက္ကသိုလ် မတက်ခဲ့ပေ။ သို့ဖြစ်၍ မျိုးသ
ငွေရှာရသည့် အကျိုးကို သူ မသိ။ ယခုနှစ် နောက်ဆုံး
မို့ သူ့အနေနှင့်ကျောင်းပြီးရင် ဘာလုပ်မည် မရည်ရွယ်
သို့ရာတွင် သူ့အတွက်ကိုတော့ အလုပ်လုပ်ဖို့ စဉ်းစား
ရမည်။

ပြီးတော့ နို့ညာက တူးမ။ သူကတော့ အတွက်အချ
ကို ဝါသနာပါသည်။ စက်ကို ဝါသနာ မပါ။ အိုကိုပ
နှစ် စ တက်ရုံသာရှိသေးသည်။ အနေအေး၍ သူ့ အတ
သိပ် စိတ်မပူရပေ။

ဖြူးမကတော့ သွက်လက်ပြီး ရုပ်ရှင်ကို စိတ် ဝင်
သည်။ မင်းသမီးဖြစ်ချင်သည်။ ရှစ်တန်းမို့ စာဘက်
ဟင်းမှာ စိုးမိ၏။ သို့ဖြစ်၍ သူ့အား အစမလုပ်စေးရဲ
ဆယ်တန်းကို ဘော်ဒါဆောင်မှာ ကျောင်းအိမ် ကျေ
စားနေ၍ နှစ်ချင်းပေါက်အောင် ကြိုးစားနေသော
ကမူ စစ်ဗိုလ်ကလွဲ၍ ဘာမျှ မလုပ်ဟု ဆုံးဖြတ် ထား
ကြောင့် ငတိုးအတွက် မပူရ။

ခက်တာက မျိုး။

'ဟင်း....'

မိုးရှာတုန်း ရေခံတာတော့ ဟုတ်ပြီ။ အိမ်တွင်းရေးမှာ လစ်ဟင်းနေသည်။ အဖေ အမေစကားကို နားမထောင်ချင်တော့ ဒါကတော့ ခြံခုန်ချင်သော သားသမီးများ၏ ထုံးစံဖြစ်သည်။ ဝင်ငွေမရှိသော မိဘကို မလေးစားချင်။ ခြေကန်ချင်လာသည်။ စင်ငွေရှာပေးနေသော အစ်မကိုသာလေးစားပြီး ပြောစကားကို နားထောင် တတ်၏။

အစ်မကြီးတော့ အမိအရာမို့ မျိုး ကျောင်းပြီးလျှင် အလုပ် လုပ်ရအောင် မိမိ ဘယ်လို အလုပ်မျိုး ရှာပေး ရမည်နည်း။

ထိုအခါတွင် လေးလံသော ဝန်ထုပ်ဝန်ပိုးကြီးက မိမိပခုံးပေါ်သို့ ပြုတ်ကျ၍ လာသလို ခံစားရသည်။

ပဲပြုတ်သည်ဘဝက ငွေငါးဆယ်ရဖို့ တစ်မနက်လုံးရှာဖွေနေရစဉ်ကပင် ဤမျှလောက် ဝန်မကြီးမားခဲ့ပေ။

ခုတော့....

ငွေများရသည်ကို မပျော်ရွှင်နိုင်ဘဲ တစ်ခုခုအတွက် စိုးရိမ်သလိုလို၊ အလိုမပြည့်သလိုလို ခံစားလိုက်ရသည်။

* * *

'အခု တစ်လော၊ နေ့ မျက်နှာမရွှင်ဘူး၊ ဘာဖြစ်နေသလဲ မောင်၊ တစ်ခုခုပဲ'

ဗွီဒီယိုကားရိုက်ဖို့ ကန်တော့ပွဲပေးစဉ် ကျော်ထွတ်မြတ်က တီးတိုး မေး လိုက် ၏။ ထိုအခါတွင် စူးမ ရင်ထဲ၌ တစ်စုံ တစ်ယောက်ကို ဖွင့်ဟ တိုင်ပင် ချင်လာသလို ခံစားလိုက်ရ သောကြောင့် ကန်တော့ပွဲပေးအပြီး ကားရိုက်မည့် နေရာသို့ သွားစဉ် မြမြရီအား စံညီနှင့်ကားရိုက်မည့်နေရာသို့ ကြိုလွှတ် ပြီး မိမိကတော့ ကျော်ထွတ်မြတ်ကားနှင့် လိုက်လာလိုက်၏။

'တစ်ခါတလေ မောင်နှမတွေရဲ့ ရွှေရေးတို လုပ်ပေးရ မယ့် တာဝန်ကရှိနေတော့ တွေးတွေးပြီး ရင်ထဲမှာလေးနေ တယ်ကိုထွတ်ရယ်၊ အလတ်ကောင် ငမျိုးအတွက်ကို ကျောင်း ပြီးရင် တစ်ခုခု လုပ်ပေးမလို့ဘဲ၊ ဒီနှစ်တောင် အောင်ပါ့ မလားဘဲ၊ ဒီကောင်လေး ကြည့်ရတာဆောင့်ကြွားကြွားနဲ့'

'ဖြစ်ရလေ နေ့ရယ်၊ ဒီအတွက်များ ပူနေလို့ဗျာ၊ ဘာမှ မပူနဲ့မျိုးက ရုပ်ရှင်မှာ စိတ်ဝင်စားပြီးသားပဲ၊ မင်းသား ဖြစ်အောင်သာ ကြိုးစားပေးလိုက် နေ့ကဘာမှပူစရာမလိုဘူး၊ ကိုယ်လက်တွဲ ခေါ်ပေးမယ်၊ကဲ....စိတ်အေးအေးသာထားနေ သိလား'

ထိုအခါ ရင်ထဲမှာ အနည်းငယ် အေးသွားသော်လည်း လွတ်ဟာနေဆဲ ဖြစ်သည်။

'ပြီးတော့ စူးမအတွက် စက်ဆိုင်ဖွင့်ဖို့လဲ လှည်းတန်းမှာ ကြည့်ခဲ့တယ်၊ တက္ကသိုလ်ကျောင်းလဲနီး၊ လူကလဲ စည်တော့ အဲဒီ နေရာမှာ ပိုကောင်းတယ်၊ ရုပ်ရှင်မင်းသမီး မေပိတောက် နေ့ရဲ့ညီမဆိုရင် ဝိုင်းလာကြမှာ လက်ကိုလည်မှာ မဟုတ်ဘူး၊ နေ့ကလဲ အင်္ကျီပုံလှလှလေးတွေ ဝတ်တတ်တာနဲ့ သိပ် အဆင် ပြေမှာပဲ လူငှားသုံးလေးယောက်သာ ရှာထားပေတော့'

စူးမက မောင်နှမများ အတွက် စိတ်မအေးမရဘူး ဆို၍ ကျော်ထွတ်မြတ်က သူ ကူညီနိုင်သည်ကို တတွတ်တွတ် ပြော နေ၏။

'လှည်းတန်းဈေး ဘေးနားမှာပဲ နေ့ အဝတ်လှလှ ဆန်း ဆန်းလေးဝတ်ပြီး ဓာတ်ပုံတွေ သုံးလေးပုံလောက်ချိတ်ထား ရင် ရပါဘယ်၊ ဖွင့်ပွဲနေ့မှာ နေ့ကဖွင့်ပေါ့၊ သိပ် စည်ကား သွားမှာပဲ၊ ဗွီဒီယိုတောင် ရိုက်လိုက်ဦး၊ ကိုယ် အားချိန်မှာ ဈေး စကား ပြောထားမယ်၊ ကဲ—ဘာလိုသေးလဲနေ့၊ နေ့ ရင်ထဲမှာ ဘာစိတ်ရှုပ်စရာမှ မထားနဲ့၊ အကုန်လုံး ကိုထွတ်ကို ဖွင့်ဟ လိုက်သိလား၊ ကိုထွတ်ဖြေရှင်းပေးမယ်'

အရာရာကို အောင်မြင်နေသော ကိုထွတ်သည် ရဲရဲဝံ့ဝံ့ ရင် အာမခံလိုက်သဖြင့် စူးမရင်ထဲတွင် ကျေးဇူးတင်မိပြီး ထောင် စိန်ခေါ်ခဲ့သည်များအတွက် နောင်တရ၍ မဆုံး တော့ပေ။

'ကိုယ်က အောင် ပထမ်ဘိုးဘိုးကြီးတော့ မဟုတ်
နော်၊ ဒါပေမယ့် ကိုယ့်မှာက မိတ်ဆွေတွေပေါများနေ
ဒီလိုပဲ ဆုံကူအညီရတာပေါ့ နေ့ရယ်၊ ကိုယ့်ဇရိသတ်တွေ
တလေးတစားနဲ့ ခင်ခင်မင်မင် နေရင်းက တစ်ချိန်ချိန်
ကိုယ့်အတွက် ပြန်အကျိုးရှိလာရတာပေါ့'

ကျော်ထွတ်မြတ်သည် ငြိမ်၍ စဉ်းစားနေသော စူး
မလုံမလဲနှင့် ရယ်ပြုရင်း အကျိုးအကြောင်း ရှင်းပြမိသ

'စူးမကလဲ ဘာမှ မပြောပါဘူး ကိုထွတ်ရယ်၊
ကိုထွတ်ကို အားကိုးပါတယ်၊ ကိုထွတ် စီမံတာကို စူးမ
နာပါမယ်၊ စူးမကတော့ စိတ်ညစ်ဖို့ပဲ သိတယ်'

'စိတ်မညစ်ပါနဲ့ စူးမရယ်၊ အိမ်ရောက်ရင် အေး
ဆေးဆေး အနားယူလိုက် သိလား၊ ပြီးတော့ ဆရာ
ထားတဲ့ ဇာတ်ညွှန်းကို ဖတ်ကြည့်ဦး၊ စူးမ သဘောကျ
မယ်'

'ဪ....စူးမကို ဇာတ်ညွှန်းဖတ်ပြီးမှ ကားရိုက်လ
ဆရာက မှာထားတာ၊ စူးမတော့ ကိုထွတ်ကို ယုံတာနဲ့
တောင် မကြည့်တော့ဘူး၊ ကိုထွတ်ကလဲ ကားကောင်
မှ လက်ခံတာကိုး'

'ဇာတ်လမ်းကတော့ သိပ်မရှိလှပါဘူး၊ ဒါပေမယ့်
ဆရာတွေနဲ့ အသားပေးပြီး ခံစားမှုနဲ့ သရုပ်ဆောင်သွား

ပဲ၊ လင်မယား နှစ်ယောက် အထင်လွဲပြီး ခွဲတွက်ကွဲကွာနေ
တုန်း နှစ်ဦးစလုံးရဲ့ ခံစားချက်နဲ့ မာန လေး တွေ ပေါ့၊
ကောင်းတယ်၊ ကိုထွတ်တော့ ကြိုက်တယ်၊ အိမ်ထောင်သည်
တွေ့ ဇရိုက်ကို ပီပြင်တယ်လေ'

ဘာကြောင့်ရယ် မသိ၊ ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွားမိ
သည်။ အိမ်ထောင်သည်ဇရိုက်ကို ဘယ်ကဲ့သို့ ပီပြင်အောင်
သရုပ်ဆောင်ရမည်နည်း။ မိမိက အိမ်ထောင်သည်မှ မဟုတ်
တာ။ ဒါကတော့ ကိစ္စ ရှိပါဘူး။ မင်းသမီးဆိုတာ ရုက်
ကြောက်နေရင် ဘယ်လိုသာပြီးတော့ အောင်မြင်မှာလဲလေ
ဟု ကိုယ့်ဘာသာကိုယ် အားပေးရင်း ယွဲယွဲလေး ပြုံးမိ
သည်။

'ကဲ....ရှုတင်ကိုတော့ ရောက်ပြီ၊ နေ့ ရင်ထဲမှာ အေး
ချမ်းသွားရင် စိတ်အေးအေးသာ နေနော်၊ ကိုယ့်အလုပ်ထဲ
ကိုယ့်ဘာသာ အာရုံနှစ်လိုက်ပါ'

'ကျေးဇူးတင်ပါတယ် ကိုထွတ်ရယ်၊ သွားပြီနော်'

'အိုကေ'

ကျော်ထွတ်မြတ်သည် စူးမအား ခြံဝင်းထဲထိ လိုက်ပို့
ပေးပြီး လှည့်ထွက်သွားသည်။

'မအေးဆေးဘူး ကိုထွတ်ရေ၊ ကျွန်မ ရင်ထဲမှာ ရှင်
မှကယ်နိုင်တာ တစ်ခုရှိနေတယ် သိလား၊ ကျွန်မဘာသာလဲ

ကယ်လို့မရဘူး၊ ကယ်လို့ရတာ တစ်ယောက်တည်းရှိနေတ
သိလား၊ သူတစ်ယောက်သာ ကျွန်မကို ကယ်နိုင်မှာ'

ရင်ထဲမှာ တိုးတိုးလေးပြောရင်း အဆင်သင့်ဖြစ်နေသေ
ရိုက်ကွင်းဆီသို့ လှမ်းလာ၏။ ဒါရိုက်တာဆရာ၏ မျက်နှာ
သုန်မှုန်နေသည်။ ဒီနေ့မှာ ပြီးပြီသော ဆရာ့ကားအတွ
ရိုက်ကွက်တစ်ခုကို ပြန်ပြင်ရန် ချိန်းထားခြင်းပင် ဖြစ်သည

'စူးမ နောက်ကျသွားသလား ဆရာ'

'ကိစ္စမရှိပါဘူး၊ မင်းသား မင်းသမီး နောက်ကျတာ
ဒါရိုက်တာဆိုတဲ့ လူမျိုးက စိတ်ရှည်ရှည် စောင့်ရမှာပေ
ကဲ....ကဲ.... အကျီ မြန်မြန်သွားလဲတော့'

ဆရာ၏ မာပြတ်ပြတ်စကားကြောင့် ရင်ထဲတွင် လှ
ဟာသွားသည်။ ကန်တော့ပွဲ ပေးသည်မှာ အနည်းင
နောက်ကျသွားရုံနှင့် ကျော်ထွတ်မြတ်က ကားကို ဖြ
ဖြည်း မောင်းရင်း စကားပြောနေသည်နှင့် ပေါင်းက ဆ
ချိန်းဆိုထားသော အချိန်ထက် တစ်နာရီနီးပါး နောက်
သွားသည်။

ဆရာ စိတ်တိုချင်စရာပါပဲလေဟု ကိုယ့်ကိုယ်ကိုပြောရင်
မြမြရီ အကူအညီနှင့် အကျီလဲလိုက်သည်။

'နင့်ကို နင့်ဆရာက တမျှော်မျှော် လုပ်တာထက် ဟို
တိုး စံညီက တမျှော်မျှော်လုပ်နေတာက ပိုဆိုးတယ်၊ ခြံဝ

ကို ထွက်မျှော်နေတာ၊ သိပ်အကဲပိုဘာပဲ၊ လမ်းမှာလဲ ကား
ကို ဆောင့်အောင့် မောင်းနေလိုက်တာ၊ နင်တို့ကား နောက်
မှာ ဖြတ်ကျန်ခဲ့တော့ သူ့မှာ နောက်ကြည့်မှန် တကြည့်ကြည့်
နဲ့လေ၊ ဒီကောင်တော့ ကောက်ရိုးပုံစောင့် ဖြစ်နေပြီ'

မြမြရီ၏ ပျစ်ပျစ်နှစ်နှစ် အပြောကြောင့် စူးမ စိတ်
မကောင်း ဖြစ်သွားသည်။

'အဲဒီလို မပြောပါနဲ့ဟယ်၊ နင်ကလဲ'

'ဘာလဲ၊ နင်က သနားလား၊ ဟင်း.... ကြည့်သနားဦး
နော်၊ တော်ကြာ ပါသွားဦးမယ်'

'ငါ့မှာ စဉ်းစားဉာဏ်ရှိပါတယ်'

'အံမယ်လေး....တစ်ခါ တစ်ခါ အဲဒီစဉ်းစားဉာဏ်တွေ
ကပဲ အတွေးချော် ဘေးကော် သွားသွားနေတာ သိလား'

'ကဲ....တော်ပါတော့၊ ဒီပိုက်ဆံအိတ်ထဲမှာ ဇာတ်ညွှန်း
ရှိတယ်နော်၊ သိမ်းထားပေးဦး'

မြမြရီအား တွန်းကာ အပြင်ဘက်သို့ ထွက်လာခဲ့၏။
ဆရာက ထုံးစံအတိုင်း အနေအထားကို လှည့်ပတ်ကြည့်နေ
သည်။

'ဟေ့ကောင် စံညီ၊ ဒီနားကို မှန်ထိုးကြည့်ပါဆို၊ မင်း
က ဘာယ်ငေးနေတာလဲ'

စံညီက စူးမ ထွက်အလာကို ငေးနေစဉ် ဆရာက ဟောက်
လိုက်သဖြင့် စံညီ မျက်နှာငယ်သွားသည်။

'ဒီဝန်းနားကို၊ ငါရပ်နေတဲ့နားကို ထိုးစမ်း'

ဆရာက ပန်းခင်းနားရပ်ကာ ပြောလိုက်သည်။ ဆရာသည် မိမိအတွက်သာ သီးခြား ထပ်ဖြည့်ခြင်းဖြစ်သည်။ ပန်းသည်ခ မိမိသည် နေ့စဉ် ဝန်းရောင်း မထွက်မီ ခြံကြီးထဲမှာ ပန်းလာ ခူးပုံ၊ ပန်းစည်းစည်းပုံကို ထပ်၍ ဖြည့်ပေးရန် ဖြစ်သည်။

'အား....ပန်းသည်၊ ညည်း ဝတ်ပုံ စားပုံက ပန်းသည်နဲ့ မတူဘူး၊ ရုပ်ရှင်မင်းသမီးနဲ့ တူနေပြီ'

'ဟင်....ဆရာပဲ ရင်ဖုံးဆို'

'ညည်းရင်ဖုံးက ပန်းတွေနဲ့ဟာ ဘယ်လို သဘာဝကျ တော့မှာလဲ ဒီပန်းက ဈေးကြီးကကြီးနဲ့ ပန်းထိုးခဈေးကြီး နေတာကို ဆင်းရဲတဲ့ ပန်းသည်က ဝတ် နိုင်မလား၊၊ ညည်း စဉ်းစားကြည့်စမ်းပါ၊ သွားလဲဦး'

'ဆရာက နှစ်ထည်ပဲ ယူလာခိုင်းလို့ ယူလာတာ၊ နောက် တစ်ထည်က လက်ရှည်'

'ဟာ....ညည်းကလဲ လက်ရှည်က ပန်းသီတဲ့ အခန်း လုပ် မလို့၊ ကဲ....လက်ရှည်ပဲ ဝတ်ခဲ့၊ အဲဒီ အခန်းကနေစရိုက်မယ်၊ ဦးအံကျီက ပန်းတွေကို မြမြရီကိုဖြုတ်ခိုင်းလိုက်၊ နောက်မှ ညည်း ညီမကို ပြန်ချုပ်ခိုင်းပေါ့'

ဆရာက ဆူဆူပူပူလုပ်သဖြင့် အင်္ကျီ ပြန်လဲပြီး မြမြရီကို အလုပ်ခပေးနေရသည်။

'စံညီ—မင်း ဒီနေ့ ဘာဖြစ်နေလဲကွာ၊ မင်း ဒီခလောက် ငေးငိုင်နေတာ ငါ မတွေ့ဖူးဘူး၊ အလဲ့လဲ့ အချော်ချော်နဲ့ ဒီတဲ့အိမ်ရှေ့ကို မှန်ထိုးပါဆို နေမှ ...'

ဒါရိုက်တာ ဆရာ၏ဟောက်သံဟိန်းသံကို အိမ်ခန်းတွင်းမှ လှမ်းကြားရသဖြင့် စံညီအတွက် စိတ်မကောင်း ဖြစ် သွား သည်။ မြမြရီကနှုတ်ခမ်းမဲ့ပြ၏။

'ရည်းစား လူလုခံရလို့ ဆရာရေ'

'ဖွတ်စမ်းပါ ဟာ၊ အင်္ကျီဝေး ထိဦးမယ်နော်'

'နှင် ပူစရာ မလိုပါဘူးဟာ၊ သွားစမ်းပါ'

ပြောမနာ၊ ဆိုမနာမို့ မြမြရီက စံညီနှင့်ပတ်သက်၍ ပြော သည်ကို ရင်ထဲမှာ နာနေမိသည်။ မြမြရီကို သိပ် ကြည့် မ ရ ချင်တော့....

သို့သော် မြမြရီ မရှိလျှင် မဖြစ်သောကြောင့် ဘာမျှမပြော သာတော့ပေ။

'လာ စူးမ၊ ဒီကိုလာ၊ စံညီ တဲအိမ်ကိုထိုးထားနော်....၊ ဦးမ ဒီမှာစပယ်တွေထည့်ထားတဲ့ဆန်ကာ ပန်းသီရင်းအခေါ

ကပဲ ရွေးသိနော်....၊ အောက်ကို ထိုးမမွေ့နဲ့ ပန်းကနည်း
တော့ စက္ကူတွေကို လုံးပြီး အောက်မှာထည့်ထားရတယ်'

'ဟုတ်ကဲ့'

'ဒီမှာ ပန်းကုံး၊ ညည်းက စဉ်းစားနေရင်း လက်ကို
ထိုးမိပါစေနော်....၊ အပ်ဖျားလေးနဲ့ ညည်းလက်ကို အသ
ထိုးလိုက်၊ ငါက ဆေးနီစက်ကလေး လာ တင်ပေးမယ်
ညည်းက စပယ်ပွင့်နဲ့ချက်ချင်း သုတ်လိုက်ကြားလား၊
သွေးစွန်းတဲ့ ပန်းပွင့်လေးကို ညည်းချစ်သူကိုပေးမယ်ဆို
ညည်းက လက်ဖဝါးပေါ်တင်ပြီး စဉ်းစား နေ လိုက် ပေါ့
ရှင်းတယ်နော်'

'ဟုတ်ကဲ့'

ဆရာပြောသကဲ့သို့ စူးမသည် ကျစ်ဆံမြီး ဆံပင်ကိုရွေး
တစ်စောင်းချ၍ စပယ်များထည့်ထားသော ဆန်ကာလေး
မခိုု့တရို့လေး ပိုက်ထားသည်။

'ရယ်ဒီ....ချက်....'

မနေ့ ညက စံညီ လာပေးထားသော စာရွက်ထဲကအည
အတိုင်း ဆန်ကာလေးကိုပိုက်ကာ ငေးငေးလေး ငေ့
လာမိသည်။ တကယ်ပဲ မိမိရင်ထဲ၌ မရှင်လန်းပေ။ မိမိ
မေတ္တာတရားကို ဥပေက္ခာပြုရက်သော ဆရာရွှေမှာဘယ်လို
ပြုံးပျော်၍ မရတော့။

ဆန်ကာလေးကို ပိုက်ကာ တစ်လှမ်းချင်း လှမ်းရင်းက
တဲအိမ်လေး၏ ကပျဉ်ပေါ်တွင်ထိုင်ရင်း၍ မေတ္တာမျှဝေးငိုင်နေ
လိုက်သည်။

ပြီးမှ ဝမ်းရေးအတွက် အသပြာ ငွေ ရရန် ပန်းများကို
အလျင်အမြန် သီရသည်။ ဆရာသည် မိမိ စိတ်ကောက်ပြီး
သူ့အိမ်မသွားတော့သည်ကို မသိဟန်ပြုကာ လုပ်ငန်းကိစ္စ
နှင့် ပြောစရာရှိသည်ကိုပင် တယ်လီဖုန်းနှင့်မပြော။ စာရေး၍
သာ ပေးသည်။ ဆရာ့ အလုပ် သဘောဆန့်ဆန် အပြုအမူ
များက မိမိနှလုံးသားကို ထိုးခြေလျက်....

'အမေ့'

အပ်ကလေးက လက်ညှိုးထိပ်ထဲ စူးဝင်သွားသည်။ ဆရာ
ပြောသည့် အချိန်ထက် မြန်သွား၍ ဆရာအမိန့်မပေးမီ အပ်
စူးသွားသဖြင့် ဘာလုပ်ရမှန်း မသိဘဲ ငေးကြည့်နေစဉ်....

'သွေးတွေညှစ်ပြီး ပန်းနဲ့သုတ်လေ....'

ဆရာက အနားမှနေ အော်လိုက်မှ သတိရပြီး သွေးကို
လက်မနှင့်ဖိညှစ်ကာ စပယ်ပွင့်လေးနှင့်သုတ်ရင်း သွေးစွန်း
သော စပယ်ပွင့်မှာ စွေးစွေးနီ သွား၏။ အရှိန်နှင့်ဆောင့်
ထိုးမိ၍ တော်တော်နှင့် သွေးမတိတ်ပေ။ စပယ်ပွင့် တစ်ပွင့်
သာမက နှစ်ပွင့်၊ သုံးပွင့်၊ စပယ်ပွင့် သုံးပွင့်တိုင်အောင် သွေး

မတိတ်သေး။ သို့ရာတွင် စပယ်ပွင့် သုံးပွင့်ကို လက် ဖဝါး ပေါ် တင်ရင်းက....

'ပန်းကလေးတွေနဲ့ စကားပြောမယ်နော်၊ သိပ်ချစ်တယ်'

'ကတ်'

ဆရာက ပြောပြောထိုဆိုနှင့် မိမိနားပြေးလာပြီးလက်ညှိုး ကို အတင်းဆွဲကြည့်ကာ....

'နှင့် အဘ၊ တစ်အားဆောင့်ထိုးရလား၊ အပ်ဖျားနဲ့တင်ရုံ တင်ခိုင်းတာ ငါက ဆေးနီ သုတ်ပေးမယ်ဆိုတာ ညည်း နားမလည်ဘူးလား၊ ဟော့—စပရစ်ယူခဲ့ဒလ'

ဆရာက ဆူဆူပူပူနှင့်ပျာသွားသည်ကိုကြည့်ရင်း ရင်ထဲမှာ တစိမ့်စိမ့် တွေးရင်း ကျေနပ်နေမိသည်။ ထိုစဉ် စံညီကာအနား ရောက်လာကာ သူကိုယ်တိုင်ဆေးထည့်ပေး၏။ စံညီလက်များ တဆတ်ဆတ်တုန်နေသည်ကို တွေ့ရသည်။ စံညီကို သနား သွား၏။ သို့သော် ဒီအခွင့်အရေးကိုတော့ လက်လွှတ် မခံပေ။ သွေးစွန်းတားသော ပန်းသုံးပွင့်ကို ဆရာ့လက်ကို ဆွဲပြီးပေး လိုက်၏။

'စူးမက မင်းသားလက်ပေါ်ကို တစ်ပွင့်စီတင်ပြီး သိပ် ချစ်တယ်၊ ဒါမှမဟုတ် အိုင်-လပ်ဗ်ယူ လို့ ပြောရမှာလား'

ဆရာ ရုတ်တရက် အ ငိုက်မိသွား၏။ ငိုင်သွားပြီးမျက်လုံး လေး မှိုင်းဝေသွားသည်ကို သတိထားမိ လိုက်သည်။

'ဆရာပဲ သိမ်းထားပေးပါ၊ စူးမက ပျောက်မှာ စိုးလို့'

ထိုအခါ ဆရာ၏ အပြုအမူကြောင့် ရင်ထဲ ဟာခနဲ ဖြစ် သွားသည်။ ဆရာသည် ထိုစပယ်သုံးပွင့်ကို ဆန်ကာထဲသို့ ပစ် ထည့်လိုက်ရင်း....

'အဲဒီ ပန်းက မင်းသား လက် ထဲ ရောက် ရင် ညှိုးပြီပဲ။ မင်းသားက နယ်မှာ ကားရိုက်ထွက်နေတာ ဒီတော့ အပွင့် လတ်သတ်ကိုပဲ၊ ဆေးဆိုးပေးရမှာပေါ့၊ ဒီပန်းက ဘာမှ အသုံးမရှိတော့ဘူး'

'ရက်စက်လိုက်တာ ဆရာရယ်....' စူးမ အသည်းနှလုံး မွမွ ကြေသွားလေပြီ။

အခန်း (၅)

ရှုံးသူငိုပွဲ

‘တစ်ခါတလေ ကိုယ်ဖြစ်ချင်တိုင်း မဖြစ်ရတဲ့အခါ သူဖြစ်ချင်သလို ဖြစ် ဆိုပြီးတော့ ဥပေက္ခာပြုလိုက်ပြီး ရေစုန်မှာ အလိုက်သင့်မျောနေရတာက စိတ်ပင်ပန်းရတာ သက်သာသလိုပဲ အမေရ’

ဆရာ့အမေ သုပ်ကျွေးသော ဒန့်ကဲ့ရွက်လေးကို တမြုံ့မြုံ့စားရင်းက ရင်တွင်း ဝေဒနာများကို တစ်စွန်းတစ်စဖွင့်ဟလိုက်သည်။ အမေက သက်ပြင်းမောကြီး ချလိုက်၏။ အသက် ခုနစ်ဆယ်နား နီးနေပြီပဲ။ ဒီကလေးမလေးရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ ထိုးထွင်းသိမြင်ပြီးသားမို့ စိတ်မကောင်း ဖြစ်မိသည်။

သားဆိုသည့် မိမိသားကိုလည်း နားမလည်နိုင်အောင်
ဖြစ်မိသည်။ အုန်းကြီးမျှား ဝတ်တော့မလားဟု ထင်မှတ်ရ
လောက်အောင်ပင် မိန်းမကိစ္စ ကင်းရှင်းလွန်းလှသည်။

အနားမှ လှုပ်ရှားနေသည့် မိန်းကလေးကိုပင် စိတ်မဝင်
စားဘဲ အလုပ်ထဲမှာပင် အာရုံစူးစိုက်နေသည်မို့ မိခင်ကိုယ်
တိုင် သားအတွက် စိတ်ညစ်မိသည်။

'ခုတော့ ကိုကောင်းနေတာပဲ အမေရယ်၊ မျိုးကယ်
ကုမ္ပဏီတစ်ခုမှာ အလုပ်ရနေတယ်၊ တူးမကိုလဲ ဇက်ဆိုင်ဖွင့်
ပေးပြီးပြီ၊ အခုဆိုရင် ဖေဖေက ဇာတ်ညွှန်းတွေတောင် ရေး
နေတယ်၊ ဖေဖေ့အတွက်လဲ စိတ်မပူရဘူးပေါ့၊ စူးမ ဘယ်
သူ့အတွက်မှ စိတ်မပူရပါဘူး'

'ကောင်းပါတယ် သမီးရယ်၊ သစ်တစ်ပင်ကောင်းလို့
ငှက်တစ်သောင်း နားခိုနိုင်တာပဲ၊ ဒီသစ်ပင်ကြီးသာ မ
မပြိုဖို့ အရေးကြီးပါတယ်'

'စိတ်ချပါ အမေရယ်၊ စူးမလေ ကိုယ့်ဘဝကို ဖက်တွယ်
ထားတတ်ပါပြီ'

ဆရာ့မိခင်က ချွေးမ ရွေးနေသည်ဆိုရုံ မိမိကို ရွေးချယ်
နိုးနိုးနှင့် ဆရာ့အိမ်သို့ ဝင်ထွက်နေရသော်လည်း ဆရာ
စူးမကို တပည့်တစ်ယောက်ထက် ပို၍ပင် မဆက်ဆံခဲ့ပေ။

'အမေတော့ သားနဲ့ပတ်သက်ပြီး ရုပ်ရှင်လောကထဲ
ရောက်နေတာကြာတော့ အကြောင်းသိနေပြီ၊ မင်းသမီး

မင်းသားတွေဟာ နာမည်ကြီးတဲ့ဒဏ်ကို ခံနိုင်တဲ့သူ ရှားတယ်၊
နာမည်ကြီးလာရင် မာန်မာန တက်ချင်ကြတာပဲ၊ အချို့ကျ
တော့ သောက်စား ပျက်စီးသွားတတ်ကြတယ်'

အမေသည် ဆရာ့မိခင်မိသစ္စာဖြင့် စူးမအား ဆုံးမစကား
ပြောနေသည်။ အခုတလော စူးမ အခြေအနေကို စူးမကိုယ်
တိုင် သိနေသည်မို့ အမေ့စကားကို မလုံမလဲနှင့် ခေါင်းငုံ့
ခံနေမိသည်။

စူးမ ဆရာ့ကို ရွဲ့နေမိသည်။ ကျော်ထွတ်မြတ်နှင့်တတွဲတွဲ
နေ့ရုံမက နောက်တက်လာသည့် မင်းသားငယ် စိုးမိုးအောင်
နှင့်ပါ တွဲတွဲနေသည်ကို ဆရာက မကြိုက်ဟု စံညီက ပြော
ပြသည်။

တယ်လီဖုန်းထဲတွင် စိုးမိုးအောင် စကားကြာကြာပြော၍
ဆရာက လိုင်းဖြတ်လိုက်သည်ကို စူးမ ကျေနပ်မိသည်။

ဘာပဲဖြစ်ဖြစ် ဆရာ့ရင် လှုပ်ခတ်သွားရင် ပြီးရော....။

'အဲဒါဆို အကြီးရဲ့သမီးကို ပြောပါဦး၊ အခုတလော
စိုးမိုးအောင်နဲ့တွဲလိုက်၊ ကျော်ထွတ်မြတ်နဲ့တွဲလိုက်နဲ့ အတွဲကို
များလွန်းနေပြီ'

ကိုစံအေးက မလိုတမာ ဝင်ပြောလိုက်သည်ကို စူးမက
သဘောကျစွာ ပြုံးမိလိုက်သည်။ စံညီက ဆရာနှင့် နယ်သို့
ကားရိုက်ပါသွားသည်မို့ မရှိပေ။

'လုပ်ငန်းသဘောအရ တွဲရတာပဲ မဟုတ်လား'

'ဟုတ်ပါတယ် အမေ၊ စူးမ လုပ်ငန်းအရ တွဲတာပါ။ စိုးမိုးအောင်နဲ့က လမ်းသင့်နေလို့ တစ်ခါတစ်ခါ လာခေါ်ခိုင်းတာပါ'

စူးမက အမေ့စကားကို ကမန်းကတန်းလေး ဝင်ပြောလိုက်သည်။ စံအေးက မျက်ခုံးတွန့်ကာ...

'အစကတော့ ကျောင်းထွက်မြတ်နဲ့ မတွဲဘူးဆို၊ ခုတော့ ကိုထွက်၊ ကိုထွက်နဲ့ နင်တို့ဘစ်အိမ်လုံး ပါးစပ်ဖျားက မချ တော့ဘူး'

'ဩော်... အစ်ကိုစံအေးကလဲ၊ ကိုထွက်က စူးမအတွက် စက်ဆိုင်ဖွင့်ဖို့ရော မျိုးအတွက် အလုပ်ရဖို့ကိုပါ ရှာပေးတယ် လေ၊ ပြီးတော့ ဖေဖေ့ကို ဇာတ်ညွှန်းရေးဖို့ပါ လုပ်ပေး တယ်၊ ကိုထွက်ကလဲ သူရိုက်ချင်တဲ့ကားကို သူ့ဘာသာ ကြိုက်တဲ့ ဝတ္ထုကိုဝယ်ပြီး ဖေဖေ့ကို ဇာတ်ညွှန်းရေးခိုင်း တာ၊ ဖေဖေကလဲ ဗီဒီယိုဘွ အကြံ့များလို့ ထင်တယ် ဇာတ်ညွှန်းရေးတာ သိပ်အဆင်ပြေနေပြီ'

စူးမသည် စံအေး၏ မသိုဘမသာစကားများကို ပြုံးပြုံး ရွှင်ရွှင်နှင့် ဖြေရှင်းပေးနေ၏။ အခုတလော စံအေးက ဒေါ အား ရန်လိုနေသည်ကို သိရသောအခါ စူးမက ခါတိုင်း

ကဲ့သို့ လိုက်ချော့မော့မိ၏။ သို့သော် စံအေးက စိတ်ကောက် သည်ထက် ရန်လိုနေသည်က များသည်။

'ဩော်... နှာမည်ကြီး မင်းသမီးတွေများကျတော့ ကူညီ မယ့်သူ ပေါ်ပေါ်နေဘ်၊ ကျုပ်တို့ညီအစ်ကိုသာ မျက်နှာငယ် နေရတာ'

စံအေးက မဲ့ရွဲ့ပြောလိုက်သောအခါ အမေက စံအေး ၏ ခေါင်းကို လက်နှင့်ခေါက်ကာ...

'ဟဲ့... အိုးကောင်း အိုးလှမှ ပွဲသည်တင့်တာပေါ့၊ အိုးပဲ့ တွေဆို ချောင်ထဲပဲ ရောက်မှာပဲ၊ ကံကို ယှဉ်လို့ မရဘူး၊ လူချင်းအတူတူ၊ လှတဲ့ မိန်းကလေးချင်းအတူတူ မင်းသမီး ဖြစ်ချင်တိုင်း ဖြစ်ရလို့လား၊ မင်းသမီးဖြစ်တဲ့ သူတိုင်းလဲ နာမည်ကြီးချင်တိုင်း ကြီးလို့ရမလား စံအေးရယ်၊ သူ့စန်းနဲ့ သူလာတာပဲ မဟုတ်လား၊ စံညီလဲ ကြိုးစားတာပဲ၊ အချိန် မကျသေးလို့ပါကွယ်၊ အခု စံညီ ရှားမီး ကျနေလို့၊ နောက် နှစ်နှစ်လောက်မှ ရှားမီးက လွတ်မှာ၊ အဲဒီအခါဆိုရင် ကံက လဲ လမ်းဖွင့်ပေး၊ ကိုယ်ကိုယ်တိုင်ကလဲ ကြိုးစားနဲ့၊ ဟန်းခနဲ ထတောက်ရမှာပေါ့၊ အခုတော့ ပညာသူရဲအဆင့်ပဲ ရှိသေး တာပဲ'

အမေက လူကြီးပီပီ ပြေရာ ပြေကြောင်းလေးပြောကာ ဖြေသိမ့်ပေးလိုက်သည့်တိုင်အောင် စံအေးက မကျေနပ်သည့် မျက်နှာနှင့် စူးမကို စွေကြည့်ရင်း နှုတ်ခမ်းကိုမဲ့ကာ...

'မယှဉ်ဝံ့ပါဘူး၊ စံအေးတို့က သူများကံကို မယှဉ်သာ စံ့ပေါင်ဗျာ၊ ကံကြမ္မာကိုတောလဲ မျက်နှာလိုက်ကျတာပဲ'

'စူးမက မိဘကို လုပ်ကျွေးချင်တဲ့ ရည်ရွယ်ချက်ကြောင့် ဟုန်းခနဲ ထတောက်တာပါ သားရယ်၊ စူးမဟာ မိဘကျေးဇူးကြောင့် ဖြစ်လာရတာပါ၊ အခုဆို သူ့အဖေဆိုရောဂါပျောက်သွားပြီ မဟုတ်လား'

စူးမသည် စံအေး စကားကို အဖြေမပေးတတ်နိုင်သည့်တိုင်အောင် အမေက သူ့တူ စံအေး အကြောင်းကို သိသူပီပီ ပြေရာပြေကြောင်းလေး ပြောပြသဖြင့် စူးမ သက်ပြင်းလေး ခိုးချမိသည်။

'စံအေးတို့လဲ အဲဒီလိုရည်ရွယ်ပြီး ကြိုးစားဦးမှ'

'ကဲပါ....စံအေးရယ်၊ ညစျေးလေး ပြေးစမ်းပါဦး၊ မနက်စောစော ငါ ထမင်းကြော် မစားချင်လို့၊ ပေါင်မုန့်ကလေး စားရအောင်၊ ပေါင်မုန့်ကြမ်း သွားဝယ်စမ်းပါဦးကွယ်၊ ရော့....ရော့'

အမေက နားငြီးလာဟန်ဖြင့် သူ့ဘော်လီအိတ်ကပ်ထဲမှလေးဆယ့်ငါးကျပ်တန်ကို ထုတ်ပေးကာ နှင်လိုက်သည့်အတွက် စံအေးသည် ပါးစပ်မှ ဆိမန်းမုန်းရင်း ထွက်သွားလေသည်။

စူးမက စံအေး၏ နောက်ကျောကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်ရင်းက....

'ကိုစံအေးကြီးက စူးမအပေါ် ဘာကောက်နေသလဲ မသိဘူးနော် အမေ'

'အလကားပါ သမီးရယ်၊ သူ့အကြောင်းလဲ သမီး သိသားနဲ့၊ ခုတစ်မျိုး တော်ကြာတစ်မျိုးပဲ၊ သူတို့က သူများအောင်မြင်မှုကို မုဒိတာမပွားတတ်လို့ ကိုယ့်မှာ အောင်မြင်မှုမရှိတာပေါ့၊ သမီး မှတ်ထား၊ အနုပညာလောကမှာ မေတ္တာစိတ်ထားဖို့ လိုအပ်သလို မုဒိတာစိတ်ထားဖို့လဲ လိုအပ်တယ်၊ အတက်ကားကို ဦးစားပေးရမယ်၊ အရှိန်နဲ့ တက်လာတာကို အသာရှောင်ပေးပြီး ကိုယ့်လမ်း ကိုယ် ဆက် လျှောက် ပါ၊ အရှိန်နဲ့ တက်လာတဲ့ ကားကို ဦးစားမပေးဘဲ ကန့်ချရင် ကိုယ် ခံရတတ်တယ်'

* * *

'ဟယ်...စံညီ၊ နင် အရက်သောက်တယ်'

စူးမ မျက်လုံးအဝိုင်းသားလေးနှင့် တအံ့တဩ မေးလိုက်သည်။ ဆရာ နယ်မှ ပြန်ရောက်လာသဖြင့် လာတွေ့ခြင်းဖြစ်၏။ ခြံတွင်းရှိ ပိတောက်ပင်အောက်တွင် စံညီ ထိုင်နေသည်ကို တွေ့ရ၍ အနားသို့ ကပ်လာစဉ် အရက်နံ့ ရလိုက်သဖြင့် စိတ်မကောင်းဖြစ်သွားမိ၏။

'ဆန်းသလား စူးမရယ်၊ နင်တို့ နာမည်ကြီး မင်းသမီးတွေတောင်မှ မင်းသားတွေ၊ ဒါရိုက်တာတွေ၊ ထုတ်လုပ်သူတွေ အရက်သောက်တဲ့ ဘေးမှာ အမြည်းလေးစားပြီး နေနိုင်သေးတာပဲ'

'အဲဒါက အလုပ်သဘောအရပဲ စံညီရဲ့၊ ဒါကို နင်က ပြောစရာလား၊ နင်က ဘာမှတောင် မအောင်မြင်သေးဘဲ ပျက်စီးခြင်းလမ်းစကို ရှာနေပြီလား'

စူးမ စကားကြောင့် စံညီသည် ထိုင်ရာမှထပြီး စူးမနားကပ်လာကာ စူးမအား စူးစူးစိုက်စိုက်ကြည့်ပြီး ခါးထောက်လိုက်ရင်း....

'ဩြော်...ငါလို အလကားကောင် သောက်တော့ ပျက်စီးခြင်း လမ်းစ ဟုတ်လား၊ မင်းသားတွေ ငွေရှင်တွေ ဒါရိုက်

တာတွေ သောက်တော့ အလုပ်သဘော ဟုတ်လား၊ ဟား....ဟား....ဟား....ရယ်ရတယ်ဟေ့၊ မုန့်ဘိုးအရက်သောက်တော့ အရက်သမား၊ မင်းသား အရက်သောက်တော့ ဂုဏ်သရေရှိပြီး အလုပ်ကြီး အကိုင်ကြီး လုပ်တာတဲ့၊ ဟား....ဟား....ဟား....ဟား'

'စံညီ၊ နင်... နင်နဲ့ ငါစကားမပြောဘူး'

စူးမသည် ချက်ချင်းပင် စံညီအနားမှ ပြေးထွက်လာခဲ့၏။ အရက်မူးနေသူနှင့် ဖိုင်ပြောလျှင် မိမိသာ အမှား ဖြစ်ရပေမည်။

'ဟော....စူးမ ဘယ်လိုဖြစ်တာလဲ'

မီးဖိုဆဲ တန်းဝင်လာသောအခါ အိုးခွက် လှန်နေသော ဆရာ့အား တွေ့လိုက်ရ၏။

စံညီ မူးနေကြောင်းကို ဆရာ့အား ပြောရန်မသင့်သဖြင့် မျက်နှာထားပြင်ပြီး....

'ဆရာ ဘာလုပ်နေတာလဲ၊ အမေရော'

'မေမေနဲ့ စံဒေအးက ဆွေမျိုးတစ်ယောက်အိမ်မှာ အလှူရှိတာနဲ့ သွားအိပ်ကြတယ်၊ စံညီကလဲ ဘယ်ပျောက်နေသလဲ မသိပါဘူး၊ ကိုယ့်ဘာသာကိုယ် ဗိုက်ဆာတာနဲ့ ခူးစားမလို့၊ ညည်းရော စားပြီးပြီလား'

'ပြီးပါပြီ ဆရာ၊ ခုပဲ စားပြီးပြီးချင်း ဆရာ ရောက်နေတယ် ကြားလို့ ထွက်လာတာ၊ စူးမ ခူးပေးမယ်နော်'

'အေး....အေး....ငါလဲ တစ်သက်လုံးက အမေ ခူးကျွေးတဲ့ ထမင်းပဲ စားနေရတာ၊ ကိုယ့်ဘာသာကိုယ်ဆိုရင် ခူးမစားတတ်တော့ဘူး'

ဆရာသည် စူးမအား ယခင် သူ့ အိမ်မှာနေသည့် တပည့်မတစ်ဦး ဆက်ဆံပုံထက် မပိုဘဲ အဆင်သင့်ပင် ထမင်းစားခန်းမှာ ထိုင်စောင့်နေ၏။

'ဆရာ၊ ဒီတစ်ခါ ဘယ်ကိုရောက်ခဲ့လဲဟင်'

'တောင်ကြီးကို သွားတာပဲ၊ မင်းတို့အဖွဲ့လဲ တောင်ကြီးဘက်က ရိုက်ကွင်းတွေ လာရှာနေတယ်၊ ရွှေလထဲ သွားမယ်ပြောတယ်၊ ကိုထွတ်တို့နဲ့လေ'

'ဟုတ်ကဲ့ ဆရာ၊ ပြင်ဦးလွင် ဖြစ်မလား၊ တောင်ကြီး ဖြစ်မလားဘဲ၊ သူတို့က ဘာမှကြိုမပြောသေးတော့ စူးမလဲ ကားရိုက်ရက်တွေ ညှိမထားရသေးဘူး'

'အေးလေ၊ ဒီလိုပဲ ညှိယူရတာပေါ့'

စူးမသည် အိုးလှုန်ခွက်လှုန်ရင်း ဆရာ့အတွက် ဟင်းများကို ခူးခပ်ပေးနေသည်။ အမေသည် ဆရာ့အား ဘယ်သောအခါမျှ ဖြစ်သလို မကျွေးပေ။ ဆရာ့အကြိုက် ဟင်းချိုဟင်းလေး တစ်ခွက်ကို အမြဲချက်ပေးထား၏။

ဤသည်ကိုသိသော စူးမက လျှပ်စစ်မီးဖိုပေါ်က ဘူးသီးဟင်းချိုအိုးတင်ကာ နွေးထားလိုက်သည်။

ငါးခူငါးဆုပ်ကို ခရမ်းချဉ်သီးနှင့်ချက်ထားပြီး ဂေါ်ဖီထုပ်ကို ဘဲဥနှင့် ကြော်ထား၏။ စူးမက နှစ်ယောက်စာကို တစ်ခါတည်း ခပ်ထားလိုက်သည်။ ဆရာက သူ့ တပည့်အတွက်ကို ချန်ထားပေလိမ့်မည်။ ထမင်းစား နည်းသော ဆရာ့အတွက် ဟင်းစားပါ နည်းသည်မို့ ပြောစရာ မလိုပေ။

'ဆရာ ခဏလေးနော်၊ ဟင်းချိုနွေးထားလို့'

'အေးပါဟာ၊ ငါက လောနေတာမှ မဟုတ်တာ'

ထိုအခါ စူးမသည် ကြည်လင်စွာပြုံးလျက် ဆရာ့အတွက် လက်ဆေးရေဇလုံလေး ချပေးရင်း....

'သိဘူးလေ၊ ဆရာများ ဆာနေသလားလို့ပါ'

နွဲ့နွဲ့လေးပြောရင်း မီးဖိုထဲပြန်ဝင်လာကာ ဟင်းချိုအိုးကို ပူ မပူ စမ်းကြည့်လိုက်လေ၏။ ပြီးတော့ ထမင်းစားလျှင် အရိုးပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အမှိုက်ပန်းကန် ချပေးထားမှ ကျေနပ်သော ဆရာ့ အလိုအရ ပန်းကန်လွတ်လေးတစ်ချပ် လာချပေးသည်။

မင်းသမီး မေပိဘောက်နွေ့ ဘဝမှ ပျောက်ကွယ်သွားပြီး ဆရာ၏ အိမ်ရှင်မလေးအသွင်သို့သာ ပြောင်းလွဲလိုက်ချင်သည့် စိတ်ဖြစ်ပေါ်လာမိသည်။

စူးမသည် ဆရာ့အား ချစ်ရလွန်း၍ တစ်ခါတစ်ရံ၌ နာမည်ကြီး မင်းသမီးဘဝကို စွန့်လွှတ်ပြီး ဆရာ့အိမ်ရှင်မ

ဘဝသို့ နေပါဆိုလျှင် ဘယ်လိုပင် နေရနေရဟု အရူးစိတ် ဝင်နေမိသည်။

'စူးမရေ၊ ငါတော့ ထမင်းပွဲကြီး မြင်ခါမှ ဆာလာပြီကွာ၊ စားတော့မယ် ဟေ့'

ဆရာကား အဲဒီလို လူမျိုး၊ ဟန်ဆောင်မှုမရှိ၊ ပွင့်ပွင့်လင်းလင်းနှင့်ပင် ပြောတတ်သဖြင့် စူးမသည် ဆရာ့အမူအကျင့်ကို လွန်စွာမြတ်နိုးမိသည်။

'ပြီးပါပြီ ဆရာရဲ့၊ ခဏလေးပါ'

စူးမက မီးခလုတ်ကိုပိတ်ရင်းက ဟင်းချိုအိုး ပူ မပူကို လက်နှင့်စမ်းရာ ပူသွားသဖြင့် လက်ညှိုးလေးကို နားမှာကပ်ထားလိုက်သည်။

အိမ်တွင် ခြေမွေး မီးမလောင်၊ လက်မွေး မီးမလောင် နေရသော စူးမသည် အယောင်ယောင် အမှားမှားနှင့် ဟင်းချိုအိုးကို လက်နှီးနှင့် မပြီးမှ ဟင်းချိုပန်းကန် မယူရသေးသည်ကို သတိရသဖြင့် ဟင်းချိုအိုးကို ပြန်ချကာ ပန်းကန်ယူလိုက်၏။ တစ်ဇွန်းစီခပ်နေလျှင် ကြာမည်စိုး၍ ဟင်းချိုကို ဇွန်းနှင့်မွှေကာ ကမန်းကတန်း လောင်းချလိုက်ရာ....

'အမေ့'

အငွေ့အပူရော၊ ဟင်းချိုဇော်သွားသည့် အပူပါဟပ်သွားသဖြင့် လန့်အော်လိုက်၏။

'ကောင်မလေး ဘာဖြစ်လဲ'

အမေးနှင့်အတူ လူပါရောက် လာသဖြင့် စူးမမှာပူသည့် နေရာကို တဖူးဖူးမှုတ်ရင်း....

အငွေ့ဟပ်သွားသည့် နေရာမှာ ရဲရဲနီနေလေ၏။

'နည်းနည်း အငွေ့ဟပ်သွားတာပါဆရာ၊ ရပါတယ်'

'ဘယ်က ရပါတယ်လဲ၊ ကြည့်စမ်း....၊ ရဲသွား တာပဲ၊ ညည်းဟာလေ လုပ်လိုက်မှဖြင့် နမော်နမဲ့နဲ့ အဲဒီအကျင့်ကို ဖျောက်စမ်း၊ လာခဲ့၊ ဒီကို....'

ဆရာက တဖျစ်တောက်တောက် ပြောရင်း ထမင်းပေနေသော သူ့လက်ကို ရေဘုံဘိုင်ဖွင့်ကာဆေးပြီး စူးမအားဆွဲခေါ်၍ ပူနေသည့်နေရာကို ပန်းကန်ဆေး ဆပ်ပြာနှင့်ပွတ်ပေးနေသည်။

'ဆပ်ပြာရည်နဲ့လောင်းလိုက်ရင် ပျောက်တာပဲဟုတ်လားဆရာ'

'သိပါဘူး၊ ငါတို့ကတော့ ဆပ်ပြာကို ခြောက်အောင်တိုက်ပြီး ငါးမိနစ်လောက်ကြာတော့ ရေဆေးလိုက်တာပဲ၊ ညည်း လက်ကိုရေနွေးပူလောင်းကျရင်တောင် အဖုမပေါက်ဘူး၊ ကဲ....လာ၊ ငါပဲ သယ်ခဲ့တော့မယ်၊ ညည်းကရေခဲသေတ္တာထဲက အသီးအနှံ တစ်ခုခုယူစား၊ ဒါမှမဟုတ် ဖျော်ရည်သောက်ပေါ့'

ဆရာက ဟင်းရည်ပန်းကန်ကို သူ့ဘာသာ သယ်သွားတော့၏။

စူးမသည် ဆရာ့နောက်မှ ရှတ်တရက်လိုက်မသွားသေးဘဲ ဆရာ့ နောက်ကျောကိုကြည့်ရင်း ရင်မှာ လှိုက်ဖိုသည့်အထိ ကြည်နူးသွားမိသည်။

ဆရာ၏ အပြုအစုအယုအယကို ခံယူရသဖြင့် ဆရာက သဘောရိုးနှင့်ပြုစုပေးတာလား၊ ဒါမှမဟုတ် အကြင်နာစိတ်၊ စိုးရိမ် စိတ်နှင့် ဆန်းဆန်းပြားပြား ပြုစု ပေးတာလား၊ စူးမ မဝေခွဲချင်တော့ပေ။

'ကောင်မလေး လာလေ၊ ရေ မဆေးရတူးနော်'

ဆရာ၏ ထပ်မံခေါ်လိုက်သံကြောင့်စူးမမျက်နှာပိုးသပ်ပြီး မီးဖိုထဲမှ ထွက်လာခဲ့၏။

'ညည်းအိမ်မှာ ဘာမှမလုပ်ရတာကြာပြီ မဟုတ်လား'

'ဟင်း....စူးမကိုပိုးမွေးသလို မွေးထားကြတယ်လေ'

'အေး....အဲဒါကို အခွင့်အရေးမယူနဲ့နော်၊ ကိုယ့်ကျေးဇူး သိသလို၊ သူ့ကျေးဇူးလဲ သိဦး၊ ကဲ.... ဖျော်ရည် တစ်ခွက် သောက်ပါလား၊ ရေခဲသေတ္တာထဲမှာ စပျစ်သီးရှိတယ် ထင်တယ်၊ ယူစားလေ'

ဆရာက သူ့ထမင်းပန်းကန်ကိုသာ ကြည့်သည်။ပြီးတော့ စူးမ အပူဟပ်သွားသည့် ဟင်းချိုကို အားပါးတရ မှုတ်သောက် လိုက်၏။

ဆရာက အညာသားပီပီ ငါးပိ မစားပေ။ သို့ရာတွင် အသီး အရွက် ပြုတ် ကလေးများကိုတော့ ဟင်း အနှစ်နှင့် ရောစားတတ်၏။

ဆရာ့စိတ်တိုင်းကျ ရေခဲသေတ္တာကို ဖွင့်ကာ စပျစ်သီး ပန်းကန်လေးကို ယူလိုက်၏။ ထို့နောက် သဘော်သီး ဖျော် ရည်ကို ယူသောက်လိုက်သည်။

ဆရာ့ ထမင်းဝိုင်းနားတွင်ထိုင်၍ စပျစ်သီးလေးစားရင်း ဆရာကို တစိမ့်စိမ့်ကြည့်ရင်း၊ ဖျော်ရည်သောက်ရင်းနှင့် ဤ ကဲ့သို့ဇနရသည်ကိုပင် စူးမ ကြည်နူးပျော်ရွှင်နေမိသည်။

'ညည်း အဖေလဲ ဇာတ်ညွှန်းရေးတာ သိပ်....ဟုတ်နေ ပါလား'

'ဟုတ်ကဲ့၊ အဲဒါကို ကိုထွတ်က သင်ပေးတာလေ၊ ဖေဖေ့ ကို သူက သိပ်စိတ်ရှည်တာပဲ'

စူးမ အပြောကြောင့် ဆရာက စူးမကို မျက်လွှာပင့်ကြည့် လိုက်ပြီး တစ်စုံတစ်ရာမျှ မပြောတော့ဘဲ ခေါင်းပြန်ငုံ့ကာ ထမင်း ပြန်စားနေလိုက်၏။

ဤသည်ကို စူးမ ကျေနပ်သွားမိသည်။

စူးမ၏ စကားများထဲတွင် ဆရာ့အတွက် ထူးခြားမှု မရှိ သော်လည်း ကိုထွတ်စကားသံပါလာသောအခါ ဆရာ့အမူ အရာမှာ အနည်းငယ်ထူးခြားသွားပြီး မျက်လွှာ ပင့် ကြည့် လိုက်သည့်အတွက် စူးမ အတော်လေး ကျေနပ်သွားမိသည်။

သို့ဖြစ်၍ စူးမသည် မိမိစကားကိုဆက်၍ ပြောလိုက်သည်။

'ကိုထွတ်ကတော့ မထင်မှတ်လောက်အောင်ကို တော်တာပဲ ဆရာရယ်၊ တူးမ စက်ဆိုင် ဖွင့်ဖို့နေရာတောင် ရှာပေးတာလဲ'

သိပ်တော်တာပဲ၊ စူးမမှာ စက်ချုပ်ရတာ လက်ကိုမလည်နိုင် အောင်ပဲ၊ ပြီးတော့ မျိုးက ရုပ်ရှင်လိုလို၊ ဘာလိုလို ယော ခြောက်ဆယ် ဖြစ်နေတာကိုလဲ ထိန်းပေးပြီး အလုပ်ရှာပေ လိုက်တာ ငြိမ်သွားရော၊ ကိုထွတ်က သိပ် တော်တာပဲနော် ဆရာ'

'ဟုတ်လား၊ သူ ဒီလောက်တော်မှန်း ငါလဲ မသိပါ ကွာ၊ ငါကတော့ သူ သရုပ်ဆောင်တာပဲ တော်တယ်ထင် တာ၊ ဒါဆို ဘက်စုံတော်တာပေါ့ ဟာ၊ အင်း.... ဒီလိုလူမျိုး ရှားပါတယ် စူးမ၊ လူ တော် တစ်ယောက်နဲ့ ပေါင်းရ ကိုယ့်ဘက်က အရှုံး မရှိဘူးပေါ့'

ဆရာသည် ရွှဲ့ပြောတတ်သော လူစားမျိုး မဟုတ်သ စူးမမှာ ပြုံးမဲ့မဲ့နှင့်ခံအောင့်သက်သက် ဖြစ်သွားလေသည်။

'ညည်းလဲ ရုပ်ရှင်လုပ်ငန်းဆို၊ ရုပ်ရှင် လုပ်ငန်း ချည်း နှစ်မနေနဲ့ဦး၊ ပြင်ပ လုပ်ငန်းအခြေအနေအတွက် မဟုတ လေး၊ ဘာလေးရအောင် လေ့လာပါဦး၊ ကိုထွတ် အား နဲ့ပေါ့'

စူးမသည် အားရပါးရ အော် ဟစ် ပစ် ချင်သည် စိတ်တို သွားမိသည်။ သို့ဖြစ်၍ စပျစ်သီး လေး-ငါး ချဉ်သွားသည်အထိ ပါးစပ်ထဲ ပစ်ထည့်ကာ ဝါးလိုက် မျက်လုံးအိမ် အတွင်းမှ မျက်ရည်များ ရစ်ဝဲလာလေ

ဆရာ မိမိကို မချစ်သည်မှာ သေချာနေလေပြီ ဖြစ်

ဆရာ့စိတ်ထဲတွင် စူးမနှင့် ပတ်သက်၍ ဝန်တိုခြင်း ကင်း သကဲ့သို့ ချစ်စိတ်လည်း ကင်းနေလေပြီ။

'ဪ...စူးမရေ၊ ညည်း ရှမ်းပြည်နယ်တက်ရင် အနွေး ထည် ယူသွားသိလား၊ ဒီမှာက သိပ် မအေးပေမယ့် ဟိုမှာ တစ်အားအေးတာ၊ ခေါင်းစွပ်တွေ၊ လည်ပတ်တွေ၊ ခြေစွပ် တွေပါ ယူသွား၊ ညအိပ်ရင် ခေါင်းစွပ်စွပ် အိပ် နော်၊ ဒီက ဆောင်းကုန်ပေမယ့် ဟိုမှာက အေးနေတာပဲ'

ဆရာ့ အကြင်နာစကား....၊ ဂရုစိုက် စကား များသည် စူးမအား မနှစ်သိမ့်နိုင်တော့၊ မဖြေသိမ့်နိုင်တော့ပေ။ စူးမ ဖျော်ရည်ကိုသာ မျက်လွှာချပြီး သောက်နေမိသည်။ ရင်ထဲ မှာတော့ တလှိုက်လှိုက်နှင့်ငိုချင်နေမိသည်။

'ဒီအချိန်ဆိုရင် တောင်ကြီးက သိပ်လှတာပဲ၊ ချယ်ရီပန်း တွေ ပွင့်နေပြီ'

ဆရာက သူ ပြောလိုသည်ကိုသာ ပြောရင်း ထမင်းကို လက်စသတ်လိုက်သဖြင့် စူးမက ဆရာ့လက်ထဲမှ ထမင်း ပန်းကန်ကို ကမန်းကတန်း လှမ်းယူလိုက်သည်။ ဆရာက မလွှတ်ဘဲ....

'ပေးစမ်းပါ၊ ငါ့ဘာသာ လက်ဆေးရင်း ဆေးလိုက် ပါ့မယ်ဟာ၊ ဒီဟင်းတွေက ဟိုကောင်လေး ပြန်လာတော့ စားလိမ့်မယ်၊ အုပ်ဆောင်းနဲ့ အုပ်ထားလိုက်'

ဆရာသည် သူ့တပည့်မတစ်ဦးကို ယခင်ပုံမှန် အတိုင်းသာ ဆက်ဆံနေသည်။ ပြောင်းလွဲ၍ မဆက်ဆံပေ။ စူးမကသာ

ဆရာ့အပေါ်၌ ဆန်းပြားသော ချစ်စိတ်ဝင်နေသည်ကို အလို လို ရှက်လာမိ၏။

'ဟင်း'ခနဲသက်ပြင်းချကာ စံညီ စားရန်အတွက် ဆရာ ပြောသလို အုပ်ဆောင်းလေးနှင့် အုပ်ထားလိုက်ပြီး ထမင်း စားပြီးလျှင် ရေနွေးကြမ်းနှင့် ထန်းလျက်ကို အသင့်ပြင်ထား လိုက်၏။

ဆရာက လက်သုတ်ပဝါသုတ်ရင်း အိမ်ရှေ့ထွက်လာသော အခါ စူးမက ဆရာ့အား လှမ်းကြည့်ရင်းက....

'ဆရာ ရေနွေး'

'အင်း.... ငါ ရေနွေးကြမ်းပဲ သောက်တော့တယ် စူးမ၊ သွားကိုက်ကိုက်နေလို့၊ လက်ဖက်ရှိရင်တော့ အမေတို့လိုပဲ ထမင်းစားပြီး တစ်ကော်လောက်တော့ စားတယ်'

'လက်ဖက်တော့ မရှိဘူး ဆရာ၊ ပန်းသီးရှိတယ်၊ စား မလား'

'ဟင့်အင်း....တော်ပြီ၊ ပန်းသီးကို ငါက မနက်ဘက်မှ စားတယ်၊ အခု ထမင်းစားတာ သိပ်များသွားလို့၊ ရေနွေး တောင် တစ်ခွက်လောက်ပဲ သောက်နိုင်တော့မယ်၊ ညည်းနဲ့ ထိုင်စကားပြောရင်း စားလိုက်တာ တော်တော် များသွား တယ်'

ဆရာက သူ့ဗိုက်ကလေးကိုပွတ်ရင်း ထိုင်ခုံမှာ ဝင်ထိုင် လိုက်ကာ ရေနွေးတစ်ခွက်ကို မှုတ်သောက်နေ၏။

စူးမက ဆရာ့အား မြတ်နိုးစွာကြည့်ရင်း....

'ဆရာ ဝလာတယ်၊ ဗိုက်လဲ ရွှဲလာတယ်'

ထိုအခါ ဆရာက သဘောကျစွာ ပြုံးရင်းနှင့်....

'ငါက မင်းသားမှ မဟုတ်တာ၊ ဗိုက်ရွှဲလဲ ဘာမှ မဖြစ် ဘူး၊ ရှမ်းပြည်နယ်မှာ အသီးအနှံတွေက လတ်ဆတ်ပြီး ချို နေတာနဲ့ ငါလဲ အစားများသွားတယ်၊ ပြီးတော့ ချမ်းချမ်း နဲ့ စောစောအိပ်တာ၊ အိပ်လို့ သိပ်ကောင်းတာပဲ၊ ကဲ....လာ ခြံထဲ လမ်းလျှောက်မလား'

'ခြင် တအားကိုက်တာပဲ၊ မလျှောက်ပါနဲ့ ဆရာ၊ စူးမ ဆရာနဲ့ အမေ့ကို လာကန်တော့တာပါ'

စူးမက ဆရာ့အတွက် ရည်ရွယ်ပြီး ယူလာသည့် ငွေ တစ် သောင်းကို စာအိတ်ကလေးနှင့်ထည့်ကာ ဆရာ့ရှေ့ စားပွဲ ပေါ်ချပြီး ကြမ်းပြင်မှာ ကြုံ့ကြုံ့လေး ထိုင်ကန်တော့ လိုက်၏။

'အေး....သာဓု....သာဓု....သာဓု၊ ညည်း ဒီထက် ပိုပြီး အောင်မြင်နိုင်ပါစေကွာ'

ဆရာက ပြုံး၍ ဆုတွေ ပေးလိုက်သည်။ စူးမသည် ဆရာ့ အိမ်ပေါ်မှာ နေနေသည့် လေး–ငါးလအတွင်း၌ ဆရာနှင့် အမေ့အားလည်း တစ်သောင်းခွဲပေးကာ ကန်တော့သည်။

ဆရာ့အိမ်ပေါ်မှာ မနေတော့သည့်နောက် လစဉ်မှန်မှန် ငွေတစ်သောင်းနှင့် မှန်မှန် လာ ကန်တော့နေသည်မှာ ဆယ် လနီးပါးပင် ရှိနေလေပြီ။

ဆရာကလည်း ငြင်းဆန်မှုမပြုဘဲ လက်ခံနေလေ၏။ စူးမ မိခင်ကပင် အနည်းငယ် ငြိုငြင်ချင်လာသော်လည်း စူးမကို မပြောဝံ့သဖြင့် ဘာမျှ မတားမြစ်ခဲ့ပေ။

'သူ့ဆရာကိုလဲ ကျေးဇူးဆပ်လို့တောင် မကုန်ဘူး၊ ဟိုက လဲ အရှက်မရှိ လက်ခံနေတာပဲ၊ မသေမချင်းများ ဆပ်နေရ မလား မသိဘူး'

မိခင် စကားကို ကြားယောင်မိလိုက်သည်။ သို့သော် စူးမ သည် ဆရာ့အား မငြိုမငြင်နှင့် ကန်တော့မြဲ ကန်တော့နေ သည်။

'ကဲ....ကဲ....ညည်းလဲ ပြန်တော့၊ ငါ့အိမ်မှာလဲ ဘယ်သူ မှ မရှိဘူး၊ ညည်း ပြန်တော့၊ ငါလဲ လုပ်စရာရှိသေးတယ်၊ ညည်းလဲ အချိန်ကို တန်ဖိုးရှိရှိ သုံးတော့၊ ကဲ....သွား.... သွား'

ဆရာက ထုံးစံအတိုင်း စူးမအား နှင်ထုတ်လိုက်ပြန်သဖြင့် စူးမ ဆရာ့အနားမှ ထထွက်လာခဲ့သည်။ စကားတစ်ခွန်း မျှ မပြောချင်လောက်အောင် ရင်ထဲမှာ နင့်နင့်ခွဲနေမိ၏။

အကယ်၍ ခြံထဲဆင်း၍ လမ်းလျှောက်လျှင် ဆရာနှင့် ကြာကြာ စကားပြောရမည် ဖြစ်သည်။ ခုတော့ စံညီ ရှိနေ

သဖြင့် စံညီ မူးနေသည်ကို ဆရာ မြင်သွားမှာ စိုးသော ကြောင့် ခြံထဲဆင်းမလျှောက်ရအောင် တားမြစ်နေခြင်းပင် ဖြစ်သည်။

'ဒီ စံညီရှုပ်လို့ အလကား ယောကျ်ားမဟုတ်သလိုဘဲ'

စောစောက စံညီရှိရာသို့ လှမ်းကြည့် လိုက်သော အခါ စံညီက ပိတောက်ပင် အောက်ရှိ ခုံတန်းမှာ မရှိတော့ဘဲ ခုံအောက်တွင် ခွေခွေလေးလဲနေသည်ကိုတွေ့ရသဖြင့် အနားသို့ သွားကာ....

'စံညီ....စံညီ....'

ခပ်လှမ်းလှမ်းမှ ခေါ်ကြည့်သည်။ မှောင်လာပြီ ဖြစ်၍ စံညီ့ အခြေအနေကို မသိနိုင်။ သို့ဖြစ်၍ အနားကပ်ပြီး....

'စံညီ'

စံညီကား မလှုပ်သဖြင့် စူးမသည် စံညီ့ ပခုံးကိုလှုပ်ခေါ် ကြည့်သည်။

'စံညီ ထ,လေ'

ဘယ်လိုမှ နိုးမရသည့်အဆုံးတွင် ပန်းပင်ရေလောင်းရန် ရေ ဖြည့် ထား သော အိုးတ်ကန်ထဲမှ ရေများကို ပုံးဖြင့် ခပ်ကာ....

'ဗွမ်း'

'အင်း....အင်း....'

‘စံညီ၊ ထ့လေ၊ ထ’
‘ဟင်—စူးမလား’
‘အေး—နင် မူးနေလား၊ ထ့တော်ကြာ ဆရာသိသွားလို့ နင့်ကို ဆူနေဦးမယ်’
စံညီသည် သူ့ကိုယ်ပေါ်မှ ရေများကိုပင် ဂရုမစိုက်ဘဲ စူးမအား တွေတွေကြီးကြည့်ကာ....
‘ငါ စိတ်ညစ်တယ် စူးမ၊ တစ်ခါတစ်ခါ လူ့လောကကြီးထဲမှာတောင် မနေချင်တော့ဘူး၊ ငါနင့်ကို မရရင် သေတော့မယ်၊ နင့်ကို သိပ်ချစ်တယ်’

‘ဒါဆိုလဲ့ သေလိုက်၊ ငါ့တော့ရမှာ မဟုတ်ဘူး’

စူးမသည် စိတ်တိုတိုနှင့်ပြောချလိုက်ပြီး လှည့်ထွက် လာခဲ့သည်။

ဆရာ၏ စိမ်းကားမှုအတွက် စိတ်ညစ် နေရသည့် အထဲ သူကလည်း တစ်မျိုးထင့်ဟု တွေးရင်းဒေါသဖြစ်မိ၏။

* * *

စံညီ ဖျားနေသည် ကြားရသော်လည်း ထို အိမ် ဘက်သို့ မကူးဖြစ်ပေ။ ည မိုးချုပ်မှပြန် ပြန်ရောက်နေသောကြောင့်ပင် ဖြစ်၏။

ဆရာ့ အမေကိုယ်တိုင် စံညီဖျားနေကြောင်း လာသတင်း ပေးသဖြင့် သွား မကြည့်လျှင် စံအေးက စိတ်ကောက်မည် ဖြစ်သည်။

သို့ဖြစ်၍ မနက်စောစော ထို အိမ်ဘက်သို့ ကူးလာခဲ့၏။ လူနာအတွက် ည ကတည်းက ဝယ် ထားသော ကိတ်မုန့်၊ ပေါင်မုန့်၊ ထောပတ်များကို ယူလာခဲ့သည်။

စူးမ ဝင်လာ လာချင်း ဆရာက လှမ်းမြင်သဖြင့်—
‘ဟော—စူးမ စောစောစီးစီးပါလား’
‘ဟုတ်ကဲ့ဆရာ၊ စံညီ ဖျားနေတယ်ဆိုလို့ လာကြည့်တာပါ၊ အခုရော သက်သာသွားပြီလားဟင်’

‘အေး—လာ၊ ထိုင်ဦး’

ဆရာသည် စူးမအား ထိုင် ခိုင်းလိုက်သဖြင့် စူးမသည် အနည်းငယ် အံ့အားသင့်သွားဟန်ဖြင့် ဆက်တီမှာဝင်ထိုင်လိုက်သည်။
‘ဆရာ အပြင်သွားမလို့လား’

'အေး—ညည်းလာတာနဲ့ အတော်ပဲ၊ ညည်းကို မေးစရာ ရှိလို့'

မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ဆရာ့စကားကို စောင့် နားထောင်နေမိ၏။

ဆရာကား—သူ ပြောမည့် စကားအတွက် အတန်ငယ် စဉ်းစားနေဟန်ဖြင့် အငေးသို့ ငေးပြီးမှ....

'ညည်းနဲ့ စံညီနဲ့ ဘာဖြစ်ကြတာလဲ....၊ ငါ့ကို ရှင်းရှင်း ပြောစမ်း'

'ဟင်'

စူးမ မျက်လုံးလေးဝိုင်းစက်သွားသည်။

အံ့အား သင့်သွားဟန်ဖြင့် ဆရာ့ကို လှမ်းကြည့်ရင်း—

'ဘာဖြစ်လို့လဲ ဆရာ'

'ညည်းက ငါ့ကို ပြန်မမေးပါနဲ့၊ ညည်းကို ငါမေးနေတာ ပဲဖြေ၊ ညည်းနဲ့ စံညီ ချစ်နေကြပြီလား'

'ဩော်....'

ထိုအခါမှ စူးမသည် သဘောပေါက်သွားဟန်ဖြင့် နှုတ်ခမ်းကို စေ့ကာ ပြုံးလိုက်ရင်း ညက စံညီမူးမူးနှင့် လိုက်ပြောနေမှာပါပဲ။

'သူ့ဘက်ကသာ ဖြစ်နေတာပါ၊ စူးမ ဘက်က ဘာမှ မဖြစ်ပါဘူး'

'ဒါဆိုရင်လဲ ဝေဒနာမပေးနဲ့စူးမ၊ ဒီကောင်လေးတွေက ထိလွယ် ရှလွယ်တယ်၊ အဲဒီတော့ ညည်းရှောင်ပါ၊ သူက ငါ့ညီပဲ၊ ဒါပေမယ့် သူလဲ သူ့အညွန့်နဲ့သူ၊ ညည်းလဲညည်း တက်လမ်းနဲ့ ညည်းပဲ'

ဆရာ့ စကားကြောင့် စူးမ အံ့အားသင့်သွား၏။ ဆရာ ဘယ်သူ့ဘက်က လိုက်ပြောတာလဲ။ ဘယ်သူ့အတွက်ကို နာနေတာလဲ ဟူသော အဖြေကား ထွက်မလာခဲ့။

'ဒီကောင်လေးမှာ တက်လမ်းတွေ အများကြီးရှိတယ်၊ သူ ကြိုးစားဖို့ လိုတယ်၊ အဲဒါ ညည်းက ပြတ်ပြတ်သားသား ဆုံးဖြတ်၊ ညည်း စံညီ့ကို ချစ်ရင် စံညီဘဝအတွက် လက်တွဲ ခေါ် သွားလိုက်၊ မချစ်ရင် လုံးဝ သံယောဇဉ်ဖြတ်ပြီး ရှောင် နေတော့ပေါ့၊ မချစ်ဘဲနဲ့တော့ ဝေဒနာတွေ မပေးနဲ့'

'စံညီ့ကို စူးမ ချစ်ရင် ဆရာက သဘောတူလား'

ရှတ်တရက် ကောက်ကာ ငင်ကာ မေးလိုက်သဖြင့် ဆရာ မှာ အံ့အားသင့်သွားဟန်ဖြင့် ဘာဖြေရမှန်း မသိ ဖြစ်သွား သည်။ နောက်မှ အသာပြုံးလိုက်ရင်း....

'မင်းသမီးနဲ့ မှန်ထိုးမီးထိုးနဲ့ ချစ်ကြတာ လူ ကဲ့ရဲ့စရာပေါ့ ကွာ၊ ဒါပေမယ့် ကိုယ်ချစ်ရင် ဘယ်သူက ကဲ့ရဲ့ ကဲ့ရဲ့ မမှုကြ ပါဘူး၊ ညည်းက စံညီ့ကို ချစ်နေပြီလား'

ဆရာ၏ ပြုံးစိစိအမေးကြောင့် စူးမ မျက်နှာရဲသွားကာ အသားများ ဆတ်ဆတ် တုန်သွားသည်အထိ ဒေါသဖြစ် သွားပြီး....

'ဟုတ်တယ်....ဟုတ်တယ်....စူးမ စံညီကို ချစ်နေမိပြီ'

ထိုသို့ပြောပြီး လှည့်ထွက်လာခဲ့၏။ အိမ်ရောက်သောအခါ ရေတို့ ဝုန်းဒိုင်းချိုးပြီး အဝတ်လဲ၍ ကားမောင်းကာ ထွက်လာမိသည်။ မျက်နှာကိုမူ ဘာမျှမလိမ်းခြယ်ဘဲ မြမြရီကိုဝင်မခေါ်မိပေ။

လမ်းမပေါ်ရောက်မှ ဘယ်ကိုသွားရမှန်းမသိဖြစ်သွားပြီး လမ်းတွေရာကို လျှောက်မောင်းနေ၏။ နောက်မှ မိမိ၏ အရင်းနှီးဆုံး မိတ်ဆွေဖြစ်သော ကျော်ထွတ်မြတ် အိမ်ရှိရာ ကမ္ဘာအေးဘက်သို့ ထွက်လာခဲ့တော့သည်။

စံညီ အချက်မှုးနေစဉ်က ရေလောင်းချမိသည့် အပြစ်ကို ကျေစေရန်အတွက် လူနာသတင်းမေး သွားမိသည်မှာ မိမိ အမှား။ ထို့ထက် ပို၍ မှားမိသည်က စံညီ ကို ချစ်မိနေပြီဟု ဆရာ့အား စိတ်ဘိုတိုနှင့် အရှဲတိုက်ပြောလိုက်မိသည်မှာ ပို၍ မှားသွား၏။

ဆရာက နားလည်လျှင် ဘာမျှ ပြဿနာ မဖြစ်နိုင်။ စံညီ ဖြစ်ဖြစ်၊ စံအေးဖြစ်ဖြစ် ကြားသွားလျှင်....။

ကျော်ထွတ်မြတ် အိမ်သို့ ရောက်သောအခါ ကျော်ထွတ်မြတ် မရှိဘဲ ကားရိုက်သွားသည်ဟု သိရသဖြင့် မိမိလည်း ကားရိုက်ရာ့ည်ကို သတိရပြီး အိမ်သို့ ပြန်ထွက်လာခဲ့၏။

အိမ်ရောက်သောအခါ တစ်အိမ်လုံး ငြိမ်သက်နေပြီး စူးမ လာသည်ကို ဝိုင်း၍ ကြည့်နေကြ၏။

'မြမြရီရော၊ ကားရိုက်သွားမယ်လေ၊ အချိန်တောင် နီးလာပြီ'

စူးမသည် ဆရာ့တပည့်ပီပီ အချိန်ကို လေးစားသူ ဖြစ်သည်။ မြမြရီကို သတိပေးရန် ပြောရင်း အိမ်ပေါ်သို့ ပြေးတက်မည်အပြု....

'စူးမ....ဒီကိုလာစမ်း'

မိခင်၏ မာကျော၍ ကျယ်လောင်သောအသံကြောင့် စူးမ ခြေလှမ်းတန့်သွား၏။

ဘာတွေ ဖြစ်နေကြသလဲ။

စူးမ ပြန်လှည့်ကာ မိခင်ရှေ့သို့ ရောက်ရှိလာပြီး နာရီကို ငုံ့ကြည့်လိုက်မိ၏။ ကိုးနာရီထိုးရန် ဆယ့်ငါးမိနစ်။ မိမိ တစ်နာရီနီးပါး အချိန်ဖြုန်းလိုက်မိပြီပဲ။

'နာရီ ကြည့်မနေနဲ့တော့၊ ဒီနေ့ကစပြီး ညည်း မင်းသမီးလုပ်မနေနဲ့တော့၊ မှန်ပဲ တိုက်ပေးလိုက်တော့၊ မှန်ထိုးမိန်းမပဲ လုပ်တော့'

'ဟင်....'

စူးမ အံ့အားသင့်သွားသည်။ နား မ လည် လွန်း သ ဖြင့် ပါးစပ်အဟောင်းသားနှင့် မိခင်ကို ကြည့်နေမိသည်။

'ငါ့ အတန်တန်သတိပေးရက်နဲ့ စူးမရယ်'

'မ....မဟုတ်ပါဘူး မေမေရယ်'

'ဘာမဟုတ်ရမှာလဲ၊ အခုပဲ စံအေး လာတယ်၊ ညည်းက စံညီနဲ့ ချစ်နေပြီလို့ ဆရာ့ကို ဖွင့်ပြောလိုက်တယ် ဆို'

'ဟင်....'

စုးမ ဘယ်လိုဖြေရှင်းရမှန်းမသိ ဖြစ်သွားသည်။ မိမိ စိုးရိမ်နေသလို စံအေး ကြားသွားလေပြီ။

'မဟုတ်ပါဘူး မေမေရယ်'

'ဘာ မဟုတ်ရမှာလဲ၊ တစ်ခါတည်း သူ့ကိုယ်သူ လူကြီးလုပ်ပြီး ကလေးတွေရဲ့ ချစ်ခြင်းမေတ္တာကို မခွဲပါနဲ့တော့၊ ဒီဝါမဝင်ခင် လုပ်ပေးလိုက်ကြရအောင်တဲ့၊ ကြီးကြီး ကျယ်ကျယ်လုပ်လို့၊ တောက်'

'မဟုတ်ပါဘူး မေမေရယ်၊ သမီး စံညီကို မချစ်ပါဘူး၊ စံညီကို မချစ်ပါဘူး'

စကားလုံးများက လည်ချောင်းဝတွင် တစ်နေပြီး အသံထွက်မလာတော့ပေ။ စိတ်လှုပ်ရှားလွန်း၍ ဘာစကားမျှ ပြောမရဘဲ နှုတ်ခမ်းများသာ လှုပ်ရှနေ၏။

'ငါ မယုံလို့ နှင့်ဆရာကို ဖုန်းနဲ့ မေးပြီးပြီ၊ နင် ပြော သွားတာ ဟုတ်တယ်တဲ့'

'အဲ့ဒါ ဆရာ့ကို ရွဲ့ပြောတာ၊ သမီး ဒီလောက် မိုက်ပါ မလား မေမေရယ်'

စုးမက ပြောရင်း မျက်ရည်များပါ ကျလာ၏။ ထိုအခါတွင် မိခင်လည်း အံ့အားသင့်သွားပြီး ခေတ္တမျှ ငြိမ်သွားသည်။

'ရွဲ့ပြောတာ၊ အဲဒီလိုပဲ ပြော့ရလား စုးမရယ်၊ အခု စံအေးက ထီးထမ်းပြီး လမ်းလျှောက်ပြီး မောင်းလိုက်ခတ်တော့မယ်၊ ညည်း ဘယ်လိုလုပ်မလဲ'

'ဟင့်အင်း....မသိဘူး၊ စုးမ မသိဘူး'

စုးမ အိမ်ပေါ်သို့ ပြေးတက်လာသည်။ မြမြရီက စုးမ နောက်မှ ပြေးလိုက်လာ၏။

မင်းသမီးနှင့် မှန်ထိုးမီးထိုး လုံးဝမဖြစ်နိုင်ပေ။

သို့ရာတွင် မြမြရီသည် အိပ်ခန်းထဲသို့ ဝင်၍မရတော့ဘဲ အတွင်းမှ တံခါးပိတ်ထားခြင်း ခံလိုက်ရသည်။

ဒီနေ့တော့ ရှုတင်နှစ်ခု ဖျက်လိုက်ရပေဦးမည်။

* * *

စုးမ ဆရာ့ကို ပြောလိုက်သော စကားကို စံအေးသာမက စံညီပါ ကြားလိုက်ရသဖြင့် စံညီမှာ သူ့နားကို သူ မယုံနိုင်အောင် ဖြစ်သွားသည်။

သို့သော် စုးမနှုတ်ဖျားမှပြောသည်မို့ စံညီ ယုံရပေမည်။ စုးမ ရွဲ့ပြောမှန်း သိသိနှင့်ရင်မှာ ကြည်နူးနေမိ၏။

'စူးမက အစ်ကိုကြီးကို ရွဲ့ပြောတာပါ၊ ကိုစံအေးရာ'

'ရွဲ့ပြောပြော၊ အတည်ပဲပြောပြော၊ အဲဒီစကားကို အတည် ယူရမယ်၊ သူ့မိဘတွေကို အခုပဲ သွားပြောမယ်၊ ရသမျှ အခွင့်အရေးကို အစွမ်းကုန် အသုံးချရမှာပဲ၊ ငင်းသမီးကို ရလို့ နည်းလား'

စံအေး ထွက်သွားသည်ကို စံညီသည် တားရ ကောင်းမှန်း မသိဘဲ၊ တွေဝေစွာ ငေးကြည့်ရင်း ကျန်ရစ်ခဲ့၏။

စံအေး ပြောသကဲ့သို့ ရွဲ့ပြောသော အပြောမျိုးကိုပင် အတည်ယူပြီး ချည်ထားရမလား ဟု စဉ်းစားရင်း ပီတိဖြစ်မိနေ လေတော့သည်။

စူးမ မိခင်၏မျက်နှာ တင်းမာမှုကို စံညီ ရိပ်မိသဖြင့် စူးမ အသိုင်းအဝိုင်းကို ရင်မဆိုင်ဝံ့ပေ။

စူးမ ကားနှင့်ပြန်လာသည်ကို တွေ့ရသော်လည်း ပြန်ထွက်သွားသည်ကို မတွေ့ရပေ။ စံအေးကမူ အိမ်သို့ ပြန်မလာဘဲ၊ ဈေးကိုထွက်သွားသည်မို့ စံညီတစ်ယောက်တည်း အတွေးများနှင့် ရှုပ်ထွေး ကျန်ရစ်ခဲ့သည်။

ခဏအကြာ မြမြရီရောက်လာသဖြင့် စံညီ ရင်ထိတ်သွားသည်။ မြမြရီသည် စူးမနှင့်အနီးစပ်ဆုံးဖြစ်၍ စူးမများ ဘာ ပြောလိုက် သလဲ ဟု တွေးကာ စိုးရိမ် စိတ် ဝင် သွားမိသည်။

'စံညီ နင် ဘယ်လို လုပ်လိုက်တာလဲ'

'ဘာလဲ၊ ငါ ဘာလုပ်လို့လဲ'

နေမကောင်းသေး၍ ထမင်း မစားရသေးပေ။ ရင်ထဲမှာ တလှပ်လှပ် တုန်ယင် လိုက်မောနေမိ၏။

'စူးမက ဆရာ့ကိုရွဲ့ပြောတာ၊ နင်တို့ ညီအစ်ကိုက ဘာလို့ ကြေညာမောင်း လိုက် ခတ်နေရတာလဲ'

မြမြရီက ခါးထောက်ရင်း စံညီ့အား ရန်တွေ့နေသဖြင့် စံညီ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

'နင့်နေရာ နင်ပြန်စဉ်းစားကြည့်စမ်း၊ စူးမက အခုမှ အညွန့်အလူလူနဲ့ တက်လာတာကို နင်က ဘာလို့ ရိုက်ချိုးချင် ရတာလဲ၊ စူးမနဲ့ နင်နဲ့တူလို့ တန်လို့လား'

မြမြရီ၏ စကားများအား စံညီ့ရင်ထဲသို့ စူးနစ်ဝင်သွားသဖြင့် စံညီ၏ ယောကျ်ား မာနကို လာ ရောက် ပုတ်ခတ် လိုက်လေသည်။

'လူလူချင်းပဲ ဘာလို့ မတူရ-မတန်ရမှာလဲ၊ ငါ့ဘာသာ ငါ စူးမကို ချစ်တာပဲ၊ ဘာမှပိတ်ပင်လို့ မရဘူး၊ အရေးကြီးဆုံးက စူးမပဲ၊ စူးမက ငါ့ကို ပြန်ချစ်ရင်ပြီးရော၊နင်က ကြားထဲက ဘာမှ တွန့်တို နေစရာမလိုပါဘူး'

'အေး...တွန့်တိုတယ်ဟေ့၊ နင်နဲ့ ငါ့ သူငယ်ချင်းနဲ့လုံးဝ မတူမတန်လို့ တွန့်တိုတယ်၊ ဘယ့်နှယ်ဘော်ရာရာစစ၊စူးမက တမင် ရွဲ့ပြောတာကို အဟုတ်ကြီး ထင်လို့'

'ဒါ ရွဲ့စရာ မဟုတ်ဘူး၊ မယုံရင် စူးမကို မေးကြည့်၊ သူ့သဘောကို ရအောင်မေး၊ မေးပြီးမှ ငါ့ကိုလာပြော'

မြမြရီ တွေဝေသွားမိ၏။ စူးမက စံညီအပေါ် ကြွင်းနာနေသည်ကို မြမြရီ ရိပ်မိသည်။ ယခု စံညီက ရင်ကိုကော့၍ ခိုင်မာစွာ ပြောနေသည်မို့ မြမြရီ သိပ်မပြောရဲတော့ပေ။

'စူးမက နင့်ကိုသနားတာကို နင်က အခွင့်အရေးယူနေတာများ ငါ သိပြီးသားပါ စံညီ'

'အေးပါ၊ စူးမဆီက အဖြစ်စကားပဲ ကြားချင်တယ်'

'စူးမက သူ့အဒေမကို ပြောပြီးပြီ၊ သူ ဆရာကို ရှဲ့ပြောတာလို့ ပြောပြီးပြီ'

'စူးမဆီက စကားပဲ ငါကြားချင်တယ်'

'အံမယ်လေး၊ ကြီးကျယ်နေလိုက်တာ၊ လူကတော့အောက်မှာ၊ မှန်းတာက အမြင့်ကို၊ ရပါလိမ့်မယ် အားကြီးကြီး၊ စူးမ နားမှာ မင်းသားတွေ ဝိုင်းနေတာ နင့်ကိုကြိုက်မလား၊ နင့်ထက် လှတဲ့၊ ချောတဲ့၊ သာတဲ့၊ မင်းသားတွေ တစ်ပုံကြီး ပုံလို့'

စံညီက အောက်နှုတ်ခမ်းကိုတင်းတင်းကိုက်ထားလိုက်၏။ မြမြရီ လှည့်ထွက်သွားသည်အထိ စံညီ ငိုင်နေမိသည်။

စူးမ မိမိအားရှဲ့ပြောနေသလား ဟု တွေးမိနေဆဲမှာပင် စူးမ အိမ်ထဲသို့ ကားတစ်စီး ထိုးဝင်သွားသည်ကို တွေ့လိုက်ရ၏။ မင်းသားသစ်၊ မင်းသားချော စိုးမိုးအောင်၏ကားပင် ဖြစ်သည်။

စံညီ မလှုပ်မယှက်နှင့် စူးစူးစိုက်စိုက် ငေးကြည့်နေဆဲဖြစ်၏။ စံအေး ပြန်လာသည်ကိုပင် စံညီ မသိလိုက်ပေ။

စံအေးကမူ ညီကို ကြည့်ကာ မသက်မသာလေး သက်ပြင်းချလိုက်၏။

ခဏအကြာ စိုးမိုးအောင်၏ ကားနှင့်စူးမပါသွားသည်။ မြမြရီပင် ပါမသွားပေ။

'ဟင်း....'

စံညီ သက်ပြင်းရှည်ကြီး ချမိ၏။

* * *

'မလုပ်ပါနဲ့ နွေရယ်၊ မင်းရဲ့ဆရာ ရင်ကျိုးသွားလိမ့်မယ်'

ကျော်ထွတ်မြတ်၏ စကားကြောင့် စူးမဆတ်ခနဲ မျက်လွှာပင့် ကြည့် လိုက်သည်။

'ဆရာလား ရင်ကျိုးမှာ၊ ဆရာက သဘောတူလို့ ပြောတာပေါ့'

'ကိုယ်တော့ မယုံဘူး နွေး၊ လူပြက်နဲ့ ရွှေမင်းသမီးသာ ဖြစ်နိုင်သေးတယ်၊ မီးထိုးနဲ့ ရွှေခင်းသမီးဟာ မဖြစ် နိုင်ပါဘူး ကွာ'

ကျော်ထွတ်မြတ်က ရယ်မော၍ ပြော လိုက် သော်လည်း စူးမစိတ်ထဲတွင် ပေါ့၍ မသွားဘဲ၊လေးလေးနက်နက်စဉ်းစား နေမိ၏။

ကျော်ထွတ်မြတ်ကို စူးမက ဖွင့်ဟမတိုင်ပင်မိ ကျော်ထွတ်မြတ်ကို စံအေးကသတင်းပေးလိုက်သဖြင့် ကျော်ထွတ်မြတ် ကြိုရှိသိနေခြင်းပင် ဖြစ်သည်။ စံအေး၏စိတ်ထားကိုသိသော စူးမသည် စံအေးအား မတားနိုင်တော့။ ကိုယ့်အဖြစ်နှင့် ကိုယ်မို့ တားရန်မစံ့မရဲ ဖြစ်နေမိသည်။

စံအေးကား—ရုပ်ရှင်လောကသားများအား သူကိုယ်တိုင် ကြေညာမောင်း ခတ်နေသော်လည်း ဘယ်သူ့ ဘယ်သူကမျှ မယုံကြည်ကြပေ။

ကျော်ထွတ်မြတ်ကိုယ်တိုင် ရယ်စရာ သဘောထားနေ၏။

'စံညီဟာ ခိုင်းကောင်းတဲ့ ကောင်လေးတစ်ယောက်မို့ ဝိုင်းခိုင်းပြီး သနားကြတာပဲ ရှိတယ် မဟုတ်လား နွေ၊ သူ့ကို အောင်မြင်လာလိမ့်မယ်လို့ ကိုယ်တော့ မထင်ဘူး'

'စူးမတုန်းကလဲကိုထွတ်၊အဲဒီလိုပဲထင်ခဲ့တာပဲမဟုတ်လား'

စူးမသည် အခဲမကျေစွာဖြင့် ပြောလိုက်သည်ကို ကျော်ထွတ်မြတ်က သဘောကျစွာ ပြုံးလျက်....

'နွေနဲ့ ကိုထွတ်နဲ့ဟာ လက်ပွန်းတတီး မနေခဲ့ဖူးလေ၊ နွေနဲ့ စတွေ့တဲ့အချိန်မှာ ကိုထွတ်က မင်းသားဒါရိုက်တာ လုပ်နေရတာမို့ သိပ်အလုပ်များတယ်၊ အခု စံညီတို့ စံအေးတို့ ညီအစ်ကိုနဲ့ဆို လက်ပွန်းတတီးနေပြီး စံညီကို လက်တို လက်တောင်း ခိုင်းရင်းက ခင်နေတာပဲ၊ ဘယ်လိုမှ တိုးတက်မယ့် ညီအစ်ကို မဟုတ်ပါဘူးကွာ'

စူးမ တွေဝေနေမိသည်။ စံညီကို သနားသည့် စိတ်ဖြင့် အမျိုးမျိုးကြိုးစားကာ စဉ်းစားကြည့်မိသည်။

'မဖြစ်နိုင်'ဟူသော အဖြေသာ ထွက်နေမိ၏။

'နွေ ရုပ်ရှင်လောကထဲ စ,ဝင်လာတာ ဟိုးတစ်နှစ်နွေမှာ မဟုတ်လား၊ မိုးမှာ ဗီဒီယိုကား နှစ်ကား စပြီး ထွက်တာ၊ ကားကြီးရိုက်ပြီး ရုံတင်တာ တစ်နှစ်တောင် မကြာသေးပါ

ဘူး၊ သေသေချာချာ စဉ်းစားကြည့်ရင် နွေ့ရဲ့ အောင်မြင်မှုဟာ နှစ်နှစ် ကျော်ကျော်ပဲ ရှိသေးတာ၊ ဒီသကြင်္ကြန်မှ နှစ်နှစ် ရှိမှာပဲ၊ နွေ့က ကြိုးစားလို့ အချိန်တိုတိုလေးမှာ အောင်မြင်သွားတာပဲ မဟုတ်လား'

စူးမ ဘာမျှမပြောဘဲ ငြိမ်နေမိသည်။ နွေ့ချင်း ညချင်း ပြောင်းလဲသွားသော အခြေအနေများကြောင့် ကိုယ့်ကိုယ်ကို မယုံကြည်နိုင်လောက်အောင် ဖြစ်မိသည်။

နေပူစပ်ခါး ပဲပြုတ်ရောင်းနေရသည့် ဘဝကို ပြန်တွေးမိလျှင် ခါးသီးလွန်းသဖြင့် ပြည့်စုံမှု၊ အောင်မြင်မှုကို လက်မလွှတ်ချင်တော့ပေ။

စူးမ ဘဝ ပြည့်စုံသည် ဆိုသော်လည်း ဆရာ့အကြွေး မကျေသေးပေ။ စူးမ လစဉ် တစ်သောင်း ကန်တော့နေသည်ကို ယည့်မတွက်ဘဲ အကြွေးကို သီးသန့် ဆပ်နေသည်မှာ နှစ်သိန်းနီးပါး ကျန်နေသေး၏။

ဤသည်ကို ဆရာနှင့် စူးမသာ သိသည်။ စူးမအတွက် အိမ်စရိတ်၊ ကားအသစ်ဝယ်သည့်စရိတ်၊ စူးမ အဝတ်အစားဖိုး၊ စူးမ၏ မောင်နှမများအတွက် ကုန်ကျငွေများကြောင့် ဆရာ့အကြွေးမှာ အနည်းငယ် ကြန့်ကြာနေခြင်း ဖြစ်သည်။

သို့ရာတွင် ယခုကုမ္ပဏီကို စာချုပ်ချုပ်ပြီး စရန်ငွေအားမိခင်ကို အပ်ပြီး ငွေအကျေရလျှင် ဆရာ့ဘဏ်ထဲသို့ ထည့်ပေးနိုင်လေပြီဟု စူးမ စဉ်းစားထားမိသည်။ ဆရာ့ ဘဏ်ထဲသို့ မှန်မှန်ထည့်ပေးနေသူသည် စံညီသာ ဖြစ်သည်။

စံညီသည် ကျော်ထွတ်မြတ် ပြောသကဲ့သို့ ခိုင်းခကောင်းသူတင်ဦးသာ ဖြစ်သည်။

သက်ပြင်းမောကြီး ချလိုက်မိ၏။

'နွေ့....ကိုယ် ပြောတာ စဉ်းစားနေတယ် မဟုတ်လား၊ အခုမှ တောက်ခါစ မီး ငြိမ်းသွားအောင် မလုပ်ပါနဲ့ နွေ့ရယ်၊ လူကဲ့ရဲ့စရာတွေ ဖြစ်ကုန်မယ်၊ စံညီကို နွေ့က သနားတာပါတဲ့၊ ဒါကို အခွင့်ကောင်း ယူနေကြတာ၊ ဒီလို လုပ်လေ၊ ဒီသတင်း ဘယ်လိုပဲပျံ့ပျံ့၊ နွေ့ကို မေးရင်း မဟုတ်ပါဘူး အကြောက်အကန် ငြင်းနေလိုက်၊ ဒီတစ်ရက်-နှစ်ရက်အတွင်း ကိုယ်တို့ နယ်ကို ကားရိုက်ထွက်ရအောင် လုပ်မယ်၊ ကိုယ်နဲ့ ရိုက်လက်စ ကားတွေကို တစ်လရွှေ့လိုက်မယ်၊ နွေ့လဲ တစ်လချိန်းလိုက်ပေါ့၊ အချိန်မပုပ်ရအောင် ကိုယ်တို့နယ်မှာပဲ တစ်လအတွင်း ကားအပြီးရိုက်လိုက်တာပေါ့'

ကျော်ထွတ်မြတ် အစီအစဉ်ကို စူးမက မျက်လုံးလေး ကလယ်ကလယ်နှင့် နားထောင်နေသည်။

'အစကတော့ တစ်ပတ်တည်း သွားမလို့ပဲ၊ အခု နွေ့တို့ သတင်းတွေ ပွနေပလေ့၊ တစ်လအတွင်း ငြိမ်သွားလိမ့်မယ်၊ ရှောင်နေလိုက်၊ ပြန်လာရင် အားလုံးပြေလည်သွားလိမ့်မယ်'

ကျော်ထွတ်မြတ်စကားကို စူးမ လိုက်လိုလဲ့လဲ့ လက်ခံမိသည်။ စူးမ အိမ်မှာ မနေချင်တော့။ အထူးသဖြင့် ရန်ကုန် ပတ်ဝန်းကျင်မှာပင် မနေချင်တော့ပေ။

'သတင်းမပေါက်ကြားရအောင် ပိပိရိရိလုပ်နော်၊ ကားရိုက်သွားမယ်၊ ဘယ်လဲလို့ မပြောနဲ့၊ ဒါမှ အေးအေးဆေးဆေး နားရမှာ၊ ဘယ်သူ ဘယ်လိုပဲပြောပြော နွေက မဟုတ်ဘူး ငြင်းရင် ဘာမှမတတ်နိုင်ပါဘူး၊ လူပ်သွားတော့ ဘာဖြစ်လဲ၊ လူတွေ စိတ်ဝင်စားတာပေါ့၊ ကြင်နာသနားစိတ်ရှိတဲ့ မင်းသမီးကို မသမာတဲ့စိတ်နဲ့ တလွဲတွေးပြီး သာယာနေတဲ့ မုန့်ထိုးအကြောင်းဟာ ရယ်စရာဖြစ်သလို စိတ်ဝင်စားစရာလဲ ဖြစ်သွားတာပေါ့'

စူးမ ဘာတစ်ခွန်းမျှမပြောသေးသော်လည်း ကျော်ထွတ်မြတ်၏ ဖြေသိမ့်စကားကြောင့်ရင်ထဲ၌ အေးချမ်းသွားမိသည်။

ထို့ပြင် စံညီကိုလည်း သနားသွားမိ၏။ တကယ်တော့ စံညီ အပြစ် မဟုတ်ပေ။ မိမိအပြစ်သာ ဖြစ်လေသည်။

'ဒါဆိုလဲ ကိုထွတ်ရယ်၊ မေမေ့ကို လာပြောပါဦး၊ မေမေကတော့ အရေးဆို ပြူးတူးပြဲတဲလုပ်ဖို့ပဲ သိတယ်၊ ဘာမှ မစဉ်းစားဘူး၊ စူးမကိုချည်း နေ့တိုင်း ကျိန်းနေတာပဲ'

'လူကြီးသဘောက ဒီလိုပဲ နွေ၊ ဘာမှ ပူမနေနဲ့၊ ကိုထွတ် ပြောပေးပါ့မယ်၊ နွေ သတိထားဖို့က အဲဒီဘက် အိမ်ကို လုံးဝမကူးပါနဲ့တော့'

* * *

'အမေက သမီးကို သိပ်နားလည်ပါတယ်ကွယ်၊ အမေတို့ အိမ်ဘက်ကို မလာပါနဲ့တော့၊ သမီးရဲ့ မျှော်လင့်ချက်တွေ အားလုံး ရုပ်သိမ်းလိုက်တော့နော်၊ သမီးရဲ့ဆရာမှာ ချစ်တတ်တဲ့ နှလုံးသားမပါလာဘူးဆိုတာ မွေးထုတ်ထားတဲ့ အမေကိုယ်တိုင်လဲ အခုမှပဲ သိတော့တယ်'

စူးမ မရှက်နိုင်တော့ပေ။ ဆရာ့မိခင်ကို ဖက်ပြီး မျက်ရည်များ သွန်ချမိ၏။

အမေက စူးမ၏ ဆံပင်လေးများကို လက်နှင့် ဖွဖွလေး ပွတ်သပ်ပေးရင်းက....

'သမီးကို စကားပြောချင်တာ ကြာပြီ၊ သမီးက ညဉ့်နက်မှရောက်လို့ အမေ မလာရတာ၊ အခုတော့ သမီးကို စောစော လာမေးမယ်ဆိုပြီး ထလာတာ၊ သမီးရဲ့ အမေလဲ နားလည်သွားပါပြီ၊ အဲဒီညီအစ်ကိုကို အမေက သနားလို့ အိမ်မှာ ထားထားတာ၊ သူများကို ပြဿနာ ရှာရမလားဆိုပြီး အမေလဲ့ ဆူထားလိုက်သေးတယ်'

'စံညီ့မှာ အပြစ်မရှိပါဘူး အမေရယ်၊ သမီးက အနေအထိုင်မတတ်လို့၊ သမီး ရောမိလို့ပါ၊ စံညီ့ကိုတော့ သနားပါတယ်'

'အမေ့တူတွေပေမယ့် ကျားသတ္တဝါတွေဟာ သနားစရာ မဟုတ်ဘူးဆိုတာ သမီးခေါင်းထဲ စွဲစွဲမြဲမြဲ မှတ်ထားဝါ သမီး၊ အခု အမေ့ကို နားပူနားဆာလုပ်ပြီး နား‌ဖောက်စိုင်း နေတယ်၊ အမေက ဖြေသိမ့်ထားရတယ်၊ သမီးကို တက်စမို့ သူ့ အမေက အိမ်ထောင်မပြုစေချင်သေးဘူးလို့လေ၊ စံအေး ကလဲ ညီကို မြှောက်ပေးနေတော့ ဟိုကောင်လေးဟာ အရူး အမဲသား ကျွေးမိသလို ဖြစ်နေပြီ'

စူးမ သက်ပြင်းရှည်ကြီး ချမိသည်။

အားလုံး မိမိအပြစ်များသာဖြစ်သည်။ ဆရာကမူ တုတ် တုတ်မျှပင် မလှုပ်ခဲ့ပေ။

'ဆရာက ဘာပြောလဲ အမေ'

'သမီးက လက်ခံရင် တောင်းပေးမယ်တဲ့'

'ရက်စက်လိုက်တာ ဆရာရယ်'

စူးမ အောက်နှုတ်ခမ်းကို ကိုက်ရင်း တီးတိုး ညည်းတွား လိုက်၏။

ဆရာ့အမေက စူးမ၏ ရင်တွင်းခံစားချက်ကို သိဟန်ဖြင့် စူးမ ပါးနှစ်ဖက်ကို လက်ဝါးနှင့်ညှပ်ရင်း....

'သမီးနော်၊ ထပ်ရှုံ့ဖို့ စိတ်မကူးနဲ့၊ အားလုံး မှားသွား မယ်၊ သမီး ရှုံ့လို့ အမေ့သား ကျောက်ရုပ်က ကျောက်ရုပ်ပဲ၊ သမီးသာ ဒုက္ခရောက်သွားမယ်'

စူးမ မျက်ရည်စလေးများ လွင့်စဉ်ကျလာပြန်သည်။ ဆရာ့ အား လုံးဝ မျှော်လင့်ချက်မရှိသည်ကို ပိုင်ပိုင်နိုင်နိုင်သိလိုက် သောအခါ ရင်ထဲမှာ လွတ်ဟာသွားမိ၏။

'သမီးရယ်၊ သမီးကို လိုချင်တဲ့ မင်းသားတွေ ရှိပါတယ်၊ မင်းသားနဲ့ မင်းသမီး လက်ဆက်တာ ကောင်းသတင်းပါပဲ ကွယ်၊ သင့်တော်မယ့် မင်းသား၊ သမီး ချစ်နိုင်မယ့် သူ တစ်ယောက်ယောက်ကို ရွေးချယ်လိုက်ပါလား သမီးရယ်'

ထိုအခါ စူးမသည် အံလေးကို တင်းတင်းကြိတ်ရင်းက....

'သမီးရင်ထဲမှာ ဘယ်သူ့ ဘယ်သူကိုမှ အစားထိုးချစ်လို့ မရဘူး အမေ'

'ကြိုးစားကြည့်ပါဦး သမီး၊ သားမှာ ရုပ် ရည် ကလဲ မင်းသားတွေလောက်တောင် မလှပါဘူး၊ အင်းလေး....သမီး သဘောပါ၊ အရေးကြီးတာက သမီး လှနေဖို့၊ မိဘ စိတ် ချမ်းသာဖို့ပဲ မဟုတ်လား၊ သမီးအဖေ မသိသေးတာ ကောင်း ပါတယ်'

'မေမေက အသိမပေးပါဘူး အမေ'

'အေး....အေး.... ကောင်းတယ်၊ မကျန်းမာနေတဲ့ သူကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ကွယ်၊ သမီး ဘာမှ စိတ်မပူနဲ့ နော်၊ အမေတစ်ယောက်လုံး ရှိပါသေးတယ်၊ တစ်ဖက်သတ် မဖြစ်စေရပါဘူးကွယ်'

စူးမ သက်ပြင်းရှည်ကြီးချမိကာ မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း ခေါင်းညိတ်လိုက်၏။ စကားပြောရန်ပင် ဝန်လေးနေမိသည်။

'အမေ သွားမယ်နော် သမီး၊ သမီးလေး စိတ်ချမ်းသာပါစေကွယ်'

အမေက စူးမ၏ နဖူးပေါ်မှ ဆံစလေးများကို တယုတယလေး သပ်တင်ပေးပြီး အိပ်ခန်းထဲမှ ထွက်သွားလေ၏။ စူးမ တစ်ယောက်တည်း ခုတင်ပေါ်တွင် ငူငူကြီး ထိုင်နေမိသည်။

အိပ်ရာမှ ထခါစ မျက်နှာသစ်ပြီးချိန်တွင် အမေ ရောက်လာခြင်း ဖြစ်သည်။

'ကိုထွတ်က ခြောက်နာရီခွဲ လာခေါ်မှာလဲ၊ ခြောက်နာရီတောင် ခွဲသွားပြီပဲ'

နာရီကို ငေးကြည့်နေရင်းက မလှုပ်မရှားနှင့် ငေးနေမိသည်။

'သမီးရဲ့ မျှော်လင့်ချက်အားလုံး ရုပ်သိမ်းလိုက်တော့နော်၊ သမီးရဲ့ဆရာမှာ ချစ်တတ်တဲ့နှလုံးသား ပါမလာဘူးဆိုတာ မွေးထုတ်ထားတဲ့ အမေကိုယ်တိုင်လဲ အခုမှသိတော့တယ်'

ထိုင်နေရင်း မျက်ရည်များ စီးကျလာလေသည်။ အမေ့စကားသံများက ရင်ကို ပြင်းထန်စွာ ရိုက်ခတ်လာသည်မို့ စူးမ ဘယ်လိုမှ စိတ်ဖြေလို့ မရပေ။ လူကသာ ငြိမ်သက်စွာ ထိုင်နေသော်လည်း၊ စိတ်ထဲ၌မူ ပူလောင်လှုပ်ရှားနေ၏၊

'ထပ်ရှဲဖို့ စိတ်မကူးနဲ့တော့ သမီး၊ အားလုံး မှားသွားလိမ့်မယ်၊ သမီး ရှဲ့လို့ အမေ့သား ကျောက်ရုပ်က ကျောက်ရုပ်ပဲ၊ သမီးသာ ဒုက္ခရောက်သွားမယ်'

'ဟင့်....'

ခန္ဓာကိုယ်ကို အိပ်ရာပေါ် ပစ်လှဲ၍ အားပါးတရ ငိုရှိုက်လိုက်မိသည်။

ဆရာ့အား အဘယ်ကြောင့် ဤမျှအထိ ချစ်မိသည်ကို မိမိဘာသာ စဉ်းစား၍ မရပေ။ ရင်ထဲ၌ နှလုံးသားများ ကွဲကြေနေသကဲ့သို့ပင် နာကျင်စွာ ခံစားလိုက်ရ၏။

ချစ်သူ–ချစ်ရသူထံမှ စိမ်းကားမှုကို ခံစား နေ ရ သော်လည်း မျှော်လင့်ခြင်း၏ ခက်ညွှာလေးမှာ ရွက် တ ရက် မကြွေဘဲ တွဲ၍ ခိုနေသည့် ပန်းကလေးတစ်ပွင့်မှာ မထင်မှတ်သော မုန်တိုင်းငယ်တစ်ခုကြောင့် ဖြုတ်ခနဲ ကြွေကျသွားလေပြီ။

'ဒေါက်....ဒေါက်....ဒေါက်....မမကြီး....မမ'

ရွတ်တရက် တံခါးခေါက်သံကြောင့် မျက်ရည်များကို ကမန်းကတန်း ပွတ်လိုက်သည်။

အမေက အလိုက်သိစွာပင် တံခါးပိတ်ခဲ့သဖြင့် ရုတ်တရက် ချက်ကျသွားခြင်း ဖြစ်သည်။

စူးမသည် ချက်ချင်း တံခါးဖွင့်မပေးဘဲ ငိုင်၍စဉ်းစားနေမိ၏။

'မမကြီး....ကိုထွတ် ရောက်နေတယ်'

ထိုအခါမှ ချိန်းထားသည်ကို ပြန်သတိရမိပြီး လေးလံသော ခြေလှမ်းများဖြင့် တံခါးနားဆီ ကပ်သွားကာ....

'အင်း....အခု ရေချိုးပြီး လာခဲ့မယ်၊ စောင့်ခိုင်းထားလိုက်'

ပြောပြီး ကမန်းကတန်းရေချိုးလိုက်သည်။ ရှုတင်ရောက်လျှင် မိတ်ကပ်လိမ်းရမှာမို့ ဘာမျှမလိမ်းဘဲ မြပြုရီအားသတိပေးရန် ကြည့်လိုက်သောအခါ မြမြရီက အဆင်သင့်ဖြစ်နေ၏။ သို့သော် စူးမအတွက် အဝတ်အစားများနှင့် မိတ်ကပ်သေတ္တာသာ အဆင်သင့်ဖြစ်နေခြင်းဖြစ်သည်။ မြမြရီကမူ မလိုက်တော့ပေ။

'ဒီနေ့ည ခရီးထွက်ရမယ်လို့ ကိုထွတ်ကပြောတယ်၊ ငါ့အိမ်ကို သွားပြောဦးမယ်၊ နင့်ဘာသာသွားရင် ရတယ်မဟုတ်လား'

'ရပါတယ်၊ ခရီးထွက်မယ်ဆိုဘာ ငါတောင်မသိပါလား'

'အေးလေ....ဖြုန်းစားကြီး'

စူးမ အိမ်အောက်သို့ ဆင်းသောအခါ မိခင်က စူးခကိုမျက်စောင်းထိုးရင်း....

'မောင်နဲ့သာဆို အန်တီ အစစစိတ်ချတယ်၊ မောင့်နှမကိုသာ ဆုံးမပြီးခေါ်သွားပါ၊ တစ်ခါတစ်ခါမှာ ခေါင်းကြောမာလွန်းလို့'

စူးမမျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ကျော်ထွတ်မြတ်ကတဟဲဟဲရယ်မောရင်း....

'ကလေးသာသာ ရှိသေးတာပဲဗျာ၊ နေ့က လိမ္မာပါတယ်၊ ဩော်....နေ့ရေ၊ ကိုယ်တို့ခရီးထွက်ဖို့ ဒီနေ့ပဲလက်မှတ်ရတယ်၊ အဲဒါ ညနေငါးနာရီ လာခေါ်မယ်၊ အန်တီတို့ကို နေ့က မပြောထားဘူးဆို'

'အင်းလေ၊ ဘယ်နေ့လဲဆိုတာ သိမှမသိတာ၊ မြမြရီတောင်သူ့အိမ်ကို သွားပြောနေတယ်၊ ခုမှသိတာပဲဆိုတော့ ကမန်းကတန်းတွေပဲပေါ့'

'ဒီလိုပဲ နေ့ရယ်၊ အနုပညာသမားဆိုတာ ခြေထောက်ပါထားမှ'

ခရီးထွက်ရမည်ကို စူးမ ကြိုတင် သိထားသော်လည်းခုလောက် မြန်ဆန်လိမ့်မည်မထင်ပေ။ စူးမက ပြက္ခဒိန်ကိုယူကာ တခြားကားများနှင့် လက်ခံထားသည်ကို အကြောင်းကြားရန်အတွက် ရက်ချိန်းများကိုကြည့်ရင်း....

'တော်သေးတာပေါ့၊ ဒီလထဲမှာ သုံးကားထဲကျန်နေလို့ဘာလိုလိုနဲ့ စူးမ လက်ခံထားတဲ့ကား ကိုးကားဟာ သကြန်ရက်ပြီးရင် လေးကားပဲကျန်တော့မှာပဲ၊ ကိုထွတ်တို့က နောက်ဆုံးမှစာချုပ်ချုပ်ပြီး အရင်ဆုံးပြီးသွားမှာ'

'ကိုယ့်ကားပြီးတာနဲ့ နောက်ထပ်ကားရိုက်ဖို့ ဇာတ်လမ်းကောင်းကောင်းကို ရှာထားမယ်၊ နေ့အတွက် ကားတွေအဆက်မပြတ်ရအောင်လို့က ကိုယ့်တာဝန်ထား၊ ကဲ....နေ့၊ ပြီးပြီနော် သွားစို့၊ အပြန်မှာ လိုက်ပို့ခိုင်းလိုက်ပေါ့၊ သွားခါနီး ကိုယ့်ဆီကိုဖုန်းဆက်ဦး၊ ဘယ်သူ့ကားနဲ့ သွားတယ်

ဆိုတာ သိရအောင်ပါ၊ ကဲလာ၊ အန်တီ သွားလိုက်ပါဦးမယ်ခင်ဗျာ'

'အေးကွယ်....အေးအေး'

မိခင်က ကျော်ထွတ်မြတ်၏ ဂရုစိုက်မှုအတွက် တပြုံးပြုံးနှင့် ကျေနပ်ပီတိ ဖြစ်နေမိသော်လည်း သမီးဖြစ်သူ၏ မတုန်မလှုပ် အမူအရာကိုကြည့်ကာ အသည်းယားနေမိ၏။

* * *

'ဟာ—ဘယ်လိုဖြစ်ရတာလဲ'

'ရပ်ပေးလိုက်၊ တော်ကြာ ကားတိုက်မှုတွေဖြစ်နေဦးမယ်'

ကားရှေ့တွင် စံအေးနှင့် စံညီတို့ ညီအစ်ကိုက တားဆီးလျက်ရှိနေသည်။

ရထားချိန်မှီ သွားရမည်ဖြစ်သဖြင့် ကျော်ထွတ်မြတ် စိတ်ရှုပ်သွားသလို စူးမလည်း ကြောက်ရွံ့သွား၏။

'မြန်မြန်နဲ့ အပြေလည်ဆုံးဖြစ်အောင်ပြော သိလား'

ကားလေးက ညီအစ်ကိုနှစ်ယောက်ရှေ့တွင် ရပ်လိုက်၏။ စံညီသည် စူးမဘက်ကိုလာ၍ စူးမက မှန်ကိုချလိုက်စဉ် ကျော်ထွတ်မြတ်က တီးတိုးလှမ်းပြောလိုက်သည်။

စံညီ၏လမ်းလျှောက်ပုံက မူမမှန်ချင်။ စံညီ အရက်သောက်ထားကြောင်း သိသာနေ၏။

'ကားရိုက်သွားတာလား စူးမ'

'အင်း....'

'စကားနည်းနည်း ပြောချင်တယ်၊ အိမ်ရှေ့ထဲ ဝင်ဝါဦးလား'

'မဖြစ်သေးဘူး စံညီ၊ စူးမ နောက်ကျနေလို့ပါ၊ နောက်မှ ပြောမယ်နော်'

စူးမသည် ခရီးထွက်မည်ဟု မပြောရဲပေ။ စံညီ၏ နီရဲသောမျက်လုံးကို ကြည့်ရင်းက စူးမ စိတ်ညစ်မိသည်။ သို့သော် ရင်ထဲမှာသနားသလိုလိုမို့ လေသံပျော့နှင့် ချော့လိုက်၏။

စံအေးက စူးမအနားကိုလာပြီး....

'မြမြရီ မပါဘူးလား'

'သူ့အမေ နေမကောင်းလို့ ဒီနေ့နားတယ်'

'စူးမ နင်နော် ရှုတ်ရှုတ်ရှုတ်ရှုတ်မလုပ်နဲ့၊ ငါ့ညီကလွဲရင် နင် ဘယ်သူမှမယူရဘူး'

'စူးမ မစဉ်းစားချင်သေးဘူး၊ အေးအေးပဲ နေချင်သေးတယ်'

'နင် ဗလောင်းပလဲမလုပ်နဲ့'

'ဝူး'

စံအေး ဒေါသထွက်ပြီး ညီအစ်ကိုနှစ်ယောက်စလုံး ကားဘေးရောက်နေစဉ် ကျော်ထွတ်မြတ်က ကားကို ဝူးခနဲမောင်းထွက်သွားသည်။

ကားကိုကိုင်ကာ စကားပြောနေသော စံအေး၏လက် မည်သို့ဖြစ်သွားသည် မသိပေ။

စံညီက သူ့အစ်ကိုလက်ကိုကိုင်ကာကြည့်နေသည်ကို တွေ့လိုက်ရသည်။ ဒီတော့လည်း စူးမ စိတ်မကောင်း ဖြစ်သွားမိ၏။

'ကိုထွတ်ကလဲ အရမ်းချည်းပဲ၊ ကိုစံအေး လက်ကျိုးများ သွားသလားမသိဘူး'

'နွေရယ် အနုပညာလောကမှာ မင်းကိုအောက်ရောက်အောင် ဆွဲချနေတဲ့၊ နာမည်ဆိုက် ဖျက်နေတဲ့ ညီအစ်ကို နှစ်ယောက်ကို မင်းက ခုထိသနားနေသေးလား၊ သူတို့ဟာ အန္တရာယ်ပဲ နွေ ကိုယ့်ကိုရန်မူမယ်ပေါ်ရင် ဆောင့်ကန်ချပစ်လိုက်၊ ဒီအချိန်မှာ ကိုယ်ရှား ကံကောင်းနေတာပဲ၊ လုံးဝမညှာနဲ့၊ ညှာနေရင် မင်း အတွက် တစ်ချိန်ချိန်မှာ အန္တရာယ်ရှိတယ်၊ မကန်ချဘဲ ဝေးဝေးကရှောင်နေတောင် သူတို့က လိုက်ရန်ပြုလိမ့်မယ်'

'အဲဒီလောက်ကြီးအထိတော့ မလုပ်ပါဘူး ကိုထွတ်ရယ် သူတို့ဟာ စူးမကိုတော့ ခင်နေပါတယ်'

စူးမ စကားကြောင့်ကျော်ထွတ်မြတ်ကသက်ပြင်းရှည်ကြီး ချမိလိုက်၏။

ဒီတစ်ခေါက် ခရီးထွက်ရသည်မှာ စိတ်မပါလှပေ။ မြမြ မိခင်နေမကောင်းနေသဖြင့် မြမြရီမှာ မလိုက်နိုင်ဘဲ ကျန်ရစ် ခဲ့ရ၏။

စူးမ၊ ညီမများကိုလည်း တစ်ယောက်မှခေါ်၍ မဖြစ်ပေ။ စူးမ မိခင်ကမူ ကျော်ထွတ်မြတ်ပါလျှင် ငရဲပြည်အထိ သွားမည်လား၊ သမီးကိုထည့်ပံ့သူ ဖြစ်၏။ ကျော်ထွတ်မြတ်အား စူးမနှင့်သဘောတူနေခြင်းပင် ဖြစ်သည်။

ထို့အပြင် စူးမသည် အိမ်မှ ထွက်လာကတည်းက စံညီနှင့် စံအေးတို့ ညီအစ်ကို အနောင့်အယှက်ကို သွေးအေးအေးနှင့် ဖယ်ရှားပေးနိုင်သော ကျော်ထွတ်မြတ်အား အားကိုးယုံကြည်စွာဖြင့် မျက်လုံး စုံမှိတ်၍ လိုက်ပါလာခဲ့၏။

သို့သော် ယခုတစ်ခါ ခရီးစဉ်တွင် နှလုံးသားမဲ့စွာ ခရီး ထွက်လာရခြင်းဖြစ်၏။ စူးမ နှလုံးသားသည် ဆရာ့ထံပါး၌ ကျန်ရစ်ခဲ့သည်ကို စူးမ တစ်ယောက်သာ သိပေမည်ဖြစ်သည်။

ဆရာနှင့်ပတ်သက်၍ မျှော်လင့်မှုများကို ရိုက်ချိုးပစ်လိုက်ပြီးနောက်တွင် ဒီးတည်ကုမ့်နေသော လမ်းကို လျှောက်လှမ်းရသကဲ့သို့ စမ်းတဝါးဝါးနှင့် ဖြစ်နေ၏။

'နွေ'

ရုတ်တရက် ●ိုး ညှင်းသော အခေါ်ကြောင့် စူးမ ငဲ့ကြည့်ရင်း....

'ဟင်'ဟု ထူးလိုက်၏။

'မင်း စံညီကို သံယောဇဉ် ရှိနေသလား'

စူးမ သက်ပြင်းရှည်ကြီး ချမိလိုက်သည်။ ဆရာကဲ့သို့အမေးမျိုးကို မမေးသော ကျော်ထွတ်မြတ်အား ကျေးဇူးတင်သွားမိသည်။

'အမှန်ဖြေရရင် စံညီရော ကိုစံအေးကိုရော စူးမ ခင်တယ်၊ သံယောဇဉ်ရှိတယ်၊ ဒါပေမယ့် မချစ်ဘူး၊ ဒါကို စူးမကိုယ် စူးမ သိပါတယ်'

'ဒါဆို နွေက ဘယ်သူ့ကို ချစ်သလဲ'

ထိုအမေးအတွက် စူးမ မဖြေနိုင်ပေ။ ခေါင်းကို လေးတွဲ့စွာ ခါယမ်းရင်းက....

'ဆောရီး ကိုထွတ်၊ စူးမ မဖြေနိုင်ဘူး'

'ကိုယ်က ကြားချင်တယ် နွေ၊ ဘာလို့လဲဆိုတော့ နွေ့ကို ကိုယ် ချစ်မိနေလို့ပဲ၊ ဒီတော့ နွေ ဘယ်သူ့မှ မချစ်သေးရင်'

တစ်နေ့နေ့ ကြားရလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း ယခုကဲ့သို့ မြန်ဆန်လိမ့်မည် မထင်ခဲ့ပေ။

သို့သော် မိခင်ပြောသကဲ့သို့ ကိုထွတ်ဟာ အားကိုးသင့် အားကိုးထိုက်သော ယောကျ်ားမို့။

ချစ်သင့် ချစ်ထိုက်သော ယောကျ်ားလည်း ဖြစ်ပေသည်။

* * *

အထူးအဆန်းတော့ မဟုတ်ပေ။ ရှပ်ရှင်မင်းသားနှင့် မင်းသမီး စေ့စပ်ကြောင်းလမ်းခြင်းကား ဘာမျှ မထူးဆန်းခဲ့။

မေပိတောက်အတွက် အိမ်၌ပင် အကျဉ်းရုံး စေ့စပ်လိုက်ကြသည်။ လက်ထပ်ရက်ကိုမူ မသတ်မှတ်သေးပေ။ အဘယ်

ကြောင့်ဆိုသော် တက်သစ်စဖြစ်သော မေပိတောက်နွေကို ငဲ့ညှာသောအားဖြင့် အချိန်စောင့်ရန်ပင်ဖြစ်သည်။

ဤသို့ဖြင့် မီးထိုး စံညီနှင့် ချစ်နေကြပြီဟူသော ကောလာဟလများ အလိုလို ပျောက်ကွယ် သွားပြီမို့ စူးမတို့မိသားစုံ အနေနှင့် စိတ်အေးရလေပြီ။

စံအေးတို့ ညီအစ်ကိုလည်း ငြိမ်ချက်သားကောင်းပြီး စံညီက ရွာပြန်မည်တကဲကဲ လုပ်နေသည်ကို စံအေးနှင့် ဆရာက တားမြစ်ထားကြောင်းကိုသာ စူးမ သိလိုက်၏။

ဆရာနှင့်မူ စံညီ ကိစ္စ ပြောပြီးကတည်းက လုံးဝ မတွေ့တော့ပေ။ အဆက်အသွယ်လည်း မရှိတော့သဖြင့် စူးမရင်ထဲမှာ ဆရာ့အား ကြိုးစား၍ မောင်းထုတ်ထားသည်။

သို့ရာတွင် လစဉ်မှန်မှန် ဆရာ့ဘဏ်ထဲသို့ ငွေတစ်သောင်းကိုတော့ မြဖြူအား ထည့်ခိုင်းထားသည်။

စူးမတို့၏ စေ့စပ်ပွဲကို ဆရာ့မိခင်ပင် မလာပေ။ ဆရာကမူ စံညီနှင့်အတူ ခရီးထွက်နေသဖြင့် အိမ်တွင် မရှိခဲ့။

သို့ရာတွင် မိခင်ထံမှ ဝမ်းသာကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်ကြောင်း တယ်လီဖုန်းလာပြီး လူ မလာခဲ့ပေ။

စူးမအဖို့ ဖြစ်သင့်သည်လိုသာ ဖြစ်စေတော့ဟု လောကကို ဥပေက္ခာပြုထားရင်း ပုံမှန် လှုပ်ရှား သွားလာနေသည်။

သို့ရာတွင် ဆရာ့အကြောင်း တွေးမိသည့်အခါတိုင်းတွင်မူ အလိုမပြည့်မှုများ၊ ဆုံးရှုံးမှုများနှင့် ရင်မှာ လွတ်ဟာလျက် ငေးငိုင် တွေဝေနေမိ၏။

'နွေ ဘာတွေ အတွေးလွန်နေတာလဲ ဟင်၊ ကိုထွတ် ခေါ်နေတာ ကြာပြီ၊ သုံးခွန်းရှိပြီ၊ မကြားဘူးလား'

'ဩော်....ကိုထွတ်ရယ်၊ ဘာရယ် မဟုတ်ပါဘူး၊ နွေ့အကြောင်း နွေ စဉ်းစားမိပြီး အတွေးလွန်နေတာပါ'

တရားဝင် စေ့စပ်ပြီးတော့ သူက နွေ ဆိုရင်လည်း ကိုယ်က နွေလိုက်ရသည်မို့ စူးမ ရင်မောမိသည်။ ဆရာဆိုလျှင် ကောင်မလေးလို့ခေါ်ပြီး ညည်းလို့ပဲ ပြောဦးမှာလား၊ ပြောမယ့်ပုံကြီးပဲ။

အတွေးနဲ့အတူ ပြုံးလိုက်မိလိုက်သောအခါ ကျော်ထွတ်မြတ်ကပါ ရောယောင်၍ ပြုံးလိုက်ရင်း....

'နွေဟာလေ ငေးနေလဲလှ၊ ငိုရင်လဲလှ၊ ပြုံးရင်လှတဲ့ တဘာယ့် အလှပိုင်ရှင်လေးပဲ'

စူးမ၏ မေးစေ့ချွန်လေးကို ကိုင်ရင်း ပြောလိုက်သဖြင့် စူးမက ပြုံး၍သာ နေနေလိုက်သည်။ ရိုက်ကွင်းတွင် သရုပ်ဆောင်နေရသကဲ့သို့ တာဝန်ကျေ ဝတ္တရားတစ်ခုကို ပြုလုပ်ဘိသကဲ့သို့ပင်။

'ဒီအလှတွေဟာ တစ်နေ့နေ့မှာ ရေတိုက်စား ခံရမှာပဲ ကိုထွတ်ရယ်၊ ဇရာဆိုတဲ့ နိမိတ်ကို ကျော်လွန်ပြီး အမြဲ နုပျိုနေလို့မှမရဘဲ'

'ဩော်....အသက်နှစ်ဆယ်ကျော်လေးနဲ့ ဒီအကြောင်းတွေတွေးနေတာ အလှမ်းဝေးလွန်းပါတယ်၊ နွေရယ် ပစ္စုပ္ပန်မှာ

ပျော်ပျော်နေဖို့က အဓိကပဲ၊ စိတ်ပျော်ရွှင် လန်းဆန်းနေမှ ရုပ် နုပျိုတယ် မဟုတ်လား'

အလှတရားကိုကိုးကွယ်ပြီး မြတ်နိုးတတ်သူကျော်ထွတ်မြတ်အဖို့ စူးမထံမှ အလှများ ပျောက်ကွယ်သွားမည်ကို စိုးရိမ်သဖြင့် စူးမစိတ်ကို အနှောင့်အယှက်အဖြစ် မခံစေချင်ပေ။

ကျော်ထွတ်မြတ်သည်လည်း ဆရာ့ကဲ့သို့ စူးမ အလှပျက်မှာကို စိုးသည်။

'ငယ်ရွယ်တဲ့ မင်းသမီးအဖို့ အမူအရာကောင်းသလို ရုပ်ကလဲ လှနေရမယ်လေ၊ ဒီတော့ မင်းအလှကို အသက် လေးဆယ်ကျော်အထိမွန်ရှိုးလို အလှမပျက် နေနေရအောင် အခုတည်းက စည်းကမ်းနဲ့ စားသောက် နေထိုင်ရင် ရပါတယ်'

ဆရာ၏ ဆုံးမဩဝါဒစကားကား နားထဲမှာ အစဉ်ရှိနေသည်။ ကျော်ထွတ်မြတ်လည်း ဤကဲ့သို့ပင် စူးမ၏အလှတရားကို ပျောက်ကွယ်သွားမှာ စိုးနေလေပြီ။

စူးမလည်း စိုးရိမ်စိတ်....။ စူးမ အလှကြောင့် မင်းသားထဲတွင် မာနကြီးပြီး ဘယ်မင်းသမီးကိုမျှ မချစ်ဘူးသော ရုပ်ချောသော နာမည်ကြီး မင်းသား ကျော်ထွတ်မြတ်က စူးမ အလှတွင် ဦးငိုက်ရသည်မို့ စူးမ အလှကို ဂုဏ်ယူ ကျေနပ်မိသည်။

သို့ရာတွင် မျက်စိနှင့် နှလုံးသားမပါသော ဆရာ့အတွက်တော့ စူးမ့ အလှသည် အလကားဖြစ်ရသည်။ ဆရာ့ မျက်စိထဲမှာတော့ စူးမ အလှသည် ကုန်ပစ္စည်းတစ်ခုပင် ဖြစ်၏။

စီးပွားရေးဈေးကွက်၌ ရောင်းပန်းလှသော ကုန်အဖြစ်ဖြင့် မြင်နေပေလိမ့်မည် ဖြစ်သည်။

'ကဲ....နွေ၊ ဘာလို့ ဒီလောက်တွေးနေရတာလဲ၊ ကိုတ်တ်ကို အနားမှာရှိတယ်မျှား အောက်မေ့ရဲ့လား နွေ၊ အတွေးက ဘယ်တွေရောက်နေလဲဟင်'

ကျော်ထွတ်မြတ်၏ သဝန်တိုသံကိုကြားလိုက်ရသောအခါ စူးမ ကမန်းကတန်းလှည့်ကာ ပြုံးရယ်လိုက်ရင်းက ကျော်ထွတ်မြတ်၏ လက်မောင်းကို နွဲ့နွဲ့လေး တွဲခိုလိုက်ပြီး....

'သူပဲ သူမျှား ဦးနှောက်စားအောင်ပြောလိုက် ပြီးတော့'

'ဘာပြောလို့လဲ'

'အလှတရားအကြောင်းကိုလေ'

'အဲဒါနဲ့ နွေက ဘာလို့ ဦးနှောက်စားရမှာလဲ'

'မှန်ရိုးလို့လှအောင် ဘယ်လိုနေရမလဲဆိုတာ စဉ်းစားလိုက်လို့ နွေတို့အမျိုးကလှတဲ့ အမျိုးလေ၊ မေမေ့ကို ကြည့်ပါလား'

ထိုအခါမှ ကျော်ထွတ်မြတ် မျက်နှာလေး ပြန်ကြည်လင်သွားသည်။ ကျော်ထွတ်မြတ်သည် စံညီအား သနားစိတ်ပိုနေ၍ မရှင်မလန်း ဖြစ်နေသည်ဟု ထင်မှတ်ကာ သဝန်တိုနေခြင်း ဖြစ်သည်။

'မေမေ ဝတာက အစားအသောက် မဆင်ခြင်တာရော၊ အအိပ်အနေ မျှားတာကြောင့် မဟုတ်လား၊ စူးမ အဲဒီလို မဝပါဘူးနော်'

'မဝပါဘူးကွယ်၊ နွေက စည်းကမ်း ရှိပြီးသားပဲ၊ ဝရင်ကျွန်းမာရေးပါ ညှိ့လိမ့်မယ်'

'ကိုထွတ်လဲ လေ့ကျင့်ခန်း လုပ်ရတာပဲလား'

'အင်းပေါ့၊ အပြင်မှာ လမ်းလျှောက်လို့၊ ပြေးလို့ မဖြစ်တော့ အိမ်ထဲမှာပဲ စက်နဲ့ပြေးနေရတာ၊ မနက်တိုင်း တစ်နာရီမှန်မှန်လေ့ကျင့်ခန်းယူရတာပဲ'

ဒါကြောင့်လည်း အသက် သုံးဆယ့်နှစ်နှစ်ရှိပြီ ဖြစ်သောကျော်ထွတ်မြတ်ကား လူငယ်လေးတစ်ဦးကဲ့သို့ သွက်လက်လှုပ်ရှားလျက်ရှိသည်ကို စူးမ သတိထားမိလိုက်သည်။ ဆရာ့လို မဟုတ်ဘူး။ ဆရာကတော့ သူ့ကိုယ်သူ ဘယ်တော့မှ အလေးမထား။ အင်းလေ....ဆုရာဟာ ဒါရိုက်တာပဲ၊ မင်းသားမှ မဟုတ်တာ။

ကြည့်စမ်း။ ဆရာ့အကြောင်းပဲ ဘာလို့ တွေးနေရတာလဲ၊ ခေါင်းထဲက ထုတ်ပစ်စမ်းပါ။

စူးမ အတွေးကို မနှစ်သက်စွာဖြင့် ခေါင်းယမ်းမိလိုက်သည်။

ကျော်ထွတ်မြတ်က ထိုင်ရာမှ အသာထရင်း....

'ကဲ....ကိုထွတ် သွားမယ် နွေ၊ ဩော်....မနှစ်က သင်္ကြန်မှာ နွေ ဘာလုပ်သလဲ'

'ဆရာ့အမေနဲ့အတူတူ ရိပ်သာဝင်တယ်လေ'

'ဒီနှစ်တော့ ကိုထွတ်နဲ့အတူတူ လိုက် သီ ချင်း ဆို တော့၊ သင်္ကြန်နီးလာပြီနော်'

ကျော်ထွတ်မြတ်သည် စူးမ၏ သနပ်ခါးရေကျဲ ပါးပြင်ကို ယုယစွာ မွှေးကြူပြီး လှည့်ထွက်သွား၏။

တံခါးဝတွင် လမ်းလျှောက်ပြန်လာသော ဖခင်နှင့်ဆုံတွေ့ပြီး စကားပြော နှုတ်ဆက်လိုက်သေးသည်။ စကားများသံ၊ နှုတ်ဆက်သံများဖြင့် အစဉ်အမြဲ လှုပ်ရှား သက်ဝင်နေသဖြင့် ကျော်ထွတ်မြတ်အား ဘဝအတွက် အားကိုးဖွယ်ရာ ရွေးချယ်လိုက်သည်မှာ မှန်ကန်သည်ဟု တွေးပြီး ကျေနပ်ပီတိ ဖြစ်မိသည်။

ကိုထွတ် စိတ်ကျေနပ်စေရန် ခေါင်းညိတ်လိုက်သော်လည်း မနေ့ကပင် 'အမေက ဖိုန်းနှင့်လှမ်း၍ သကြန် နီးပြီနော်၊ ရိပ်သာ ဝင်ဦးမလား၊ အမေ စာရင်းပေးထားတော့မလို့' ဟု သတိပေးသောအခါ မိမိက အလွယ်တကူပင် 'ပေးလိုက်ပါ အမေ၊ ဒီနှစ်လဲ ဝင်မှာပေါ့'ဟု ပြောလိုက်မိသည့်အတွက် အားနာသွားသည်။ ပြန်ဖျက်ရပေဦးမည်။

အမေနှင့်အတူတူ ရိပ်သာဝင်နေသည်မှာ နှစ်နှစ်ပင် ရှိခဲ့လေပြီပဲ။

မင်းသမီး မဖြစ်မီက မန္တလေးသကြန်ကို အမှတ်ရမိသည့်အခါတိုင်း ကျော်ထွတ်မြတ်ကို နာကျည်းရမလိုလို ခံစားမိသည်။

သို့ရာတွင် ယခုတော့ ကျော်ထွတ်မြတ်ရှေ့မှောက် မိမိက ဒူးထောက်ရောက်သည်လား၊ ကျော်ထွတ်မြတ်ကမိမိရှေ့မှောက် ဒူးထောက်ရောက်လာသည်လားဟု ဝေခွဲ၍ မရ ဖြစ်မိသည်။

မည်သို့ပင်ဖြစ်စေ ရှုံးနိမ့်သူကား မိမိ စူးမသာဖြစ်သည်။ မိမိသည် လိုတာဖရသော အချစ်ကို လက်လွှတ်လိုက်ရပြီး အခြေအနေ၏ စေ့ဆော်တိုက်တွန်းမှုကြောင့် ကျော်ထွတ်မြတ်ကို လျင်မြန်စွာ လက်ခံလိုက်ခြင်း ဖြစ်သည်။

အကယ်၍ စံညီ့ကိစ္စသာ ဝင်မရှုပ်လျှင် ကျော်ထွတ်မြတ်ကို ကြိုးရှည်ရှည်လှန်ထားခြင်းဖြင့် ကျော်ထွတ်မြတ်အပေါ် အောင်နိုင်ပေမည်။

ခုတော့ ရှုံးနိမ့်သူမှာ မိမိ စူးမသာလျှင် ဖြစ်ပေတည်း။

အခန်း (၆)

ချစ်သော ဆရာ

'ညည်း ကားကို ဆင်ဆာက ကျပြီ၊ ညည်း ဘယ်အချိန် အားလဲ'

'ရုတ်တရက် ကြားရတာ ကြာပြီဖြစ်သော ဆရာ့ အသံသည် စူးမဏိရင်ကို လှုပ်ရှား တုန်လှုပ်စေသည်။ မည်ကဲ့သို့ တုံ့ပြန်ပြောရမည်မသိ ဖြစ်သွားသဖြင့် ကျော်ထွတ်မြတ်ကို ငေးကြည့်ပြီးမှ ချက်ချင်း စိတ်ကူးရလာကာ....

'နေဦးနော် ဆရာ၊ ကိုထွတ် အားချိန်နဲ့ညှိပြီး လာခဲ့ပါမယ်'

'အေးအေး—ညှိကြညှိကြ၊ ညှိပြီးရင် ငါ့ဆီကိုဖုန်းဆက်လိုက်နော်၊ ငါ စောင့်နေမယ်'

'ဟုတ်ကဲ့'

ယခင်ကအတိုင်း ပုံမှန်ဖြစ်နေသော ဆရာ့အသံကြောင့် စူးမအသံများ မတုန်စေရန်နှင့် မျက်နှာမပျက်စေရန် သတိထားနေရသည်။

'ဘာလဲ နွေ'

'ဆရာ့ဆီကပါ၊ နွေ့ကားကို ဆင်ဆာကကျလာလို့ ဘယ်တော့ကြည့်မလဲ မေးတာပါ'

ကျော်ထွတ်မြတ် မျက်မှောင်တွန့်သွားပြီး....

'အပိုတွေပါ နွေရယ်၊ ကြည့်တော့ရော ဘာပိုထူးသွားမှာလဲ၊ ကြည့်မနေနဲ့၊ အချိန်ကုန်တယ်'

'ဟင်....'

စူးမ အံ့အားသင့်သွားသည်။ ကျော်ထွတ်မြတ်ထံမှ မောက်မာသော မျက်နှာနှင့် လေသံမာမာကို မကြားဖူးသောကြောင့်ပင်ဖြစ်သည်။

'ဆရာ ဆရာဆိုတာ ကုန်လွန်ခဲ့ပြီ စူးမ၊ ကိုယ့်အရည်အချင်းမရှိဘဲ ဘယ်သူပဲ ဘယ်သူမှမတတ်ဘူး၊ သူတို့ပင့်ထေတာကို ကိုယ့်ဘာသာကိုယ် ကြိုးစားပြီး သွားကြရတာပဲ ကိုယ်ကြိုးစားလို့ ကိုယ်ဖြစ်တာ'

'ကိုထွတ် ဘာတွေပြောနေတာလဲ၊ နွေ ပြော တာက ပရက်ရှိုးကိစ္စ'

'အဲဒီ ပရက်ရှိုးကိစ္စကို ပြောနေတာ၊ သွားကြည့်ရင် သံယောဇဉ်သမားတွေနဲ့ တွေ့နေပြီး အလွမ်းသယ်ကြဦးမှာ မဟုတ်လား'

'ဘာဆိုင်လို့လဲ၊ စံညီက တောပြန်သွားပြီပဲ'

စူးမသည် စံညီအား ရည်ရွယ်ပြီး သဝန်ကြောင်နေသည့် အထင်နှင့် ကျော်ထွတ်မြတ်ကို ပြန်ပြောလိုက်သည်။ ကျော်ထွတ်မြတ်က စူးမ၏ဆတ်ဆတ်ထိမခံသောလေသံကို မကျေနပ်ဟန်ဖြင့် မျက်မှောင်တွန့်ကာ....

'မင်းဟာ စံညီကိုဗန်းပြပြီး ဆရာ့ကို ကြိတ်ပိုးနေတယ်ဆိုတာ စံအေးက အကုန်ပြောပြပြီးပြီ နွေ၊ ဒီတော့ မင်းကိုကိုနိုင်မြင့်ဆွေနဲ့ ပတ်သက်တာမှန်သမျှ ငါ အားလုံးပိတ်ပင်လိုက်ပြီ၊ အဆုံးစွန်ဆုံး ဒီအိမ်မှာနေတာတောင် မကြိုက်တော့ဘူး၊ မြမြရီနဲ့အတူ မြို့ထဲတိုက်ခန်းတစ်ခုကို ငှားနေပါ၊ လက်ထပ်ပြီးတာနဲ့ ကိုယ့်အိမ်ထိုက်နေရမယ်၊ ဝါမဝခင် လက်ထပ်မယ်'

စူးမ ပို၍အံ့အားသင့်သွား၏။ စံအေးသည် ဤမျှအထိ စိတ်ထားညံ့လိမ့်မည် မထင်ခဲ့ပေ။ ထို့အပြင် ကျော်ထွတ်မြတ်ကလည်း ဤမျှအထိ သဘောထားသေးလိမ့်မည် မထင်ခဲ့။

'ဆရာ့ကို စူးမ လေးလေးစားစားနဲ့ ဦးစားပေးတာပဲ ကိုထွတ်ရယ်၊ ဒါကို အမြဲအပြစ်မြင်နေတဲ့ စံအေးလိုလူမျိုးရဲ့ အပြောမျိုးကို ယုံရမလား'

'ဘာပဲဖြစ်ဖြစ် ကိုယ်မကြိုက်ဘူး နွေ၊ နွေဟာ ကိုနိုင်မြင့်ဆွေနဲ့ ပတ်သက်ရင် တစ်မျိုးတော့ဖြစ်နေတာပဲ၊ ဒီတော့ နောက်ထပ် မဆက်သွယ်ပါနဲ့တော့'

'မင်းသမီးနဲ့ဒါရိုက်တာဟာ ဘယ်လိုရှောင်ရမလဲ၊ ကိုထွတ်ကိုယ်တိုင်က ဆရာနဲ့ကင်းလို့လား၊ နွေလဲ မကင်းနိုင်ဘူး၊ ဆရာဟာ နွေ့ကို ပြုစုပျိုးထောင်လာတာပဲ၊ ဆရာရိုက်တဲ့ကားကို နွေ သဘောကျတယ်၊ ကိုထွတ် အလကားသက်သက် သဝန်တိုနေတာပဲ'

စူးမသည် ဆရာနှင့်ပတ်သက်၍ ယခုမျှ အပြောခံလိုက်ရသဖြင့် အတော်လေး စိတ်ထိခိုက်သွားမိသည်။

'ပြီးတော့ ဆရာ့ဆီကို ခုပဲဖုန်းဆက်မယ်၊ စူးမအားတဲ့အချိန်ကို ရွေးပြီးပြောလိုက်မယ်၊ ကိုထွတ်မယုံရင်လိုက်ခဲ့ပေါ့'

'မလိုက်ဘူး၊ မင်းသဘောပဲ'

ပြောပြောဆိုဆိုနှင့် လှည့်ထွက်သွားသော ကျော်ထွတ်မြတ်နောက်ကျောကိုကြည့်ကာ စူးမရင်ထဲ၌ ခံစားမှုမဲ့သွားသည်။

'ဘယ်လိုဖြစ်ကြတာလဲ'

မြမြရီက ကမန်းကတန်း အခန်းထဲသို့ပြေးဝင်လာခဲ့သည်။ စူးမက ငိုင်လျက်ကျန်ရစ်ခဲ့၏။

'သူလိုက်ပို့ပေးမယ်ဆိုလို့ ငါကအဆင်သင့်ပြင်ထားတယ်၊ အခု သူထွက်သွားပြီ၊ ဘယ်လိုလုပ်မလဲ'

'ငါမောင်းမှာပေါ့ဟာ၊ အလကား လိုက်သဝန်တိုနေတာ၊ မြမြရီ ငါ့ကိုပြက္ခဒိန်ပေးစမ်းပါ'

စူးမသည် ကိုယ်ဖြစ်ချင်ရာကို ဖြစ်အောင်လုပ်တတ်သူဖြစ်၏။ သို့ဖြစ်၍ ပြက္ခဒိန်မှအချိန်များကို ကြည့်ကာ ဆရာ့ထံ တယ်လီဖုန်းဆက်လိုက်သည်။

'ဆရာ— သန်ဘက်ခါ နေ့လယ် တစ်နာရီမှာ စူးမအားပါတယ်'

'ကိုကျော်ထွတ်မြတ်ရော'

'သူ မအားဘူး၊ လိုက်နိုင်မှာ မဟုတ်ပါဘူး၊ စူးမပဲလာပါ့မယ်'

'အေးအေး၊ ငါ တစ်နာရီတိတိစောင့်နေမယ်နော်၊ ညည်းဆက်ဆက်လာခဲ့'

စူးမသည် ပုံမှန်ပင် လုပ်စရာရှိသည်များကိုလုပ်ပြီး အိမ်ပေါ်မှဆင်းလာခဲ့၏။ လှေကားရင်းတွင် မိခင်နှင့်တွေ့ပြီး....

'စူးမနော်—ညည်း သိပ်ပြီးမောက်မာမနေနဲ့၊ ညည်းကိုယ်ညည်း မိန်းကလေးဆိုတာ မမေ့နဲ့ဦး'

'စူးမ ဘာလုပ်လို့လဲ မေမေရဲ့'

'ဘာလုပ်ရမှာလဲ ကိုထွတ်ကတိုင်သွားပြီ၊ သူ့စကားကို စူးမက နားမထောင်ဘူးတဲ့'

ထိုအခါ စူးမသည် ပေါ့ပါးစွာ ရယ်မောလိုက်ရင်းက မိခင်၏စကားကို ပေါ့ပစ်လိုက်သည်။

'အလကားပါ မေမေရယ်၊ ကိုထွတ်က ကလေးဆိုးကြီးလို တစ်ခါတစ်ပါ စိတ်ကောက်တာပါ၊ ဪ...မေမေ ဒီနေ့ သမီးနောက်ကျမယ်၊ သန်ဘက်ခါ တစ်နာရီမှာ စူးမကားကို ပရက်ရှိုးပြမယ်၊ ဆရာရိုက်ထားတဲ့ကားပဲ၊ အိမ်ကကြည့်ချင်သူတွေက မျိုးကိုပဲ ကားမောင်းပို့ခိုင်းပေါ့'

စူးမသည် မိခင်အား အမြန်စကားဖြတ်ကာ ပြေးထွက်လာလေသည်။ မြမြရီက အဝတ်အိတ်ကိုဆွဲကာကားပေါ်တက်နှင့်နေလေပြီ။

ကားစက်နှိုးပြီး ခြံဝင်းကိုကျော်မှ မြမြရီအား အကျိုးအကြောင်း ပြောပြလိုက်၏။ ထိုအခါ မြမြရီက သက်ပြင်းရှည်ကြီးချကာ....

'စူးမရယ် ဆရာကတော့ ဆရာပဲပေါ့၊ ဒါပေမယ့် ဘဝအတွက် လက်တွဲဖော်ကို ရွေးချယ်ထားတဲ့သူရဲ့ စိတ်အနှောင့်အယှက် မဖြစ်အောင်တော့ ပြေရာပြေကြောင်းလေး ချော့ပြောရင် ရပါတယ်'

စူးမ ဘာ စကားမျှ ပြောချင်စိတ် မရှိပေ။ ဆရာနှင့်ပတ်သက်လာလျှင် ဘယ်သူ့ကိုမျှ သည်းမခံတတ်သည့် ကိုယ့်စိတ်ကိုသာ အသိဆုံးဖြစ်၏။

'သူက ကိုယ့်ကို နာမည်ပျက်လုဆဲဆဲက ကယ်တင်ထားတာလဲ မမေ့နဲ့ဦး'

'ဒါပေမယ့် ဈေးတောင်း ခေါင်းရွက် ရောင်းစားနေတဲ့ဆင်းရဲတဲ့ ဘဝကနေရဲရဲစံ့စံ့ ဆွဲတင်ထားတဲ့ဆရာ့ကိုလဲ ငါမမေ့ဘူး၊ ဆရာနှင့်ပတ်သက်ရင် ဆရာ့အပြုံအငြင် မခံချင်ဘူး'

'ဒါက တစ်ကဏ္ဍပါပဲ့ စူးမရယ်၊ ရှေ့လျှောက် ကိုထွတ်နဲ့ပဲ လက်တွဲရမှာပဲ မဟုတ်လား'

'သူ ဒီလောက် သဝန်တိုနေရင်တော့ ငါလဲ စဉ်းစားရတော့မယ်'

'ဘာရယ်'

မြမြရီက ကြားလျှက်နှင့် စူးမကို အော်လိုက်သောကြောင့် စူးမက ကားမောင်းရင်း ပြုံးလိုက်မိသည်။

'ဆရာဟာ ရိုက်လက်ကောင်းတယ် မြမြရီ၊ ဆရာ ရိုက်တဲ့ကားတွေထဲမှာ ရုပ်ရှင်ကြီး နှစ်ကား၊ ဗီဒီယို သုံးကားစလုံး ငါ နာမည်ထွက်ခဲ့တာပဲ မြမြရီ၊ ဒီကားဆိုရင် အကယ်ဒမီတောင် ချိန်နိုင်သေးတယ်၊ ဒီတော့ ဆရာနဲ့ ကား မရိုက်ဘဲ မနေနိုင်ဘူး၊ ကိုထွတ်ဟာ ငါ့တိုးတက်မှုကို ပိတ်ပင်ချင်နေတယ်၊ သူကိုယ်တိုင်ကျတော့ ဆရာရိုက်မယ့်ကားဆိုရင် ဘယ်တော့မှ မငြင်းဘဲ ခေါင်းညိတ်နေတာ၊ ပြီးတော့ သူကြိုက်တဲ့ ဇာတ်လမ်းကို ဆရာနဲ့ ရိုက်ဖို့ပဲ ပြောတာပဲ'

'ဘုရားရေ၊ စူးမ နှင့် ကိုထွတ်ကို တကယ်မချစ်လို့ ကိုယ့်ခင်ပွန်းလောင်းနဲ့ အပြိုင် စိတ်မွေးနေတာလား'

မြမြရီ စကားကြောင့် စူးမ တွေဝေသွားသည်။ ကိုထွတ်ကို စူးမ ချစ်လား၊ မချစ်လားဟူသည်မှာ ဝေခွဲမရ။ ဘယ်တုန်းကမျှ မတွေးခဲ့မိသော အတွေးများဝင်လာပြီး သက်ပြင်းရှည်ကြီး ချလိုက်ရင်း....

'မြမြရီရယ် ငါ ဘာမှ မစဉ်းစားချင်တော့ဘူး၊ လူ့ဘဝကြီးဟာ ပုံစံခွက်ချပြီး ဇယား ရေးဆွဲလို့မှ မရတာဘဲ၊ သူ ဖြစ်ချင်သလိုပဲ ဖြစ်ပါစေတော့၊ အခု လောလောဆယ်တော့ ကား

မျှားမျှား ရိုက်မယ်၊ ငွေရှာမယ်၊ အဖေနဲ့အမေ စိတ်ချမ်းသာအောင် ထားမယ်၊ ဒါပဲ ခေါင်းထဲမှာရှိတယ်၊ သူကဝါမဝင်ခင် လက်ထပ်မယ်ဆိုတာကိုတောင် ငါ လက်ခံချင်မှလက်ခံမှာ၊ မပိုင်ခင်ကတောင် ဒီလောက် လိုက်ကျစ်နေတာ၊ ပိုင်ပြီးရင် ပိုဆိုးမယ်’

‘နှင်ဟာက တစ်မျိုးကြီးပါလား၊ဖြည်းဖြည်းနဲ့အေးအေးလေး ညှိကြည့်ပါဦး စူးမရယ်၊ အခုတော့ တိုင်းသိ ပြည်သိ စေ့စပ်ပြီး နေတာပဲ၊ ကိုယ်ပဲ အရှက်ကွဲရမှာ၊ ဆရာနဲ့ ကိုထွတ်ကို ယှဉ်ကြည့်လေ စူးမရေ၊ ဆရာက နှင့်ကို တပည့်အနေနဲ့ပဲ သတ်မှတ်ပြီး ဇနီးအနေနဲ့ မသတ်မှတ်ရဲဘူး၊ မင်းသမီးတွေကို သူ့အိမ်ရှင်မအဖြစ် မရွေးရဲဘူးလို့ ပြောခဲ့တာပဲ၊စံညီနဲ့ကိစ္စကိုတောင်မှ သူ မဖြေရှင်းပေးခဲ့ဘူး မဟုတ်လား၊ ကိုထွတ်က နှင့်ရဲ့ အခက်အခဲကို ဖြေရှင်းပေးတာပဲ၊ အခုလောလောဆယ်ဆယ်မှာ ကိုထွတ်သာလျှင် နှင့်ဘဝအတွက် အကောင်းဆုံး၊ အလုံခြုံဆုံးခင်ပွန်းမို့ နှင် ကိုထွတ်ကို ပြန်ချော့ပါဟာ’

မြမြရီက အကျိုးအကြောင်းနှင့် ယှဉ်၍ ပြောလိုက်သောအခါ စူးမသည် ခေါင်းထဲမှ အတွေးကိုထုတ်ပြီး ကားရိုက်ရမည့်နေရာ ရှစ်မိုင်ဘက်သို့သာ ဦးတည်၍ မောင်းလာသည်။ မြမြရီက အနားမှနေ တတွတ်တွတ်နှင့် စကားများ ပြောနေသည်ကို ....

‘ရှစ်မိုင်မီးပွိုင့်က နည်းနည်းရှုပ်တယ် မြမြရီ၊ နင့်ပါးစပ်ပိတ်ထားစမ်းပါဦး၊ ငါ့အာရုံ တခြားရောက်ရင် တိုက်ကုန်လိမ့်မယ်’

‘အေးပါ၊ အေးပါ၊ နင်သာ ခေါင်းထဲက ပုဂ္ဂိုလ်ကြီးကို ဆွဲထုတ်စမ်းပါ’

* * *

‘နေ့ ပရက်ရှီး ကြည့်ပြီးပြီ မဟုတ်လား’

‘ကြည့်လိုက်တယ်၊ ဖေဖေရော၊ မေမေရော၊ ပြုံးမရောပါပါတယ်’

‘ဒါဆိုရင် ဘာပြောဖို့ လိုသလဲ၊ မင်းဟာ မကြာခင် ကိုယ့်ဇနီး ဖြစ်ရမှာပဲ၊ ကိုယ့်စကား နားမထောင်တဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်လိုလုပ် ဇနီးတော်ရမှာလဲ’

‘ဒါဆိုလဲ ရိုက်လက်စ ကားတွေပြီးရင် ရုပ်ရှင်အလုပ်ကနားပြီး ရှင့် ကိုထွတ်ရဲ့ အိမ်သူဇနီးအဖြစ် နေရမလား၊ ဒါမှမဟုတ် ကိုထွတ်ကပဲ မင်းသမီး မဟုတ်တဲ့ အိမ်ရှင်မကို ရှာမလား’

‘ဒါကို ကိုယ် အချိန်ယူပြီး စဉ်းစားဦးမယ်၊ အခုတော့ အချိန်မရှိသေးလို့ သွားတော့မယ်၊ ညနေအားရင် လာခဲ့မယ်နော်၊ ညစာကို အပြင်မှာ စားမယ်၊ ဖြစ်မလား’

‘ဟင့်အင်း….မဖြစ်ဘူး ထင်တယ်၊ ညဘက်မှာ ကားရိုက်စရာ ရှိတယ်၊ ဒါနဲ့ ကိုထွတ် အခုရိုက်နေတာ ချယ်ရီလွင်နဲ့ မဟုတ်လား’

‘အင်းလေ….ကိုယ်နဲ့ ချယ်ရီလွင်က အတွဲများဆုံးပဲ’

‘ဒါဆို စူးမကလဲ ကိုထွတ်ကို ချယ်ရီလွင်နဲ့ အတွဲများတဲ့အတွက် ပြန်စဉ်းစားရဦးမယ်၊ ဒါပဲနော်’

စူးမက အလျင်ဦးအောင် ဖုန်းချလိုက်သည်။ ကျော်ထွတ်မြတ်အား နည်းနည်းလေးမျှ အောက်ကျို့ မခံချင်ပေ။ ထို့အပြင် သင်္ကြန်အတွင်း သီချင်းလိုက်ဆိုရန် ပြောခဲ့သည်ကို ကျော်ထွတ်မြတ်က မည်သို့မျှ မပြောသဖြင့် ဆရာ့အမေနှင့်အတူ ရိပ်သာဝင်ရန် ဆုံးဖြတ်လိုက်သည်။

သင်္ကြန်ကျရန် နှစ်ရက်သာလိုတော့သဖြင့် ရိပ်သာဝင်ရန်ကို မြမြရီအား ပြောသောအခါ မြမြရီက ခါးခါးသီးသီး ကန့်ကွက်လိုက်၏။

‘ပိုဆိုးသွားမယ် စူးမရယ်၊ နင်ကလျှော့ပေါ့ဟာ၊ ပြီးတော့ ဆရာ့အမေက ရိပ်သာဝင်နှင့်နေပြီ၊ နင့်အတွက် နေရာမှ ရှိတော့ဘဲ၊ နင် သူများကြားထဲ တိုးနေရမယ်’

ထိုအခါတွင် စူးမက သက်ပြင်းရှည်ကြီးချကာ စိတ်ကို လျှော့ချလိုက်သည်။ ဆရာ့အရိပ်မှလွတ်အောင် ရှောင်ရလျှင် ဆရာ့မိခင်ကိုပါ ရှောင်ရမည်ဖြစ်သည်။

စဉ်းစားမိသည့်အခါတိုင်း စူးမရင်ထဲမှာ နာကျင်မိသည်။ ကျော်ထွတ်မြတ်အား မကျေနပ်သလိုလို၊ ဆရာ့အားမကျေနပ်

သလိုလို ခံစားမိသည်။ သို့ရာတွင် မည်သူ့ကို မကျေနပ်ရမှန်းပင် မသိတော့။

‘ဟာ…. ဒီလိုလုပ်လေ၊ စိုးမိုးအောင်တို့ဝိုင်းနဲ့ သီချင်းလိုက်ဆိုပါလား၊ သူတို့လဲထွက်တာပဲ’

ထိုအခါ စူးမ ငိုင်သွားမိသည်။

စိုးမိုးအောင်နှင့် အိမ်နားနီးနေသဖြင့် အဝင်အထွက်ရှိသော်လည်း ကျော်ထွတ်မြတ်နှင့် စေ့စပ်ပြီးသောအခါ အဝင်အထွက်နည်းသွား၏။

‘အင်း….မသိမသာတော့ တောက်ကြည့်ဦးမှပဲ၊ တော်ကြာ ကိုထွတ်နဲ့ ကတောက်ကဆ ဖြစ်သွားတာ လူသိနေဦးမယ်၊ စိတ်ရှုပ်ပါတယ် မြမြရီရယ်၊ စံညီပြဿနာကို ငါ့ဘာသာငါ တင်းခံနေရင်ဖြစ်သားနဲ့၊ ငါကလဲငါ’

ဆရာ့ကို ရွဲ့ပြောလိုက်မိသည့်အမှားကို ယူကျုံးမရဖြစ်မိသွားသည်။ ကိုထွတ်အား ချစ်မချစ်ကို အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်သောအခါ ယုံကြည်အားကိုးစိတ်သာရှိသည်၊ လိုက်လိုက်လှဲလှဲမချစ်မိပေ။ သို့သော် ဆရာ့မိခင် ပြောသကဲ့သို့ သင့်တော်သောသူသည်သာ ဖြစ်ပေသည်။

‘အင်း….သူ့ကို ငါ တောင်းပန်ပြီးပြီပဲ မြမြရီ၊ သူက သိပ်တင်းနေတာ၊ ငါ ခြေသလုံးလိုက်ဖက်ရမှာလား၊ နေပေါ့ကွယ်၊ စေ့စပ်တာပျက်ခဲ့တဲ့သူမို့ ယူမယ့်သူမရှိလဲ အပျိုကြီးပဲလုပ်တော့မှာပေါ့’

'အေးလေ၊ ကြားထဲမှာ နှစ်ရက်ရှိသေးတာပဲ၊ သူ့ဆီက အဖြေမရရင် ငါ စိုးမိုးအောင်ဆီသွားပြီး ဟိုလိုလိုဒီလိုလိုနဲ့ လိုက်စပ်ကြည့်မယ်၊ နင် အနားယူနေမှာမို့ ငါကပျင်းတာနဲ့ သူတို့အဖွဲ့နဲ့လိုက်ချင်တယ် ပြောကြည့်မယ်၊ အဲဒီအခါ သူ အိမ်ကိုရောက်လာပြီး လာခေါ်ရင် နင်က အားနာပါးနာနဲ့ တစ်ပွဲနှစ်ပွဲလိုက်ပေါ့ဟာ'

မြမြရီ၏အစီအစဉ်ကိုသာ လိုက်နာပြီး သကြံန်အကြိုနှင့် အကြတ်နေ့များတွင် စိုးမိုးအောင်က အတင်းလာခေါ်၍ မနေသာသလိုပါသွားပြီး စိုးမိုးအောင်တို့ဝိုင်းနှင့် သီချင်းဆို ဖြစ်၏။

သို့ရာတွင် အကြတ်နေ့ညဉ့် ကျော်ထွတ်မြတ်ဖုန်း ရောက်လာပြီး....

'ဘာဖြစ်လို့ ကိုယ်နဲ့မဆက်သွယ်ဘဲ စိုးမိုးအောင်နဲ့ လိုက်သွားတာလဲ၊ ကိုယ့်ကို ဟိုလူမေးဒီလူမေးနဲ့ ဘယ်ဒလောက် အဖြေရခက်သလဲ'

'ဖြေလိုက်ပေါ့၊ ကျွန်တော်နဲ့ပြတ်သွားပြီလို့လေ'

'နွေ့က အဲဒီအတိုင်းဖြေလို့လား'

'ဖြေမလို့ဘဲ၊ ဘယ်သူမှမမေးလို့ မဖြေတာပေါ့'

ကျော်ထွတ်မြတ်က သက်ပြင်းရှည်ကြီးချလိုက်ရင်း....

'ကိုယ် မနက်လာခေါ်မယ်၊ စိုးမိုးအောင်နဲ့ လိုက်မသွားပါနဲ့ နွေ့'

'စိုးမိုးအောင်နဲ့ပဲ လိုက်သွားမယ်'

'ကျွတ်—ခေါင်းမမာစမ်းပါနဲ့ နွေ့ရယ်၊ မင်းနဲ့ကိုယ်နဲ့ စေ့စပ်ထားတာကို မမေ့နဲ့နော်၊ ကိုယ် ခုနစ်နာရီခွဲလာခေါ်မယ်၊ စောင့်နေ'

ကျော်ထွတ်မြတ် ဖုန်းချသွားသောအခါ စူးမ ပခုံးနှစ်ဖက်ကို တွန့်လိုက်မိ၏။

'သူက ခုနစ်နာရီခွဲလာရင် ကိုယ်က ခုနစ်နာရီ ထွက်တာပေါ့'

မနွေ့က ကျော်ထွတ်မြတ်ကို ချိုယ်ရီလွှင် ဘေးနားမှာ ထိုင်နေသည်ကို တွေ့သဖြင့် မိမိသည် စိုးမိုးအောင်နှင့်တွဲ၍ သီချင်းဆိုခဲ့သော မြို့တော်ဝန်မဏ္ဍပ်မှအခြေအနေကို မျက်စိထဲ မြင်ယောင်လာကာ ပြုံးမိလိုက်သည်။

သို့ဖြစ်၍ ကျော်ထွတ်မြတ်အား ကသိကအောက်လုပ်ရန် ဆုံးဖြတ်ချက် ချလိုက်ပြီး မနက်စောစော သွားရန်အတွက် မြမြရီကို သတိပေးလိုက်သည်။ မြမြရီကိုမူ အကျိုးအကြောင်း မပြောပြတော့ပေ။ ပြောပြလျှင် မြမြရီက ရွှေပြည်အေးတရား ဟောပြီး ကျော်ထွတ်မြတ်နှင့်လိုက်ရန် ပြောဦးမည်ဖြစ်ပါသည်။

စူးမအနေနှင့် ကျော်ထွတ်မြက်၏ မာကျောမှုအပေါ် ပြန်လည်လက်စားချေလိုစိတ်သာရှိသည်၊ ကျော်ထွတ်မြတ်နှင့် ပြေလည်အောင် ညှိနှိုင်းရန် စိတ်မကူးတော့ပေ။ စေ့စပ်ကြောင်းလမ်းပျက်လျှင်လည်း ပျက်ပါစေတော့ဟု ဆုံးဖြတ်ထားလိုက်၏။

'တူ....တူ....တူ'

ရုတ်တရက် ဖုန်းမြည်သံကြောင့် စူးမ လန့်သွားသည်။ ကျော်ထွတ်မြတ်ဆီမှ လာတာလားဟု မဝံ့မရဲ ကြည့်နေမိ၏။ သို့သော် အားတင်း၍ ရင်ဆိုင်မည်ဟု ဆုံးဖြတ်ကာ ဖုန်းကောက်ကိုင်လိုက်သည်။

'စူးမ'

'ရှင်....ဆရာ'

အံ့အားသင့်သလို ရင်ခုန်သံလည်း မြန်သွား၏။

'ညည်းက သိချင်းလိုက်ဆိုတာ ကျော်ထွတ်မြတ်နဲ့မဆိုဘဲ ဘာလို့ စိုးမိုးအောင်နဲ့ လိုက်ဆိုနေရတာလဲ'

ကြောင်ငေးငေးဖြစ်သွားပြီး ချက်ချင်းဘာပြန်ပြောရမှန်း မသိ ဖြစ်သွားမိသည်။

ဝမ်းသာ ဝမ်းနည်း ဖြစ်သွားမိ၏။ ဆရာသည် မိမိအား ဘယ်တော့မျှ ပစ်မထားပေ။

'ဘာလဲ၊ ညည်းတို့ ကောက်နေကြသလား'

'ဟင်း'

ဘာပြောရမှန်းမသိ၍ တစ်ချက် ရယ်လိုက်၏။

'ဘာပဲဖြစ်ဖြစ် ညည်းဟာ အခုမှ အောင်မြင်နေတာ၊ မဖြစ်တာ ကလန်ကဆန်နဲ့ ကိုယ်ထင်ရာကို လိုက်မလုပ်နဲ့ စူးမ၊ ညည်း စဉ်းစားစမ်းပါ၊ အနုပညာလောကမှာ သစ္စာရှိရတယ်၊ ကိုယ် လက်ထပ်မယ်လို့ ရည်ရွယ်ထားသူအပေါ်မှာ သစ္စာ မဖောက်ရဘူး'

'ဟင့်အင်း ဆရာ၊ စူးမ သူ့အပေါ်မှာ သစ္စာ ဖျောက်ပါဘူး၊ သူက မခေါ်လို့ စူးမက စိုးမိုးအောင်နဲ့ သွားတာပါ'

'အခု ခေါ်ပြီမဟုတ်လား၊ ကျော်ထွတ်မြတ်နဲ့ပဲ လိုက်သွားလိုက်ပါ စူးမ၊ မင်းဟာ မိန်းကလေးပါ၊ ပြီးတော့ အများက စောင့်ကြည့်ခံရတဲ့သူမို့ ပိုပြီး ဆင်ခြင်ရမယ်၊ ကိုယ့်ကို သူများ ပြောစရာဖြစ်အောင် မနေပါနဲ့၊ ဒါပဲနော်၊ ညည်း ငါ့စကားကို နားထောင်မယ်လို့ မျှော်လင့်တယ်၊ကဲ....ကဲ....အိပ်တော့၊ ဂွတ်နိုက်'

စူးမ တယ်လီဖုန်းကို ကိုင်ကာ ငိုင်နေမိသည်။ ဆရာက ကျော်ထွတ်မြတ် ဖုန်းဆက်တာကို ဘယ်လိုလုပ်သိသလဲ။နားမထောင်ဘဲနှင့်တော့ မသိနိုင်။ ဒါဆို ဆရာသည် မိမိအား အစဉ် စောင့်ကြည့်နေသည်ပဲလား။

'ဘယ်လို နားလည်ရမှာလဲ ဆရာရယ်'

* * *

ယခုနှစ်သင်္ကြန် အကြတ်နေ့ရက်ဖြစ်သည့် ဝါထပ်နှစ်ဖြစ်သည်။

စူးမသည် ဆရာပြောသည့်အတိုင်း ကျော်ထွတ်မြတ် လာခေါ်သည်ကိုစောင့်ရင်း ကျော်ထွတ်မြတ်နှင့်အတူတူ လိုက်၍ သီချင်းဆိုသည်။

ကျော်ထွတ်မြတ်အဖွဲ့၌ ချယ်ရီလွင် ဝါသော်လည်း စူးမသည် ချယ်ရီလွင်ထက် နာမည်ကြီးနေပြီး ချယ်ရီလွင်ကားနောက်၌ များစွာ ကျန်ရစ်ခဲ့ပြီဖြစ်သဖြင့် စူးမကိုသာ လူတိုင်းဦးစားပေးနေသည်။

အထူးသဖြင့် ကားရှေခန်းတွင် ကျော်ထွတ်မြတ်၏ နံဘေးမှာ ထိုင်ပြီး ကျော်ထွတ်မြတ်၏ ရင်ခွင်ထဲ ခိုလှုံကာ ရေလှိုင်းများဒဏ်ကို အကာအကွယ်ယူရသည့်အတွက် ကျေနပ်သွားမိသည်။

ကျော်ထွတ်မြတ်နှင့် အဆင်ပြေသွားပြီမို့ စူးမရင်ထဲတွင် ဆရာ့ကိုသာ ကျေးဇူးတင်မိသည်။ ဆရာကောင်းပီပီ စူးမ၏ ဘဝလမ်းကြောင်းကိုပါ အစဉ် ညွှန်ကြား တည့်မတ်ပေးလေ့ရှိ၏။

ဤသို့သော ဆရာနှင့် အဆက်အသွယ် ဖြတ် ခိုင်းသော ကျော်ထွတ်မြတ်ကို စူးမ အံ့သြ၍မဆုံး။

'နွေ….ကိုယ်တို့ ဟိုဘက်စင်ကိုခဏသွားဦးမယ်၊နွေလိုက်ဦးမလား'

စူးမက တစ်ဖက်စင်သို့ လှမ်းကြည့်ရင်း စိတ်ပျက်သွားမိ၏။ ယောကျ်ားများသည်သာ စင်ပေါ် တက် ကကြသည်။ အနုပညာသမားများ မဟုတ်ဘဲ ရေပက်ခံကားမှ လူများက မူးမူးရူးရူးနှင့် တက် ကနေခြင်းဖြစ်သည်။

'ဟင့်အင်း၊ ကိုထွတ် ပြန်လာမယ် မဟုတ်လား'

'အင်း၊ ကိုယ့်ကို သီချင်းဆိုဖို့ လာခေါ်နေတာ၊ သုံးလေးပုဒ်ထဲပါ နွေ၊ ပြီးရင် ပြန်လာမယ်၊ဒီမှာ စောင့်နေနော်'

စူးမ ခေါင်းညိတ်ပြီး ကျန်ရစ်ခဲ့သည်။ ချယ်ရီလွင် က ကျော်ထွတ်မြတ် နောက်နား ကပ်ပါလာသည်ကိုပင် သတိမထားမိ။ အော်တို လာ ရေးခိုင်းနေသော ရှုံးစာရေးမလေးများကြားတွင် ခေါင်းမဖော်ရဘော့။ အချို့ကလည်း ဓာတ်ပုံလာတွဲ၍ ရိုက်သဖြင့် အရိုက်ခံရသည်။

စူးမ အေးအေးဆေးဆေး ထိုင်မနေရပေ။ နောက်ထပ်သီချင်းနှစ်ပုဒ်လောက်ဆိုပြီး တစ်ခါ နားသည်။ ထို့နောက်သူတို့ကျွေးခံသည့် အစားအသောက်ကို ရုံးခန်းထဲတွင် ဝင်စားပြီး သက်သောင့်သက်သာ နေ နေလိုက်သည်။

'မမနွေ အစ်ကိုထွတ်က ကားပေါ်က စောင့်နေပါတယ်၊ လာပါတော့တဲ့'

'အင်….အင်း….အင်း….မြမြရီ'

စူးမသည် တစ်နာရီနီးပါး စောင့်နေရသဖြင့် ချမ်းလည်းချမ်းလာလေပြီ ဖြစ်သည်။

သို့ဖြစ်၍ ရုံးမှ လူကြီးများနှင့် အနားမှ စာရေးမလေးများကို နှုတ်ဆက်ကာ ကမန်းကတန်း ထပြန်လာခဲ့သည်။ ကားဆီသို့ရောက်အောင် လူအုပ်ကိုတိုးထွက်လာရသဖြင့် စိတ်ထဲတွင် ကျော်ထွတ်မြတ်အား ဒေါသဖြစ်သွား၏။

မဏ္ဍပ်ရှေ့တွင် ကားထိုး၍ ရပ်နိုင်ပါလျက် တစ်ဖက်လမ်းထိပ်မှ စင်ဆီသို့ ကူးသွားသဖြင့် တခြား ဖျော်ဖြေရေးအဖွဲ့၏

ကားနှစ်စီးက မကျော်ရှေ့ရပ်ကာ သီချင်းဆိုနေကြသဖြင့် စူးမမှာ လမ်းလျှောက်ပြီး စင်ထောင့်မှ ကားဆီသို့ သွားနေရ၏။

ဇာ့ခွတ်ဇင်နောက်ကွယ်မှ ခပ်ကုပ်ကုပ်ကလေး ထွက်လာသဖြင့် စူးမအား ဘယ်သူမှ သတိမထားမိလိုက်ပေ။ သို့ရာတွင် ကားနားရောက်ခါနီး၌ မိမိအား တစ်စုံတစ်ဦးက ကြည့်နေမှန်း ရိပ်မိသဖြင့် မြမြရီလက်ကိုဆွဲကာ လိုက်နေရာမှ အသာလှည့်ကြည့်မိ၏။

'ဟင်....'

ရုတ်တရက် မမျှော်လင့်သော သူကို တွေ့ရသောကြောင့် ဝမ်းသာအားရ နှုတ်ဆက်မည်အပြု....

နီရဲ၍ အစိမ်းရောင် တောက်နေသော မျက်လုံးများနှင့် လှပ်ရှားလိုက်သော လက်တစ်ဖက်ကြောင့် မျက်နှာကို ဆတ်ခနဲ လှည့်ကာ ရှောင်လိုက်မိသည်။

'အား'

မှုခနဲ ဖြစ်သွားသော ဘယ်ဘက် ပါးပြင်၊ လည်ပင်းနှင့် ပခုံးစွန်းတို့၏ ပူလောင်မှု အထိအတွေ့ကို သိလိုက်ရပြီးနောက်တ လောကလုံး မှောင်သွားသည်။

* * *

'ဖြစ်မှ ဖြစ်ရလေ သမီးရယ်'

ဘယ်ဘက် ပါးရိုးမှစ၍ လည်ပင်းမှနေ ပခုံးစွန်းအထိ ဖြတ်စီးသွားသော ငရဲမီး၏ဒဏ်ကြောင့် အသားများ အရည်ပျော်ကာ အနီအဖုံအတွဲများဖြင့် ရှုံ့ရှာဖွယ်ရာ ဖြစ်နေသည့် စူးမသည် ကိုယ့်ကိုယ်ကို မှန်ထဲ၌ မကြည့်ဝံ့တော့ပေ။

အငြိုးကြီးလွန်းလှသော စံညီကိုတွေ့ပါလျက် မိမိအား ငရဲမီးနှင့် ပက်သူကို မမြင်လိုက်ပါဟု အူးကွယ် လိုက် သည့် အတွက် လူများ၍ ငရဲမီးထိသွားသည်သာ သိသည်။

စံညီကိုလည်း အပြစ်မမြင်တော့။ အထူးသဖြင့် မိမိအား ဆေးရုံပို့ပေးပြီး အရိပ်အယောင်မျှပင် မမြင်။ အပြစ်မတင်လိုတော့ပေ။ အလုကြိုက်သူအတွက် ဒီအဖြစ်မျိုးဖြစ်လိမ့်မည်ဟု မျှော်လင့်ထားပြီးသားဖြစ်သည်မို့ ဘယ်လိုမှမခံစားမိ။

ကံယုံ မင်းသမီးဖြစ်သော စူးမသည် ကံတရားကိုသာ အပြစ်တင်မိ၏။

ထို့ထက် ပို၍ ဆိုးသည်ကား အိမ်ပြန်ရောက်သောအခါ ဖခင် မရှိတော့ခြင်းအတွက် ယူကျုံးမရ ကြေကွဲမိသည်။

မိမိ သူတင်းကို ကြား၍ ရုတ်တရက် လဲကျသေဆုံးသွားသည့် ချစ်လှစွာသော ဖခင်ကြီး၏ ရုပ်အလောင်း ကို ပင် မမြင်လိုက်ရပေ။

လေးစား ချစ်ခင် အားကိုးရသော ဖခင်ကြီး ကွယ်လွန်သွားသကဲ့သို့ မိမိဘဝမှာလည်း လေ့ကား အစ တက် ရုံ နှင့် မြန်၍ ပြုတ်ကျ၍သွားသည့်အဖြစ်မျိုးမို့....။

အိပ်ခန်းထဲမှ အပြင်သို့ မထွက်ဘဲ သီး သန့် နေ နေ ကာ ပဲပြုတ်ရောင်းစားရသည့် ဘဝကိုသာ တရေးရေး မြင်ယောင်လာမိ၏။

မိမိသာ ရုပ်ရှင်မင်းသမီး မဖြစ်ဘဲ ပဲပြုတ်သည်ဘဝနှင့်ဆိုလျှင် ဤကဲ့သို့ ရုပ်ပျက်ဆင်းပျက် မဖြစ်နိုင်။

'မမကြီး....ထမင်းစားရအောင်နော်'

ညီမများက ယုယုယယနှင့် အားပေးပြီး ဂရုစိုက်ကြသော်လည်း စူးမရင်ထဲတွင် ကျဆုံးမှုဒဏ်ကို မခံမရပ်နိုင် ဖြစ်နေသည်မို့....။

'ယူလာခဲ့၊ ငါ့ဘာသာ ငါ စားချင်တဲ့အချိန် စားမယ်'

'ဟုတ်ကဲ့....မမကြီး၊ မမကြီးကြိုက်တဲ့ ဒန့်သလွန်သီးဟင်းမို့ပါ၊ ပူပူလေး စားနော်'

ပြုံးမလေးက အရွယ်နှင့် မလိုက်အောင်ပင် အစ်မ့အားဂရုတစိုက်နှင့် ချော့ရှာသည်။

စူးမ အနားတွင် ဒီညီအစ်ကို မောင်နှမများပင် [illegible] သည်။ မြမြရီပင်မူ စူးမထံမှ လခ မရတော့သဖြင့် [illegible] ရေးအတွက် ရင်းနှီးသွားပြီဖြစ်သော ရုပ်ရှင်လော [illegible] ဟိုအခန်းပါ ဒီအခန်းပါပြီး ဇာတ်ပို့ ဝင်လုပ်နေသဖြင့် [illegible] အနားတွင် မရှိတော့ပေ။

စူးမသည် အလှပြင်ခန်းနှင့် အဝတ်လဲခန်းများ၊ အဝတ်ဗီရိုများ၊ မှန်များ အားလုံးကို ခန်းစီးဖြင့် ကာရံထားလိုက်ပြီး တံခါးပင် ဖွင့်မကြည့်တော့ပေ။

အိပ်ခန်းအတွင်း၌သာ လှဲနေသည်။ တစ်ခါတစ်ရံ ပြုံးမငှားလာပေးသော စာအုပ်များကို မျက်စိညောင်းအောင် ဖတ်လိုက်၏။

ဆရာ့မိခင်က စူးမအား နေ့လယ်ပိုင်းတွင်သာ လာ၍ အားပေးသော်လည်း အိမ်တွင် ဘယ်သူမှ မရှိသောကြောင့် စားရေး သောက်ရေး ချက်ရေး ပြုတ်ရေးအတွက် ပြေးလွှားနေရသည်။

ဆရာကမူ ထုံးစံအတိုင်း တယ်လီဖုန်းနှင့်သာမေးပြီး လူမလာပေ။

'စူးမ ညည်း ဘာမှ မပူနဲ့၊ ငါက ပြောလိုက်လို့ ညည်း ဖြစ်ရတာမို့ ငါ့တာဝန်ထား'

ဆရာသည် တာဝန်ကျေသော ဆရာတစ်ဦးသာဖြစ်သည်ကို စူးမ နားလည်စွာဖြင့် မိမိ၏ မလှမပရုပ်ရည်အား ဆရာ လာမကြည့်သည်ကိုပင် ကျေးဇူးတင်မိသည်။

ကျော်ထွက်မြတ်ကလွဲ၍ တခြား မင်းသမီး မင်းသားများ လာမေးကြသော်လည်း စူးမ ထွက်မတွေ့ပေ။

မင်းသမီးအဖြစ်မှ အလိုလို ရပ်တန့်သွားသော ခြေလှမ်းများအတွက် အားမလို အားမရဖြစ်မိသည်။ ကြေကွဲ ဝမ်းနည်းစွာ ခံစားနေရသည်။

စူးမ မိခင်ကမူ သူတို့ ယုံကြည်အားကိုးနေသော ကျော်ထွက်မြတ်၏ တာဝန်မဲ့မှုကြောင့် ဖြစ်ရသည်ဟု စွပ်စွဲကာ ယူကျုံးမရ ဖြစ်မိသည်။

'အယ်....မကြီး၊ တစ်နာရီတောင် ကျော်နေပြီ၊ ထမင်းစားတော့လေ၊ မနက်က မုန့်ဟင်းခါး တစ်ပွဲတည်း စားပြီးတော့များ၊ မြူးမှ ဟင်းအိုး နွှေးပေးမယ်နော်၊ စားလိုက်'

မြူးမက ပြုံးပြုံးပျာပျာနှင့် ဝင်လာပြီး ဟင်းပန်းကန်လေးကို ကောက်ကိုင်သည်ကို စူးမက အလိုလို ကြည့်မရဖြစ်ကာ....

'မြူးမ၊ နင် ထွက်သွားစမ်း၊ ငါ မဆာသေးဘူး၊ မုန့်တွေစားထားလို့၊ သွား သွား၊ ငါ ဆာတဲ့အချိန်မှစားမယ်၊ နင်တို့ ငါ့အတွက် အချိန်ကုန် မခံနဲ့တော့၊ ငါက နင်တို့အတွက် ဘာမှ ဝင်ငွေ မရှာပေးနိုင်တော့ဘူး၊ နင့်ဘဝအတွက် ငါ ဘာမှ မလုပ်ပေးနိုင်တော့ဘူး၊ ငါ့ဘာသာငါ ပဲပြုတ် ရောင်းစားရတော့မယ်'

အတွေးများနှင့် ချောက်ချားစွာ ပြောလိုက်သောအခါ မြူးမသည် ဘာမျှ ပြန်မပြောသာတော့ဘဲ မျက်ရည်အဝဲသားနှင့် လှည့်ထွက်သွားတော့၏။

ထိုအခါ စူးမသည် အားပေါးတရပင် ငိုရှိုက်မိတော့သည်။

ဆုံးရှုံးမှုများအတွက် ဘယ်ကဲ့သို့ ပြန်လည်၍ ထူထောင်၍ ရပါအံ့နည်း။

* * *

'တစ်လအတွင်း ဒီလောက် ပိန်သွားရသလား သမီးရယ်၊ တရားသဘောနဲ့ ဆင်ခြင်မှပေါ့'

စားမဝင် အိပ်မပျော်သဖြင့် ဆရာဝန်ခေါ်ရန် ပြောသော်လည်း အိပ်ခန်းတံခါး ဖွင့်မပေးဘူးဟုပြောသဖြင့် တစ်အိမ်သားလုံး ခေါင်းခြောက်နေကြသည်။

ဆရာ့မိခင်က လာ၍ အားပေးသော်လည်း စူးမ စိတ်မချမ်းသာပေ။ အထူးသဖြင့် ကျော်ထွက်မြတ်ထံမှ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းလိုသည်ဟူသော ကမ်းလှမ်းမှုကို အလွယ်တကူ လက်ခံလိုက်သော်လည်း ရင်ထဲမှာ ကြိတ်မနိုင်

ခဲမရ ဖြစ်နေမိသည်။ သို့သော် အလှကို ကိုးကွယ်သူမှန်းသိထား၍ ဘာမျှတော့ မခံစားမိ။

'သမီး တရားဝင်မလား' ဟင်၊ အမေနဲ့ အတူတူ ဝင်မယ်လေ၊ အမေ အားလုံး စီစဉ်ပေးမယ်၊ ဘယ်သူမှ သမီးကိုလာ စကားမပြောရအောင် ပိတ်ပင်မယ်လေ၊ ဘယ်နှယ့်လဲ'

'ဆရာ့ စားရေး သောက်ရေး ခက်မှာပေါ့'

'သမီးရယ်၊ ထမင်းဆိုင်တွေ ပေါသားပဲ၊ အမေတော့ ဘယ်ဆေးမျိုးမှ မခေါ်ထားရဲအောင်ပဲ ဖြစ်ခဲ့ပြီမို့ တစ်ယောက်တည်းပဲ လုပ်တော့မယ်လို့ ရည်ရွယ်ပြီး တစ်ခါတလေ မလုပ်နိုင်ရင် ဆိုင်ဝယ်စားတာမို့ ရိုးနေပြီ'

'သူတို့ ညီအစ်ကိုက ပြန်သွားလို့လား'

စူးမက မသိဟန်ဆောင်ကာ မေးလိုက်သောအခါ ဆရာ့မိခင်သည် စူးမ၏ လက်ဖဝါးကို တင်းတင်းဆုပ်ကိုင်ရင်းက....

'သမီးက ဖုံးထားပေမယ့် အမေရော သမီးရဲ့ဆရာကပါ သိတော့ ညီအစ်ကို နှစ်ယောက်စလုံးကို ရွာအထိ လိုက်ရှာဖမ်းထားလိုက်ပြီ၊ သမီးက သိနေရင် ကျေအေးခိုင်းမှာစိုးလို့ သမီး အမေနဲ့ တူးမတို့ကပဲ တရားစွဲပြီး အမှု ဖွင့်ထားလိုက်တယ်'

'အို....မလုပ်ပါနဲ့ အမေ၊ စူးမ သဘော မတူဘူး၊ ဒါတွေ အားလုံး စူးမအပြစ်တွေပဲ၊ စူးမ သူတို့ကို အပြစ် မလုပ်ပါရစေနဲ့'

စူးမက အထိတ်တလန့်နှင့် ခါးခါးသီးသီး ငြင်းဆန်လိုက်သောအခါ ဆရာ့မိခင်က ညင်သာစွာ ပြုံးရင်း....

'အပြစ်မလုပ်ရင် သမီးကို ဆက်ဒုက္ခပေးနေမှာပေါ့၊ ဒါတင်မကဘူး သူတို့လုပ်သမျှ အပြစ်ဒဏ်မကျဘူးဆိုပြီး အတင့်ရဲနေကြတော့မှာပေါ့၊ သူတို့ကလဲ သမီး အပြစ်မလုပ်ဘူးဆိုတာကို သတင်းစာဖတ်ပြီး သိကြပါတယ်ကွယ်၊ စံညီလဲ အတော်လေး နောင်တရနေပါပြီ၊ စံအေး မြှောက်ပေးလို့ လိုက်လုပ်တာကိုး၊ ဘာပဲဖြစ်ဖြစ် ကာယကံမြောက် ကျူးလွန်တော့ သူက အပြစ်ပိုကြီးတာပေါ့၊ ကဲ....ဒါတွေ ထားတော့ အမေနဲ့ ရိပ်သာဝင်မယ် မဟုတ်လား၊ အမေ စာရင်းပေးလိုက်မယ်'

'အစကတည်းက သကြိုန်မှာ အမေနဲ့ တရားဝင်နေရင် ဒီလိုဖြစ်မှာမဟုတ်ဘူးနော်၊ အဲဒါ စူးမကို ဘုရားရိုက်တာလားမှသိဘူး'

'မဟုတ်ပါဘူး သမီးရယ်၊ သမီး ပိုပြီးနာမည်ကြီးချင်လို့ ဖြစ်တာလို့ သားကပြောနေတယ်၊ သားတောင်မှ ကိစ္စတွေပြီးရင်....ဟော'

မိခင်၏ ဟောဆိုသောအသံသည် စူးမရင်ထဲသို့ ဆောင့်ဝင်သွားသဖြင့် ခြေသံကြားရာသို့ ကမန်းကတန်း လှမ်းကြည့်မိရာ....

'ဆရာ—ဟင့်အင်း ဆရာမလာနဲ့'

မလာနဲ့ဆိုခါမှ ဆရာက ပြုံးပြုံးကြီး လှမ်းလာသဖြင့် စူးမသည် အမေ့ရင်ထဲ၌ ခေါင်းဝင်ကာ မျက်နှာဖွက်ထားမိသည်။

'မလာလို့ဖြစ်မလား စူးမရာ၊ ကဲ....အမေ အပြင်ထွက်ပါဦး၊ ကျွန်တော် ဒီကောင်မလေးကို ပြောစရာစကားရှိလို့၊ အမေကြားလို့ မဖြစ်သေးဘူး'

'အလိုတော် ကြံကြံဖန်ဖန်'

ဆရာ့စကားကို ကြားလိုက်တာမှ ဟုတ်ပါလေစဟု စူးမကိုယ် စူးမ မယုံရဲဖြစ်မိသည်။ မိခင်ကို နှင်ထုတ်လိုက်ခြင်းအတွက် စူးမတစ်ကိုယ်လုံး တုန်ယင်နေသည်အထိ ရှက်ရွံ့အားငယ်မိသည်။

ဆရာနှင့် မိမိတွင် နှစ်ကိုယ်ကြား ပြောစရာစကားမရှိပေ။

'ကဲ....သမီး ရိပ်သာဝင်မလားဆိုတာ စဉ်းစားထားနော်'

'ဟာ.... ရိပ်သာဆိုတာ မေမေတို့ရဲ့ အဘွားကြီးတွေအလုပ်ပါ၊ စူးမက အခုမှ ဘဝကို ခြေလှမ်းစရုံရှိသေးတဲ့ လူတစ်ယောက်ပဲ'

'ဒါက စူးမသဘောပါ'

မိခင်က ပြောပြောဆိုဆိုနှင့် အပြင်ဘက်သို့ထွက်သွားသောအခါ စူးမရင်ထဲ လွတ်ဟာ၍သွားလေပြီ။ ဆရာ့အား မရင်ဆိုင်ရဲစွာဖြင့် ခေါင်းကိုငုံ့ချထားမိသည်။

'စူးမ'

ဆရာ၏ နွေးထွေးသော လက်အစုံက ပါးပြင်နှစ်ဖက်ဆီကို ကျရောက်သွားပြီး စူးမ၏ဒဏ်ရာနေရာကို တယုတယ ပွတ်သပ်နေသည်။ ဆရာ ဤကဲ့သို့မပြုမူဖူးပေ။

စူးမ့ ဆရာ့အား ဘာစကားမျှမဆိုဘဲ မျက်ရည်များခြွေချ၍သာ နေနေမိသည်။

'ဒါတွေအားလုံး နိုင်ငံခြားမှာ ပလတ်စတစ်ဆာဂျရီ ကိုင်လိုက်ရင် နဂိုဖြစ်သွားမှာပါ၊ မင်းအတွက် စုံစမ်းပြီးပြီ၊ နိုင်ငံခြားသွားဖို့လဲလွယ်ကူပါတယ်၊ မင်းသမီးတစ်ယောက်ကို မျက်နှာပျက်သွားတာ ပြုပြင်ဖို့အတွက် အများကြီး အခွင့်အရေးရှိပါတယ်'

ထိုအကြောင်းကို စူးမ့သိသည်။ သို့ရာတွင် စူးမတွင်ငွေမရှိတော့ပေ။ စရန်ငွေများသာယူပြီး ကား ဆက် မရိုက် နိုင်၍ အလျော်ပေးရမည်များကို တွေးမိလျှင် မစဉ်းစားချင်တော့။

စီးပွားရေးသမားများက ညှာတာမည်မထင်။

'ငွေရေးကြေးရေးအတွက် ဘာမှမပူပါနဲ့ စူးမရယ်၊ ငါ တာဝန်ယူပါတယ်'

'ဟင့်အင်း....ဆရာ့မှာ ငွေကုန်ကြေးကျ များပါတယ်၊ စူးမဘဝနဲ့ စူးမ ရှိပါစေတော့ ဆရာရယ်'

'ဘယ်ကလာငါ့ငွေရမှာလဲ၊ မင်းငွေတွေလေ၊ မင်းခိုင်းတဲ့ ငွေတွေ ငါ့ဆီမှာ နှစ်သိန်းကျော်နေပြီပဲ'

ရုတ်တရက် နားမလည်ဖြစ်သွား၏။ ဆရာကပြုံးလျက်က....

'ညည်း ငါ့ကိုလာလာကန်တော့ထားတာတွေကို ငါယူထားတာက တမင်သက်သက်ယူထားတာပဲ စူးမ၊ ညည်းဟာ စိတ်ထင်ရာကို မဆင်မခြင် ပြောတတ်လုပ်တတ်တဲ့အကျင့်ရှိလို့ ညည်းကိုစိတ်မချလို့ ယူထားတာ၊ ဒီငွေတွေနဲ့ညည်းမျက်နှာကို ပြန်ပြုပြင်ပေးလိုက်ရင် ပိုတောင်လှသွားဦးမယ်'

စူးမ အံ့သြစွာ မှင်သက်နေမိ၏။ သို့သော် ဆရာပြောနေသည့်စကားထဲတွင် စူးမလိုချင်သောစကား မပါဝင်ပေ။ သို့ဖြစ်၍ စူးမမျက်ရည်များမှာ မခန်းခြောက်သေးဘဲ စိုစွတ်လျက်ရှိနေဆဲပင်ဖြစ်သည်။

'ညည်း ကားတွေဆက်ရိုက်ရအောင် လုပ်ပေးပါ့မယ်၊ ဘာမှမပူနဲ့၊ စရံငွေတွေလဲမဆုံးစေရဘူး၊ အခုလစာနယ်ဇင်းတွေထဲမှာ ဧမပိတောက်နွေဟာ ကျန်းမာရေးအတွက် ဂျပန်သွားပြီးဆေးကုသခံယူမည့်အကြောင်းထည့်သွင်းဖို့ပြောပြီးပြီ၊ ဆရာဝန်အကူအညီနဲ့ ညည်းကို နိုင်ငံခြားသွားကုဖို့ အမြန်ဆုံး လုပ်ပေးမယ်၊ ကဲ....ကျေနပ်လား၊ ညည်းမှာ ဘာလိုအပ်ချက်ရှိသေးလဲ'

ဆရာ့စကားများသည် စူးမအတွက် ဝမ်းသာစရာများပင် ဖြစ်သည်။ သို့ရာတွင် စူးမမှာ မပျော်နိုင်ဘဲ ရင်ထဲလှိုက်ဟာလျက် ရှိနေဆဲပင်ဖြစ်သည်။

အစဉ်အမြဲ စူးမရင်ထဲမှ ခံစားချက်များကို နားလည်နိုင်စွမ်းရှိသော ဆရာသည် ဒီတစ်ခါတော့ စူးမရင်တွင်းမှ

ခံစားချက်များကို မသိ၍လား၊ သိလျက်နှင့် တမင်ဥပေက္ခာပြု၍လားတော့ စူးမ မသိနိုင်။

'စူးမ'

စူးမ ဆရာ့အား ငေးကြည့်နေမိသည်။ ဆရာက စူးမကို ရွှန်းလက်သော မျက်လုံးအစုံနှင့် ကြည့်နေသဖြင့် စူးမ မျက်လွှာချလိုက်ရင်း ရှက်ကိုးရှက်ကန်းနှင့် ပြုံးလိုက်မိသည်။

'ညည်းရင်ထဲမှာ ဘာဖြစ်နေလဲဆိုတာ ငါသိပါတယ်၊ ဒီတော့ ညည်းကို ငါဘာမှမမေးလိုဘူး၊ ငါကပဲပြောရမှာပဲ၊ ဒီမှာ စူးမ'

'ရှင်'

'ငါတစ်ခါမှ ရည်းစားစကား မပြောဖူးဘူး၊ ဒါပေမယ့် ညည်းကို ပြောရတော့မယ်၊ ငါဟာ ညည်းကို အသံကြားရရုံနဲ့ ရင်ထဲစွဲခဲ့တယ်၊ ညည်းရဲ့ ပဲပြုတ်ဆိုတဲ့ အသံလေးဟာ ငါ့ကို လှုပ်နှိုးခဲ့တယ်၊ ဒါကြောင့်လဲ ညည်းဘဝကို မြေတောင် မြှောက်ပေးခဲ့တာပဲ'

မယုံကြည်နိုင်စွာဖြင့် ဆရာ့ကို ငေးကြည့်နေသည်။ ဆရာက သူ့ဘာသာသူ မနေတတ်စွာဖြင့် လက်ဖဝါး နှစ်ဖက်ကို ပွတ်ရင်းက....

'ဒါပေမယ့် ငါ့စိတ်က ညည်းဘဝလုံပရင် ပြီးရော၊ ငါ့အတွက် ဘာမှရယူမှုကို မမျှော်မှန်းဘူး၊ ငါမွေးတဲ့ ကြက်ကို ငါမစားချင်ဘူးပေါ့၊ ခုတော့ ညည်းကို ငါသနားလာပြီ'

ထိုအခါ စူးမ၏ ခေါင်းမာတတ်သော အကျင့်လေးက ဆုတ်ခနဲ ကုန်းထလာပြီး....

'ဟင့်အင်း....သနားလို့တော့ဖြင့် စူးမ....'

'နေစမ်းပါဦး၊ ငါ့စကားကို ဆုံးအောင် နားမထောင်ဘဲနဲ့ ညည်းဟာလေ ဖြတ်ပြောပြန်ပြီ၊ ဒီမှာ ညည်းကို ငါ သနားတာဟာ ညည်း မျက်နှာ ပျက်သွားလို့ မဟုတ်ဘူး၊ ငါ့ကို ချစ်တတ်လွန်းတဲ့ ညည်းကို သနားလာလို့'

'ဟာ'

စူးမက ရှက်ကိုးရှက်ကန်းနှင့်ပြုံးရင်း သူ့မျက်နှာ ဖွက်စရာနေရာကို ရှာဖွေလိုက်သည်။ ဤသည်ကိုသိသော ဆရာက စူးမ၏ မျက်နှာကို သူ့ရင်ခွင်ကျယ်ကြီးထဲ ဆွဲသွင်းရင်းက....

'ညည်း အရှဲ့တိုက်တာကို နားလည်ပြီ၊ ငါ့ကြောင့်ဖြစ်ရတဲ့ ညည်းကို သနားတယ်၊ သနားလို့တင် မဟုတ်ဘူး၊ ငါကလဲ ညည်းကို ချစ်ရက်နဲ့ ကိုယ်ပျိုးသော ပန်းကို မခူးဘဲနဲ့ တင်းမထားနိုင်တော့ဘူး၊ ညည်းကို ချစ်တယ်၊ လက်ထပ်မယ်၊ ဆေးကုပြီး ပြန်လာရင် လက်ထပ်ကြရအောင်နော်'

'ဆရာရယ်၊ စူးမ....စူးမက စေ့စပ်ပြီး ပျက်သွားလို့ စူးမကြောင့် ဆရာ့ ဂုဏ်သိက္ခာ....'

စူးမသည် တုန်တုန်ခိုက်ခိုက်ကလေး ပြောလိုက်သောအခါ ဆရာက ကြင်နာယုယစွာဖြင့် စူးမ ဆံပင်လေးကို ပွတ်သပ်ရင်းက....

'ညည်းဟာ ငါ့အကြောင်းကို သိပါတယ်၊ ငါ ဘာကိုမှ ဂရုမစိုက်ဘူး၊ ညည်းကို ချစ်တာပဲ အဓိကထားတယ်'

'ဒါဆို စူးမလေ လက်ခံလက်စ ကားတွေရိုက်ပြီးရင် မင်းသမီး မလုပ်တော့ဘူး'

'ဟင်....ဘယ်လို'

'ဆရာ့ အိမ်ရှင်မပဲ လုပ်တော့မယ်၊ ဆရာ့ကိုပဲ ပြုစုတော့မယ်နော်၊ ဆရာက မင်းသမီးတွေဆိုရင် ကြောက်တယ်ဆို'

ထိုအခါ ဆရာက စူးမအား မချည့်မရဲ ပွေ့ဖက်လိုက်ရင်းက....

'ဒါကြောင့် ညည်းကို ငါသနားပြီး အချစ်ပိုရတာပဲ စူးမရယ်၊ ညည်းဟာလေ ငါ့အတွက်ဆိုရင် အကုန်စွန့်ရဲတယ်၊ ဒီမှာ စူးမ၊ ညည်း ရုပ်ရှင်ပြန်ရိုက်ပါ၊ အရှိန်ရှိတုန်း ဆက်ပြီးတော့ ကြိုးစားပါ၊ အရှိန်ကုန်မှ ငါ့အိမ်ရှင်မအနေနဲ့ အနားယူပါကွယ်၊ ညည်းကို စိတ်ချပါတယ်၊ ညည်းဘဝမှာ ငါ့ကိုသာ အချစ်ဆုံးဆိုတာ ငါ နားလည် ယုံကြည်ထားပြီးပါပြီ'

စူးမသည် ဝမ်းသာလွန်း၍ ဆရာ့ကို ပြန်လည်ဖက်တွယ်ပြီး အားပါးတရ ငိုရှိုက်ပစ်မိတော့လေသည်။ ဆရာကလည်း စူးမ၏ ငိုရှိုက်ခြင်းအဓိပ္ပာယ်ကို နားလည်ခွင့်လွှတ်စွာဖြင့် စူးမကို

ဘာမျှ မဖြေသိမ့်တော့ဘဲ ဆံပင်လေးများကိုပါ သပ်ပေးရင်း ဆရာ့နှုတ်ခမ်းမှာ အပြုံးများ တွဲခိုနေပြီး ချမ်းမြေ့ကြည်နူးနေကြောင်းကို စူးမ တွေ့မြင်ရသောအခါ မျက်ရည်ကြားမှ ပြုံးမိလိုက်တော့သည်။

‘ဪ...စူးမ ချစ်ရပါသော ဆရာရယ်’

မြသန္တာ

(၃-၂-၉၄)